ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရ

လူထုဗဟိုပြုစီမံကိန်း

# ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် (VDP) ရေးဆွဲရန် လမ်းညွှန်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန

**အောက်တိုဘာလ၊ ၂၀၁၆**

# မာတိကာ


**မိတ်ဆက်ခြင်း ....... 3**

**ဒြိုင်ငုံသုံးသပ်ချက်။ပြင်ဆင်ခြင်းနှင့်အစီအစဉ်ရေးဆွဲခြင်းအဆင့်များအတွက်လုပ်ငန်းစဉ်များ....... 4**

**ကူညီပံ့ပိုးမှုလမ်းညွှန်နှင့်မှတ်သားရန်အချက်များ ....... 6**

**၁။ ကြိုတင်ပြင်ဆင်ခြင်း ....... 10**

၁-၁။ ပထမအကြိမ် ကျေးရွာ အစည်းအဝေး (စီမံကိန်းအကြောင်း မိတ်ဆက် အစည်းအဝေး) ....... 10

*ကြိုတင်သွားရောက်ရန်အတွက် ပြင်ဆင်ခြင်း ....... 13*

*ကြိုတင်သွားရောက်ခြင်း....... 13*

*ပထမအကြိမ်ကျေးရွာအစည်းအဝေး။ ကြိုတင်ပြင်ဆင်ခြင်း ....... 16*

*ပထမအကြိမ်ကျေးရွာအစည်းအဝေး။ အစည်းအဝေး စတင်ခြင်း....... 16*

*လူထုဖဟိုပြုစီမံကိန်းမိတ်ဆက်။ ၁၅ ချက်....... 17*

*အပိုင်း)၆(ပိုင်း၊ အဆင့် (၁၄(ဆင့်ပါ စီမံကိန်းစက်ဝန်း....... 20*

*လူထုဗဟိုပြုစီမံကိန်း၏ အဓိကပါဝင်သူများ၏ အဓိကတာဝန်များ....... 22*

၁-၂။ ကျေးရွာစေတနာ့ဝန်ထမ်းများ ရွေးချယ်ခြင်း ....... 25

*ကျေးရွာစေတနာ့ဝန်ထမ်းများကို မဲပေးရွေးချယ်ခြင်း....... 25*

၁-၃။ လူထု ပူးပေါင်း ပါဝင်သော လူမှုဆန်းစစ်ခြင်း....... 27

*လူမှုစစ်ဆေးခြင်းဆိုသည်မှာ အဘယ်နည်း။....... 27*

*လူထုပူးပေါင်းပါဝင်သော ကျေးရွာအကဲဖြတ်ဆန်းစစ်ခြင်း (PRA) ဆိုသည်မှာအဘယ်နည်း။....... 28*

*PRA TOOLS....... 30*

*PRA လုပ်ငန်းစဉ်အဆင့်ဆင့်....... 34*

*ကျေးရွာမြေပုံများ.......* ***Error! Bookmark not defined.***

*ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ချက် ....... 41*

*ပိုင်ဆိုင်မှုသုံးသပ်ခြင်း ....... 44*

*ရာသီခွင်ပြ ပြက္ခဒိန်....... 46*

*ပင့်ကူအိမ် သုံးသပ်ခြင်း....... 50*

*ဗင်းပုံစံ....... 53*

*အားလုံးအား ပြန်လည်တင်ပြခြင်း....... 55*

*ပြဿနာများ/စိန်ခေါ်မှုများ/အတားအဆီးများ စာရင်း ....... 56*

*မျှော်မှန်းချက် ....... 57*

*ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ/စီမံကိန်းလုပ်ငန်းခွဲများ စာရင်း....... 58*

*ဦးစားပေးအဆင့်နှင့် စီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း....... 59*

**၂။စီမံကိန်းရေးဆွဲခြင်း....... 61**

၂-၁။ ဒုတိယအကြိမ် ကျေးရွာအစည်းအဝေး ....... 61

၂-၂။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် ....... 62

*ပထမနှစ် အကျုံးဝင်သော စီမံကိန်းလုပ်ငန်းခွဲများ (ဆောင်ရွက်နိုင်သောစာရင်း)* ........ *67*
*လူထုဗဟိုပြုစီမံကိန်း၏ အကျုံးမဝင်သော စီမံကိန်းလုပ်ငန်းခွဲများ (မဆောင်ရွက်နိုင်သော စာရင်း)* ........ *68*
*ကျေးရွာဒုတိယအကြိမ်အစည်းအဝေးတွင် ပြုလုပ်ရမည့် တင်ဆက်ပြသမှုများ* ........ *69*
၂-၃။ ကျေးရွာကော်မတီနှင့် ဆပ်ကော်မတီများ ရွေးချယ်ခြင်း ........ 71
*ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့ဝင်များရွေးချယ်ခြင်း။* ........ *72*
*ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့ရွေးချယ်ပွဲအား ဆောင်ရွက်နည်း။* ........ *77*
၂-၄။ နောက်ဆက်တွဲ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ ........ 78
၂-၅။ ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြုကော်မတီအစည်းအဝေးများ ........ 80
*ပထမအကြိမ် ကျေးရွာအုပ်စုစီထောက်ကော်မတီအစည်းအဝေး* ........ *82*
*အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ခြင်း* ........ *83*
*အစည်းအဝေးအား စည်းရုံးကူညီပံ့ပိုးပေးခြင်း* ........ *84*
၂-၆။ မြို့နယ်စီမံကိန်းနှင့် အကောင်အထည်ဖော်ရေး ကော်မတီမှ သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း ........ 89
၂-၇။ တတိယအကြိမ် ကျေးရွာအစည်းအဝေး ........ 92
**နောက်ဆက်တွဲများ ........ 93**

# မိတ်ဆက်ခြင်း

ကျေးရွာလူထုအား စွမ်းဆောင်ရည်မြှင့်တင်ရန်မှာ လူထုဗဟိုပြုစီမံကိန်း၏ အခြေခံသဘောတရားဖြစ်သည်။ ၂၀၁၃ ခုနှစ်မှ စတင်ခဲ့သည့် လူထုဗဟိုပြုစီမံကိန်းသည် ကျေးရွာလူထုအား ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များတွင် လုပ်ပိုင်ခွင့်ပေးသည့် လုပ်ငန်းစဉ်များ ပိုမိုကောင်းမွန်လာစေမည့် လုပ်ငန်းစဉ်များကို စီမံကိန်းစက်ဝန်းများတွင် ထည့်သွင်းလာခဲ့ကြပါသည်။

ဤလမ်းညွှန်ချက်များ၏ ရည်ရွယ်ချက်မှာ လူထုဗဟိုပြုစီမံကိန်းဝန်ထမ်းများကို စီမံကိန်းအကောင်အထည်ဖော်ရေး လက်စွဲစာအုပ်တွင် ဖော်ပြထားသည့်လမ်းညွှန်ချက်များအပြင် ကျေးရွာလူထုအား ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (VDP) မည်ကဲ့သို့ ပြုစုရာရမည်ကို လမ်းညွှန်ပေးခြင်းဖြစ်သည်။

လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် တစ်ဆင့်ချင်းစီအတွက် ထောက်ပံ့ပေးနိုင်ရန်နှင့် VDP ပြုလုပ်ခြင်း (ပထမကျေးရွာအစည်းအဝေး၊ လူမှုဆန်းစစ်ခြင်းနှင့် PRA လုပ်ငန်းစဉ်၊ ဒုတိယကျေးရွာအစည်းအဝေး၊ ကျေးရွာကော်မတီရွေးကောက်ပွဲများနှင့် ကျေးရွာအုပ်စုအစည်းအဝေး အစရှိသည့် အဆင့်များအပါအဝင်) ဆောင်ရွက်နိုင်ရန် လမ်းညွှန်ပေးခြင်းဖြစ်သည်။ ၎င်းအကြောင်းအရာများကို မြို့နယ်အဆင့် စည်းရုံးရေးမှူးများအတွက် သင်တန်း အပိုင်း(၁) (TOF1) သင်တန်းတွင်လည်း သင်ကြားပေးပါသည်။ ဤလမ်းညွှန်စာအုပ်သည် TOF1 သင်တန်းသူ၊ သင်တန်းသားများက အဓိကသင်ယူရမည့်စာအုပ်ဖြစ်သည်။

**ဤလမ်းညွှန်စာအုပ်တွင် စီမံကိန်းလက်စွဲစာအုပ်တွင် (အခန်း (၂)၊ အပိုင်း (၁)၊ (၂)) ညွှန်းဆိုထားကို *အက္ခရာစောင်း* (italics) ဖြင့် ဖော်ပြထားသလို အခန်းများကိုလည်း ဖော်ပြထားပါသည်။** လမ်းညွှန်ချက်များကို အသေးစိတ် ဖော်ပြထားပြီး စီမံကိန်းလက်စွဲမှ ဖော်ပြထားသည့် စာပိုဒ်များကို မည်သို့အကောင်အထည်ဖော်မည်ကို ရှင်းလင်းဖော်ပြထားပါသည်။

လမ်းညွှန်ချက်များကို တတ်နိုင်သမျှ လိုရင်းတိုရှင်းနှင့် နားလည်ရလွယ်အောင် ဖော်ပြထားပြီး စည်းရုံးရေးမှူးများအနေနှင့် ၎င်းတို့၏ အတွေ့အကြုံများ၊ ဆုံးဖြတ်ချက်များနှင့် ဖန်တီးမှုများကိုပေါင်းစပ်ကာ ၎င်းတို့၏ ဆက်စပ်အကြောင်းအရာများ အတွက် အသုံးပြုသင့်သည်။

**ခြုံငုံသုံးသပ်ချက်။ပြင်ဆင်ခြင်းနှင့်အစီအစဉ်ရေးဆွဲခြင်းအဆင့်များအတွက်လုပ်ငန်းစဉ်များ (OM အခန်း(၂)၊ အပိုင်း (၁)၊ (၂))**

| အစည်းအဝေး | ဆောင်ရွက်ချက် | ပါဝင်ဆောင်ရွက်ကြသူများ | ရလဒ်/ထွက်ပေါ်မှု | အချိန်အတိုင်းအတာ |
|---|---|---|---|---|
| **ကြိုတင်သွားရောက်ခြင်း** | ပထမအကြိမ် ကျေးရွာအစည်းအဝေး ပြင်ဆင်ရန်အတွက် ကြိုတင်သွားရောက်ခြင်း | CF/TF နှင့် ကျေးရွာခေါင်းဆောင်များ | ကျေးရွာအစည်းအဝေးအတွက် ပရိသတ်အားကောင်းမွန်စွာ စည်းရုံးနိုင်ခြင်း<br>**စ- ၁** | နေ့တဝက် |
| **ပထမအကြိမ်ကျေးရွာအစည်းအဝေး** | စီမံကိန်း မိတ်ဆက်ခြင်း အစည်းအဝေး | ကျေးရွာသူ၊ ကျေးရွာသား အားလုံးနှင့် CF/TF | လူထုဗဟိုပြုစီမံကိန်းအကြောင်း၊ စီမံကိန်း စက်ဝန်း၊ ပါဝင်သူများ၏ အခန်းကဏ္ဍ၊ နည်းဥပဒေသများနှင့် ကျေးရွာလူထု၏ အခွင့်အရေးများ<br>**စ-၂၊ စ-၁၂** | နေ့တဝက် |
| | ကျေးရွာ စေတနာ့ဝန်ထမ်းများ ရွေးချယ်ခြင်း | | ကျေးရွာစေတနာ့ဝန်ထမ်း ၂ ဦး ရွေးချယ်ခြင်း<br>(ကျား ၁၊ မ ၁)**စ-၁၂** | |
| | လူမှုဆန်းစစ်ခြင်း / PRA | | ကျေးရွာ၏အခက်အခဲများ၊ မျှော်မှန်းချက်များနှင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် ဦးစားပေး လုပ်ငန်းစဉ်များစာရင်း (လူထုဗဟိုပြုစီမံကိန်းနှင့်အကျုံးဝင်သော/အကျုံးမဝင်သောစီမံကိန်းများ) | (၁) ရက် မှ (၂) ရက် |
| **ဒုတိယအကြိမ်ကျေးရွာအစည်းအဝေး** | VDP အကြမ်းရေးဆွဲခြင်း | ကျေးရွာသူ၊ ကျေးရွာသား အားလုံးနှင့် CFs/TFs | **VDP**<br>**စ-၂၊ စ-၃၊ စ-၁၂** | (၁) ရက် |
| | ကျေးရွာကော်မတီ ရွေးကောက်ပွဲ | | ကော်မတီနှင့် ဆပ်ကော်မတီများ၊ ငွေစာရင်းကိုင်နှင့် ဝေဖန်အကြံပြုတိုင်ကြားချက် ဖြေရှင်းရေးအဖွဲ့များ ရွေးကောက်ခြင်း | |
| **VTPSC** | VDP စုစည်းခြင်းနှင့် VTDP အကြမ်းရေးဆွဲခြင်း | CMT၊ CF/TF များ | **VTDP**<br>**စ-၂၊ စ-၄၊ စ-၁၂** | (၁) ရက် |
| | VTPSC နှင့် FSC ဖွဲ့စည်းခြင်း | | VTPSC ဥက္ကဋ္ဌများ ရွေးချယ်ခြင်း၊ FSC နှင့် GC စတင်ခြင်း | |

| TPIC | TPIC | TPIC | လူထုဗဟိုပြုစီမံကိန်းအတွက် စီမံကိန်းလုပ်ငန်းခွဲများ အပြီးသတ်စာရင်း | TPIC ၏ အခြေအနေပေါ် မူတည်သည် |
|---|---|---|---|---|
| **တတိယအကြိမ် ကျေးရွာအစည်းအဝေး** | ကျေးရွာအုပ်စုဖွံ့ဖြိုးရေး အစီအစဉ်အပေါ် တုံ့ပြန်မှု | ကျေးရွာသူ၊ ကျေးရွာသား အားလုံးနှင့် VPSC | ကျေးရွာစီမံကိန်းအထောက် အကူပြုကော်မတီမှအတည်ပြု စီမံကိန်းလုပ်ငန်းခွဲများ အား အကျဉ်းချုပ်တင်ပြ ခြင်းနှင့်မကျေနပ်မှုများရှိပါက ဖော်ထုတ်ခြင်း | နေ့တဝက် |

**မှတ်ချက်။** စီမံကိန်းစက်ဝန်းပထမဆုံးအဆင့် (၆) ဆင့် ပြည့်မီစေရန်အတွက် စည်းရုံးရေးမှုများအား အချိန်ကာလနှင့် လုပ်ငန်းစဉ်များသည် အပေါ်တွင်တင်ပြည္တန်းဆိုထားသည့်အတိုင်းအကြံပြုထားပါသည်။ သို့သော်ငြားလည်း လူထုစည်းရုံးရေးမှုများနှင့် လက်ထောက်နည်းပညာမှုများသည် မြို့နယ်နည်းပညာအကြံပေးအဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ကို အကူအညီကိုရယူ၍ မိမိဒေသနှင့်လျော်ညီအောင် ပိုမိုကောင်းမွန်စေရန် ပြုလုပ်နိုင်ပါသည်။ ကျေးရွာလူထုသည် အစည်းအဝေးများအတွက် တစ်နေကုန် အချိန်မရ ဖြစ်နိုင်သည့်အတွက် ပထမအကြိမ်နှင့် ဒုတိယအကြိမ် ကျေးရွာအစည်းအဝေးများအတွက် (၃)ရက် (၄) ရက် သည် တစ်နေကုန်ပြုလုပ်ရန်မလိုအပ်ပါ။

**ကူညီပံ့ပိုးမှုလမ်းညွှန်နှင့်မှတ်သားရန်အချက်များ**

လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းစဉ် ပြင်ဆင်ချက်များနှင့် စီမံချက်များ အောင်မြင်ရန်အတွက် ကောင်းမွန်သည့် စည်းရုံးရေးကျွမ်းကျင်မှုရှိရန် အရေးကြီးပါသည်။ ထို့ကြောင့် လူထုစည်းရုံးရေးမှူးများ၊ လက်ထောက်နည်းပညာမှူးများ အနေနှင့် လူထုဗဟိုပြု စီမံကိန်း၏အခြေခံအချက်များကို နားလည်ရုံသာမက စည်းရုံးရေးကျွမ်းကျင်မှုများ တိုးတက်ကောင်းမွန်နေစေရန် အလွန်အရေးကြီးပါသည်။ သို့မှသာ ကျေးရွာလူထု အဖွဲ့ဝင်များတက်တက်ကြွကြွနှင့် အဓိပ္ပာယ်ရှိရှိ ပူးပေါင်းပါဝင်ဆောင်ရွက်လာမည်ဖြစ်သည်။ ထို့အပြင် လုပ်ငန်းစဉ်နှင့် ပတ်သက်ပြီး ကျေးရွာလူထုကို လုပ်ပိုင်ခွင့် အာဏာနှင့် ပိုင်ဆိုင်မှုတို့အပေါ် သိရှိနားလည်စိတ်အား ဖြန့်ဝေမြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ ထိရောက်သည့် စည်းရုံးရေးကျွမ်းကျင်မှုများ ရရှိနိုင်စေရန် လမ်းညွှန်ချက်အချို့နှင့် အကြံပြုချက်များကို ဖော်ပြထားပါသည်။

**Presentations များကို ထိရောက်စွာပြသနည်း**

- **ဖော်ရွေပါ။ ယုံကြည်မှုရှိပါ။** ပရိသတ်ကို ကြည့်ပါ။ ပေ့ါပါးစွာနေပါ။ ပြုံးရွှင်စွာနေပါ။
- **စိတ်အားထက်သန်စွာနေပါ။ ကိုယ်ပြောနေသောအကြောင်းအရာကို စိတ်ဝင်တစား ပြောဆိုနေကြောင်း ပြသပါ။** လူတွေက သင်စိတ်ဝင်စားနေတာကို ပိုမိုမှတ်မိနေပါလိမ့်မည်။
- **မျက်လုံးခြင်းဆုံပြီး ပြောပါ။** လူတိုင်းကို လိုက်ကြည့်ပါ။ (၁) ယောက်၊ (၂) ယောက်ကိုဘဲ ကြည့်မနေပါနှင့်။ Flipchart ကိုဘဲ အာရုံစိုက် ကြည့်မနေပါနှင့်။ သင်က လူတွေကိုကြည့်နေသည့်ပုံစံကို သူတို့က လိုချင်ပါသည်။
- **ခန္ဓာကိုယ်အမူအယာတွေ သုံးပါ။** တစ်နေရာတည်းမှာ ရပ်ပြောမနေဘဲ လှည့်ပတ်ပြီးပြောပါ။ လက်ဟန်အမူအရာတွေသုံးပြီး ပြောပါ။ သို့သော် အလွန်အကျွံအသုံးမပြုပါနှင့်။
- **တစ်ခါဆွေးနွေးလျှင် အကြောင်းအရာတစ်ခုနှုန်းဆွေးနွေးပြီး** အချက်အလက်များကို **အနှစ်ချုပ်ပါ။**
- **ရှင်းရှင်းလင်းလင်းနှင့် သင့်တော်သောအသံဖြင့် ပြောဆိုပါ။** လူတိုင်းကြားနိုင်အောင် ပြောပါ။
- **ရိုးရှင်းသောစကားလုံးများသုံးပါ။ နည်းပညာဆိုင်ရာ စကားလုံးတွေရှောင်ပါ။** ပရိသတ်တွေကို စကားပြောနေသည့်ပုံစံဖြင့် ပြောဆိုပါ။ ခမ်းနား ကြီးကျယ်စွာ မပြောဆိုပါနှင့်။
- **ဖြည်းဖြည်းပြောပါ။** အချို့အချက်တွေက ပရိသတ်တွေအတွက် အသစ်ဖြစ်နေတတ်တာကြောင့် ဖြည်းဖြည်းနှင့် နားလည်အောင်ပြောပါ။
- **ပရိသတ်ကို လေးစားပါ။** ကလေးတွေလို မဆက်ဆံပါနှင့်။ သူတို့တွင်လည်း အတွေ့အကြုံများနှင့် အကြံဉာဏ်များ ရှိပါသည်။ ထို့ကြောင့် နှိမ်ချမပြောပါနှင့်။
- **ကျေးရွာလူထုသိသော အချက်များနှင့် ဆက်နွယ်ပြောဆိုပါ။** သူတို့သိထားသည်များကို လေ့လာပြီး ၎င်းတို့နှင့်ပတ်သက်သည်များကို ပြောဆိုပါ။ သူတို့ ဘာမှမသိဘူးဟု မယူဆပါနှင့်။
- သင်ပြောဆိုသည့်အခါ **မေးခွန်းများမေးပါ။** မေးခွန်းမေးခြင်းဖြင့် အားလုံးပါဝင်လာစေသလို ကိုယ်မေးချင်တာတွေ မေးမြန်းနိုင်ရန် အားပေးသလိုဖြစ်မည်။
- **တိုရှင်းလိုရှင်းပြောပါ။** အဓိကအချက်များကိုပြောပါ။ မေးခွန်းမေးရန်၊ဆွေးနွေးရန်နှင့် သင်တန်းသူ၊ သင်တန်းသားများ၏စိတ်ပါဝင်စားမှုရယူရန်အတွက် ခပ်မြန်မြန် ပြောပါ။ ဆိုလိုသည်မှာ ပရိသတ်အနေနှင့် အကြောင်းအရာအပေါ် စိတ်အားထက်သန်စေရန်ဖြစ်သည်။

**ပံ့ပိုးကူညီဆွေးနွေးခြင်း။ အခြေခံကျွမ်းကျင်မှုများ**

- **မေးခွန်းများမေးပါ။** အဖြေအမျိုးမျိုးနှင့် ဆွေးနွေးမှုအမျိုးမျိုး ရရှိလာစေရန်အတွက် ရိုးရိုးရှင်းရှင်းနှင့် ရှင်းလင်းသည့် “အဖွင့်”မေးခွန်းများမေးပါ။
- **တုံ့ပြန်မှုများကို စောင့်ပါ။** တက်ရောက်လာကြသူများကို စဉ်းစားပြီး ဖြေဆိုနိုင်ရန် အချိန်ပေးပါ။ သူတို့ကို မေးခွန်းတွေဆက်တိုက်မမေးပါနှင့်။
- **အားလုံးပါဝင်လာစေရန် အားပေးပါ။** ရှက်ကြောက်နေသူတွေနား ကပ်သွားပြီး မျက်လုံးချင်းဆုံပြီး

စကားပြောပါ။ လက်ဟန်အမူအရာသုံးပါ။ နာမည်နှင့်ပြောပါ။

- **အားပေးစကားလုံးတွေသုံးပါ။** *"ဟုတ်ပြီ။ အဲဒီတော့ … သိပြီ ဒါဆိုရင် … ပြောပြပါဦး"* စသည့်စကားလုံးတွေသုံးပြီး စကားပိုပြောလာအောင် လုပ်ပါ။
- **တက်ကြွစွာ နားထောင်ပါ။** မျက်လုံးချင်းဆုံပါ။ ကိုယ်ဟန်အမူအရာသုံးပါ။ ခေါင်းညိတ် အားပေးပါ။ သို့သော် အလွန်အကျွံ မခေါင်းမညိတ်ပါနှင့်။
- **တစ်နည်းအားဖြင့်ပြောပေးပါ။** ကိုယ့်အသုံးအနှုန်းများဖြင့် အတိုချုံးပြင်ပြောပြပေးပါ။ သူတို့ပြောသည်ကိုလည်း သေချာကြားပြီးနားလည်အောင်လုပ်ပါ။
- **မေးခွန်းများထပ်မံမေးပါ။** ပြဿနာ တစ်ခုအတွက် *"ဘာကြောင့်လဲ။ ပြောပြပါဦး။ ထပ်ရှင်းပြလို့ရမလား"* နောက်ဆက်တွဲမေးခွန်းများ မေးပြီး ရှင်းလင်းစေရန်ပြုလုပ်ပါ။
- **ညွှန်းဆိုပြီးပြောပါ။** အခြားသူတွေ ပါဝင်လာစေရန် *"သူကတော့ ……… အဲဒီလိုပြောတယ်။ သဘောတူပါသလား။ တခြားလူတွေကရော ဘယ်လိုထင်သလဲ"* ဟုမေးမြန်းပြောဆိုပါ။
- **ပတ်ဝန်းကျင်ကိုလေ့လာပါ။** မည်သူတွေ ပူးပေါင်းဆောင်ရွက်ပြီး မည်သူတွေ ကျန်နေသလဲ လိုက်လံကြည့်ရှုပါ။ အားလုံး စိတ်ဝင်စားမှုရှိကြရဲ့လား။
- **အနှစ်ချုပ်ပါ။** ပြောဆိုသည့်စကားများကို ရိုးရှင်းပြီး အတိုချုံးသည့်ပုံစံဖြင့် ပြန်ပြင်ပြောပါ။ သို့မှသာ လူတိုင်းပါဝင်လာနိုင်သည်။

**ပံ့ပိုးကူညီဆွေးနွေးခြင်း။ ထပ်ဆင့်မေးခွန်းများ**

- **ထပ်ဆင့်မေးခွန်းများ**ကို ပြဿနာတစ်ခု သို့မဟုတ် အခြေအနေတစ်ခုနှင့်ပတ်သက်ပြီး ထပ်မံသိရှိနိုင်ရန် အသုံးပြုခြင်းဖြစ်သည်။ ပိုမိုနားလည်စေရန် မေးမြန်းခြင်းဖြစ်သည်။
- နည်းလမ်းများ။
    - *ဘာလဲ။ ဘယ်မှာလဲ။ ဘယ်တုန်းကလဲ။ ဘယ်သူလဲ။ ဘာကြောင့်လဲ။ ဘယ်လိုမျိုးလဲ* ဆိုသည့် "ဘ"ခေါက်လုံး အကူမေးခွန်းတွေမေးပါ။
    - *ဘာကိုဆိုလိုတာလဲ။ ရှိသေးလား။ ထပ်ပြောပြပါ။* ဆိုတဲ့ ထပ်ဆင့်မေးခွန်းတွေမေးပါ။
    - ပထမအဖြေတစ်ခုတည်းနှင့် ကျေနပ်မနေပါနှင့်။ ပိုနားလည်လာစေရန် မေးခွန်းများထပ်မံ မေးမြန်းပါ။ အခြားသူများ၏ မှတ်ချက်များကိုလည်းဖိတ်ခေါ်ပါ။
    - မေးခွန်းများထဲမှာ အဖြေထည့်မမေးပါနှင့်။ ဥပမာ *"အသုံးပြုခကို ဘယ်လိုမျိုး ကောက်လဲ။ အိမ်ထောင်စုအလိုက်လား၊ အိမ်ထောင်ဦးစီးဆီကနေကောက်တာလား။"* ဟုမေးလိုက်လျှင် အိမ်ထောင်စုအလိုက် သို့မဟုတ် အိမ်ထောင်ဦးစီးဆီကဆိုပြီး ရွေးချယ်စရာ (၂)ခုထဲ ကန့်သတ်လိုက်သကဲ့သို့ ဖြစ်သွားတတ်သည်။ သူတို့က အခြားနည်းလမ်းဖြင့် အသုံးပြုခကောက်သည်ဆိုလျှင် သင်က စိတ်ဝင်စားမှုမရှိ၍ မမေးချင်ဟု ထင်သွားနိုင်သည်။ *"အသုံးပြုခကို ဘယ်လိုမျိုး ကောက်လဲ"* ဟုသာမေးပြီး ပြန်ပြောသည့်အဖြေကိုစောင့်ပါ။
    - ဖြစ်နိုင်သည်များကိုမေးပါ။ တကယ်ဖြစ်လာနိုင်သည့် အဖြစ်အပျက်မျိုး တက်ရောက်လာကြသူများကို မေးပါ။ ဥပမာ *"ပိုက်ဆံတွေပျောက်သွားရင် ရွာလူထုအနေနဲ့ ဘယ်လိုလုပ်ကြမလဲ။"*
- စည်းရုံးရေးမှူးသည် ပြဿနာတစ်ခုကို ဖြေရှင်းတော့မည်ဆိုလျှင် မေးခွန်းများမေးမြန်းရန် အလွန်အရေးကြီးပါသည်။ **ပထမအဖြေတစ်ခုတည်းနှင့် ကျေနပ်မနေပါနှင့်။** ပိုနားလည်အောင် မေးခွန်းတွေ မေးခွန်းများကို ထပ်ဆင့်မေးမြန်းခြင်း (သို့) အခြားနည်းလမ်းများ အသုံးပြုပေးပါ။
- အခြားသူများကိုလည်း ဖြည့်စွက်မေးမြန်းချင်တာရှိမရှိ မေးပါ။ ထို့နောက် အချက်များဖြင့် ပြောဆိုသမျှကို အနှစ်ချုပ်ပြီး ထပ်မံပြောလိုသည်များ ရှိမရှိမေးပါ။ ဥပမာ -

**စည်းရုံးရေးမှူး။** **လုပ်ငန်းလည်ပတ်ထိန်းသိမ်းရေးအတွက် ရန်ပုံငွေ ဘယ်လိုရှာသလဲ။**

*ရွာသား။* *တစ်နှစ်တစ်ခါ ပိုက်ဆံကောက်ပါတယ်။*

မေးမြန်းခြင်းကို ဒီမှာတင် မရပ်လိုက်ပါနှင့်။

**စည်းရုံးရေးမှူး။** **နှစ်စဉ် ဘယ်အချိန်မှာ ရန်ပုံငွေတွေ ကောက်ခံပါသလဲ။**

*ရွာသား။* *သီးနှံတွေရိတ်သိမ်းပြီးလို့ ပိုက်ဆံရတဲ့အချိန်မှာ ကောက်ပါတယ်။*

အသေးစိတ်သိရဖို့အတွက် ထပ်ပြီးတော့ မေးမြန်းပါ။

**စည်းရုံးရေးမှူး။** **ရန်ပုံငွေဘယ်လောက် ကောက်ခံသလဲ။**

*ရွာသား။* *အိမ်ထောင်စုတစ်ခုကို ၁၀၀ ကျပ် ကောက်ပါတယ်။*

မေးခွန်းတွေထပ်မံ မေးမြန်းပါ။

**စည်းရုံးရေးမှူး။** **အိမ်ထောင်စုတွေက ပိုက်ဆံပေးတဲ့အခါ ဘယ်သူက ပေးသလဲ။**

*ရွာသား။* *ပုံမှန်တော့ အမျိုးသားတွေက ပေးရမှာမဟုတ်ဘူးလား။*

အသေးစိတ်သိရဖို့အတွက် ဆက်ပြီးတော့ မေးမြန်းပါ။

**စည်းရုံးရေးမှူး။** **ဘယ်လိုမျိုး သူတို့ပေးကြလဲ။ လုပ်အားငွေနဲ့ပေးသလား၊ လုပ်အားထည့်ဝင်ပေးသလား၊ ဒါမှမဟုတ် ငွေရောလုပ်အားရော ပေးသလား။**

*ရွာသား။* *သာမန်တော့ လုပ်အားငွေနဲ့ပေးကြတယ်။ ဒါပေမဲ့ လူအနည်းအကျဉ်းကတော့ လုပ်အား ထည့်ဝင်ပေးကြတယ်*

*သူတို့ပြောလိုက်တဲ့အကြောင်းအရာတွေကို အနှစ်ချုပ်ပြောပြပါ။*

**စည်းရုံးရေးမှူး။** **ဦးလေး/အဒေါ် ပြောတာက ရွာမှာ သီးနှံရိတ်သိမ်းပြီးချိန်ဆိုရင် တစ်အိမ်ထောင်စုကို ၁၀၀ ကျပ် ကောက်တယ်။ ပုံမှန်တော့ အမျိုးသားတွေကပဲ ပေးကြတယ်။ လုပ်အား ထည့်ဝင်ကြတာ များတယ်။ ပိုက်ဆံကောက်တဲ့စနစ်နဲ့ပတ်သက်ပြီး ဘာများထပ်ပြောစရာ ရှိသေးလဲမသိဘူး။**

*ရွာသား။* *ပိုက်ဆံတွေကောက်ပြီးရင်တော့ ဘယ်လောက်ရတယ်ဆိုတဲ့အကြောင်းကို အစည်းအဝေးခေါ် ပြီး ကြေငြာရမှာပါ။*

**စည်းရုံးရေးမှူးများအတွက် ကျေးရွာလူထုအား ပိုင်ရှင်စိတ်ရှိမှု ပိုမိုအားကောင်းလာစေရန် စည်းရုံးချက် (၁၀)ချက်**

၁) **လူထုကိုယ်တိုင် ဆုံးဖြတ်ခွင့်ပေးပါ။** ကိုယ်ပိုင်ဆုံးဖြတ်စီမံခန့်ခွဲခွင့်ပြုပါ။ ကျေးရွာလူထုကိုယ်တိုင် ပြဿနာများကို ဖြေရှင်းပါ။ ဆုံးဖြတ်ချက်များချမှတ်ပါ။ စီစဉ်ဆောင်ရွက်ပါ။

၂) **မေးခွန်းများမေးပြီး ဂရုတစိုက် နားထောင်ပါ။** မေးခွန်းများမေးခြင်းဖြင့် ကျေးရွာလူထုသည် ပြောဆိုတတ်လာမည်၊ တွေးတောတတ်လာမည်နှင့် လုပ်ဆောင်တတ်လာမည်ဖြစ်သည်။

၃) **အားလုံးပူးပေါင်းပါဝင်လာစေရန်ကူညီပါ။** လူတိုင်းကို စကားပြောခွင့်၊ စိတ်ကူးများ ထုတ်ဖော်ခွင့်နှင့် ဆုံးဖြတ်ချက်ချရာတွင် ပါဝင်ခွင့်များ ပေးသင့်ပါသည်။

၄) **ဆုံးဖြတ်ချက် ချမှတ်ရာတွင် အမျိုးသမီးများကို အဓိကပြောဆိုဆွေးနွေးစေရန် အားပေးပါ။** အမျိုးသမီးများကို ပါဝင်ခွင့်၊ ပြောဆိုခွင့်ပေးပြီး စိတ်ကူးအကြံဉာဏ်များကို အလေးနက်ထား ဆောင်ရွက်ပေးပါ။

၅) **စကားအလွန်အကျွံပြောဆိုခြင်းကို ရှောင်ကျဉ်ပါ။** ငြိမ်သက်စွာဖြင့် ပြောသမျှကို သေချာစွာနားထောင်ပါ။

၆) **သတင်းအချက်အလက်များကို လိုအပ်လျှင် ထောက်ပံ့ပေးပါ။** ကျေးရွာလူထုအနေနှင့် လူထုဗဟိုပြုစီမံကိန်း၏ လုပ်ဆောင်ချက်၊ တာဝန်ဝတ္တရားများ စသည်တို့၏ အခြေခံအချက်များ သိရှိရန်လိုအပ်သည်။ သို့သော် ကျေးရွာလူထုအနေနှင့် အကုန်လုံးကို ဆောင်ရွက်ရမည်ဟု မပြောပါနှင့်။

၇) **ကျေးရွာလူထုကို မည်သို့ဖြေရှင်းသင့်သည်ဆိုသည့်အကြောင်း မပြောပါနှင့်။** သူတို့မှ ဖြေရှင်းပေးရန် အကူအညီတောင်းသည့်အခါ "အစ်ကို/အစ်မက ဒီကိစ္စကို ဘယ်လိုဖြေရှင်းချင်သလဲ" ဟု ပြန်မေးပါ။

၈) **ယုံကြည်မှု တည်ဆောက်ပါ။** ကျေးရွာလူထုကို ကိုယ်ပိုင်အတွေးစိတ်ကူးတွေအပေါ် ယုံကြည်မှုရှိစေရန် အားပေးပြီး ၎င်းတို့၏ အရည်အချင်းနှင့် အတွေ့အကြုံကို အသိအမှတ်ပြုပေးပါ။

၉) **ကျေးရွာလူထုကို ကိုယ်တိုင်လုပ်ဆောင်ရန် အားပေးပါ။** ကျေးရွာလူထုကို အစည်းအဝေးများအား ကိုယ်တိုင် ဆောင်ရွက်နိုင်ပြီး ဆုံးဖြတ်ချက်များချနိုင်ရန်အတွက် လိုအပ်လျှင် ထွက်ခွာပေးပါ။

၁၀) **စိတ်ရှည်ရှည်ထားပြီး လုပ်ငန်းစဉ်အပေါ်နှင့် ပြည်သူတွေအပေါ် ယုံကြည်မှုထားပါ။** လူထုကိုယ်တိုင် နားလည်ပြီး ကိုယ်ပိုင်ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် အချိန်ပေးပါ။ အားလုံးပူးပေါင်း ဆောင်ရွက်နိုင်စေရန် ဖြည်းဖြည်းချင်းသွားပါ။ ကြီးမားသည့်လုပ်ငန်းစဉ် ဖြစ်သည့်အလျောက် အချိန်ယူရပါလိမ့်မည်။

## *အခန်း (၂)*
## *ကျေးရွာစီမံကိန်းစက်ဝန်း*

***၈၄။*** *စီမံကိန်းစက်ဝန်းတွင် အဆင့်ငယ် (၁၄) ဆင့်ပါဝင်သော အဆင့်ကြီး (၆) ဆင့်ရှိပါသည်။ ၄င်းအဆင့်တွင် ကျေးရွာအဆင့်အစည်းအဝေး အနည်းဆုံး ၅ ကြိမ်ပါဝင်သည်၊ (လူထု စစ်ဆေးပွဲကို ထည့်သွင်းရေတွက်မည်ဆိုပါက အစည်းအဝေးပေါင်း (၆) ခုရှိမည်ဖြစ်သည်။) အဆိုပါအစည်းအဝေးတွင် အမျိုးသားများ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ လူကြီးနှင့် လူငယ်များ၊ တိုင်းရင်းသားအုပ်စုများ၊ ဆင်းရဲသူများနှင့် ချမ်းသာသူများ စသောကျေးရွာသူ/ရွာသားများအားလုံးပူးပေါင်းပါဝင်ရန်လိုအပ်သည်။ စီမံကိန်းနှင့်ဆက်နွယ်နေသော အဓိက ဆုံးဖြတ်ချက်ချမှတ်မှုများကို အဆိုပါအစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်၍ အများသိ ရှိစေရန်ကြေငြာသည်။ ကျေးရွာစီမံကိန်းကော်မတီနှင့်ဆပ်ကော်မတီ (၂) ခုကြားတွင် အစည်း အဝေးအချို့လည်းရှိလိမ့်မည်ဖြစ်သည်။ လူထုစည်းရုံးရေးမှူးများ၊ လက်ထောက်နည်းပညာ မှူးများ (နည်းပညာစည်းရုံးရေးမှူးများ) မြို့နယ်အဆင့် နည်းပညာအကြံပေးများ နှင့် မြို့နယ်အဆင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများသည် စီမံကိန်း လုပ်ငန်းများတွင် လိုအပ်ပါကပံ့ပိုး ပေးလိမ့်မည်ဖြစ်သည်။*

***၈၅*** *ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြုကော်မတီသည် နှစ်စဉ် စီမံခန့်ခွဲမှုအသုံး စရိတ်အတွက် စီမံကိန်းရန်ပုံငွေမှ ၄% အထိကျခံသုံးစွဲခွင့်ရှိသည်။ ကျေးရွာအုပ်စု စီမံကိန်း အထောက်အကူပြု ကော်မတီသည် စီမံခန့်ခွဲမှုအသုံးစရိတ်အတွက် စီမံကိန်းရန်ပုံငွေကို လိုအပ်ချက်အခြေအနေအရ ၆% အထိကျခံသုံးစွဲနိုင်ပြီး ပြည်ထောင်စုအဆင့်ကျေးလက်ဦးစီး ရုံးသို့ ၄င်းအတွက် လိုအပ်သောစာရွက်စာတမ်းများဖြင့် တင်ပြတောင်းဆိုပြီး ခွင့်ပြုချက်ရယူ ရမည်။ အဆိုပါချွင်းချက်ကို မှတ်တမ်းတင်ထားရမည်ဖြစ်ပြီး ပြည်ထောင်စုအဆင့် ကျေးလက်ဦးစီးရုံးသို့ (၃) လပတ်အစီရင်ခံစာတွင် ထည့်သွင်းပေးပို့ရမည် ဖြစ်သည်။ အသုံး မပြုရသေးသော စီမံခန့်ခွဲမှု အသုံးစရိတ်များကို ရန်ပုံငွေအသစ်တွင် ပေါင်းထည့်ရမည်ဖြစ်ပြီး ကျေးရွာအုပ်စုစီမံကိန်း အထောက်အကူပြုကော်မတီသည် နောက်နှစ် စီမံခန့်ခွဲမှု အသုံးစရိတ် အဖြစ် ထပ်ထည့်ပေါင်းရန်ဆုံးဖြတ်ချက်ချနိုင်သည်။*

***၈၆*** *ကျေးရွာအစည်းအဝေးများ၏ အသုံးစရိတ် (ခရီးစရိတ်၊ စားသောက်စရိတ်များ၊ စာရေးကိရိယာ စသည်) တို့သည် ထောက်ပံ့ငွေ၏ စီမံခန့်ခွဲမှုအသုံးစရိတ်ပြင်ပမှ ကျခံရမည် ဖြစ်ပြီး ချွင်းချက်အနေဖြင့် (၁) လူထုစစ်ဆေးပွဲကို(မြို့နယ်ကျေးလက်ဦးစီးရုံး၏ ဘတ်ဂျက်မှ ကျခံမည်)၊နှင့်(၂) ပထမနှစ် စက်ဝန်းတွင် ကျေးရွာအုပ်စုဘဏ်စာရင်းများ၌ စီမံကိန်းရန်ပုံငွေ မရရှိသေးသော ကျေးရွာလူထုအတွက် ကုန်ကျစရိတ်များ စသည်တို့ဖြစ်သည်။*

### ၁။ ကြိုတင်ပြင်ဆင်ခြင်း
### ၁-၁။ ပထမအကြိမ် ကျေးရွာ အစည်းအဝေး (စီမံကိန်းအကြောင်း မိတ်ဆက် အစည်းအဝေး)

***၈၇*** *ကျေးရွာနှင့် ကျေးရွာအုပ်စုခေါင်းဆောင်များ၏ အကူအညီရယူ၍ အစည်းအဝေး မကျင်းပမီ အနည်းဆုံး (၃) ရက်ကြိုတင်၍ ကျေးရွာများသို့ အသိပေးအကြောင်းကြားရမည်။ လူထု စည်းရုံးရေးမှူးများနှင့် လက်ထောက် နည်းပညာမှူးများသည် ပထမအကြိမ် အစည်းအဝေးတွင် တတ်နိုင်သမျှ ကျေးရွာလူထုအားလုံး ပါဝင်နိုင်စေရန် ကူညီပံ့ပိုးစည်းရုံး ရပါမည်။*

***၈၈*** ***ရည်ရွယ်ချက်များ***

*ပထမအကြိမ်ကျေးရွာအစည်းအဝေးကျင်းပရခြင်း၏ရည်ရွယ်ချက်မှာ -*

*(က) လူထုဗဟိုပြုစီမံကိန်း၏ ကျေးရွာဖွံ့ဖြိုးရေး အခြေခံသဘောတရားများအားရှင်း လင်းပြသနိုင်ရန်၊*

(ခ) ကျေးရွာလူထုအား စီမံကိန်းစက်ဝန်း၊ စီမံကိန်း၏လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ရင်းနှီးမှုရရှိစေရန်၊ လူထုဗဟိုပြုစီမံကိန်း၏ ဘက်ပေါင်း စုံပေါင်းစည်းထားခြင်းဖြစ်သည့် ကျား/မရေးရာနှင့် လူမှုပူးပေါင်းပါဝင်မှုတို့ကိုလည်း ရင်းနှီးမှုရရှိစေရန်၊

(ဂ) လူထုဗဟိုပြုစီမံကိန်းတွင် ပါဝင်ဆောင်ရွက်မည့်သူများ၏ အမျိုးမျိုးသော တာဝန်ဝတ္တရားများကိုရှင်းပြခြင်း၊ (၁) ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မ တီ၊ ကျေးရွာအုပ်စုစီမံကိန်းအထောက်ကူပြုကော်မတီနှင့် ဆပ်ကော်မတီများ၊ (၂) ကျေးရွာစေတနာ့ဝန်ထမ်းများ၊ လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်းပညာ မှူးများ၊ ဝေဖန်အကြံပြုကိုယ်စားလှယ်များနှင့် ကျေးရွာငွေစာရင်းကိုင်များ၊ (၃) ကျေးရွာနှင့် ကျေးရွာအုပ်စုခေါင်းဆောင်များ၊ (၄) မြို့နယ်အဆင့်ဝန်ထမ်းများ၊ မြို့နယ်အဆင့်နည်းပညာအကြံပေးအဖွဲ့များနှင့် အန်ဂျီအိုများ၊ (၅) ပြည်ထောင်စု အဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၊ ပြည်ထောင်စု အဆင့် နည်းပညာအကြံပေးအဖွဲ့များ၊ အန်ဂျီအိုများနှင့် ကမ္ဘာဘဏ်ဝန်ထမ်းများ၊

(ဃ) ကျေးရွာစေတနာ့ဝန်ထမ်း(၂)ဦးရွေးချယ်ခြင်း ၊ (သို့) အဆိုပါကျေးရွာတွင်ရှိ သော အိမ်ထောင်စုလူဦးရေသည် ၂၀၀ ထက်ကျော်လွန်လျှင် ထပ်တိုးပေါင်းထည့် သော အိမ်ထောင်စု ၁၀၀ တိုင်းတွင် ကျေးရွာစေတနာ့ဝန်ထမ်း ၁ ယောက်စီ ထပ်တိုးပေါင်းထည့်သင့်သည်။ ကျေးရွာစေတနာ့ဝန်ထမ်းများရှိပြီးဖြစ်ပါက ၎င်းတို့ သည် လူထုစည်းရုံးရေးမှူးများ၊ လက်ထောက်နည်းပညာမှူးများနှင့်အတူ အဆိုပါ အစည်းအဝေးကို လုပ်ဆောင်သင့်သည်။

(င) လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ချက်များစတင်ရန် ကျေးရွာများ၏ ရေးတတ်/ဖတ်တတ်မှုအပေါ်မူတည်ပြီး လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း များသည် ကျေးရွာပထမအကြိမ် အစည်းအဝေးကာလတွင်လည်းကောင်း၊ လိုအပ်ပါ ကပထမအကြိမ်အစည်းအဝေးအပြီးကာလတွင်လည်းကောင်း ဆက်လက်လုပ်ဆောင် ရန် လိုအပ်ပါသည်။

**၈၉** ပထမအကြိမ်အစည်းအဝေးများ၊ လူမှုဆန်းစစ်ခြင်းများ၊ ရွေးချယ်ခြင်းများနှင့် ဒုတိယအကြိမ် ကျေးရွာအစည်းအဝေးများ ဆောင်ရွက်ရာတွင် အထောက်အကူရရှိစေရန် ပြည်ထောင်စုအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ညွှန်ကြားချက်တစ်စောင်ကိုလည်း ထုတ်ပြန်ထားပြီးဖြစ်ပါသည်။ စည်းရုံးရေးမှူး များ၏ သင်တန်းအစီအစဉ်အပိုင်း (၁) ကို မြို့နယ်အဆင့်စီမံကိန်းလုပ်ငန်းခွဲများတွင် ပံ့ပိုးပြီး ဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုစီမံချက်လမ်းညွှန်ကို သက်ဆိုင်ရာသင်တန်းများတွင် သင်ထောက်ကူ ပစ္စည်းအဖြစ် အသုံးပြုသည်။

**၉၀** **ပါဝင်သူများ** - လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်းပညာမှူးများသည် အစည်းအဝေးများဖြစ်မြောက်ရန်ကူညီပံ့ပိုးရ မည်ဖြစ်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးများ အပါအဝင် ရွာသူ/သား အားလုံးကို အစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားရမည်ဖြစ် ပါသည်။ အစည်းအဝေးအထမြောက်ရန် လိုအပ်သည့် လူဦးရေမှာ (၁) ကျေးရွာအတွင်းရှိ အိမ်ခြေ၏ အနည်းဆုံး ၅၀% (အစည်းအဝေးကျင်းပ သောအချိန်တွင်တက်ရောက်သူများ)၊ (၂) ကျေးရွာအတွင်းရှိ လူမျိုးစု အိမ်ခြေများ၏ အနည်းဆုံး ၅၀% (အစည်းအဝေးကျင်းပ သောအချိန်တွင်တက်ရောက်သူများ)၊ (၃) အမျိုး သမီးကိုယ်စားလှယ်တက်ရောက်သူ အနည်းဆုံး ၅၀% ပါဝင်ရမည်ဖြစ်သည်။ စည်းရုံးရေး မှူးများသည် သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ လူငယ်များနှင့် ဝေးကွာသော ရွာစွန်ရွာဖျားတွင်နေထိုင်သည့် ကျေးရွာလူထုကိုလည်း အစည်း အဝေးတက်ရောက်ရန် နိုးဆော်ရမည်ဖြစ်ပါသည်။ အခြား ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများဖြစ်သော အခြားစီမံကိန်းများမှ ကော်မတီဝင်များ (သို့) အဆိုပါကျေးရွာတွင် အလုပ်လုပ်ကိုင်နေကြသော NGO များမှ ဝန်ထမ်းများကိုလည်း အစည်းအဝေးတက်ရောက်ရန် ဖိတ်ခေါ်ရမည်။

**၉၁** **အချိန်ကာလ** - အစည်းအဝေးတက်ရောက်ရာတွင် အနည်းဆုံးနေ့တစ်ဝက် တက်ရောက်သင့်သည်။

၆၂ အိမ်ခြေ ၂၀ အောက်ရှိသော ကျေးရွာများအား အုပ်စုဖွဲ့ခြင်း - တူညီသောကျေးရွာ အုပ်စုအတွင်းရှိ အိမ်ခြေ ၂၀ အောက်ရှိသော ကျေးရွာငယ်များသည် အနည်းဆုံးအိမ်ခြေ ၂၀ ပြည့်မီရန် နီးစပ်ရာ ရွာများနှင့် ပူးပေါင်း၍ သို့မဟုတ် အုပ်စုတွင်းရှိ အိမ်ခြေများသော အနီး အနားရှိကျေးရွာကြီးနှင့် ပူးပေါင်း၍ စီမံကိန်းအမြင်ဖွင့် (စီမံကိန်းမိတ်ဆက်) အစည်းအဝေး များနှင့် စီမံကိန်းအစီအစဉ်ရေးဆွဲခြင်း ရည်ရွယ်ချက်များ ကို လူထုဗဟိုပြုစီမံကိန်း လုပ်ဆောင်ရန်အတွက် ပေါင်းစပ် ဆောင်ရွက်သင့်ပါသည်။ အဆိုပါပေါင်းစပ်ဆောင်ရွက်ခြင်း များသည် အစီအစဉ်ရေးဆွဲခြင်းများအတွက် ပိုမိုထိရောက်စေသည့်အပြင် ပဋိပက္ခများ မဖြစ် စေဘဲ လုံလောက်သော ကော်မတီအရေအတွက်ရရှိရန် ဖွဲ့စည်းနိုင်မည်ဖြစ်ပါသည်။ အကယ် ၍ သံသယ တစ်စုံတစ်ရာရှိခဲ့ပါမူ ကျေးရွာငယ်လေးများသည် မိမိတို့ဘာသာ ဆုံးဖြတ်၍ အခြားကျေးရွာများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းကို ခွင့်ပြုသင့်ပါသည်။ အစုအဖွဲ့တစ်ခုသည် အဆိုပါနှစ်အတွင်း၌ ကျေးရွာ အုပ်စုအတွင်းရှိကျေးရွာ၏ အုပ်စု သို့မဟုတ် တစ်စုံတစ်ယောက်အတွက် တစ်ခုထက်ပိုသော စီမံကိန်းလုပ်ငန်းခွဲကို အဆိုပြုနိုင်သည်။ ၎င်းကို ကျေးရွာအုပ်စု စီ/ထောက်ကော်မတီမှ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ပြုလုပ်ရန်အတွက် အစည်းအဝေး၌ ဆုံးဖြတ်လိမ့်မည်ဖြစ်သည်။

၆၃ **လုပ်ငန်းစဉ်** - လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်းပညာမှူးများသည် ပထမအကြိမ် ကျေးရွာအစည်းအဝေး အထမြောက်စေရန် စည်းရုံး ရမည်ဖြစ်ပါသည်။ အဆိုပါအစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးများသည် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ရာအိမ်မှူးများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေး မှူးများ၊ ကျေးရွာခေါင်းဆောင်များ၊ လက်ရှိကော်မတီဝင်များနှင့် အခြားစီမံကိန်းများမှ စေတနာ့ဝန်ထမ်းများ ထံမှအကူအညီရယူနိုင်ပါသည်။ (အပိုဒ် - ၈၈ နှင့် ၉၀ ကို ကိုးကားပါသည်)

၆၄ ကျေးရွာစီမံကိန်းမိတ်ဆက်အစည်းအဝေးကို ဖြစ်နိုင်ပါက ဒေသသုံးဘာသာစကားဖြင့် ရက်နည်းငယ် (၃ ရက်ထက်မနည်းဘဲ) သက်ဆိုင်ရာဒေသသုံးဘာသာစကားဖြင့် ကြိုတင်၍ အသိပေးကြေငြာရပါမည်။ စီမံကိန်း လက်စွဲ အခန်း-၂ အကြောင်းအရာများပါဝင်သော လက်ကမ်းစာစောင်များ၊ စီမံကိန်း အကြောင်း ရိုက်ကူးထားသော ဇာတ်လမ်းတွဲများ၊ စာစောင်များနှင့် စီမံကိန်း၏ အခြေခံ သဘောတရားများပါဝင်သော အခြားစာရွက်စာတမ်း များအားပြင်ဆင်ခြင်းနှင့် ကြိုတင်ဖြန့်ဝေခြင်းများ ပြုလုပ်သင့်သည်။ လူထုစည်းရုံးရေးမှူး များသည်ကျေးရွာလူထုအတွက် အစည်းအဝေးများပြင်ဆင်နိုင်ရန် အထောက် အကူပြုနိုင် ပါသည်။

၆၅ ကျေးရွာလူထု၏ (အမျိုးသားနှင့် အမျိုးသမီးများ) အဆင်ပြေမည့် အချိန်/ရက် ကို သတ်မှတ်ရပါမည်။ အစည်းအဝေးသို့ ကျေးရွာလူထု များနိုင်သမျှ များများတက်ရောက်နိုင် ရန် နည်းလမ်းမျိုးစုံဖြင့် အားထုတ်ရမည်ဖြစ်ပါသည်။ အစည်းအဝေးအထမြောက်ရန် လိုအပ်သည့် လူဦးရေမှာ အထက်တွင်ဖော်ပြထားသော စာပိုဒ် ၉၀ တွင်ကြည့်ရှုနိုင်သည်။ အုပ်စုများပေါင်းစပ်ပြီး အစည်းအဝေးပြုလုပ်သောအချိန်တွင်လည်း အမျိုးသမီးများနှင့် အမျိုးသားများကို တန်းတူနေရာယူစေပြီး စီမံကိန်းအကြောင်းကို နားလည်သဘောပေါက် စေရန် ရည်ရွယ်သည်။ ထို့အပြင် အမျိုးသမီးများနှင့် လူနည်းစုများ (သို့) အားနည်းချက် ရှိသော အုပ်စုများကိုလည်း အဆိုပါအစည်းအဝေးတွင် ပါဝင်ဆွေးနွေးနိုင်ရန် ခွင့်ပြုရမည်။

၆၆ ကျေးရွာအစည်းအဝေးအားလုံးတွင် အစည်းအဝေးအထမြောက်စေရန် လိုအပ်ချက် များကို အထက်ဖော်ပြပါစာပိုဒ် ၉၀ တွင် ဖော်ပြထားသည်။ အဆိုပါအစည်းအဝေးတွင် ပူးပေါင်းပါဝင်မှုနှင့် ပွင့်လင်းမြင်သာမှုရှိရန်အတွက် လူတန်းစားမရွေး အလွှာပေါင်းစုံပါဝင် စေပါသည်။ အထူးသဖြင့် ဆင်းရဲသူများနှင့် အပါယ်ခံအုပ်စုများ ကိုပါဝင်စေရန်ဖြစ်သည်။ ကျေးရွာစီ/ထောက်ကော်မတီတွင် အလှမ်းကွာဝေးသော ကျေးရွာအပါအဝင် ကျေးရွာငယ် တစ်ရွာထက်ကျော်ပါက အဆိုပါရွာငယ်များမှ ကျေးရွာစေတနာ့ဝန်ထမ်း တစ်ရွာလျှင် တစ်ယောက် တက်ရောက်တက်ရောက်ရမည်ဖြစ်သည်။ အကယ်၍ ကျေးရွာတစ်ရွာသည် အိမ်ခြေ ၂၀၀ ထက်ကျော်လွန်ပါက အိမ်ခြေ ၁၀၀ လျှင် ၁ ယောက် အနည်းဆုံး တက်ရောက်ရမည်ဖြစ်သည်။ ကျေးရွာစေတနာ့ဝန်ထမ်းသည် ကော်မတီဝင်တစ်ယောက် ဖြစ်မလာနိုင်ပါ။

ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် မြို့နယ်တွင် အများပြည်သူနှင့် ရင်းနှီးစေရန်ပြုလုပ်သည့် အစည်းအဝေးကို တက်ရောက်ပြီးဖြစ်နိုင်သလို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အသစ်၏ DRD ထံမှ သတင်းအချက်အလက်အချို့ကို ရရှိကောင်း ရရှိပြီး ဖြစ်နိုင်သည်။

**ကြိုတင်သွားရောက်ရန်အတွက် ပြင်ဆင်ခြင်း**

- ယခုလို ကြိုတင်သွားရောက်ရခြင်း၏ ရည်ရွယ်ချက်မှာ ပထမအကြိမ်ကျေးရွာအစည်းအဝေးအတွက် ပြင်ဆင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။
- ပထမဆုံး ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဆက်သွယ်ပြီး စီမံကိန်းဝန်ထမ်းများနှင့် ကျေးရွာခေါင်းဆောင်များတွေ့ဆုံရန် အကြောင်းကြားပြီး ဖိတ်ခေါ်ပါ။ ပထမအကြိမ်ကျေးရွာအစည်းအဝေး ကျင်းပနိုင်ရန်အတွက် စီမံကိန်းဝန်ထမ်းများက ကျေးရွာခေါင်းဆောင်များနှင့် ကြိုတင်အစည်းအဝေး ပြုလုပ်လိုကြောင်း ရှင်းပြပါ။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် မြို့နယ်တွင် စီမံကိန်းမိတ်ဆက်ခြင်း တက်ရောက်ပြီးဖြစ်ကောင်းဖြစ်နိုင်သည့်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကျေးလက်ဦးစီးတို့ထံမှ လူထုဗဟိုပြုစီမံကိန်းအကြောင်း အချက်အလက်အချို့သိရှိပြီးဖြစ်နိုင်သည်။
- ကြိုတင်သွားရောက်ရာတွင် အထောက်အကူဖြစ်စေရန် ကျေးရွာနှင့်ပတ်သက်သည့် ဆင့်ပွား အချက်အလက်များ (လူဦးရေ) စုဆောင်းသည်။

- ကျေးရွာသို့ ကြိုတင်သွားရောက်ရန်အတွက် ကျေးရွာသို့ ကြိုတင် (ဖိတ်စာဖြင့် ဖြစ်စေ၊ တစ်ခုခုဖြင့်ဖြစ်စေ) အကြောင်းကြားသင့်သည်။
- ကျေးရွာသို့ ကြိုတင်သွားရောက်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကို ကြိုတင်ဆက်သွယ်ထားမှသာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား တွေ့ဆုံ၍ လူထုဗဟိုပြုစီမံကိန်း၏ ရည်ရွယ်ချက်များနှင့် ကူညီထောက်ပံ့ပေးမည့်အကြောင်းများကို ရှင်းပြပေးနိုင်မည်ဖြစ်သည်။
- ကျေးရွာကြိုတင်ခရီးစဉ်တွင် ကျေးရွာနှင့်ပတ်သက်သော <u>ဆင့်ပွားအချက်အလက်များ</u>ကို စုဆောင်းပါ။
- ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာတိုင်းကို ကြိုတင်သွားရောက်နိုင်ရန် ကြိုးစားပြီး နောက်ရက် အနည်းငယ်အကြာတွင် ပြုလုပ်မည့် အစည်းအဝေးအတွက် အဆင်ပြေမည့် နေရာ၊ နေ့ရက်နှင့် အချိန်များကို ဆုံးဖြတ်ပါ။

**ကြိုတင်သွားရောက်ခြင်း**

၁) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် လုပ်ငန်းစဉ်များ၏ **အဓိက ရည်ရွယ်ချက်များနှင့်/လုပ်ငန်းများဖြစ်သည့် လူထုဗဟိုပြုစီမံကိန်းအကြောင်း**ကို ကျေးရွာလူထုအား မိတ်ဆက်မည်၊ ကျေးရွာစေတနာ့ဝန်ထမ်းများကို ရွေးချယ်မည်နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အတွက် ပူးပေါင်းပါဝင်ရေးဆွဲခြင်းကို စတင်မည် စသည့် ကျေးရွာပထမအကြိမ်အစည်းအဝေးအကြောင်း ဆွေးနွေးပါ။

၂) ပထမအကြိမ်ကျေးရွာအစည်းအဝေးအတွက် **ရက်စွဲနှင့် ကျင်းပမည့်နေရာအပေါ် သဘောတူညီမှု ရယူပါ**။ စီမံကိန်းလက်စွဲစာအုပ်တွင် ကျေးရွာလူထုအား အနည်းဆုံး (၃)ရက် ကြိုတင်အကြောင်းကြားပေးရန် ဖော်ပြထားသည်။ အစည်းအဝေးကို မင်္ဂလာဆောင်၊ အသုဘ၊ သို့မဟုတ် အခြားပွဲတော်ရက်များစသည့် ကျေးရွာလူထု မအားလပ်သည့် အချိန်များတွင် မစီစဉ်သင့်ပါ။

၃) **အချိန်။** မည်သည့်အချိန်တွင် ပထမအကြိမ်ကျေးရွာအစည်းအဝေး ကျင်းပသင့်သည်ကို ကျေးရွာလူထုအား ဆုံးဖြတ်ခွင့်ပေးပါ။ အစည်းအဝေးသည် ၂-၃ နာရီခန့် ကြာမြင့်နိုင်ပြီး PSA ဆောင်ရွက်မှုများ ပါဝင်လာလျှင် ပိုမိုကြာမြင့်နိုင်သည်။ အစည်းအဝေးအချိန်ကို အမျိုးသမီးများအတွက် အဆင်ပြေသည့်အချိန် ဖြစ်သင့်ပြီး

ကျေးရွာလူထုအနေနှင့် မိမိအသက်မွေးဝမ်းကျောင်းအချိန်ကို မထိခိုက်သည့်အချိန်တွင် ပြုလုပ်သင့်သည်။

၄) **လူမှုဆန်းစစ်မှုလုပ်ငန်းများအတွက်အချိန်**သတ်မှတ်ရန်အတွက် ကျေးရွာခေါင်းဆောင်များနှင့် ဆွေးနွေးပါ။ အကယ်၍ နေ့အစောပိုင်းတွင် စတင်မည်ဆိုပါက စီမံကိန်းမိတ်ဆက်အစီအစဉ်နှင့် ကျေးရွာစေတနာ့ဝန်ထမ်းများရွေးချယ်ခြင်းအစီအစဉ်အပြီး လူမှုဆန်းစစ်ခြင်း လုပ်ငန်းများအား စတင်နိုင်ပါသည်။ သို့မဟုတ်ပါက ကျေးရွာလူထု အားလပ်မှုအချိန်များပေါ်မူတည်၍ (၁)ရက် (၂) ရက်အထိလိုအပ်ပါလိမ့်မည်။

၅) **အစည်းအဝေးနေရာ** အာလုံးလွယ်ကူစွာတက်ရောက်နိုင်ရန် ကျေးရွာ၏ အလယ်ဗဟိုကျသောနေရာမျိုးကို ရွေးချယ်ရန် သဘောတူညီမှုရယူပါ။ အရိပ်အာဝါသကောင်းပြီးကျယ်ဝန်းသောနေရာဖြစ်သင့်ပါသည်။

၆) **လိုအပ်သည့်လက်ကမ်းစာစောင်စာအုပ်များ ဖြန့်ဝေပေးပါ။** လူထုဗဟိုပြုစီမံကိန်းနှင့်ပတ်သက်သည့် လက်ကမ်းစာစောင်များကို ပထမအကြိမ်ကျေးရွာအစည်းအဝေးအတွက် ထောက်ပံ့ပေးထားပါ။ **ဒေသခံဘာသာစကားအသုံးပြု**ထားကြောင်းသေချာပါစေ။

| |
|---|
| လူထုဗဟိုပြုစီမံကိန်းသည် ကျေးရွာအစည်းအဝေးများ မဖြစ်မနေကျင်းပရန်လိုအပ်ပါသည်။ ကျေးရွာအတွင်းရှိ တိုင်းရင်းသားလူမျိုးစုများ၊ အမျိုးသမီး၊ အမျိုးသား အားလုံးနှင့် အခြားနွမ်းပါးသောအုပ်စုများ တက်ရောက်ရန်အတွက် ရှင်းလင်းသော သတင်းအချက်အလက်များပေးပါ။ (အုပ်စုအားလုံး၏ အနည်းဆုံး ၅၀%)<br>• အိမ်ထောင်စုအားလုံး၏ ၅၀% တက်ရောက်ရန်<br>• တိုင်းရင်းသားလူမျိုးစုများနှင့် ဘာသာရေးအုပ်စုများမှ ၅၀% တက်ရောက်ရန်<br>• အစည်းအဝေးတက်ရောက်သူ ၅၀% မှာ အမျိုးသမီးဖြစ်ရန်<br>အစည်းအဝေးကို အကောင်းဆုံးဆောင်ရွက်နိုင်ရန် အောက်ပါတို့ကို ဆောင်ရွက်ပေးပါ။<br>• ကျေးရွာခေါင်းဆောင်များနှင့်တွေ့ဆုံ၍ ၎င်းတို့၏အကူအညီဖြင့် ကျေးရွာလူထုအား ဖိတ်ကြားပါ။<br>• ကျေးရွာခေါင်းဆောင်များကို ကျေးရွာ၏ မတူညီသော လူမျိုးများနှင့် အဖွဲ့များကို အစည်းအဝေးရှိကြောင်းနှင့် တက်ရောက်ပေးပါရန် လော်စပီကာဖြင့်ဖြစ်စေ လိုက်လံနှိုးဆော်စေပြီး ဖိတ်ကြားပေးရန် ပြောပါ။<br>• အဖွဲ့အသီးသီးမှ ခေါင်းဆောင်တစ်ဦးစီကို ၎င်းတို့အဖွဲ့များမှ အိမ်ထောင်စုများအားလုံးနှင့် ကိုယ်စားလှယ်များကို တက်ရောက်ပေးပါရန်ပြောပါ။ (အဖွဲ့ခေါင်းဆောင်များမှ ၎င်းတို့၏ အိမ်နီးနားချင်းများကို ဖိတ်ကြားရသည့်အတွက် ဖိတ်ကြားရာတွင် ပိုမိုလွယ်ကူစေပါသည်။)<br>• အဖွဲ့အသီးသီး၏ ခေါင်းဆောင်များဖြစ်သည့် အမျိုးသမီးခေါင်းဆောင်များ၊ ဘာသာရေး/တိုင်းရင်းသား ခေါင်းဆောင်များ စသည့်ခေါင်းဆောင်များနှင့် တွေ့ဆုံပါ။<br>• ကျေးရွာ၏ အဖွဲ့အသီးသီးသို့ သွားရောက်လည်ပတ်၍ အိမ်ထောင်စုအားလုံး သေချာစွာ ဖိတ်ကြားထားကြောင်း သေချာအောင်ပြုလုပ်ပါ။<br>• အစည်းအဝေးအသိပေးစာကို စာဖြင့်ရေးသားပြီး ကျေးရွာခေါင်းဆောင်များကို ကျေးရွာ၏ အချက်အခြာကျသောနေရာများတွင် ကပ်ထားပေးရန် ပြောပါ။ |

၇) ကျေးရွာသို့ကြိုတင်သွားရောက်ခြင်းသည် **ဆင့်ပွားအချက်အလက်များ**ရယူရန်နှင့် **ကျေးရွာအချက်အလက်ပုံစံ (စ-၁)**တွင် ဖြည့်သွင်းနိုင်ရန် ဖြစ်ပါသည်။ အချို့သောအချက် အလက်များဖြစ်သည့် အိမ်ထောင်စုအရေအတွက်၊ တိုင်းရင်းသား လူမျိုးအိမ်ထောင်စုအရေအတွက်၊ အစရှိသည့် အချက်အလက်များသည် ကျေးရွာပထမအစည်းအဝေးအတွက် အသုံးဝင်ပါသည်။ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသည့် ကျေးရွာအတွင်း အလုပ်လုပ်နေသည့် NGO သို့မဟုတ် အခြားစီမံကိန်းအတွက် ကော်မတီဝင်များကဲ့သို့ အခြားသက်ဆိုင်သူများရှိနေလျှင် ကျေးရွာပထမကြိမ် အစည်းအဝေးတက်ရောက်နိုင်ပါသည်။

**မှတ်ချက်။** ဒုတိယနှစ်မြို့နယ်များအတွက် ကျေးရွာစီထောက်ကော်မတီ၊ ကျေးရွာအုပ်စုစီထောက်ကော်မတီတို့နှင့် ပူးပေါင်းဆောင်ရွက်ပြီး နောက်ဆုံးရ ကျေးရွာအချက်အလက်များ ရယူပြီး စီမံကိန်းလက်စွဲတွင် ပါရှိသည့်အတိုင်း ဆက်လက်ဆောင်ရွက်ပါ။

**ကျား-မရေးရာနှင့် လူမှုရေးဆိုင်ရာများကို ထည့်သွင်းသုံးသပ်ခြင်း။ ကျေးရွာမိတ်ဆက်အစည်းအဝေးမတိုင်ခင်**

ကျေးရွာမိတ်ဆက်အစည်းအဝေးမတိုင်ခင်မှာ CF/TF များသည် ကျေးရွာအတွင်းရှိ ကျား-မရေးရာနှင့် လူမှုရေးဆိုင်ရာ ကိစ္စများနှင့် ဘေးဖယ်ခံထားရသည့် အမျိုးသမီးများ၊ တိုင်းရင်းသားအဖွဲ့များ၊ မသန်စွမ်းသူများ၊ လူငယ်များနှင့် သက်ကြီးရွယ်အိုများ၏ စရိုက်လက္ခဏာများကို သိရှိထားရန်လိုအပ်ပါသည်။ ၎င်းတို့အပြင် လူအများနှင့် ဆက်ဆံမှုသိပ်မရှိတော့သော ဘေးဖယ်ခံထားရသည့် အမျိုးသမီးများနှင့်လည်း အကျွမ်းတဝင် ဖြစ်နေရန် လိုအပ်ပါသည်။ သို့မှသာ ၎င်းတို့အနေနှင့် ကျေးရွာစီမံကိန်းရေးဆွဲသည့်အစည်းအဝေးများတွင် ပူးပေါင်းပါဝင်လာ နိုင်မည်ဖြစ်သည်။ ကျားမရေးရာလိုအပ်ချက်များအရ အစည်းအဝေးတက်ရောက်သူ ၅၀% မှာ အမျိုးသမီးဖြစ်ရန်နှင့် ကျေးရွာအုပ်စုအဆင့်တွင် အမျိုးသမီးအဆိုပြုသောစီမံကိန်းလုပ်ငန်းခွဲတစ်ခုပါဝင်ရန်လည်း စည်းရုံးလှုံ့ဆော်ရပါမည်။ တိုင်းရင်းသားလူမျိုးစုများနှင့် ဘာသာရေးအဖွဲ့များလည်း လူဦးရေတဝက် တက်ရောက်ရန် လိုအပ်သည်။

- **ကျေးရွာအတွင်းရှိ အဆင်းရဲဆုံး အမျိုးသားနှင့် အမျိုးသမီးအုပ်စုများကို ခွဲခြမ်းစိတ်ဖြာပါ။** ကျေးရွာအတွင်း အားကိုးရာမဲ့နေသည့် အုပ်စုအဖွဲ့များအကြောင်း နားလည်သဘောပေါက်စေရန် ကျေးရွာအုပ်ချုပ်သူများ၊ ခေါင်းဆောင်များနှင့် အတူဆောင်ရွက်လုပ်ကိုင်ပါ။ ကျေးရွာရှိ ဆင်းရဲသားများ၏ စရိုက်လက္ခဏာ အကြောင်းနှင့် မည်သည့်ကြောင့် ဆင်းရဲနေရသည့်အပေါ် ကျေးရွာခေါင်းဆောင်များ၏ ထင်မြင်ယူဆချက်ကို မေးပါ။ ဖြစ်နိုင်သည့် ကိစ္စအချို့မှာ စားနပ်ရိက္ခာရှာဖွေရာတွင် လုံလောက်သော အစားအစာရရှိရန် ခက်ခဲနေခြင်း၊ ကလေးများကို မူလတန်းကျောင်းထားပေးနိုင်ရန်အတွက် မတတ်နိုင်ခြင်း၊ မသန်စွမ်း ဖြစ်နေသည့်အတွက် အသက်မွေးဝမ်းကြောင်းကို တိုးတက်အောင် မစွမ်းဆောင်နိုင်ခြင်းတို့ ဖြစ်သည်။
- **အဆင်းရဲဆုံး အမျိုးသားနှင့် အမျိုးသမီးများကို ကိုယ်တိုင်တွေ့ဆုံရန်** (၎င်းတို့လာရောက်စေရန် သေချာစေပြီး) **ဖိတ်ခေါ်ပါ။** သို့မှသာ ပူးပေါင်းပါဝင်သည့် အမျိုးသမီး အရေအတွက် ၅၀% သေချာစေသလို၊ အထူးသဖြင့် ဆင်းရဲနေသည့်အမျိုးသမီးများအပါအဝင်၊ ရွာတွင်ရှိ အဆင်းရဲဆုံးသူများ၏ လိုအပ်ချက်များကို ဖြည့်စည်းပေးနိုင်မည်ဖြစ်သည်။
- **ဆင်းရဲနေသည့် အမျိုးသမီးအနည်းဆုံး(၅)ဦးနှင့်တွေ့ဆုံစကားပြောပြီး အခက်အခဲများကို ဆွေးနွေးပါ။** စီမံကိန်းအကြောင်းရှင်းပြပါ (ဖြစ်နိုင်မယ်ဆိုရင် သူတို့ရဲ့အခက်အခဲတွေကို လူထုဗဟိုပြုစီမံကိန်းနဲ့ ကြိုးစားပြီး ဆက်စပ်ပစ်လိုက်ပါ)။ ထိုကဲ့သို့ပြုလုပ်ခြင်းသည် ကျေးရွာထဲမှ အဆင်မပြေမှုများကို အများဆုံးခံစားနေရသည့် အုပ်စုများ၏ ကျားမရေးရာ ကိစ္စများနှင့်ပတ်သတ်ပြီး အကြံဉာဏ်အချို့ရရှိရန်အတွက် ဖြစ်ပြီး လူထုဗဟိုပြုစီမံကိန်းသည်း သူတို့၏လိုအပ်ချက်များနှင့် ဆက်စပ်ပတ်သက်နေသည် ဆိုတာကို သရုပ်ပြသပေးခြင်းဖြင့် သူတို့ပါဝင်ဆောင်ရွက်လာမှုကို အားပေးရာရောက်မည်လည်းဖြစ်သည်၊
- **အမျိုးသမီးအုပ်စုငယ်များနှင့် အနည်းဆုံးအစည်းအဝေး သုံးကြိမ်ပြုလုပ်ပါ၊ (အုပ်စုတစ်စုကို (၆)ဦး သို့မဟုတ် (၈)ယောက်ပါဝင်ရန်)** စီမံကိန်းအကြောင်းမိတ်ဆက်ပေးရန်နှင့် ဆွေးနွေးရန်ဖြစ်သည်။

- ဆောင်ရွက်စရာရှိသည့်ကိစ္စများတွင် အမျိုးသမီးများ တက်ရောက်ပူးပေါင်းပါဝင်နိုင်ရန် (မည်သည့် နေ့ရက်၊လနှင့် အချိန်တို့သည်) **ဆင်းရဲနွမ်းပါးသည့်အမျိုးသမီးများနှင့် အပစ်ပယ်ခံအဖွဲ့များ အလွယ်တကူလာနိုင်သည့် အသင့်တော်ဆုံးအချိန် တွင် ဆောင်ရွက်**ပါ။
- **ကျေးရွာတွင် အမျိုးသမီးအုပ်စု တစ်စုရှိလျှင် တွေ့ဆုံပါ။** ကျေးရွာတွင် အမျိုးသမီးခေါင်းဆောင်များနှင့် အမျိုးသမီးလူမှုကွန်ယက်များကို ဖော်ထုတ်ခြင်းသည် ကောင်းမွန်သည့် နည်းလမ်းဖြစ်ပါသည်။ ၎င်းအဖွဲ့များသည် အမျိုးသမီးများအတွက် အစည်းအဝေးများ ဆောင်ရွက်ရန် ကူညီနိုင်သလို သတင်းအချက်အလက်များ ဖြန့်ဝေပေးရန် ကူညီပေးနိုင်ပြီး အမျိုးသမီးများ အစည်းအဝေးတက်ရန် လှုံ့ဆော်ပေးနိုင်ပါသည်။ ထိုအမျိုးသမီးခေါင်းဆောင်များကို ကျေးရွာစီထောက်ကော်မတီတွင် ခေါင်းဆောင်ပိုင်းမှ ပါဝင်ရန် အားပေးနိုင်သည်။
- **တိုင်းရင်းသား၊ မသန်စွမ်း၊ လူငယ်နှင့် သက်ကြီးရွယ်အိုအဖွဲ့များနှင့် စကားပြော**ဆိုပြီး ၎င်းတို့အား အစည်းအဝေးတွင် ပူးပေါင်းပါဝင် တက်ရောက်ပေးရန် အားပေးပါ။
- **မသန်စွမ်းသူ သို့မဟုတ် သက်ကြီးရွယ်အိုတစ်ဦး**အနေနှင့် အစည်းအဝေးတက်ရောက်ရန်အလို့ငှာ **အထူးစီစဉ်ဆောင်ရွက်စရာ လိုအပ်မှု ရှိမရှိ ဖော်ထုတ်ပါ။**

**ပထမအကြိမ်ကျေးရွာအစည်းအဝေး။ ကြိုတင်ပြင်ဆင်ခြင်း**

၁)အိမ်ခြေ%၊ လူမျိုးစုအိမ်ခြေ%၊ အမျိုးသမီး% တက်ရောက်သူ ရာခိုင်နှုန်းကိုစစ်ဆေးပါ။

၂)အကယ်၍ တက်ရောက်သူများနည်းနေပါက ကျေးရွာခေါင်းဆောင်များနှင့် ကျေးရွာစေတနာ့ဝန်ထမ်းများ ရှိပြီးသားဆိုလျှင် အတူတကွဆောင်ရွက်၍ ရွာလူထုအားထပ်မံစည်းရုံးပါ။ ကျေးရွာအတွင်း လော်စပီကာရှိပါက လော်စပီကာဖြင့်အော်ပြီး ကြေငြာပါ။ သို့မဟုတ် အိမ်ထောင်ဦးစီးများနှင့် ဆွေးနွေးပြီး အိမ်သားများတက်ရောက်လာအောင် စည်းရုံးပါ။

၃)ကျေးရွာခေါင်းဆောင်(များ)အား အစည်းအဝေးရည်ရွယ်ချက်အားအကျဉ်းရှင်းပြပြီး၊ အစတွင် အကျဉ်းချုပ်ပြောဆိုစေရန် ပြင်ဆင်စေပါ

၄)ထိုင်ခုံများနှင့်ခုံတန်းများကို တစ်ဦးနှင့်တစ်ဦးမြင်နိုင်အောင် စီထားပါ။

၅)စီမံကိန်းပိုစတာများနှင့် သတင်းအချက်အလက်များအားလုံး ရှိနေအောင် သေချာဆောင်ရွက်ပြီး အစည်းအဝေးတွေမှာ မြင်သာအောင် ထားရှိပါ။

၆)အမျိုးသမီးများအား အမျိုးသားများနောက် (သို့) အောက်ဘက်တွင် မထိုင်ပါစေနှင့်။ အမျိုးသမီးများ သည် အမျိုးသားများနှင့်တန်းတူနေရာပေးသင့်ပါသည်

**ပထမအကြိမ်ကျေးရွာအစည်းအဝေး။ အစည်းအဝေး စတင်ခြင်း**

၁) အစည်းအဝေးရည်ရွယ်ချက်များအားတိကျစွာမိတ်ဆက်ပါ။

- လူထုဗဟိုပြုစီမံကိန်း၏ အခြေခံအချက်အလက်များကိုလူထုနားလည်အောင်ရှင်းပြပါ
- ကျေးရွာစေနာ့ဝန်ထမ်းများအားရွေးချယ်ရန်စည်းရုံးပါ
- လူမှုဆန်းစစ်မှုလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အစီအစဉ်များအားမိတ်ဆက်ပါ

၂) ကျေးရွာခေါင်းဆောင်အား စီမံကိန်းနှင့်ပတ်သက်၍ အကျဉ်းချုံးရှင်းပြပေးရန်တိုက်တွန်းပါ။ *"ကျေးရွာလူထုသည်စည်းရုံးရေးမှူးတွေရဲ့ အကူအညီနဲ့ မိမိတို့ကျေးရွာကို တိုးတက်အောင်ဘယ်လိုလုပ်မယ်၊ အစီအစဉ်တွေရေးဆွဲပြီးအကောင်းအထည်ဖော်မယ်ဆိုတာတွေကိုဆုံးဖြတ်ရပါမယ်။ ကိုယ့်အခြေအနေ ကိုယ်သိအောင် စစ်ဆေးပြီး ပြဿနာတွေအတွက် ဖြေရှင်းချက်တွေကို ကိုယ်တိုင်ဖော်ထုတ်မယ်။ ကျေးရွာရဲ့ ဖွံ့ဖြိုးတိုးတက်စေရေးက မိမိတို့လက်ထဲမှာရှိပါတယ်။"*

၃)အခြေခံစည်းမျဉ်းများအားရှင်းပြပါ။ ဥပမာ ညီမျှစွာနှင့်တက်ကြွစွာပူးပေါင်းပါဝင်ခြင်း၊ လူတိုင်းအကြံဉာဏ်များ ပါဝင်စေခြင်း၊ အခြားသူ၏အကြံဉာဏ်များကိုလေးစား၍ နားထောင်ပါ၊ အမျိုးသမီးများနှင့် အခြား ထိခိုက်လွယ်အဖွဲ့များကို အားပေးပါ။

| |
|---|
| **ကျား-မရေးရာနှင့် လူမှုရေးပါဝင်မှုများ စဉ်းစားခြင်း။ မိတ်ဆက်အစည်းအဝေး ကျင်းပနေစဉ်**<br><br>စီမံကိန်းမိတ်ဆက်အစည်းအဝေးကျင်းပနေစဉ်အတွင်း လူထုစည်းရုံးရေးမှူးများသည် အမျိုးသမီးများပါဝင် ဆွေးနွေးရန်တိုက်တွန်းပြီး နွမ်းပါးသောအမျိုးသမီးများ၏ လိုအပ်ချက်များကိုတုံ့ပြန်၍ စီမံကိန်းလုပ်ငန်းခွဲ များကိုရွေးချယ်စေသင့်ပါသည်။<br>• **အစည်းအဝေးတွင် အမျိုးသမီးများ၏ထင်မြင်ယူဆချက်များကိုဖော်ထုတ်စေရန်တိုက်တွန်းပါ။** အဆိုပါ ဆောင်ရွက်ချက်များသည် စီမံကိန်းလုပ်ငန်းခွဲရွေးချယ်ရာတွင် ၎င်းတို့၏ ခံစားချက်များကို တုံ့ပြန်ထိ ရောက်စေပါသည်။<br>• **စီမံကိန်း၏ ကျားမရေးရာလိုအပ်ချက် အချက် (၅) ချက်ကိုရှင်းပြပါ။** ထိုကဲ့သို့ဆွေးနွေးချက်ခြင်းဖြင့် ကျေးရွာလူထုအတွက် ကျားမရေးရာလိုအပ်ချက်များကို သိရှိကြောင်း သေချာစေပါသည်။<br>• **စီမံကိန်းလုပ်ငန်းခွဲများခွဲခြမ်းစိတ်ဖြာရာတွင်အမျိုးသမီး၊အမျိုးသားခွဲ၍ဆောင်ရွက်ပါ။** "အမျိုးသမီး အဖွဲ့မှရွေးချယ်သော" စီမံကိန်းလုပ်ငန်းခွဲများဟု သတ်မှတ်ပါ။ ၎င်းကဲ့သို့ဆောင်ရွက်ရန် လိုအပ်ကြောင်း သတိရပါ။ "အမျိုးသမီးအဖွဲ့မှ ရွေးချယ်သော" စီမံကိန်းလုပ်ငန်းခွဲသည် နွမ်းပါးသောအမျိုးသမီးများ၏ လိုအပ်ချက်ကို ထင်ဟပ်ကြောင်း သေချာအောင်ပြုလုပ်ရန် လိုအပ်ပါသည်။<br>• **နွမ်းပါးသောအမျိုးသမီးများနှင့်ပတ်သက်သောစီမံကိန်းများကိုလည်းအဆိုပြုရန် အမျိုးသမီးများကို အားပေးပါ။** နွမ်းပါးသောအမျိုးသမီးများ၏ လိုအပ်ချက်များကို တုံ့ပြန်နိုင်ရန်တွက် "အမျိုးသမီးအဖွဲ့မှ ရွေးချယ်သော" စီမံကိန်းလုပ်ငန်းခွဲများ ပါဝင်နိုင်စေရန်အလို့ငှာ အမျိုးသမီးများမှ ဦးစားပေးအဆင့်များ သတ်မှတ်ရန်လိုအပ်ပါသည်။ နွမ်းပါးသောအမျိုးသမီးထုလိုအပ်ချက်များ တုံ့ပြန်ရန်အတွက် အမျိုးသမီးများအား ဦးစားပေးလုပ်ငန်းစဉ်များအားဆွေးနွေးပါစေ။<br>• **နွမ်းပါးသောအမျိုးသမီးများ၏လိုအပ်ချက်များအတိုင်းဦးစားပေးလုပ်ငန်းများကို ဆောင်ရွက်ရန် စီမံကိန်းမှထောက်ပံ့မည်ဆိုသည်ကိုလည်း ပါဝင်သူများအားသတိပေးပါ။** |

**လူထုဗဟိုပြုစီမံကိန်းမိတ်ဆက်။ ၁၅ ချက်**

**၁)**အောက်တွင်ဖော်ပြထားသည့် လူထုဗဟိုပြုစီမံကိန်း၏ အဓိကရည်ရွယ်ချက်များကို Flipchart သို့မဟုတ် အခြားမြင်သာသည့်ပစ္စည်းသုံး၍ **တင်ပြပါ။**

**၂)**တင်ဆက်ပြသပြီးသည့်အခါ ရွာသူ၊ ရွာသားများမှ နားမလည်တာရှိသည်များကို မေးမြန်းနိုင်ကြောင်းပြောပါ။

**၃)**သူတို့အားလုံး နားလည်အောင် ပြုလုပ်ပါ။

| စဉ် | ခေါင်းစဉ် | စည်းရုံးရေးမှူးများ ရှင်းပြရန် သတင်းအချက်အလက်များ |
|---|---|---|
| ၁ | လူထုဗဟိုပြု စီမံကိန်းဆိုတာဘာလဲ | • ကျေးရွာလူထု အဖွဲ့ဝင်များ ၎င်းတို့ကျေးရွာများ တိုးတက်လာစေရန် အတူ လုပ်ကိုင် ဆောင်ရွက်သည့် စီမံကိန်း<br>• ကျေးရွာလူထုက အစီအစဉ်ရေးဆွဲခြင်းနှင့် (ရေ၊ လမ်းများ၊ ရေသွင်းဆည်၊ ကျောင်းများ စသဖြင့်) အခြေခံအဆောက်အဦတည်ဆောက်ခြင်း |

| | | |
|---|---|---|
| ၂ | လူထုဗဟိုပြု စီမံကိန်း၏ ရည်ရွယ်ချက်က ဘာလဲ | • ဆင်းရဲသည့် ကျေးရွာလူထုကို လူထုအခြေပြုသည့် နည်းလမ်းဖြင့် အခြေခံအဆောက်အအုံများနှင့် ဝန်ဆောင်မှုများအား အသုံးပြုရရှိနိုင်မှုနှင့် အသုံးပြုမှုတို့မှ အကျိုးအမြတ်များရရှိစေရန်<br>• သဘာဝဘေးကျသည့်အခါ သို့မဟုတ် အရေးပေါ်ကိစ္စရပ်များတွင် အစိုးရ ဝန်ထမ်းများအနေနှင့် လျင်မြန်ထိရောက်စွာ တုံ့ပြန်နိုင်စွမ်းကို မြှင့်တင်ပေးရန် |
| ၃ | လူထုဗဟိုပြု စီမံကိန်း၏ ရလဒ်တွေက ဘာတွေလဲ | • လမ်းများ၊ ရေပေးဝေရေး၊ စာသင်ကျောင်း စသည်တို့ကို မြှင့်တင်ခြင်း<br>• တည်ဆောက်ရေးလုပ်ငန်းများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း စသည်တို့ကြောင့် မိမိတို့၏ဘဝများကို ပိုမိုကောင်းမွန်လာစေပြီး ဆင်းရဲမွဲတေမှုကို လျှော့ချလာနိုင်မည်ဖြစ်သည်။ |
| ၄ | လူထုဗဟိုပြု စီမံကိန်းကို ဘယ်လို အကောင်အထည် ဖော်မှာလဲ (လူထုဗဟိုပြုခြင်း) | • ကျေးရွာလူထုအားလုံးအတူတကွ ကိုယ်ပိုင်အခြေခံအဆောက်အအုံအား အစီအစဉ်ရေးဆွဲခြင်း၊ တည်ဆောက်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ ဆောင်ရွက်ခြင်း<br>• အမျိုးသားများသာမက အမျိုးသမီးများ၊ တိုင်းရင်းသားလူမျိုးစုနှင့် ဘာသာရေးအဖွဲ့များအပြင် မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများကဲ့သို့ အဖွဲ့များပါ တက်တက်ကြွကြွ ပါဝင်ဆွေးနွေးခြင်း |
| ၅ | ကျား-မရေးရာနှင့် အမျိုးသမီးများ စွမ်းဆောင်ရည် မြှင့်တင်ခြင်း | လူထုဗဟိုပြုစီမံကိန်းတွင် ကျား-မရေးရာလိုအပ်ချက် (၆)ချက်ရှိပါသည်။<br>၁) VTPSC နှင့် VPSC တွင် အမျိုးသားနှင့်အမျိုးသမီး အချိုးညီတူပါဝင်ရမည်။<br>၂) ဆပ်ကော်မတီများတွင် အမျိုးသမီး အနည်းဆုံးတစ်ယောက် အဖွဲ့ဝင်ဖြစ်ရမည်။<br>၃) VTPSC နှင့် VPSC တွင် အမျိုးသမီး ဥက္ကဋ္ဌ တစ်ဦးပါရမည်။<br>၄)ကျေးရွာ အုပ်စုတစ်ခု တွင် အမျိုးသမီးများ ရွေးချယ် ပေးသော စီမံကိန်း တစ်ခု အနည်းဆုံးပါဝင်ရမည်။<br>၅) တူညီသည့်လုပ်အားအတွက် လုပ်အားခတူညီရမည်။<br>၆)စီမံကိန်းစက်ဝန်းတွင် ကျား-မရေးရာကဏ္ဍကို ထည့်သွင်းစဉ်းစားရမည်။ |
| ၆ | ဝေဖန်အကြံပြု တိုင်ကြားချက် ဖြေရှင်းရေးစနစ် | • စီမံကိန်းကို သက်ရောက်မှုရှိသည့် ကိစ္စရပ်များဖြစ်သည့် ဝန်ထမ်းများ ကျင့်ဝတ်ဖောက်ဖျက်မှု၊ ငွေကြေးအလွဲသုံးစားလုပ်ခြင်း၊ အာဏာအလွဲသုံးစားလုပ်ခြင်း စသည်တို့ကို ဖော်ထုတ်ဖြေရှင်းသည့် စနစ်ဖြစ်သည်။<br>• မည်သည့်အဆင့်တွင်မဆို စီမံကိန်းနှင့်သက်ဆိုင်သူအားလုံး၏ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို မြှင့်တင်ပေးသည့် တုံ့ပြန်မှုတစ်ခုကို ဖန်တီးပေးခြင်းဖြင့် အကျိုးအမြတ်ရရှိစေမည့် စနစ်ဖြစ်သည်။<br>• တိုင်းရင်းသားများ၊ ဘာသာရေးအဖွဲ့များနှင့် အခြားအဖွဲ့များအပါအဝင် အားလုံး အသုံးပြုနိုင်သည်။ |
| ၇ | စီမံကိန်းစက်ဝန်း | စီမံကိန်းကို အဆင့် (၁၄) ဆင့်ပါ စက်ဝန်းအတိုင်း (၄)နှစ်နှုန်းဖြင့် စီမံအကောင်အထည်ဖော်ဆောင်ရွက်မည်။ |
| ၈ | ကျေးရွာစီမံခန့်ခွဲမှု အဖွဲ့ ရွေးချယ်ခြင်း | ကျေးရွာလူထုမှ VPSC ၊ စေတနာ့ဝန်ထမ်းများ၊ ဝေဖန်အကြံပြု ကိုယ်စားလှယ်များနှင့် ငွေစာရင်းကိုင်တို့**ပါဝင်သည့် ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့**ကို ရွေးချယ်ပြီး ကျေးရွာ ကိုယ်စားဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအား အစီအစဉ်ရေးဆွဲခြင်း နှင့် စီမံခန့်ခွဲခြင်း ပြုလုပ်မည်။ ရွေးချယ်ထားသော ကော်မတီများ နှင့် ခေါင်းဆောင် များသည် |

<table>
<tr><td></td><td></td><td>ကျေးရွာလူထုကိုယ်စား တာဝန်ယူ၊တာဝန်ခံပြီး မည်ကဲ့သို့ ဖြစ်ပျက် နေသည်ကို ကျေးရွာလူထုအား အသိပေးရမည်။ ကျင့်ဝတ်များ(တာဝန်များကို ရိုးသားစွာနှင့် အပြုသဘောဆောင်စွာ ဆောင်ရွက်မည်)ကို လိုက်နာမည့်အကြောင်း လက်မှတ်ရေးထိုးသဘောတူပါ။</td></tr>
<tr><td>၉</td><td>CFs နှင့် TFs</td><td>CFs နှင့် TFs များ သည် ကျေးရွာလူထုအား လမ်းညွှန်ပေးသူများအဖြစ် ‘ကျွန်တော်/ကျွန်မက အားလုံးကို ပြောပြပြီး အကုန်လုံး လုပ်ပေးရမှာ မဟုတ်ပါဘူး။ ကျွန်တော်/ကျွန်မက ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေမှာ ဆရာ/ဆရာမတို့ စီမံခန့်ခွဲဆောင်ရွက်နိုင်ဖို့အတွက် ကူညီပေးရမှာပါ။’</td></tr>
<tr><td>၁၀</td><td>သင်တန်း</td><td>ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့ဝင်များသည် လုပ်ဆောင်ရမည့် အခန်းကဏ္ဍကို သိရှိစေရန်အတွက် သင်တန်းပေးမည်ဖြစ်သည်။</td></tr>
<tr><td>၁၁</td><td>ရန်ပုံငွေ</td><td>
<table>
<tr><th>ကျေးရွာအုပ်စုလူဦးရေ</th><th>ကျေးရွာအရေအတွက်<sup>?</sup></th><th>ပမာဏ (ကျပ်)</th></tr>
<tr><td><၃,၀၀၀</td><td>၁ - ၁၀</td><td>၂၀,၀၀၀,၀၀၀</td></tr>
<tr><td></td><td>၁၁ - ၁၅</td><td>၃၀,၀၀၀,၀၀၀</td></tr>
<tr><td></td><td>၁၆ - ၂၀</td><td>၄၀,၀၀၀,၀၀၀</td></tr>
<tr><td></td><td>၂၁ - ၂၅</td><td>၅၀,၀၀၀,၀၀၀</td></tr>
<tr><td>၃,၀၀၁ မှ ၅,၀၀၀</td><td>၁ - ၂၀</td><td>၄၀,၀၀၀,၀၀၀</td></tr>
<tr><td></td><td>၂၁ - ၂၅</td><td>၅၀,၀၀၀,၀၀၀</td></tr>
<tr><td></td><td>၂၆ - ၃၀</td><td>၆၀,၀၀၀,၀၀၀</td></tr>
<tr><td>၅,၀၀၁ မှ ၉,၀၀၀</td><td>၁ - ၃၀</td><td>၆၀,၀၀၀,၀၀၀</td></tr>
<tr><td></td><td>၃၁ - ၃၅</td><td>၇၀,၀၀၀,၀၀၀</td></tr>
<tr><td>>၉,၀၀၀</td><td>၁ - ၆၀</td><td>၁၂၀,၀၀၀,၀၀၀</td></tr>
</table>
အစိုးရမှနေ၍ ကျေးရွာအုပ်စုများကို ၎င်းတို့ ဦးစားပေးသတ်မှတ်ထားသည့် အခြေခံအဆောက်အအုံများ တည်ဆောက်ရန်အတွက် ထောက်ပံ့ငွေ ပေးအပ်မည်ဖြစ်သည်။ ထောက်ပံ့ငွေများကို ဘဏ်စာရင်းသို့လွှဲပြောင်းပေးမည် ဖြစ်ပြီး VTPSC က ၎င်းထောက်ပံ့ငွေများကို စီမံခန့်ခွဲမည်ဖြစ်သည်။</td></tr>
<tr><td>၁၂</td><td>ပြုပြင်ထိန်းသိမ်းခြင်း</td><td>ကျေးရွာလူထုသည် တည်ဆောက်ရေးလုပ်ငန်းတစ်ခုအတွက်သာမကဘဲ ပြုပြင်ထိန်းသိမ်းရေးအတွက်လည်း တာဝန်ရှိသည်။ ပျက်စီးပါက အရန်ပစ္စည်းများ ဝယ်ယူရန်နှင့် ပြင်ဆင်နိုင်သည်။</td></tr>
<tr><td>၁၃</td><td>ပတ်ဝန်းကျင်နှင့် လူမှုရေး အကာအကွယ်များ</td><td>စီမံကိန်းမှ သက်ရောက်လာနိုင်ချေရှိသည့် ပတ်ဝန်းကျင်နှင့် လူမှုရေးဘေးထွက်ဆိုးကျိုးများကို အနည်းဆုံးဖြစ်အောင်နှင့် လျော့ပါးသက်သာအောင် ဆောင်ရွက်သင့်ပြီး ရှောင်ရှားနိုင်လျှင် ရှောင်ရှားပါ။</td></tr>
<tr><td>၁၄</td><td>အခွင့်ရေးများနှင့် တာဝန်ဝတ္တရားများ</td><td>ကျေးရွာလူထုတွင် အောက်ပါအခွင့်အရေးများရှိသည်<br>က) စီစဉ်ဆောင်ရွက်ရာနှင့် ဆုံးဖြတ်ချက်ချရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်<br>ခ) စီမံကိန်းနှင့်ပတ်သက်သည့် သက်ဆိုင်ရာနှင့် စိတ်ချရသည့် သတင်းအချက်အလက်များ ရယူပိုင်ခွင့်</td></tr>
</table>

| | | |
|---|---|---|
| | | ဂ) အကယ်၍ စီမံကိန်းကို ညံ့ဖျင်းစွာ စီမံဆောင်ရွက် အကောင်အထည်ဖော်နေလျှင်သို့မဟုတ် ငွေကြေးအလွဲသုံးစား ပြုလုပ်နေလျှင် စောဒကတက်ပိုင်ခွင့်<br>ကျေးရွာစီထောက်ကော်မတီဝင်အနေနှင့် အောက်ပါတာဝန်များ ရှိသည်<br>က) လူအားလုံးကို အသိပေးကြေငြာမည့် ပွင့်လင်းမြင်သာမှု<br>ခ) ကျေးရွာလူထုထံသို့ ပုံမှန်မှတ်တမ်းနှင့် အစီရင်ခံစာများ တင်ပြရမည့် တာဝန်ယူမှု၊ တာဝန်ခံမှု<br>ဂ) ကျေးရွာစီထောက်ကော်မတီ/ကျေးရွာလူထုမှ အခြေခံအဆောက်အဦများကို ပြုပြင်ထိန်းသိမ်းရမည်ဆိုသည့် ရေရှည်တည်တံ့မှု |
| ၁၅ | ဖြစ်နိုင်ချေမရှိသည့် မျှော်လင့်ချက်များကို ဖယ်ထုတ်ခြင်း | လူထုဗဟိုပြုစီမံကိန်းသည် အားလုံးကို ထောက်ပံ့ မပေးနိုင်ပါ။ အချို့သော စီမံကိန်းလုပ်ငန်းခွဲများသည် ထောက်ပံ့ငွေ ရနိုင်မည်မဟုတ်ပါ။ ကျေးရွာတိုင်းသည် နှစ်တိုင်း စီမံကိန်းလုပ်ငန်းခွဲ ရချင်မှ ရပါလိမ့်မည်။ |

[၃]ပထမနှစ်တွင် တရားဝင်မှတ်တမ်းတင်ထားသည့် အရေအတွက်ကိုသာအသုံးပြုရန်နှင့် အမှန်တကယ်ရှိသည့် အရေအတွက်ကို နောက်ပိုင်းနှစ်များတွင် အသုံးပြုရန်

**အပိုင်း(၆)ပိုင်း၊ အဆင့် (၁၄)ဆင့်ပါ စီမံကိန်းစက်ဝန်း**

၁) အောက်တွင်ဖော်ပြထားသည့် အပိုင်း (၆) ပိုင်း၊ အဆင့် (၁၄) ဆင့်ကို Flipchart သို့မဟုတ် စီမံကိန်းစက်ဝန်းပိုစတာဖြင့် **တင်ဆက်ပြသ**ပေးပါ။

၂) တင်ပြပြီးသည့်အခါ ကျေးရွာလူထုမှ မေးမြန်းလိုသည်များ ရှိမရှိ မေးပါ။

၃) သူတို့အားလုံး သေသေချာချာနားလည်အောင်လုပ်ပါ။

| **အပိုင်းများ** | **အဆင့်များ** | |
|---|---|---|
| ၁။ ကြိုတင်ပြင်ဆင်ခြင်း | အဆင့် ၁ | ကျေးရွာပထမအကြိမ် အစည်းအဝေး၊ စီမံကိန်းမိတ်ဆက်ခြင်း ကော်မတီဝင်များနှင့် အခြားစီမံကိန်းတွင် အရေးပါသူများအကြောင်း မိတ်ဆက်ပြောကြားခြင်းနှင့်ကျေးရွာစေတနာ့ဝန်ထမ်း ရွေးချယ်ခြင်း |
| | အဆင့် ၂ | လူတိုင်းပါဝင်သည့် လူမှုဆန်းစစ်မှု ပြုလုပ်ခြင်း |
| ၂။အစီအစဉ်ရေးဆွဲခြင်း | အဆင့် ၃ | ဒုတိယအကြိမ်ကျေးရွာအစည်းအဝေး၊ ကျေးရွာစီထောက်ကော်မတီနှင့်ကော်မတီခွဲအဖွဲ့ဝင်များ၊ ဝေဖန်အကြံပြုတာဝန်ခံနှင့်ကျေးရွာငွေစာရင်းကိုင်ရွေးချယ်ခြင်း၊ အဆင့် -၂ မှရလဒ်များကို ပြန်လည်သုံးသပ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအတွက်ပြင်ဆင်ခြင်း |
| | အဆင့် ၄ | ကျေးရွာအုပ်စုစီ ထောက် ကော်မတီ အနေဖြင့် ကျေးရွာဖွံ့ဖြိုးရေး/အစီအစဉ်များကို သုံးသပ်ခြင်းနှင့် စီမံကိန်း လုပ်ငန်းခွဲများ ရွေးချယ်ခြင်း အပါအဝင် ကျေးရွာအုပ်စု ဖွံ့ဖြိုးရေး အစီအစဉ် (VTDP)ကို အပြီးသတ်ရေးဆွဲခြင်း၊ |
| | အဆင့် ၅ | မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီက ပြန်လည်သုံးသပ်၍ ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးအစီအစဉ်ကို အတည်ပြုခြင်း |
| | အဆင့် ၆ | တတိယအကြိမ်ကျေးရွာအစည်းအဝေး။ ကျေးရွာအုပ်စုစီထောက်ကော်မတီအနေနှင့် မြို့နယ်မှ အတည်ပြုပြီးသည့် စီမံကိန်းလုပ်ငန်းခွဲများနှင့်ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီအစဉ်အကြောင်း ပြန်လည်အသိပေးခြင်း |

| | | |
|---|---|---|
| ၃။စီမံကိန်းလုပ်ငန်းခွဲကြိုတင်ပြင်ဆင်ခြင်း | အဆင့် ၇ | ကျေးရွာစီ/ထောက်ကော်မတီအနေဖြင့်စီမံကိန်းလုပ်ငန်းခွဲအဆိုပြုလွှာအတွက် နည်းပညာအစည်းအဝေးကျင်းပခြင်း (သဘာဝပတ်ဝန်းကျင်ဆိုင်ရာလိုက်နာရမည့် ကျင့်ဝတ်နှင့်စီမံခန့်ခွဲမှုအစီအစဉ်များ လိုအပ်သလိုရေးဆွဲခြင်း) |
| ၄။ စီမံကိန်းလုပ်ငန်းခွဲအတွက် တိုင်ပင်ဆွေးနွေးခြင်းနှင့် သုံးသပ်ခြင်း | အဆင့် ၈ | စတုတ္ထအကြိမ်ကျေးရွာအစည်းအဝေး။ ကျေးရွာစီထောက်ကော်မတီအနေဖြင့်စီမံကိန်းလုပ်ငန်းခွဲအဆိုပြုလွှာနှင့် ပတ်သက်၍ ကျေးရွာလူထု၏အကြံပြုချက်ရယူခြင်း |
| | အဆင့် ၉ | ကျေးရွာအုပ်စုစီ/ထောက်ကော်မတီမှစီမံကိန်းလုပ်ငန်းခွဲများ၏အဆိုပြုလွှာများအားပြန်လည်သုံးသပ်ခြင်း |
| ၅။ စီမံကိန်းလုပ်ငန်းခွဲ အကောင်အထည် ဖော်ခြင်း | အဆင့် ၁၀ | စီမံကိန်းလုပ်ငန်းခွဲများ စတင်အကောင်အထည်ဖော်ခြင်း |
| | အဆင့် ၁၁ | ကျေးရွာပုံမှန်အစည်းအဝေး ကျင်းပခြင်း၊ ကျေးရွာ စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ အနေဖြင့် ဘဏ္ဍာရေးနှင့် တိုးတက်မှုအခြေအနေများ ပြောပြရှင်းလင်းခြင်း |
| ၆။ စီမံကိန်းလုပ်ငန်းခွဲအပြီးသတ်ခြင်းနှင့် ပြန်လည် စတင်ခြင်း | အဆင့် ၁၂ | စီမံကိန်းလုပ်ငန်းခွဲအပြီးသတ်ခြင်း (အပြီးသတ်ခြင်း သို့မဟုတ် ဆိုင်းငံ့ထားခြင်း/ရပ်ထားခြင်း) |
| | အဆင့် ၁၃ | ပြီးခဲ့သည့်စက်ဝန်းကိုပြန်လည်သုံးသပ်ခြင်း၊ အတွေ့အကြုံများမှသင်ယူခြင်းနှင့်အကြံပြုချက်များကောက်နှုတ်ခြင်းတို့ဆောင်ရွက်သည့်လူထုစစ်ဆေးခြင်းပြုလုပ်ခြင်း |
| | အဆင့် ၁၄ | လုပ်ငန်းလည်ပတ်ရေးနှင့်ထိန်းသိမ်းရေး (လုပ်ငန်းလည်ပတ်ရေးနှင့်ထိန်းသိမ်းရေးအစီအစဉ်ကိုကြိုတင်ပြင်ဆင်ခြင်းအပိုင်းတွင်စတင်ဆောင်ရွက်ခဲ့ရမည်) |




**လူထုဗဟိုပြုစီမံကိန်း၏ အဓိကပါဝင်သူများ၏ အဓိကတာဝန်များ**

၁) အောက်တွင်ဖော်ပြထားသည့် လူထုဗဟိုပြုစီမံကိန်း ဝန်ထမ်းများအတွက် တာဝန်နှင့် ဝတ္တရားများကို Flipchart နှင့်ဖြစ်စေ ပုံဖြင့်ဖြစ်စေ **ရှင်းပြပါ။**

၂) Presentation ပြီးသည့်နောက် ကျေးရွာလူထုတွင် မေးမြန်းစရာ မေးခွန်းရှိမရှိမေးပါ။

၃) သူတို့အားလုံး သေချာနားလည်အောင် ပြုလုပ်ပါ။

**လူထုစည်းရုံးရေးမှုးများ**

- ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်၊ စီမံကိန်းလုပ်ငန်းခွဲ အကောင်အထည်ဖော်ခြင်းနှင့် အစီရင်ခံခြင်း အပါအဝင် ကျေးရွာအဆင့်စီမံကိန်းစက်ဝန်းအဆင့်အားလုံးတွင် ကူညီပေးခြင်း
- VDP ပြင်ဆင်ခြင်း၊ လူထုစစ်ဆေးပွဲအပါအဝင် ကျေးရွာလူထုဆွေးနွေးခြင်းများနှင့် အစည်းအဝေးများကို စီစဉ်ကူညီစည်းရုံးပေးခြင်း
- ကျေးရွာအုပ်စုခေါင်းဆောင်များ၊ ကျေးရွာခေါင်းဆောင်များနှင့် ပူးပေါင်းဆောင်ရွက်၍ အထူးသဖြင့် အမျိုးသမီးများ၊ တိုင်းရင်းသားများနှင့် ဘာသာရေးအုပ်စုများခေါင်းဆောင်များ၊ ဆင်းရဲနွမ်းပါးသူများနှင့် မသန်စွမ်းသူများ အပါအဝင် ကျေးရွာလူထုများတက်ကြွစွာနှင့် အားလုံးပူးပေါင်းပါဝင်နိုင်ရန် သေချာစေပြီး

<table>
<tr><td colspan="2">
ကူညီထောက်ပံ့ပေးခြင်း<br>
• စီမံကိန်းနှင့်ပတ်သက်၍ လူထုနှင့် သက်ဆိုင်ရာ ဒေသခံအာဏာပိုင်များအား ရှင်းပြခြင်းနှင့် သတင်းအချက်အလက်များပေးခြင်း<br>
• ကော်မတီဝင်များအား OM အတိုင်း လိုက်နာဆောင်ရွက်နိုင်စေရန် သင်တန်းများပေးခြင်းနှင့် လက်တွေ့လုပ်ငန်းခွင်တွင် ထောက်ပံ့ပေးခြင်း<br>
• MIS အတွက် အချက်အလက်ကောက်ခံခြင်း
</td></tr>
<tr><td colspan="2">
လက်ထောက်နည်းပညာမှူးများ<br>
• လူထုအား လူထုဗဟိုပြုစီမံကိန်းနှင့်ပတ်သက်၍ ရှင်းပြခြင်း၊ သတင်းအချက်အလက်များပေးခြင်း<br>
• ကျေးရွာပထမအကြိမ်နှင့် ဒုတိယအကြိမ်အစည်းအဝေးများတွင် စည်းရုံးကူညီသည့်အခါ ကူညီပေးခြင်းဖြင့် စီမံကိန်းစက်ဝန်းအကောင်အထည်ဖော်ရာတွင် လူထုစည်းရုံးရေးမှူးများကို ထောက်ပံ့ပေးခြင်း<br>
• ကျေးရွာနှင့် ကျေးရွာအုပ်စုကော်မတီများကို အထူးသဖြင့် စီမံကိန်းလုပ်ငန်းခွဲများ ပြင်ဆင်ရာနှင့် အကောင်အထည်ဖော်ရာတွင် နည်းပညာပိုင်းဆိုင်ရာ ထောင့်ပေါင်းစုံမှ ထောက်ပံ့ကူညီပေးခြင်း၊ စီမံကိန်းလက်စွဲစာအုပ်ပါ အကာအကွယ်များ၊ ECoP များအပါအဝင် လိုက်နာစေရန် သေချာစေခြင်း<br>
• စီမံကိန်းလုပ်ငန်းခွဲများ အဆိုပြုသည့်အခါ ဖြစ်နေချေရှိသည်များသာ အဆိုပြုကြောင်း သေချာစေခြင်း<br>
• စီမံကိန်းလုပ်ငန်းခွဲဒီဇိုင်းများ၊ BOQ များ အသေးစိတ်ပြင်ဆင်ပေးခြင်းနှင့် ကျေးရွာလူထုအား ဝယ်ယူရေးနှင့် O&M အစီအစဉ်များ ပြုလုပ်ရာတွင် ကူညီပေးခြင်း<br>
• ကျေးရွာလူထု စွမ်းဆောင်ရည်နှင့် ပိုင်ဆိုင်မှုစိတ်ဓာတ် မြှင့်တင်ပေးရာတွင် ကူညီပေးခြင်း<br>
• နွမ်းပါးသူများ၊ တိုင်းရင်းသားနှင့် ဘာသာရေးလူမျိုးစုငယ်များ၊ အမျိုးသမီးများအား တက်ကြွစွာပါဝင်ရန် စည်းရုံးပံ့ပိုးကူညီခြင်း
</td></tr>
<tr><td>
ကျေးရွာလူထု<br>
• ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေး၊ လူထုစစ်ဆေးပွဲ အစည်းအဝေးနှင့် မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံအစည်းအဝေးကဲ့သို့ စီမံကိန်းဆိုင်ရာ ကျေးရွာအစည်းအဝေးများတွင် ပူးပေါင်းပါဝင် တက်ရောက်ခြင်း<br>
• ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့အား ဖွဲ့စည်းခြင်း<br>
• အစီအစဉ်ရေးဆွဲရာနှင့် ဦးစားပေးသတ်မှတ်ရာတွင် ပူးပေါင်းပါဝင်ခြင်း<br>
• တည်ဆောက်ရေးတွင် လုပ်အားဒါန်းထည့်ဝင်ခြင်း<br>
• လည်ပတ်ထိန်းသိမ်းရေး ပုံမှန်လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ခြင်း<br>
• ကော်မတီများနှင့် ခေါင်းဆောင်များ တာဝန်ယူ၊ တာဝန်ခံစေရန် ဆောင်ရွက်ခြင်း
</td><td>
ကျေးရွာလူထု ခေါင်းဆောင်များ<br>
• ကျေးရွာအစည်းအဝေးများ ကျင်းပပေးခြင်း၊<br>
• VPSC နှင့် စေတနာ့ဝန်ထမ်းတို့ ရွေးချယ်ရာတွင် ကူညီခြင်း၊<br>
• စီမံကိန်းရေးဆွဲမှု စတင်ရာတွင် ကူညီခြင်း၊<br>
• ပဋိပက္ခများ၊ ပြဿနာများကို ကူညီဖြေရှင်းပေးခြင်း၊<br>
• NCDDP သတင်းစကားများ ဖြန့်ဝေခြင်း၊<br>
• VPSC မှ တာဝန်ခံပေးရန် တောင်းဆိုခြင်း
</td></tr>
<tr><td>
ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ခေါင်းဆောင်များ<br>
• ပဋိပက္ခများ သို့မဟုတ် ပြဿနာများ ဖြေရှင်းရာတွင်ကူညီခြင်း<br>
• VTPSC ဆောင်ရွက်နေသည့် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများတွင် အကြံပေးခြင်း
</td><td>
ကျေးရွာစေတနာ့ဝန်ထမ်းများ<br>
• CF TF များအချက်အလက် ကောက်ခံရာတွင်နှင့် စီမံကိန်းအကောင်အထည်ဖော်ရာတွင် ကူညီပေးခြင်း
</td></tr>
</table>

| | |
|---|---|
| • VPSC များနှင့် အခြားအဖွဲ့အစည်းများအား ချိတ်ဆက်ပေးခြင်း<br>• VTPSC အစည်းအဝေး တက်ရောက်ခြင်း | • အမျိုးသမီးများ၊ လူမျိုးစု လူနည်းစုများ၊ ဘာသာရေးအုပ်စုများ နှင့် ဘေးဖယ်ခံနေရသူများ ပါဝင်ရေးကို ကူညီခြင်း<br>• ဒေသခံ ဘာသာစကားများဖြင့် သတင်းစကားများ ဖြန့်ချီပေးခြင်း<br>• လုပ်ဆောင်ချက်များကို စီစဉ်ပေးခြင်း၊ စောင့် ကြည့်ခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်း တို့ကို ကူညီခြင်း<br>ဆောင်ရွက်မှုအစီရင်ခံစာများ ရေးသားပေးခြင်း |
| **ကျေးရွာစီထောက်ကော်မတီ**<br>• ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ယေဘုယျအားဖြင့် ဦးဆောင်ခြင်း<br>• VPSC နှင့် ကျေးရွာလူထုတွေ့ဆုံသည့် အစည်းအဝေးများ ကျင်းပပေးခြင်း၊<br>• ၄- နှစ်စာ ကျေးရွာ စီမံကိန်းကို ဆုံးဖြတ်ခြင်း၊<br>• ဆောက်လုပ်ရေး လုပ်ငန်းပေါ် စီစဉ်ခြင်းနှင့် ကြီးကြပ်ခြင်း၊<br>• ကျေးရွာ လူထုအား အစီရင်ခံခြင်း၊<br>• အုပ်စု အစည်း အဝေးများသို့ (အမျိုးသားနှင့် အမျိုးသမီး) ကိုယ်စားလှယ်စေလွှတ်ခြင်း၊<br>• တိုင်ကြား ချက် ပြဿနာများကို ညှိနှိုင်းပေးခြင်း၊<br>• ESMF အားလိုက်နာကြောင်း သေချာစေခြင်း | **ကျေးရွာအုပ်စု စီ/ထောက် ကော်မတီ**<br>• ကျေးရွာလူထုအစီအစဉ်လုပ်ငန်းစဉ်နှင့် ကျေးရွာအဆင့် စီမံကိန်းလုပ်ငန်းစက်ဝန်းအတွက် တာဝန်ရှိခြင်း<br>• ကျေးရွာအုပ်စုအဆင့်တွင် အမျိုးသမီးများမှ တင်သွင်းသည့် စီမံကိန်းလုပ်ငန်းခွဲ ပါဝင်အောင် သေချာစွာပြုလုပ်စေပြီး လုပ်ငန်းစဉ်နှင့် စီမံကိန်း လုပ်ငန်းခွဲစက်ဝန်းများ အစီအစဉ်ရေးဆွဲဆောင်ရွက်ခြင်း<br>• ကျေးရွာ စီ/ထောက်ကော်မတီနှင့်အတူ စီမံကိန်းလုပ်ငန်းခွဲများ ဆောင်ရွက်ခြင်း<br>• VDP များကို သုံးသပ်ခြင်း<br>• FSC မှတဆင့် ထောက်ပံ့ငွေများကို ခွဲဝေသတ်မှတ်ပြီး စီမံခန့်ခွဲခြင်း<br>• VPSC နှင့်အတူ စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ခြင်း<br>• VDP များအား သုံးသပ်ပြီး (၄)နှစ်စာ VTDP ပြုလုပ်ခြင်း |
| **ငွေစာရင်းကိုင်**<br>• ကျေးရွာစီထောက်ကော်မတီအား ဘဏ္ဍာရေးဆိုင်ရာနှင့် ဘဏ်မှငွေထုတ်ယူခြင်းကဲ့သို့ ငွေစာရင်းကိစ္စရပ်များတွင် ကူညီပေးခြင်း<br>• ဝယ်ယူမှုအားလုံး၏ ဘဏ္ဍာရေးမှတ်တမ်းများ နှင့် ငွေပေးချေမှုများကို ထိန်းသိမ်းခြင်း<br>• ကျေးရွာအုပ်စုဘဏ္ဍာရေးဆပ်ကော်မတီ အစည်းအဝေးများသို့ တက်ရောက်ခြင်း | **ဝေဖန်အကြံပြု ကိုယ်စားလှယ်**<br>• ကျေးရွာနှင့် စီမံကိန်းအကြား ဝေဖန်အကြံပြု တိုင်ကြားမှု အကြောင်းအရာများကို ချိတ်ဆက်ပေးခြင်း<br>• ဝေဖန်အကြံပြုတိုင်ကြားချက်များအားလုံးကို စာရွက်စာတမ်းဖြင့် ထားရှိပြီး MIS အတွင်းထည့်သွင်းနိုင်ရန် CF များကို ပေးအပ်ခြင်း<br>• အုပ်စု အကြံပြုကော်မတီ အစည်းအဝေးတက်ရန်<br>• ကျေးရွာအုပ်စုဝေဖန်အကြံပြုတိုင်ကြားချက် ဖြေရှင်းရေးကော်မတီအဖွဲ့ဝင်ဖြစ်ခြင်း<br>• မျှတပြီး၊ လေးစားခံရကာ၊ လျှို့ဝှက်ထားပေးခြင်း |
| **မြို့နယ် ကျေးလက် ဦးစီး**<br>• စီမံကိန်းဝန်ထမ်းများနှင့် ကျေးရွာစီထောက်ကော်မတီများအား စီမံကိန်း လုပ်ငန်းလည်ပတ်နိုင်ရန်နှင့် | **မြို့နယ်နည်းပညာ အကြံပေးအဖွဲ့**<br>• CF/TF များကို သင်တန်းပေးခြင်း<br>• ကျေးရွာ စီမံကိန်း အဆိုပြုလွှာများကို စစ်ဆေးပြီး စုစည်းပေးခြင်း |

| | |
|---|---|
| နည်းပညာ ထောက်ပံ့ပေးခြင်း (စီမံကိန်းအတွက် သွားလာရေး၊ ရုံးအထောက်အကူများ၊ စသည်)<br>• မြို့နယ်နည်းပညာအကြံပေးအဖွဲ့နှင့်အတူ OM လိုက်နာခြင်း၊<br>• ထိရောက်သော ဝေဖန်အကြံပြု တိုင်ကြားမှု စနစ် ဖန်တီးပေးခြင်း၊<br>• ဌာနဆိုင်ရာများ၊ အခြားဖွံ့ဖြိုးရေး အဖွဲ့များနှင့် ဆက်သွယ်ညှိနှိုင်း ပေးခြင်း<br>• မြို့နယ်အတွင်းရှိ စီမံကိန်းလုပ်ငန်းများအား စောင့်ကြည့် ကြီးကြပ်ခြင်းနှင့် အစီရင်ခံခြင်း<br>• မြို့နယ် အကြံပေး အဖွဲ့နှင့် ညှိနှိုင်းပြီး လုပ်ငန်း အစီအစဉ်များ ရေးဆွဲခြင်း၊ ရသုံး ရံပုံငွေရေးဆွဲခြင်း | • ကျေးရွာ လူထုအား ကူညီ ထောက်ကူပေးခြင်း<br>• အဆင့်အမျိုးမျိုးမှ ရရှိလာသော တိုင်ကြားချက်များ ကိုဖြေရှင်းပေးခြင်း<br>• အစီအစဉ်ရေးဆွဲခြင်း နှင့် အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များကို စောင့်ကြည့်ကြီးကြပ်ခြင်း<br>• အခြား ပါဝင်ပတ်သက်သူများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း<br>• တိုးတက်မှု အစီရင်ခံစာများပြုစုခြင်း |

**၁-၂။ ကျေးရွာစေတနာ့ဝန်ထမ်းများ ရွေးချယ်ခြင်း**

*၉၇ ပထမအကြိမ်ကျေးရွာအစည်းအဝေးတွင် ကျေးရွာသူ/ရွာသားများသည် ကျေးရွာ စေတနာ့ဝန်ထမ်း အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦးတို့ကို လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ရမည်ဖြစ်ပါသည်။ အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်း ကျေးရွာစေတနာ့ဝန်ထမ်း ဖြစ်နိုင်ပါသည်။ အချို့ကျေးရွာများသည် အလွန်သေးငယ်ပါက အပိုဒ် (၈၈) တွင် ဖော်ပြထားခဲ့သည့်အတိုင်း ကျေးရွာစေတနာ့ဝန်ထမ်းကို အခြားနည်းလမ်းများဖြင့် ရွေးချယ် ပါမည်။ အခြားနည်းလမ်းမှာ အထက်တွင်ဖော်ပြထားသည့်အတိုင်း အသက် (၁၈) နှစ် ပြည့်ပြီးသူ မည်သူမဆို သင့်လျော်ပါက ၎င်းတို့ကိုယ်တိုင် အဆိုပြုခန့်ထားနိုင်သည်။*

***၉၈ ကျေးရွာစေတနာ့ဝန်ထမ်းများ၏ လုပ်ငန်းတာဝန်များမှာ*** -

*(က) စီမံကိန်းနှင့်ပတ်သက်သော လူထုအမြင်ဖွင့် လုပ်ငန်းများတွင် လူထုစည်းရုံးရေး မှုး/လက်ထောက်နည်းပညာမှုးများအား ကူညီရန်၊*

*(ခ) ကျေးရွာအစည်းအဝေးများ အထမြောက်စေရန် စည်းရုံးရာတွင် ကူညီခြင်းနှင့် အုပ်စုများအချင်းချင်းဆွေးနွေးရာတွင် ကူညီခြင်း ( ဥပမာ - သက်ကြီးအုပ်စု၊ လူငယ် အုပ်စု၊ လူမျိုးစုအုပ်စုများ၊ အမျိုးသမီးအုပ်စုများ နှင့် အခြားစီမံကိန်းများ၏ ကော်မတီဝင်များ စသည်တို့ဖြစ်သည်။)*

*(ဂ) စီမံကိန်းလုပ်ငန်းများဖြစ်သော စောင့်ကြည့်ကြီးကြပ်ခြင်း၊ အစီရင်ခံခြင်း၊ ဝေဖန် အကြံပြုခြင်းတိုင်ကြားခြင်း၊ စီမံကိန်းပြီးဆုံးခြင်း စသည့်လုပ်ငန်းများတွင် လူထု စည်းရုံးရေးမှုး၊ လက်ထောက်နည်းပညာမှုးများအား ကူညီခြင်း၊*

*(ဃ) အကြံပြုကိုယ်စားလှယ်များနှင့်အတူ သတင်းအချက်အလက်လှုံ့ဆော်ခြင်း လုပ်ငန်းများတွင်ကူညီခြင်းနှင့် လူထုစစ်ဆေးပွဲများတွင် လူထုစည်းရုံးရေးမှုးများ အားကူညီခြင်း၊*

*(င) ကျေးရွာအချင်းချင်း အပြန်အလှန်လေ့လာရေးခရီးစဉ်များတွင် ပူးပေါင်းပါဝင် ခြင်း၊*

*(စ) ကျေးရွာလူထုသို့ စီမံကိန်းနှင့်ပတ်သက်သော သတင်းအချက်အလက်များ၊ အသိ ပညာများမျှဝေခြင်း။*

**ကျေးရွာစေတနာ့ဝန်ထမ်းများကို မဲပေးရွေးချယ်ခြင်း**

၁) အထက်တွင် ဖော်ပြထားသည့် ကျေးရွာစေတနာ့ဝန်ထမ်းမှ ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်ပတ်သက်၍ **စံသတ်မှတ်ချက်များကို ရှင်းပြပါ။**

- ကျေးရွာစေတနာ့ဝန်ထမ်းများသည် <u>အနည်းဆုံး အသက် (၁၈)နှစ်ပြည့်ပြီးသူဖြစ်ရမည်</u>။
- <u>ကျေးရွာစေတနာ့ဝန်ထမ်းများသည် ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့တွင် မည်သည့်ရာထူးမျှ တာဝန်ယူခွင့်မရှိပါ</u>။ ထို့ကြောင့် အကယ်၍ ကျေးရွာသူ၊ ကျေးရွာသားတစ်ယောက်သည် ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့တွင် ရာထူးတစ်ခုခုဆောင်ရွက်ရန် စိတ်ဝင်စားနေပါက ကျေးရွာ စေတနာ့ဝန်ထမ်းအဖြစ် အရွေးအချယ်မခံသင့်ပေ။
- <u>ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့တွင် အနည်းဆုံး (၁၃)ယောက်ရှိသည်</u>။ ထို့ကြောင့် ကျေးရွာအနေနှင့် ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့တွင် သင့်တော်သည့် လူတော်များကို ရွေးချယ်ခန့်အပ်သင့်သည်။

၂) **ကျေးရွာစေတနာ့ဝန်ထမ်းမည်မျှရွေးချယ်မည်ကို ရှင်းပြပါ။** ကျေးရွာစေတနာ့ဝန်ထမ်း အနည်းဆုံး (၂)ယောက် (အမျိုးသမီး (၁)၊ အမျိုးသား (၁)) ရှိသင့်သော်လည်း အိမ်ခြေ (၂၀၀)အထက်ရွာများတွင် အိမ်ခြေ (၁၀၀)လျှင် စေတနာ့ဝန်ထမ်း (၁)ယောက်နှုန်း ရှိသင့်သည်။ ရွာတွင် စေတနာ့ဝန်ထမ်းမည်မျှ ရှိသင့်သည်ကို ကြေငြာပါ။

၃) **အရွေးအချယ်ခံရန် အဆိုပြုထားသူများ စာရင်းပြုလုပ်ပါ။** ကျေးရွာသူ၊ကျေးရွာသားများမှ အချင်းချင်းအဆိုပြုပြီး Flipchart တစ်ခုပေါ်တွင် အရွေးအချယ်ခံရန် အဆိုပြုထားသူများစာရင်း (၂) ခု (အမျိုးသား အတွက် စာရင်း (၁) ခု နှင့် အမျိုးသမီးအတွက် စာရင်း (၁) ခု) ကို ချရေးပါ။ အမျိုးသမီး၊အမျိုးသား စာရင်းတိုင်းတွင် အနည်းဆုံး လူ (၃) ယောက် နာမည်ပါရန် အကြံပြုပါသည်။ (သို့မှသာ အရွေးအချယ်မခံရသူ တစ်ယောက်သာ မဟုတ်တော့ပဲ အများနှင့်ဖြစ်သွား၍ ထိုသူတို့အနေနှင့် စိတ်အနှောင့်အယှက်မဖြစ်တော့ဘဲနေမည်ဖြစ်သည်။) <u>ကျေးရွာသက်ကြီးရွယ်အိုများ၏ ဆုံးဖြတ်ချက် တစ်ခုတည်းဖြင့်သာ အဆိုပြုရွေးချယ်ခြင်း ပြုလုပ်၍ မရပါ</u>။

၄) **အဆိုပြုခံထားရသူများထံမှ အတည်ပြုချက် ရယူပါ။** သူတို့အနေနှင့် ကျေးရွာစေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်လိုသည့်စိတ်ဆန္ဒရှိသလားနှင့် အရွေးအချယ်ခံရန် အဆိုပြုထားသည်ကို လက်ခံမခံ အတည်ပြုချက်ရယူပါ။ အဆိုပြုခံထားရသူများအနေနှင့် အဆိုပြုခံထားရသည်ကို ပယ်ဖျက်လိုပါက လွတ်လပ်စွာ ပယ်ဖျက်ပိုင်ခွင့်ရှိကြောင်းနှင့် ၎င်းတို့နာမည်ကို ရုတ်သိမ်းနိုင်ခွင့်ရှိကြောင်း သိရှိထားသင့်သည်။ ၎င်းတို့မှ အရွေးချယ်ခံရန် အတည်ပြုချက် ရယူပြီးသည်နှင့် ကျေးရွာလူထုမြင်သာအောင် ၎င်းတို့အား မတ်တပ်ရပ်ပြသပေးပါ။

၅) **မဲရုံများ ပြင်ဆင်ပါ။** (တစ်ရှူးထည့်တဲ့ပုံးလိုမျိုး ပုံးတွေ၊ တစ်ရှူးဘူးခွံ၊ ဇလုံ၊ အစရှိသည်ကဲ့သို့) မဲထည့်ရန် မဲပုံးတစ်ခုကို ပြင်ဆင်ပါ။ အရွေးအချယ်ခံ ကိုယ်စားလှယ်တစ်ယောက်စီအတွက် မဲတစ်ပုံးရှိရမည်ဖြစ်ပြီး မဲပုံးတွင် နာမည် ကပ်ထားပေးပါ။ အရွေးချယ်ခံအမျိုးသမီးများအတွက် မဲပုံးတွေကို အတူစီထားပြီး အမျိုးသားများအတွက် မဲပုံးတွေကို အတူစီထားပါ။ **လျှို့ဝှက်မဲပေးရာတွင် လျှို့ဝှက်မဲဖြစ်စေရန် သေချာပြုလုပ်ပါ။** မဲပုံးများကို သေချာလုံခြုံစွာပိတ်ထားပြီး မဲထည့်ရန် အပေါက်သာထားရှိပါ။ သို့မှသာ မဲပေးသူများသည် မဲပုံးအထဲကို မမြင်ဘဲနေမည်ဖြစ်သည်။ မဲပေးသည့်အခါ မဲရုံသည် မဲပေးသူများအတွက် အနှောင့်အယှက်ကင်းရန် သေချာအောင်ပြုလုပ်သင့်ပြီး မဲပေးသူများ ဝင်ရောက်မဲပေးရာတွင် လျင်မြန်ချောမွေ့စွာ မဲပေးနိုင်ရန်နှင့် လမ်းကြောင်းတစ်ခုတည်း ဝင်ထွက်သည့်အခါ ချောမွေ့စေရန် သေချာစွာပြုလုပ်ပါ။ ကျေးရွာကြီးများတွင် မဲပေးသည့်အခါ မြန်ဆန်စေရန်အတွက် မဲရုံများများ ထားပေးပါ။

၆) **မဲပေးသူများကို မဲ (၂) ခု** (အအေးပိုက်၊ ပဲစေ့၊ မြေပဲစေ့၊ စသည်ဖြင့်) **ပေးပါ။** အရွေးအချယ်ခံ အမျိုးသား ကိုယ်စားလှယ်အတွက် (၁) ခု၊ အရွေးအချယ်ခံ အမျိုးသမီး ကိုယ်စားလှယ်အတွက် (၁) ခု ပေးပါ။

၇) **ကျေးရွာလူထုအား မဲပေးရန် မေတ္တာရပ်ခံပါ။** မဲရုံထဲသို့ အလှည့်ကျဝင်ရောက်ပြီး ကိုယ်ရွေးချယ်လိုသည့် အမျိုးသမီးကိုယ်စားလှယ်အတွက် မဲ (၁)ခုနှင့် အမျိုးသားကိုယ်စားလှယ်အတွက် မဲ(၁)ခု ကို သက်ဆိုင်ရာ

နာမည်ကပ်ထားသည့်မဲပုံးထဲ မဲထည့်ပေးပါ။ မဲပေးသူသည် စာမဖတ်တတ်လျှင် ၎င်းထည့်လိုသည့် မဲပုံးတွင် ထည့်နိုင်ရန်အတွက် လူထုစည်းရုံးရေးမှူးတစ်ယောက်မှ ကူညီပေးသင့်သည်။

၈) **မဲများကို ပွင့်လင်းမြင်သာစွာ (လူအများရှေ့တွင်) ရေတွက်ပါ။** တက်ရောက်လာကြသူ အားလုံးရှေ့မှာ မဲပုံးထဲမှ မဲများအားလုံးကို ရေတွက်ပြပါ။ အရွေးအချယ်ခံ ကိုယ်စားလှယ်လောင်းများ၏ နာမည်ရှေ့တွင် တာလီချိုးပြပါ။

၉) **မဲအများဆုံးရရှိ၍ အရွေးချယ်ခံရသူ နှစ်ယောက်၏နာမည်ကို ကြေငြာ**ပြီး လက်ခုပ်တီး ဂုဏ်ပြုပေးပါ။

လူဦးရေများသည့်ကျေးရွာများတွင် ကျေးရွာမှ ကျေးရွာစေတနာ့ဝန်ထမ်း (၂) ယောက်ထက်ပို၍ ရွေးချယ်လိုလျှင် ရွေးချယ်နိုင်သည်။ သို့သော် ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့တွင် နေရာ ၁၅ နေရာရှိပြီး သင့်တော်သူများသာ ရွေးချယ်ပေးရန် စဉ်းစားသင့်ကြောင်း ပြောပြပါ။

**မှတ်ချက်။** စီမံကိန်း ဒုတိယစက်ဝန်းနှင့် နောက်ပိုင်း မြို့နယ်များတွင် လူထုစည်းရုံးရေးမှူးများနှင့် လက်တောက်နည်းပညာမှူးများသည် မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများပြုလုပ်ရာတွင် ပြောင်းလဲပြင်ဆင်မှုတွေကို ကျေးရွာလူထုထံ အသိပေးခြင်း၊ ကော်မတီနှင့် ဆပ်ကော်မတီများတွင် ရာထူးများ ပြန်လည်အတည်ပြုပေးနိုင်ခြင်းနှင့် လိုအပ်လျှင် ရွေးကောက်ပွဲအသစ် ပြုလုပ်နိုင်ပါသည်။

**၁-၃။ လူထု ပူးပေါင်း ပါဝင်သော လူမှုဆန်းစစ်ခြင်း**

***၉၉။ ရည်ရွယ်ချက်*** - *လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း၏ ရည်ရွယ်ချက်မှာ ကျေးရွာဖွံ့ဖြိုးရေး အခြေအနေနှင့် လိုအပ်ချက်များကို အကဲဖြတ်ရန်နှင့် အနာဂတ်တွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ရှင်းလင်းသော ကျေးရွာမျှော်မှန်းချက်ကို အစပြုရန်ဖြစ်ပါသည်။*

**လူမှုစစ်ဆေးခြင်းဆိုသည်မှာ အဘယ်နည်း။**

- ကျေးရွာလူထုသည် ၎င်းတို့၏ကျေးရွာအခြေအနေ၏ **အချက်အလက်များဖြစ်သည့်** လိုအပ်ချက်များ/ အခက်အခဲများ နှင့် **တန်ဖိုးများ/အရင်းအမြစ်များ ကောက်ယူခြင်းနှင့် ဆန်းစစ်ခြင်း** တို့ပြုလုပ်သည်။ ထို့နောက် ၎င်းတို့ကိုပိုမိုတိုးတက်ကောင်းမွန်လာအောင် မည်သို့ဆောင်ရွက်မည်ကို**ဆွေးနွေးဆုံးဖြတ် ကြ**သည်။
- **လူမှုဆန်းစစ်ခြင်းမှ ရရှိလာသည့် အချက်အလက်များနှင့် ဆန်းစစ်ချက်များကို ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရန် အသုံးပြုပါသည်။** ကျေးရွာလူထုသည် ၎င်းတို့၏အခြေအနေကို ပိုမိုနားလည်လာပြီး ထိုအခြေအနေများကို ကိုယ်ပိုင်အရင်းအမြစ်များ၊ ကျွမ်းကျင်မှုများနှင့် စုပေါင်းထည့်ဝင်အားများဖြင့် တည်ဆောက်ပြီး တုန့်ပြန်ရန်အတွက်ဖြစ်သည်။
- **ဤလုပ်ငန်းစဉ်အတွက် အပြည့်အဝပူးပေါင်းပါဝင်ရန်** (အိမ်ထောင်စု အနည်းဆုံး ၅၀ ရာခိုင်နှုန်း၊ တိုင်းရင်းသား ၅၀ ရာခိုင်နှုန်းနှင့် အစည်းအဝေးတက်ရောက်သူ အမျိုးသမီး ၅၀ ရာခိုင်နှုန်း ) **လိုအပ်ပါသည်။** အားလုံးအပြည့်အဝ ပူးပေါင်းပါဝင်မှသာ စစ်ဆေးသည့်အခါ မှန်ကန်သည့် အချက်အလက်များနှင့် စိစစ်မှုများကို ရရှိမည်ဖြစ်ပြီး ပိုင်ဆိုင်မှုစိတ်ဓာတ် ပြင်းပြမှုကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ကျေးရွာလူထုအနေနှင့် လုပ်ငန်းစဉ်အားလုံးတွင် ဦးစီးဆောင်ရွက်နိုင်ကြောင်း စိတ်ခံစားမှုဖြစ်ပေါ်လာမည်ဖြစ်သည်။
- ဆန်းစစ်မှုပြုလုပ်ရာတွင် **PRA tools ပါဝင်သည့် ပူးပေါင်းပါဝင်သောလုပ်ငန်းစဉ်များ အသုံးပြုပြီး** ဆောင်ရွက်ပါသည်။

- **PRA Tool** များသည် ကျေးရွာလူထုအား ၎င်းတို့၏ အခြေအနေများ ပြောကြားရင်တွင် လည်းကောင်း၊ ပြဿနာများနှင့် ပိုင်ဆိုင်မှုတန်ဖိုးများ စိစစ်ရာတွင်လည်းကောင်းနှင့် မည်သို့ဆောင်ရွက်ရန်လိုအပ်ကြောင်း ဆုံးဖြတ်ရာတွင် ကူညီပေးသည့် နည်းလမ်းများဖြစ်သည်။

**လူထုပူးပေါင်းပါဝင်သော ကျေးရွာအကဲဖြတ်ဆန်းစစ်ခြင်း (PRA) ဆိုသည်မှာအဘယ်နည်း။**

PRA ဆိုသည်မှ ကျေးရွာလူထုအား ဦးဆောင်မှုကဏ္ဍများတွင် တွန်းအားပေးရန်နှင့် အသိပေးဆုံး ဖြတ်ချက်ချမှတ်ခြင်း၊ လုပ်ငန်းစဉ်များအားလုံးသိနားလည်စေရန်အတွက် ကျေးရွာလူထုအားလုပ်ပိုင်ခွင့်ပေးသောလုပ်ငန်းစဉ်များဖြစ်ပါသည်။

PRA tool အသီးသီးကို အခြေခံအားဖြင့် အဓိက ရည်ရွယ်ချက် (၂) ခုဖြင့် အသုံးချပါသည်။

- **သိမြင်လာစေခြင်း။** ကျေးရွာလူထုအား ၎င်းတို့၏အခြေအနေ၊ အကျိုးတရားနှင့် အကြောင်းတရား ဖြစ်နိုင်ခြေများအား သိမြင်မှုများမြင့်မားလာစေရန်ဆောင်ရွက်ခြင်းဖြစ်သည်။ ၎င်းတို့၏ အားသာချက်များနှင့် ဖြစ်နိုင်ချေရှိမှုများကို (ပြဿနာများနှင့် လိုအပ်ချက်များသာမဟုတ်ဘဲ) သိမြင်လာစေရန်ဖြစ်သည်။ အဆိုပါ လုပ်ဆောင်မှုများသည် ကျေးရွာလူထုအတွက် ခွန်အားပေးတိုက်တွန်းခြင်းနှင့် စွမ်းရည်မြှင့်တင်ပေးသော အစိတ်အပိုင်းတစ်ခု ဖြစ်သည်။
- **ဆုံးဖြတ်ချက်များနှင့် လုပ်ဆောင်မှုများကို အသိပေးခြင်း။** ကျေးရွာလူထုအား ၎င်းတို့အတွက် ဖြစ်နိုင်သည်များနှင့် ၎င်းတို့မှစွမ်းဆောင်နိုင်သည်များ (ကိုယ်ပိုင်အရင်းအမြစ်များ၊ ကိုယ်ပိုင်စွမ်းဆောင်ရည် များနှင့် ကြိုးပမ်းမှုများ)အတွင်း မည်ကဲ့သို့တိုးတက်အောင်ဆောင်ရွက်မည်ကို သုံးသပ်ဆုံးဖြတ်ရာတွင် ကူညီပေးရန်နှင့် အခြား NGO များနှင့် အစိုးရဌာနများမှ ထပ်မံပံ့ပိုးငွေများဖြင့် ဆောင်ရွက်ရာတွင်လည်း ကူညီပေးရန်ဖြစ်သည်။

လုပ်ငန်းစဉ်တွင် အောက်ပါတို့ကို **ပါဝင်စီစဉ်လေ့** ရှိသည်။

- ကျေးရွာရာဇဝင်နှင့် လူထုအကြောင်းအရာ (ဆင်းရဲချမ်းသာ၊ တိုင်းရင်းသားနှင့် ဘာသာမတူသည့် အဖွဲ့များ၊ စသည်)
- အဓိက ကျေးရွာအတွင်းနှင့်ပြင်ပရှိအုပ်စုများနှင့် အဖွဲ့အစည်းများ၊ ကျေးရွာလူထုအား ထောက်ပံ့ပေးနေသည့် ကျေးရွာပြင်ပမှ အဖွဲ့အစည်းများ
- အသက်မွေးဝမ်းကျောင်းနှင့် ဆင်းရဲမွဲတေမှု
- အမျိုးသမီးများနှင့် အမျိုးသားများ၏ လိုအပ်ချက်များ/ဦးစားပေးလုပ်ငန်းများ နှင့် ကျား-မရေးရာ ဆန်းစစ်ချက်များ
- အခြေခံဝန်ဆောင်မှုများဖြစ်သည့် စာသင်ကျောင်း၊ ဆေးရုံဆေးခန်းများ၊ လမ်းများ၊ ရေအရင်းအမြစ်များ စသည်တို့ တည်ရှိမှုနှင့် ထိရောက်မှုများ
- ပတ်ဝန်းကျင်၊ သဘာဝအရင်းအမြစ်များ ၏လက်ရှိအခြေအနေများ
- ကျေးရွာအတွင်း ဆင်းရဲမွဲတေမှုများနှင့် အခြေခံဝန်ဆောင်မှု သုံးစွဲနိုင်ခြင်းတို့အား တာဝန်ခံရသည့်အပေါ် ပြဿနာများ
- အမျိုးသားနှင့် အမျိုးသမီးအဖွဲ့များ၏ ကျေးရွာအနာဂတ်အပေါ် ထားရှိသည့် မျှော်မှန်းချက်များ

*၁၀၀ **ပါဝင်သူများ** - လူထုစည်းရုံးရေးမှူးများနှင့် ကျေးရွာစေတနာ့ဝန်ထမ်းများသည် လက်တောက်နည်းပညာမှူးများ၏ပံ့ပိုးမှုဖြင့် အစည်းအဝေးနှင့် ဆွေးနွေးပွဲများ ဖြစ်မြောက်ရန်အတွက်ဆောင်ရွက်ရမည်ဖြစ်ပြီး ကျေးရွာလူထုအားလုံးအား ဖိတ်ကြားရမည်ဖြစ်သည်။ အမျိုးသမီးများ၊ လူမျိုးစုအုပ်စုများနှင့် ထိခိုက်လွယ်သောအုပ်စုများအား သီးခြားဦးတည် အုပ်စုဆွေးနွေးပွဲ များအနေဖြင့် ကျင်းပရမည်ဖြစ်ပါသည်။ (သက်ကြီးသူများ၊ မသန်စွမ်းသူ များကို ဆိုလိုသည်)*

***၁၀၁ အချိန်ကာလ*** - *လူထုပူးပေါင်းပါဝင်သော ကျေးရွာ အကဲဖြတ်နည်းလမ်းများအား အသုံးပြု၍ လူမှုဆန်းစစ်ခြင်းလုပ်ငန်းများကို ပထမအကြိမ်အကျေးရွာအစည်းအဝေးပွဲများ တွင် အစပြုနိုင်ပြီး အဆိုပါတစ်ပတ်အတွင်း ဆက်လက်ဆောင်ရွက်နိုင်ပါသည်။ ကျေးရွာ လူထု၏ လုပ်ကိုင်နိုင်စွမ်းနှင့် အဆင်ပြေနိုင်သည့်အချိန်ပေါ်မူတည်၍ လူထုပူးပေါင်းပါဝင် သော ကျေးရွာအကဲဖြတ်ခြင်း လုပ်ငန်းများ/လူမှုဆန်းစစ်ခြင်း လုပ်ငန်းများသည် ခန့်မှန်းခြေ ၂ ရက်မှ ၃ ရက်ထိ ကြာနိုင်ပါသည်။*

***၁၀၂ လုပ်ငန်းစဉ်*** - *ပထမအကြိမ်ကျေးရွာအစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးများ သည်လူမှုဆန်းစစ်ခြင်း၏ ရည်ရွယ်ချက်ကို ရှင်းပြခြင်းနှင့် ကျေးရွာလူထုသည် လူမှုဆန်းစစ် ခြင်းလုပ်ဆောင်ခဲ့မှု ရှိမရှိနှင့် သို့မဟုတ် လွန်ခဲ့သော ၃ နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေး အစီ အစဉ်(VDP) ဆောင်ရွက်ထားမှု ရှိ/မရှိကို သေချာစေရန် ဆွေးနွေးရမည်ဖြစ်ပါသည်။ ပထမနှစ် စီမံကိန်းရာသီအတွက် စီမံကိန်းမြို့နယ်များတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်။*

***ဇာတ်ညွှန်း (၁)***

***၁၀၃*** *ကျေးရွာတွင် လူမှုဆန်းစစ်ခြင်း လုပ်ဆောင်ခဲ့ခြင်း သို့မဟုတ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရှိခဲ့လျှင် လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်းပညာမှူးများသည် ကျေး ရွာခေါင်းဆောင်များနှင့်အတူ အောက်ပါအချက်များကို ပြန်လည်သုံးသပ်ရမည် ဖြစ်ပါသည်။*

*(က) လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းများ သို့မဟုတ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင်(အဆိုပါကျေးရွာရှိ တက်ရောက်သူအိမ်ခြေစုစုပေါင်း ရာခိုင် နှုန်းမှ) အနည်းဆုံး ၅၀% ပါဝင်ခဲ့ပါသလား?*

*(ခ) အစကနဦးတွင် အမျိုးသမီးအုပ်စု ပူးပေါင်းပါဝင်မှု ရှိခဲ့ပါသလား ? (အမျိုးသမီး တက်ရောက်သူဦးရေ ရာခိုင်နှုန်း)*

*(ဂ) အခြားထိခိုက်လွယ်သောအုပ်စုများ ပါဝင်ခဲ့ပါသလား ? (လူမျိုးစုငယ်များ၊ သက်ကြီးအုပ်စုများ၊ မသန်စွမ်းအုပ်စုများစသဖြင့်)*

*(ဃ) ကျေးရွာလိုအပ်ချက်များနှင့် ဦးစားပေးလုပ်ငန်းများတွင် ပွင့်လင်းမြင်သာစွာဖြင့် ပြည့်စုံလုံလောက်သော ဆွေးနွေးမှုဖြစ်ခဲ့ပါသလား ? (အုပ်စုလိုက်ပွင့်လင်းမြင်သာမှု အတွက် အတည်ပြုခြင်း)*

***၁၀၄*** *အထက်ပါအချက်များပြည့်စုံခဲ့ပါလျှင် ကျေးရွာသည် အသုံးပြုခဲ့သော လူမှုဆန်းစစ် ခြင်းနှင့် သို့မဟုတ် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အား အောက်ပါအဆင့် ၂ ဆင့်အပေါ် အခြေခံ ၍ အသုံးပြုဆောင်ရွက်နိုင်ပါသည်။*

*(က) လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်းပညာမှူးများသည် လူမျိုးစု များ၊ ဘာသာရေးအုပ်စုများနှင့် အစည်းအဝေးများအား လွတ်လပ်စွာကျင်းပပြီး ဆောင်ရွက်ခဲ့သော လူမှုဆန်းစစ်ချက်များ၊ လက်ရှိဖွံ့ဖြိုးရေးအစီအစဉ်များသည် ၎င်းတို့၏ အဓိကလို အပ်ချက်များ၊ ဦးစားပေးလုပ်ငန်းဟများဖြစ်ကြောင်း အတည်ပြုရ ပါမည်။*

*(ခ) အဆိုပါအုပ်စုများမှ လက်ရှိကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များအား သဘောတူညီခဲ့ ပါလျှင် လူထုစည်းရုံးရေးမှူးများသည် ကျေးရွာလူထုမှ လက်ရှိလူမှုဆန်းစစ်ချက် များနှင့် ဖွံ့ဖြိုးရေးအစီအစဉ်များအား ဆက်လက်အသုံးပြုရန် သဘောတူကြောင်း အစည်းအဝေးမှတ်တမ်းတွင် ရေးသွင်းမှတ်တမ်းတင်ရမည် ဖြစ်ပါသည်။*

***၁၀၅*** *စာပိုဒ် ၁၀၁ တွင် ဖော်ပြမှုအား ကျေနပ်မှုမရှိခဲ့ပါလျှင် အဆိုပါကျေးရွာသည် VDP အသစ်တစ်ခု ပြင်ရန်ဆုံးဖြတ်ချက်ချနိုင်သည်၊ သို့မဟုတ် လိုအပ်သည်များကို ပြန်လည်စီစစ် ဖြည့်သွင်းနိုင်သည်။ (ဥပမာ- မဲပေးပြီးသောအချိန်မှ ကော်မတီရွေးချယ်ခြင်း (သို့) စီမံကိန်း လုပ်ငန်းခွဲ ရွေးချယ်ခြင်းသည် ပွင့်လင်းမြင်သာမှုမရှိနိုင်ပါ)*

***ဇာတ်ညွှန်း (၂)***

***၁၀၆*** *လူမှုဆန်းစစ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များ ဆောင်ရွက်ထားမှု မရှိပါလျှင် သို့မဟုတ် ကျေးရွာလူထုမှ ၎င်းတို့၏ အစီအစဉ်များအား ပြန်လည်ပြုပြင်မွမ်းမံလိုလျှင် လူထုစည်းရုံးရေးမှုးများနှင့် လက်ထောက်နည်းပညာမှူးများသည် အောက်တွင်ဖော်ပြထား သော လုပ်ငန်းများအား ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။*

***၁၀၇ လူထုပူးပေါင်းပါဝင်သော အစီအစဉ်ရေးဆွဲခြင်း လုပ်ငန်းစဉ် - လူထုပူးပေါင်းပါဝင် သော ကျေးရွာအကဲဖြတ်ဆန်းစစ်ခြင်း(PRA) ကိရိယာများ နှင့်လုပ်ငန်းစဉ်*** *- ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် ကျေးရွာလူထုသည် ၎င်းတို့ ကျေးရွာ၏ လက်ရှိအခြေ အနေအား ပြန်လည်သုံးသပ်ခြင်းနှင့် ဦးစားပေးများ သတ်မှတ် ရာတွင် ကျေးရွာဖွံ့ဖြိုးရေး အတွက် အားလုံးပူးပေါင်းပါဝင်ရန် အခွင့်အရေးရရှိသင့်ပါသည်။ လူထုပူးပေါင်းပါဝင်သော ကျေးရွာအကဲဖြတ်ဆန်းစစ်ခြင်း ကိရိယာများသည် ကျေးရွာလူထု ၏ အသိပညာအပေါ် အလေးထားသင့်ပြီး ၎င်းတို့၏ကိုယ်ပိုင်အကဲဖြတ်ဆန်းစစ်မှုများနှင့် ဖွံ့ဖြိုးရေးအစီအစဉ်များ ဖြစ်ရပါမည်။ လူထုပူးပေါင်းပါဝင်သော ကျေးရွာအကဲဖြတ် ဆန်းစစ်ခြင်း ကိရိယာများသည် ဒေသဆိုင်ရာ ဗဟုသုတရှိမှု၊ ရွာသူ/သားများ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့် စီမံကိန်းရေးဆွဲ ခြင်းတို့ကိုအလေးထားသည်။ PRA လုပ်ငန်းစဉ် များသည် ကျေးရွာလူထုအတွက် ကျေးရွာ အလုံးစုံဖွံ့ဖြိုးတိုးတက်စေရန် ၎င်းတို့၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ အနာဂါတ်မျှော်မှန်း ချက်၊ စီမံကိန်းအတွက်စိတ်ကူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အတွက် အဆိုပြုမှုများကို အထောက်အကူဖြစ်ပါသည်။ PRA နည်းလမ်းများကို အသုံးမပြုမီ ရွာလူထုကို အသုံးပြုပုံအား ကြိုတင်ရှင်းပြရမည်။ အောက်ဖော်ပြပါ PRA နည်းလမ်းများကို အသုံးပြု ပါသည်။ (အသေးစိတ်များအတွက် သင်တန်းနှင့်ဆိုင်သော အချက်အလက်များတွင် ကြည့်ပါရန်) "*

*(က) လူမှုရေးအခြေပြနှင့် သယံဇာတ အရင်းအမြစ်ပြမြေပုံ*

*(ခ) ချမ်းသာမှုအဆင့် ခွဲခြားခြင်း*

*(ဂ) ကျား/မကဏ္ဍ(၁) ၊ ပိုင်ဆိုင်မှုကို ခွဲခြမ်းစိတ်ဖြာခြင်း*

*(ဃ) ကျား/မကဏ္ဍ-၂ ဆိုင်ရာ ကွန်ယက်ချိတ်ဆက်မှု*

*(င) ရာသီခွင်ပြက္ခဒိန်*

*(စ) ဗင်းပုံစံ အသုံးပြု၍ အဖွဲ့အစည်းနှင့်ချိတ်ဆက်မှုများအား လေ့လာခြင်း*

*(ဆ) သဘောထားအမြင်များ*

**PRA TOOLS**

PRA tools သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ဆွေးနွေးခြင်း၊ အမြင်ဖွင့်ပေးခြင်း၊ လုပ်ငန်းဆောင်ရွက်နိုင်စေရန် ပြဿနာများအားဖြေရှင်းခြင်း နှင့် ဆုံးဖြတ်ဆောင်ရွက်ခြင်းတို့ကို စတင်ပေးသည့်အရာ ဖြစ်သည်။ အဆိုပါကိရိယာများသည် မြေပုံကောင်းတစ်ခု သို့မဟုတ် ပုံကောင်းတစ်ခု ရေးဆွဲရုံသပ်သပ်မဟုတ်ဘဲ ဆွေးနွေးမှုများနှင့် ပြဿနာဖြေရှင်းမှုများအတွက် လှုံ့ဆော်ရာတွင် အသုံးပြုသင့်ပါသည်။

ကျေးရွာလူမှုဆန်းစစ်ချက်များပြုလုပ်ရာတွင် အောက်ပါကိရိယာများကိုအသုံးပြုသင့်ပါသည်။

| ကိရိယာ | ရည်ရွယ်ချက် | နည်းလမ်း |
|---|---|---|
| **လူမှုရေးအရင်း အမြစ်ပြမြေပုံ** | ကျေးရွာလူထု မြေပုံရေးဆွဲစေပြီး ထိုမြေပုံအား အသုံးပြု၍ အဓိက အခက်အခဲများကို ဆွေးနွေးရန်၊ ကျေးရွာလူထုအား ၎င်းတို့၏ပြဿနာများ၊ အရင်းအ မြစ်များနှင့် အခြေခံအဆောက်အဦ | ကျေးရွာလူထု၏ ထင်ရှားသောမြေနေရာ၊ အခြေခံအဆောက်အဦများ၊ (မည်သည့်နေရာတွင် တိုင်းရင်းသားနှင့် ဘာသာရေးအဖွဲ့အစည်းများ၊ မသန်စွမ်းသူရှိသည့်အိမ်ထောင်စုများ၊ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများ၊ |

| | | |
|---|---|---|
| | များအား စိစစ်ခြင်းကိုကူညီရန်။ | စသည်တို့ တည်ရှိသည့်) လူမှုရေးဆိုင်ရာ အချက်အလက်များကို ဖော်ပြသည့် မြေပုံပြုလုပ်ပြီး ထိုမြေပုံကို အသုံးပြုကာ ပြဿနာများနှင့် ဖြစ်နိုင်ခြေရှိသော အခြေခံအဆောက်အဦအသစ်များအကြောင်း ကို ဆွေးနွေးခြင်းတို့ကိုပြုလုပ်သွားမည်ဖြစ်သည်။ |
| **ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း** | ကျေးရွာအတွင်းစီပွားရေးအခြေအနေ ကွာခြားသောအုပ်စုများကို စိစစ်ရန်၊ ထိုအုပ်စုများအားလုံး ကျေးရွာစီမံချက် ရေးဆွဲရာတွင် ပါဝင်စေရန်နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းမှအကျိုးအမြတ်များကို ထိုအုပ်စုများအားလုံး ရရှိစေရန် | ကျေးရွာအတွင်းအိမ်ထောင်စုများအား လူမှုစီးပွားရေးအခြေအနေအလိုက် အုပ်စုများသတ်မှတ်ပေးခြင်း(ချမ်းသာသူ ဆင်းရဲသူနှင့် အသင့်အတင့်ရှိသူများ စသည်ဖြင့်) ထိုကဲ့သို့ သတ်မှတ်ရာတွင် ချမှတ်ထားသည့်စံနှုန်းများအတိုင်း သတ်မှတ်သွားရန်ဖြစ်ပါသည်။ |
| **ကျား၊မရေးရာ ကဏ္ဍ #၁ ပိုင်ဆိုင်မှုနှင့် ခွဲခြမ်းစိတ်ဖြာမှု** | အမျိုးသားနှင့် အမျိုးသမီးတို့မှ ပိုင်ဆိုင်၊ အသုံးချ၊ ထိန်းချုပ်သည့် အရင်းအမြစ်များအား ခွဲခြမ်းစိတ်ဖြာခြင်း | အမျိုးသား၊ အမျိုးသမီး၊ အမျိုးသားနှင့်အမျိုးသမီး ထိန်းချုပ်၊ ပိုင်ဆိုင်၊ ဆုံးဖြတ်ချက်ချသည်တို့ကို ပြသသည့် ပုံများအောက်တွင် အရင်းအမြစ်/ခွဲခြမ်းစိတ်ဖြာမှုကဒ်များ ထားရှိစစ်ဆေးခြင်းဖြစ်သည်။ |
| **ရာသီခွင်ပြပြက္ခဒိန်** | ကျေးရွာတွင်တစ်နှစ်ပတ်လုံးကွဲပြားခြားနားသော အချိန်အလိုက်မည်သည်တို့ ဖြစ်ပျက်ဆောင်ရွက်ခဲ့သည်တို့ကို မှတ်တမ်းထားရှိရန်၊ဤပြက္ခဒိန်ကိုအသုံးပြုပြီးစီမံကိန်းအား မည်သည့်အချိန်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျှင်အကောင်းဆုံး ဖြစ်ကြောင်းဆုံးဖြတ်နိုင်ရန် | မက်ထရစ်ဇယားတွင် လများအလိုက် အဓိဆောင်ရွက်မည့်လုပ်ငန်း၊ အဖြစ်အပျက်များကို ရေးသွင်းခြင်းဖြစ်ပါသည်။ (ဥပမာ-အစားအစာ၊ သီးနှံထုတ်လုပ်၊ ငွေရေးကြေးရေး၊ ကျန်းမာ ရေးနှင့်ရေရရှိရေး အခြေအနေ စသည် တို့ဖြစ်ပါသည်။) |
| **ကျား-မရေးရာ #၂။ ပင့်ကူပုံစံ** | ကျေးရွာအတွင်းရှိအမျိုးသမီးများ၏ အခြေအနေကို နားလည်သဘောပေါက်စေရန် | အဓိကအချက်များအားစုစည်းပါ။ ဥပမာ ပညာရေး၊ ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ အိမ်တွင်းအလုပ်များ၊ စသဖြင့်အချက် တစ်ချက်ချင်းတွင် မျဉ်းကြောင်းဆွဲပြီး ပင့်ကူပုံသဏ္ဍာန်ပြုလုပ်ပါ။ ကျား-မ နှိုင်းယှဉ်ပြပါ။ |
| **ဗင်းပုံစံ** | ကျေးရွာလူထုအား ၄င်းတို့ကျေးရွာအတွင်းရှိ အဓိကအုပ်စုများ၊ အဖွဲ့အစည်းများရှိနေမှုကို သိရှိစေရန်နှင့် ၄င်းအဖွဲ့အစည်းအုပ်စုများ ဆက်စပ်နေမှုကို သိရှိစေရန် | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများကို စိစစ်ပါသည်။ စက်ဝိုင်းတစ်ခုရေးဆွဲစေပြီး ၄င်းစက်ဝိုင်းတွင် အဖွဲ့အစည်းများ ပါရှိနေမှုကို ၄င်းတို့၏ အချိုးအစား အတိုင်း ထည့်သွင်းဖော်ပြသည့် ဆက်စပ်မှုကိုလည်း ဖော်ပြသွားရန် ဖြစ်ပါ သည်။ |

| **မျှော်မှန်းချက်** | ကျေးရွာသားများအား ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်လုပ်ငန်းစဥ်များမှ ၎င်းတို့၏မျှော်မှန်းချက်ရရှိသွားရန်ကူညီရန် | ကျေးရွာလူထုအတွင်းမျော်မှန်းချက် တစ်ခုအတွက် ဆွေးနွေးခြင်းသည် နောင်(၅) နှစ်တွင် ဖြစ်ချင်သည်များကို ဆွေးနွေးခြင်းဖြစ်သည်။ |
|---|---|---|

*၁၀၈ PRA နည်းလမ်းများအသုံးပြုရာတွင် လူထုစည်းရုံးရေးမှူး၊ လက်ထောက်နည်း ပညာမှူးနှင့် ကျေးရွာစေတနာ့ဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဥ်ရေးဆွဲခြင်းနှင့် ပတ်သက်၍ သတင်းအချက်အလက်များအား ကျေးရွာလူထုနားလည်စေရန် ကျေးရွာအစည်း အဝေးများ၊ ဦးတည်အုပ်စုဆွေးနွေးပွဲများ ပြုလုပ်ဆောင်ရွက်ရပါမည်။ ဦးတည်အုပ်စု ဆွေးနွေးပွဲများသည် အောက်ပါအုပ်စုတို့နှင့် ကျင်းပပြုလုပ်ရပါမည်။*

*(က) ကျေးရွာခေါင်းဆောင်များ (ပုံစံတကျနှင့် ပုံစံမကျ)*

*(ခ) အမျိုးသမီးများ*

*(ဂ) အသက်မွေးဝမ်းကျောင်းအုပ်စုများ (လယ်သမား၊ တံငါသည်၊ အလုပ်သမား အစရှိသဖြင့်)*

*(ဃ) ထိခိုက်လွယ်အုပ်စုများနှင့် နွမ်းပါးသောအုပ်စုများ (ဥပမာ- မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ မြေယာမဲ့အုပ်စုများ)*

*(င) ကျေးရွာတွင်လက်ရှိနေထိုင်သော အခြားအုပ်စုများ၊ လူမျိုးစုများနှင့် ဘာသာရေး အုပ်စုများ၊ လူထုစည်းရုံးရေးမှူးများသည် အမျိုးသားနှင့် အမျိုးသမီးများအတွက် သီးခြားဆွေးနွေးမှုများကို သင့်လျော်သောနေရာတွင် ပြုလုပ်ပေးရမည်။*

*၁၀၉ လူထုစည်းရုံးရေးမှူး၊ လက်ထောက်နည်းပညာမှူးနှင့် ကျေးရွာစေတနာ့ဝန်ထမ်းများ သည် ကျေးရွာအတွင်းရှိ နွမ်းပါးသောသူများ၊ လူငယ်အုပ်စုများ၊ အမျိုးသမီးအုပ်စုများ၊ သက်ကြီးအုပ်စုများ၊ လူမျိုးစုများ၊ ဘာသာရေးအုပ်စုများထံမှ အကြံဉာဏ်များကို လွတ်လပ် စွာဖြင့် ကြိုတင်ဆွေးနွေးခြင်းများ ပြုလုပ်ရမည်ဖြစ်ပါသည်။*

*၁၁၀ ကျေးရွာလူထုသည် ၎င်းတို့ကျေးရွာ၏ ဆင်းရဲနွမ်းပါးမှု အခြေခံအကြောင်းအရာများ နှင့် မည်သည့်နည်းလမ်းများသည် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ထိရောက်စွာအသုံးပြု နိုင်ခြင်း၊ မည်သည်တို့သည်ရေရှည်ဖွံ့ဖြိုးရေးအတွက် အခက်အခဲများဖြစ်ကြောင်း ခွဲခြမ်းစိတ် ဖြာခြင်း၊ သုံးသပ်ခြင်းများပြုလုပ်ရာတွင် လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်း ပညာမှူးများသည် ကျေးရွာလူထုအား ကူညီပံ့ပိုးသင့်ပါသည်။ နောက်ဆုံး ဆုံးဖြတ်ချက်များ ကို လူထုနှင့်အတူ ဆုံးဖြတ်သင့်သည်။ ၎င်းတို့သည် အောက်ဖော်ပြပါ အစီရင်ခံစာတင်ပြပုံ များအတိုင်းပြင်ဆင်သင့်သည်။ (၁) ကျေးရွာလူထုအမြင် (၂) လူထုပူးပေါင်းပါဝင်သော ကျေးရွာအကဲဖြတ်ဆန်းစစ်ခြင်း ကိရိယာများကို အသုံးပြုခြင်း၊ (၃) အဆိုပြုထားသော စီမံကိန်းလုပ်ငန်းခွဲ ဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ဆောင်မှုများ။*

***၁၁၁ ဆင့်ပွားအချက်အလက်များ** - လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်းပညာ မှူးများသည် ကျေးရွာအဆင့်အစည်းအဝေးများအတွက် ကျေးရွာများတွင် ဆောင်ရွက်မည့် အစီအစဥ်များနှင့် ဘဏ္ဍာရေးနှစ်အတွင်း သတ်မှတ်ထားသော ဘတ်ဂျက်များ အစရှိသော သတင်းအချက်အလက်များအား သက်ဆိုင်ရာမြို့နယ်များထံမှ စုဆောင်းရမည်ဖြစ်ပါသည်။ ၎င်းအပြင် ကျေးရွာနှင့်ပတ်သက်သော ကျန်းမာရေး၊ ပညာရေး၊ ရေ၊ မီးနှင့် လမ်း၊ ဝန်ဆောင်မှုများနှင့်ပက်သက်သော သတင်းအချက်အလက်များကိုလည်း ကောက်ယူစုဆောင်းရမည် ဖြစ်ပါသည်။*

***၁၁၂ ကျေးရွာအစည်းအဝေးများနှင့် ဦးတည်အုပ်စု အစည်းအဝေးများတွင် ဆောင်ရွက်ရန်-***

*(က) ကျေးရွာ၏သမိုင်းကြောင်းများနှင့် လူမှုပေါင်းစည်းခြင်းများအား လေ့လာ စစ်ဆေးခြင်း၊*

*(ခ) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေအား အကဲဖြတ်ခြင်း*

*(၁) အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ဆင်းရဲနွမ်းပါးမှု အခြေအနေ*

*(၂) အခြေခံဝန်ဆောင်မှုများ ရရှိနိုင်မှု (ဥပမာ- ပညာရေး၊ ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေး၊ရေ၊ မီး အစရှိသဖြင့်)*

*(၃) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတ အရင်းအမြစ်များ*

*(၄) ဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ (ကျေးရွာလူထုသည် ၎င်းတို့အကြိမ် ရေများစွာ ရင်ဆိုင်နေရသော အခက်အခဲများနှင့် ဆင်းရဲနွမ်းပါးမှုကို ဖြစ်စေ သော အကြောင်းအရာများကို သတ်မှတ်ဖော်ပြပေးရပါမည်။*

*(ဂ) အမျိုးသမီးနှင့် အမျိုးသားအုပ်စု၏ ၎င်းတို့ကျေးရွာအတွက် အနာဂါတ်မျှော်မှန်း ချက်များကို ပုံဖော်ရမည်ဖြစ်ပါသည်။ ကျေးရွာလူထုသည် အဆိုပါမျှော်မှန်းချက်သို့ ရရှိစေရန် ၎င်းတို့၏အားသာချက်များ၊ ကျွမ်းကျင်မှုများကို ခွဲခြမ်းစိတ်ဖြာ၍ (၄) နှစ်မှ (၅) နှစ်အတွင်း မိမိတို့ဖြစ်စေချင်သော ပုံရိပ်များကို ရေးဆွဲခြင်းများ ပြုလုပ်ရပါမည်။ (အနာဂါတ်မျှော်မှန်းချက် ဆွေးနွေးမှုများ)*

***၁၁၃*** *ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဆင်းရဲနွမ်းပါးမှုများကို အကူအညီ ရရှိစေရန်ဖြစ်သင့်ပြီး အခြေခံအဆောက်အအုံများနှင့် အများပြည်သူနှင့်ဆိုင်သော ဝန်ဆောင်မှု၊ ပံ့ပိုးမှုများအား ကန့်သတ်မှုမဖြစ်သင့်ပေ။ သို့သော်ကျေးရွာလူထု စဉ်းစားထားသော လိုအပ်ချက်များကို သတ်မှတ်ဖော်ထုတ်ပေးရပါမည်။ (ဥပမာ- အုပ်ချုပ်မှုဆိုင်ရာ အခက်အခဲများ၊ မြေယာကိစ္စ များ၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊ တရားမျှတမှုအတွက် အကျိုးသက်ရောက်မှုများ အစရှိသဖြင့် )။ ကျေးရွာလူထုသည် မိမိတို့ကျေးရွာအတွက် အကျိုးရှိစေမည့် အရာအားလုံး အား ခွဲခြမ်းစိတ်ဖြာရန် အရေးကြီးပါသည်။ လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက် နည်းပညာမှူးများသည် အမျိုးသမီးများနှင့် အမျိုးသားများ၊ လူမျိုးစုငယ်များ၊ ထိခိုက်လွယ် သော အုပ်စုများအား ၎င်းတို့၏အကြံဉာဏ်များနှင့် ၎င်းတို့လုပ်ဆောင်ချင်သည့် အရာများကို ဖော်ထုတ် ခွင့်ရရှိစေရန် အခွင့်အရေး/နေရာများ ပေးရမည်ဖြစ်ပါသည်။*

***၁၁၄*** *လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်းပညာမှူးများသည် ကျေးရွာစေတနာ့ ဝန်ထမ်းများ၏အကူအညီဖြင့် အုပ်စုဆွေးနွေးပွဲ များ၏ ဆွေးနွေးချက်များ၊ လူထုပူးပေါင်း ပါဝင်သော ကျေးရွာအကဲဖြတ်ဆန်းစစ်ခြင်းများ နှင့် ဒေသတွင်းဆုံးဖြတ်ချက် များကို အနှစ်ချုပ်ရန်ကူညီရပါမည်။ အဆိုပါ စာရွက်စာတမ်း/အချက်အလက်များသည် ဒုတိယ အကြိမ် ကျေးရွာအစည်းအဝေးများတွင် ဦးစားပေးလုပ်ငန်းများ စာရင်းပြုစုရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏အဓိကကျသောအစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ (အောက်တွင် ဖော်ပြထားသော အခန်းကဏ္ဍတွင် ကြည့်ရှုပါရန်)*

**လူမှုဆန်းစစ်ခြင်းသည် သတင်းအချက်အလက်စုဆောင်းခြင်း မဟုတ်ပါ**

လူမှုဆန်းစစ်ချက်များသည် သတင်းအချက်အလက်စုဆောင်းပြီးသည်နှင့် ကျေးရွာလူထုအတွက် အစီအစဉ်ရေးဆွဲရန် အချက်အလက်ကောက်ယူခြင်းမဟုတ်ပါ။ ကျေးရွာလူထုကိုယ်တိုင်ဆန်းစစ်ပြီး ပြောင်းလဲရန်အတွက် ကိုယ်ပိုင် အမြင်နှင့်မျှော်မှန်းချက်တွေ ထွက်ပေါ်လာစေရန်သည် အဓိကကျပါသည်။ CFနှင့်TFများသည် ၎င်းတို့၏ ဆုံးဖြတ်ချက်များကို မှတ်တမ်းတင်ထားလိုက မှတ်တမ်းတင်ထားနိုင်သော်လည်း ဆုံးဖြတ်ချက်များကိုမူ ကျေးရွာလူထုကသာ ချမှတ်ရမည်ဖြစ်သည်။

- လုပ်ငန်းစဉ်များအားအစမှရှင်းလင်းစွာရှင်းပြ၍ ကျေးရွာလူထုသည် ရလဒ်နှင့်လုပ်ငန်းစဉ် အားလုံးအား ထိန်းချုပ်ထားရန်လိုအပ်ကြောင်းပြောပြပါ။
- လူမျိုးစုအုပ်စုများ၊ အမျိုးသမီးအုပ်စုများအပါအဝင် ကျေးရွာလူထုအားလုံး စစ်မှန်သောပူးပေါင်းပါဝင်မှု ရရှိစေရန်တည်ဆောက်ပါ
- PRA ဆောင်ရွက်မှုတစ်ခုချင်းစီအတွက် အချိန်ယူပြီး နောက်တစ်ခုမဆောင်ရွက်ခင်မှာ အားလုံး သဘောတူညီမှုရရှိရန်လိုပါသည်။

**သီးခြားဖွဲ့၍ ဆွေးနွေးခြင်း**

အချို့သောဆွေးနွေးပွဲများကို ကျေးရွာလူထုများစွာပါဝင်သည့် အစည်းအဝေးများတွင် ပြုလုပ်ပြီး အချို့ကိုတော့ သီးခြားအဖွဲ့ငယ်ခွဲ၍ ပြုလုပ်ပါသည်။ PRA tools များကို အမျိုးသား သို့မဟုတ် အမျိုးသမီး သို့မဟုတ် ဘေးအဖယ်ခံအဖွဲ့များ (လူနည်းစုတိုင်းရင်းသားအဖွဲ့များ၊ ဆင်းရဲနွမ်းပါးသူများ စသည့်) အဖွဲ့ငယ်/သီးခြားအဖွဲ့များဖြင့် ပြုလုပ်ပါသည်။ **ဘာကြောင့်လဲ။** ရည်ရွယ်ချက်မှ ထိုသို့အဖွဲ့ငယ်သီးသန့်ပြုလုပ်ခြင်းဖြင်း ပူးပေါင်းပါဝင်မှုကို အများဆုံးရရှိသလို ဘေးအဖယ်ခံအဖွဲ့များ (အမျိုးသမီး၊ လူနည်းစုတိုင်းရင်းသားအဖွဲ့များ၊ ဆင်းရဲနွမ်းပါးသူများ စသည်)တို့၏အသံများကို ကြားရကာ ၎င်းတို့အမြင်ကို ထုတ်ဖော်ခွင့်ရစေခြင်းကြောင့်ဖြစ်သည်။ ၎င်းကဲ့သို့ ဆောင်ရွက်မှုများအတွက် CF/TF တိုင်းသည် တာဝန်ယူရသည့်အဖွဲ့အလိုက် စည်းရုံးလှုံ့ဆော်ပေးမည်ဖြစ်သည်။ သီးခြားအဖွဲ့ငယ်များဖြင့် ဆွေးနွေးမှုများကို ဆုံးဖြတ်ချက်များချမှတ်သည့် လူထုအားလုံးပါဝင်သည့် အစည်းအဝေးတွင် ထည့်သွင်း ဖော်ပြပြီး ဆွေးနွေးမည်ဖြစ်သည်။

**စည်းရုံးရေးနည်းလမ်းများ**

PRA နည်းပညာများကို အသုံးပြုမည်ဆိုပါက အောက်ပါ စည်းရုံးရေးကျွမ်းကျင်မှုများ လိုအပ်ပါသည်။

- တက်ရောက်လာသူ အားလုံးအားသက်တောင့်သက်သာရှိနေမှ ပူးပေါင်းပါဝင်နိုင်မည်ဖြစ်သည်။
- အစည်းအဝေးအတွက် အခြေခံစည်းကမ်းများချပါ။ ဥပမာ လူတိုင်းပါဝင်ဆွေးနွေးရန်၊ လူတိုင်းနား ထောင်ရန်၊ အပြန်အလှန်လေးစားရန်။
- အကြောင်းအရာများအား ဒေသသုံးဘာသာစကားဖြင့် ရိုးရှင်းစွာရှင်းပြပါ
- အဖွင့်မေးခွန်းများမေး၍ လူထု၏ထင်မြင်ယူဆချက်များကိုဖော်ထုတ်ပါ
- ငြိမ်သက်နေသူများအားစကားပြောရန်အားပေးပါ။ တစ်ဦးနှစ်ဦးတည်းကချည်းပြောနေတာမျိုး မဖြစ်ပါစေနှင့်
- အမျိုးသမီးများခွဲခြားခံရသူများ တက်ကြွစွာပါဝင်လာစေရန် အားပေးပါ။
- လူထုမှပြောကြားချက်များကို ဂရုတစိုက်နားထောင်ပြီး အချင်းချင်းအပြန်အလှန်နားထောင်ရန်လည်း တိုက်တွန်းပါ။
- သူတို့ပြောသည့် စကားများကို အားလုံးကြားတာ သေချာစေရန် ထပ်ပြောပြပေးပါ။
- တစ်ဦးတစ်ယောက်တည်းမှအဖွဲ့ကိုယ်စားပြောသည်ကိုလက်မခံပါနှင့်။ အခြားသူတွေရော "ဘယ်လို ထင်သလဲ" ဟုမေးပါ။
- အသေးစိတ်အချက်အလက်များရရှိစေရန်ဆင့်ပွားမေးခွန်းများမေးပါ- "နည်းနည်းလောက်ပိုပြောပြ နိုင်မလား" "ဦး/ဒေါ်လေး ပြောတာကိုဥပမာတစ်ခုလောက်နဲ့ရှင်းပြပါလား"
- ဆွေးနွေးနေစဉ် အချိန်ကို စီမံခန့်ခွဲနေရင်းနှင့် ဆွေးနွေးမှုများအားလုံးအားကို မှတ်တမ်းတင်ပါ။

**စာရွက်စာတမ်းထိန်းသိမ်းခြင်း**

PRA ဆောင်ရွက်မှုများမှ ရရှိသည့် ရလဒ်များကို (မှတ်တမ်းများ နှင့်/သို့မဟုတ် ဓါတ်ပုံများဖြင့်) ထိန်းသိမ်းထားရှိရန် လိုအပ်သည်။ ၎င်းတို့ကို VDP အတွက် အသုံးပြုမည်ဖြစ်သည်။

**PRA လုပ်ငန်းစဉ်အဆင့်ဆင့်**

VDP ဖြစ်ပေါ်လာစေရန် လိုအပ်သည့် PRA လုပ်ငန်းစဉ်အကောင်အထည်ဖော်ရန်အတွက် အောက်ပါဇယားနှင့် အဆင့်များအတိုင်း ဆောင်ရွက်ရန်လိုအပ်ပါသည်။




၁။ PSA မစတင်ခင်မှာ ကျေးရွာအနေနှင့် အပိုဒ် () တွင် ဖော်ပြထားသည့်အတိုင်း ဇာတ်ညွှန်း (၁) သို့မဟုတ် ဇာတ်ညွှန်း (၂)နှင့် ကိုက်ညီမှု ရှိမရှိ စစ်ဆေးပါ။ အခြေအနေအလိုက် ၎င်းစာပိုဒ်များတွင် ဖော်ပြထားသည့်အတိုင်း လမ်းညွှန်ဆောင်ရွက်ပါ။ PRA အတိုင်း ဆက်လက်ဆောင်ရွက်မည်ဆိုလျှင် အောက်ပါအဆင့်များအတိုင်း ပြုလုပ်ပါ။

၂။ **PSA ၏ ရည်ရွယ်ချက်များနှင့် တာဝန်များကို မိတ်ဆက်ပြောကြားပေးပါ။**

၃။ စေတနာ့ဝန်ထမ်းများ၏ အကူအညီဖြင့် ကျေးရွာလူထုကို အထက်မှာဖော်ပြထားသည့်အတိုင်း အဖွဲ့ (က) နှင့် အဖွဲ့ (ခ) ဟူ၍ **(၂) ဖွဲ့ဖွဲ့ရန်** ကူညီပေးပါ။ တစ်ဖွဲ့စီတွင် (တက်ရောက်လာသည့်အမျိုးသမီး ၅၀% အပါအဝင်၊ အမျိုးသား၊ တိုင်းရင်းသား လူနည်းစုများနှင့် မသန်စွမ်းသူများအပါအဝင်) သက်ဆိုင်သူ ကျေးရွာလူထုအားလုံး ကောင်းစွာပါဝင်စေရန် သေချာအောင်ပြုလုပ်ပါ။ (အိမ်ထောင်စု ၂၀၀နှင့်အထက် ရှိသည့်) ကျေးရွာကြီးများအတွက် အောက်ပါအချက်များကို လိုက်နာပေးပါ

- အိမ်ထောင်စု (၁၅၀)နှင့် အောက်ဆိုလျှင် (၂)ဖွဲ့(၃)ဖွဲ့ ဖွဲ့ပေးပါ။ အကယ်၍ (၂)ဖွဲ့ (က နှင့် ခ) ဆိုလျှင် တစ်ဖွဲ့လျှင် Tools (၃)ခုစီ ပေးပါ။ (၃)ဖွဲ့(က၊ ခ၊ ဂ) ဆိုလျှင် တစ်ဖွဲ့လျှင် Tools (၂)ခုစီပေးပါ။
- အိမ်ထောင်စု (၁၅၀) အထက်ဆိုလျှင် (၄)ဖွဲ့(၆)ဖွဲ့ခွဲပါ။ အသုံးပြုနေသည့် PRA Tools ကို နှစ်ဆ (အဖွဲ့ (က) နှစ်ဖွဲ့၊ အဖွဲ့ (ခ) နှစ်ဖွဲ့၊ အဖွဲ့ (ဂ) နှစ်ဖွဲ့ စသည်ဖြင့်) ပြုလုပ်ပါ။
- စည်းရုံးရေးမှူးများ လုံလောက်စွာရှိနေသည်မှာ သေချာအောင် ပြုလုပ်ပါ။ ကျေးရွာကြီးမည်ဆိုလျှင် ကျေးရွာငယ်ထက်ပို၍ စည်းရုံးရေးမှူး ပိုလိုမည်ဖြစ်သည်။
- ထိခိုက်လွယ်သည့်သူများအတွက် သင့်တော်လျှင် အဖွဲ့ပြုလုပ်ပါ (ဆိုလိုသည်မှာ တိုင်းရင်းသား သို့မဟုတ် ဘာသာရေးအဖွဲ့များ စသည်ဖြင့်) ။ သို့မှသာ ၎င်းတို့အနေနှင့် ကိုယ်ပိုင်အမြင်များကို သီးခြားခွဲ၍ဖော်ပြနိုင်မည်ဖြစ်သည်။

၄။ စည်းရုံးရေးမှူးတစ်ယောက်က PRA tool တစ်ခုသုံးပြီး စည်းရုံးကူညီနေစဉ်မှာ အခြားတစ်ယောက်က အခြား **PRA တစ်ခုကို စည်းရုံးကူညီပေးပါ။** မြေပုံနှင့် ဥစ္စာခနေကြွယ်ဝမှုပြဇယားတို့သည် တစ်ခုနှင့် တစ်ခု ချိတ်ဆက်နေပြီး တစ်ဖွဲ့တည်းမှ အသုံးပြုသင့်သည်။

၅။ တက်ရောက်လာကြသူများက ကိရိယာ တစ်ခုချင်းစီဖြင့် ဆောင်ရွက်ရာမှ **ထွက်ပေါ်လာသော အကြောင်းအရာများကို အဓိကမေးခွန်းများအသုံးပြီး ဖော်ထုတ်၍ ဆွေးနွေးပေးပါ**။ ထို့နောက် ထပ်မံဆွေးနွေး ရန် အမျိုးသမီးများ၊ အမျိုးသားများ၊ ထိခိုက်လွယ်အုပ်စုများနှင့် ဆက်စပ်သော နောက်ထပ် အကြောင်း အရာများကို

စစ်ဆေးပါ။ အများပြည်သူဝန်ဆောင်မှုနှင့် အခြေခံအဆောက်အအုံဝန်ဆောင်မှုများနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ကန့်သတ်ထားခြင်းမရှိသော်လည်း ကျေးရွာလူထုနှင့် သက်ဆိုင်သည့်ကိစ္စရပ်များ (အသက်မွေးဝမ်းကြောင်း၊ အားလုံးအသုံးပြုနိုင်သော စသည့်) သာ ဖြစ်သင့်သည်။

၆။ PRA tool တစ်ခုချင်းစီအတွက် ဆွေးနွေးရာတွင် တက်ရောက်လာကြသူများကို အနှစ်ချုပ်စေပြီး အဓိကအချက်များကို Flipchart တစ်ခုပေါ်တွင် tool တစ်ခုချင်းစီ၏ နာမည်ရှင်းလင်းစွာရေး၍ မှတ်သားခိုင်းထားပါ။ ပြန်လည်တင်ဆက်ပြသရာတွင် ၎င်းအချက်များကို အခြေခံပြောကြားပါ။

၇။ အဖွဲ့အားလုံးမှ ၎င်းတို့၏လေ့ကျင့်ခန်းများ ပြီးစီးသွားသည့်အခါ ဆွေးနွေးချက်အနှစ်ချုပ်များကို **အားလုံးထံ ပြန်လည်တင်ဆက်ပြသပေးပါ။** အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် ထိခိုက်လွယ်အုပ်စုများ ကိစ္စနှင့် စိန်ခေါ်မှုများအပေါ် အဓိကဆွေးနွေးသင့်ပြီး မြင်သာအောင် မှတ်သားထားသင့်သည်။ ပြန်လည်တင်ပြသည့်အခါ ကျေးရွာလူထုကိုယ်တိုင်ပြုလုပ်ရမည်ဖြစ်ပြီး ဖြည့်စွက်စရာလိုသည်များကို စည်းရုံးရေးမှူးများမှ ကူညီပံ့ပိုးပေးရန်ဖြစ်သည်။ တင်ပြမှုသည် တစ်နေကုန်သွားပါက နောက်တစ်နေ့မနက်တွင် အနှစ်ချုပ်ပြီး ပြန်လည်တင်ဆက်ပြသပေးရန် သေချာစွာပြုလုပ်ပါ။ အဘယ်ကြောင့်ဆိုသော် တက်ရောက်လာသူများသည် တစ်နေ့နှင့်တစ်နေ့ မတူနိုင်ပါ။

၈။ ထို့နောက်စည်းရုံးရေးမှူးများသည် စေတနာ့ ဝန်ထမ်းများ အကူအညီဖြင့် **တက်ရောက်လာသည့် ရွာသူ/ရွာသားများ ကို အမျိုးသား၊ အမျိုးသမီးအုပ်စုခွဲပေးပါ။** အုပ်စုခွဲ တစ်ခုစီကို PRA tools မှ ရလဒ်များအား စဉ်းစားဆွေးနွေးစေပြီး ၎င်းဆွေးနွေးမှုများဖြင့် ရင်ဆိုင်နေရသည့် **အတားအဆီးများ/ ပြဿနာများ/ စိန်ခေါ်မှုများကို စာရင်းပြုစု**ပါ။ ကျေးရွာလူထုအနေနှင့် PRA tools နှင့် ပြဿနာစာရင်းကြားက ဆက်နွယ်မှုကို နားလည်ကြောင်း သေချာအောင်ပြုလုပ်ပါ။

၉။ ထို့နောက်အဖွဲ့များကို ၎င်းစာရင်းများအား လေ့လာကြည့်စေပြီး နောက် (၅)နှစ်မှာ ကျေးရွာကိုမည်သို့မြင်ချင်ကြောင်းမေးပါ။ '*အဲဒီပြဿနာတွေ၊ စိန်ခေါ်မှုတွေကိုဖြေရှင်းပြီး သင့်ဘဝနဲ့ ကျေးရွာကို ဘယ်လိုလူနေမှုဘဝတွေ မြင့်မားစေချင်ပါသလဲ*' ဟုမေးပါ။ လိုအပ်ချက်များကို စာရင်းပြုစုပြီး ၎င်းတို့ကို **ကျေးရွာမျှော်မှန်းချက်**အဖြစ်ပြုလုပ်ပါ။

၁၀။ တက်ရောက်လာကြသူများကို အတားအဆီးများစာရင်းကို တစ်ဖက်တွင်စဉ်းစားစေပြီး တစ်ဖက်တွင် မျှော်မှန်းချက်များကို စဉ်းစားပါစေ။ 'ဘယ်လိုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေလုပ်ရင် အဲဒီအတားအဆီးတွေကို ကျော်လွှားပြီး မျှော်မှန်းချက်တွေ ရရှိနိုင်မလဲ' ဟုမေးပါ။ **ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစာရင်းပြုစု**စေပါ။ ၎င်းလုပ်ငန်းများသည် လူအများအပြားသာမက ဝင်ငွေနည်းပါးသူများ၊အမျိုးသမီး၊တိုင်းရင်းသားလူနည်းစု၊ မသန်စွမ်းသူများ၏ အခက်အခဲများကိုပါ ဖြေရှင်းပေးနိုင်ကြောင်း သေချာစွာစဉ်းစားပေးရန် လိုအပ်သည်။

၁၁။ အမျိုးသားနှင့်အမျိုးသမီးအဖွဲ့များက ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများစာရင်းပြုလုပ်ပြီးပြီဆိုလျှင် ၎င်းအဖွဲ့များကို ပြန်လည်ခေါ်ယူလိုက်ပြီး ၎င်းတို့ဆွေးနွေးထားသည်များနှင့် စာရင်းများကို ပြန်လည် တင်ပြခိုင်းပါ။ ထို့နောက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများစာရင်းအားလုံးပေါင်းစည်းပြီး စာရင်းတစ်ခုတည်း ပြုလုပ်ပါ။ မည်သည့်လုပ်ငန်းကို အမျိုးသား၊အမျိုးသမီး၊ သို့မဟုတ် နှစ်ဖက်စလုံးက ဦးစားပေးသတ်မှတ် ထားသည်ကို သေချာစွာဖော်ပြပါ။ ၎င်းအချက်အလက်များသည် ပုံစံ စ-၃ ဖြည့်သွင်းရန် လိုအပ်သည်။

၁၂။ တစ်စုတစ်စည်းတည်းပေါင်းစည်းထားသည့် စာရင်းရရှိပြီဆိုပါက **ဦးစားပေးသတ်မှတ်ချက်ကို** ရွာလူထုအားလုံး မဲပေးနိုင်သည့်နေရာတွင် **လျှို့ဝှက်မဲပေး ရွေးချယ်ပါ။** ကျေးရွာသူကျေးရွာသား အားလုံးသည် လျှို့ဝှက်မဲပေးရမည် ဖြစ်ပြီး မဲရေတွက်ရာတွင် အများရှေ့၌ မြင်သာအောင် ရေတွက်ရမည်ဖြစ်သည်။ ရလဒ်များကို လုပ်ငန်းစာရင်းပေါ်တွင် ချရေးပြီး **ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ် ဦးစားပေးလုပ်ငန်းများ အပြီးသတ်စာရင်း** ပြုလုပ်ပါ။ ၎င်းစာရင်းတွင် အမျိုးသမီးများ၏စာရင်း တစ်ခုသို့မဟုတ် တစ်ခုထက်ပို၍ ပါဝင်ရမည်။

၁၃။ ထို့နောက်စည်းရုံးရေးမှူးများမှနေ၍ မည်သည့်လုပ်ငန်းများကို လူထုဗဟိုပြုစီမံကိန်းက ထောက်ပံ့ပေးနိုင်ပြီး မည်သည်တို့ကိုတော့ မထောက်ပံ့ပေးနိုင်ကြောင်းနှင့် မည်သည့်လုပ်ငန်းကို ပထမနှစ်တွင် ထောက်ပံ့နိုင်ပြီး မည်သည်တို့ကိုတော့ မထောက်ပံ့ပေးနိုင်ကြောင်း အသိပေးပါ။ လူထုဗဟိုပြုစီမံကိန်းက မထောက်ပံ့ပေးနိုင်လျှင်လည်း VDP တွင် မှတ်တမ်းတင်ကာ အခြားထောက်ပံ့မှုများ ရရှိရန်အတွက် TPIC သို့ တင်သွင်းနိုင်ကြောင်းရှင်းပြပါ။

၁၄။ VDP တွင် PRA tools များမှရလဒ်များ၊ သီးသန့်အဖွဲ့လိုက်ဆွေးနွေးမှုများမှ ရလဒ်များနှင့် ဦးစားပေး အဆင့်သတ်မှတ်မှုများအားလုံး တစ်ပေါင်းတစ်စည်းတည်း ပါဝင်မည်ဖြစ်သည်။

**စည်းရုံးကူညီပံ့ပိုးခြင်းအတွက် မှတ်ချက်များ**

- **အထက်တွင် အကြံပြုထားသော အချိန်သတ်မှတ်ချက်နှင့် လုပ်ငန်းစဉ်များသည် ညွှန်းဆိုချက်များ**ဖြစ်ပြီး စည်းရုံးရေးမှူးများမှ ကျေးရွာလူထုနှင့် စီမံကိန်းစက်ဝန်း ပထမ အဆင့် (၆)ဆင့်ကို စီမံကိန်းအဓိကအကောင်အထည်ဖော်သူများမှ ဆောင်ရွက်နိုင်ရန် ကူညီရာတွင် တစ်ဆင့်ချင်းဆီ ညွှန်ပြထားသည်။ သို့သော် ပိုမိုထိရောက်စေရန်အတွက် CF နှင့် TF များသည် TTA/DRD အဖွဲ့တစ်ဖွဲ့ချင်းစီ၏ အကူအညီနှင့်အတူ ဒေသခံများ၏လိုအပ်ချက်များနှင့် သတ်မှတ်ချက်များကို ပြောင်းလဲနိုင်သည်။
- **CF နှင့် TF များသည် ကျေးရွာစေတနာ့ဝန်ထမ်းများ**၏စွမ်းဆောင်ရည် မြှင့်တင်ရန်အတွက် အဆင့်တိုင်းတွင် ၎င်းတို့နှင့်အတူ **နီးကပ်စွာ အလုပ်လုပ်သင့်**သည်။

**မှတ်ချက်။** ဒုတိယစက်ဝန်းနှင့်နောက်ပိုင်းမြို့နယ်များ၏ ကျေးရွာလူထုများအနေနှင့် လက်ထောင်မဲပေးပြီး VDP ပြုလုပ်ရာတွင် ဆန်းစစ်မှုများနှင့် ကျေးရွာလူထု ညှိနှိုင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန် PRA လုပ်ငန်းစဉ်ကို ထပ်မံ အကောင်ထည်ဖော်နိုင်ပါသည်။ ကျေးရွာလူထုအနေနှင့် PRA ကို ပထမအကြိမ်တွင် နားမလည်ခဲ့လျှင်သော် လည်းကောင်း သို့မဟုတ် ပူးပေါင်းပါဝင်လာသူ ပိုမိုများပြားလာသည့်အတွက် PRA တစ်ခုလုံးကို ပြန်လည်ပြုလုပ်လိုက ပြုလုပ်နိုင်သည်။ OM ၏ အခန်း (၂)၊ အပိုင်း(၄) တွင်ပါရှိသည့် "နောက်ဆက်တွဲ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ" ကို အောက်တွင်ဖော်ပြထားပြီး လိုအပ်သည့်လမ်းညွှန်ချက်များ ကြည့်ရှုနိုင်ပါသည်။

**လူမှုရေးနှင့်အရင်းမြစ်ပြမြေပုံများ**

လူမှုရေးနှင့်အရင်းမြစ်ပြမြေပုံများ ကိရိယာ အသုံးပြုပုံလမ်းညွှန် တစ်ဆင့်ချင်းစီကို အောက်တွင် ဖော်ပြထားပြီး ဥပမာတစ်ခုကိုပါ ဖော်ပြထားသည်။

| |
|---|
| **အဓိပ္ပာယ်။** လူမှုရေးနှင့်အရင်းမြစ်ပြမြေပုံများကို မြေပြင်ပေါ်တွင် သို့မဟုတ် FLIPCHARTS များပေါ်တွင် ကျေးရွာလူထုအဖွဲ့ဝင်များမှ ရေးဆွဲပြီး ကျေးရွာ၏ အဓိကအချက်အခြာများ ဖော်ပြထားသလို ကျေးရွာလူထု၏ လူမှုရေးပြဿနာများ၊ အရင်းအမြစ်များ၊ အခြေခံအဆောက်အအုံများနှင့် ရရှိနိုင်သည့် ဝန်ဆောင်မှုများကို ဖော်ပြထားသည်။ |
| **ရည်ရွယ်ချက်။** မြေပုံကို ကြည့်ခြင်းအားဖြင့် လူသားနှင့် လူမှု အရင်းအမြစ်များ၊ (အဆောက်အဦများ၊ အိမ်များ စသည့်) တိုက်တာအဆောက်အအုံများနှင့် (သီးနှံများ စသည်တို့ကဲ့သို့) စီးပွားရေး အရင်းအမြစ်များ အကြောင်း လေ့လာနိုင်မည်။ ထို့အပြင် ကျေးရွာလူထု၏ ပြဿနာများနှင့် ကိစ္စရပ်များ၊ အခြေခံအဆောက်အအုံအမျိုးမျိုးနှင့် လူမျိုးစုများ၏ တည်နေရာများ၊ အသက်မွေးဝမ်းကျောင်းများကိုလည်း လေ့လာနိုင်ပါသည်။ |
| **အဆင့် ၁။ မိတ်ဆက်ခြင်း။** *'ကျွန်တော်/ကျွန်မတို့ရဲ့ ရည်ရွယ်ချက်ကတော့ လက်ရှိအခြေခံ အဆောက်အအုံနှင့် ဝန်ဆောင်မှုတွေ အပါအဝင် လူမှုရေးနဲ့ တိုက်တာအဆောက်အအုံတွေကို ပြသဖို့အတွက် ကျေးရွာလူထုရဲ့ မြေပုံကို ဖန်တီးပေးဖို့ဖြစ်ပါတယ်။ ပြီးမှ ကျွန်တော်/ကျွန်မတို့က အဲဒီမြေပုံကိုသုံးပြီး ကျေးရွာလူထုက လိုအပ်နေတဲ့* |

*အခြေခံအဆောက်အအုံ ဒါမှမဟုတ် ဝန်ဆောင်မှုအသစ်တွေကို ဖော်ထုတ်သုံးသပ်မှာဖြစ်ပါတယ်။ အစ်ကိုတို့၊ အစ်မတို့က ကျွမ်းကျင်ပြီးသားဆိုတော့ ကိုယ့်ကျေးရွာကို မြေပြင်ပေါ်မှာ ဘယ်လိုပုံစံ ဆွဲရမလဲ လမ်းညွှန်ပေးပါဦး'*

**အဆင့် ၂။ နယ်နိမိတ်၊ အထင်ကရနေရာများနှင့် လက်ရှိ အခြေခံအဆောက်အအုံများကို ပုံကြမ်းဆွဲပါ။**

- စေတနာ့ဝန်ထမ်းတစ်ဦးကို Flipchart ပေါ်တွင် တုတ်ချောင်းဖြင့် ကျေးရွာနယ်နိမိတ်ရေးဆွဲရန်ပြောပါ။
- ထို့နောက် တစ်ဦးဦးကို လူတိုင်းအား **မိတ်ဆက်**ရှင်းပြနိုင်မည့် အဓိကအချက်အချာကျသည့် လမ်းသို့မဟုတ် မြစ်ရေးဆွဲရန်ပြောပါ။ ဥပမာ၊ *'ဒီနေရာမှာ လမ်းရှိတယ်။ ဒီမှာတော့ မြစ်ရှိတယ်။'*
- ထို့နောက် လူတိုင်းကို လမ်းများ၊ မြစ်များ၊ တောင်ကုန်း/တောင်တန်းများ၊ သစ်တောများ၊ လယ်ကွင်းများစသည့် အထင်ကရနေရာများ ထည့်သွင်းခိုင်းပါ။
- ထို့နောက် ရောင်စုံကဒ်များဝေပြီး လူတိုင်းကို (ကျောင်း၊ ကျန်းမာရေးပစ္စည်း၊ ရေပေးဝေရေးလုပ်ငန်းများ စသည့်) ဝန်ဆောင်မှုများနှင့် လက်ရှိ အခြေခံအဆောက်အအုံများ မှတ်သားပေးရန်ပြောပါ။ ကဒ်ပေါ်တွင် အခြေခံအဆောက်အအုံတစ်ခုချင်းစီ၏ ပုံကို ဆွဲပါ။ အသွင်ပြင်လက္ခဏာများ ရေးဆွဲရာတွင် (အထူးသဖြင့် အမျိုးသမီးများ) လူတိုင်းပါဝင်စေရန် ပြုလုပ်ပါ။

**<u>ပံ့ပိုးကူညီရန် အချက်များ</u>**

- မည်သည်တို့ကို ဆောင်ရွက်နေကြောင်း လူတိုင်းသိရှိနိုင်ရန်အတွက် လုပ်ဆောင်နေသည်များကို ထိန်းသိမ်းပေးပါ။
- အခြေခံအဆောက်အအုံတိုင်းကို မှတ်သားပြီးပြီဆိုလျှင် လူတိုင်းကြားနိုင်စေရန်နှင့် မည်သည့် အခြေခံ အဆောက်အအုံများ (ကျောင်း၊ ဆေးခန်း စသည့်) ကို မှတ်သားပြီးပြီဆိုသည့် အကြောင်း ရှင်းပြနိုင်ရန်အတွက် 'ထပ်ပြောပြ' ပေးပါ။
- *'ဘာတွေများ ထပ်ဖြည့်ချင်ပါသေးသလဲ'* ဟု ဆက်တိုက် မေးပါ။
- အကယ်၍ အမျိုးသမီး သို့မဟုတ် အခြားသူများမှ ပူးပေါင်းပါဝင်မှု မရှိခဲ့လျှင် ပါဝင်လာအောင် *'ဒီရွာအကြောင်းကို အမျိုးသားတွေချည်းပဲ နားလည်ကြတာလား။ အမျိုးသမီးတွေစီကရော နားထောင်လို့မရဘူးလား'*ဟု ပြောဆိုကြည့်ပါ။

**အဆင့် ၃။ လက်ရှိ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများအကြောင်း ဆွေးနွေးပါ။**

- အခြေခံအဆောက်အဦ/ဝန်ဆောင်မှု တစ်ခုချင်းစီအတွက် *'ဘယ်လိုအခြေအနေရှိလဲ။ ဘယ်လိုသုံးခဲ့ကြလဲ။ ဘယ်သူတွေသုံးခဲ့ပြီး ဘယ်သူတွေ မသုံးခဲ့ဘူးလဲ။ ဘာပြဿနာတွေရှိလဲ'*ဟု မေးခွန်းများမေးပါ။

**အဆင့် ၄။ ကျေးရွာသူကျေးရွာသားများမှ ဖွံ့ဖြိုးတိုးတက်စေချင်သည့် အခြေခံအဆောက်အအုံအသစ်ကို မှတ်သားပါ။**

*'အခုမြေပုံထဲမှာမပါတဲ့ ဘယ်အရာတွေကို ကိုယ့်ကျေးရွာမှာ မြင်ချင်သလဲ။ ဘယ်လို အခြေခံအဆောက်အအုံ/ဝန်ဆောင်မှုတွေ လိုအပ်နေလဲ ဒါမှမဟုတ် တိုးတက်ဖို့လိုအပ်သလဲ'* ဟု မေးပါ။ အသစ်တစ်ခု လိုအပ်ခြင်း သို့မဟုတ် လက်ရှိအခြေခံအဆောက်အအုံကို ပြန်လည်မွမ်းမံခြင်းဖြစ်သည်ကို ရှင်းလင်းအောင်လုပ်ပါ။ အသစ်တစ်ခု လိုအပ်ခြင်း သို့မဟုတ် လက်ရှိအခြေခံအဆောက်အအုံကို ပြန်လည်မွမ်းမံခြင်းအတွက် အနည်းဆုံး စီမံကိန်း (၄)ခုအတွက် စိတ်ကူးများကို ဖိတ်ခေါ်ပါ။ (ဥပမာ။ ရေပေးဝေရေး၊ တံတား၊ စာသင်ကျောင်း မွမ်းမံခြင်း၊ သို့မဟုတ် အသေးစားဈေး)။ စိတ်ကူးများပေးသည့် ကျေးရွာသူ၊ ကျေးရွာသားများကို မြေပုံ၏ မည်သည့်နေရာတွင် ထားရှိသင့်ကြောင်း ပြသခိုင်းပါ။ ထို့နောက် အခြေခံအဆောက်အအုံနာမည်ကို မတူညီသည့် အရောင်စုံကဒ်များ ပေါ်တွင် ရေးချပြီး မြေပုံပေါ်တွင် ထားရှိပေးပါ။

**အဆင့် ၅။ အရင်းအမြစ်များကို ဖြည့်စွက်ပါ။**

ကျေးရွာအတွင်းရှိ သစ်တော၊ သီးနှံများ၊ မြစ်ချောင်းများနှင့် အခြားရေအရင်းမြစ်များ၊ တောတောင်၊ သဲ/ကျောက် စသည့် အရင်းအမြစ်များကို ဖြည့်စွက်ပေးရန် ကျေးရွာသူ၊ ကျေးရွာသားများကို မေးပါ။ အရင်းအမြစ်တိုင်းကို မှတ်သားရန် ကဒ်များကို အသုံးပြုပါ။

**အဆင့် ၆။ အိမ်များကို ဖြည့်စွက်ပါ။**

အားလုံးကို ကဒ်တွေဖြန့်ဝေလိုက်ပြီး အစည်းအဝေးမတက်ရောက်သည့်သူများအပါအဝင် ကျေးရွာရှိ အိမ်ရှင်နာမည်များကို ကဒ်ပေါ်တွင် ရေးလိုက်ပါ။

**အဆင့် ၇။ လူမှုရေး ရှုထောင့်များကို ဖြည့်စွက်ပါ။**

တက်ရောက်လာကြသူများကို (အမှတ်အသားများ အသုံးပြု၍) သိသာသည့် လူမှုရေးရှုထောင့်များ (တိုင်းရင်းသားများနှင့် ဘာသာမတူသူများ၊ အိမ်ထောင်စုများ၊ မသန်စွမ်းသူများ၊ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများ အစရှိသည်) တို့ကို ဖော်ထုတ်ပြီး မှတ်သားပါ။

**အဆင့် ၈။ ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း**

အောက်ပါအဓိကမေးခွန်းများမေးမြန်းပြီး ဆွေးနွေးပါ။

- အသက်မွေးဝမ်းကြောင်းအတွက်မည်သည့်အရင်းအမြစ်များကို အသုံးပြုသနည်း။
- မည်သည့်အရင်းအမြစ်များမှာ အများအပြားရှိသနည်း။ မည်သည်တို့မှာ နည်းပါးသနည်း။
- လွန်ခဲ့သည့် ၅ နှစ်အတွင်းမည်သည့်အရင်းအမြစ်များ လျော့နည်းလာသနည်း။
- မည်သည့်အုပ်စုများက ကျေးရွာတွင် သီးခြားနေကြသနည်း။
- မည်သည့်အပိုင်းများတွင် ဘာသာရေးအုပ်စု၊ လူမျိုးစုအုပ်စုများနေကြသနည်း။
- ကျေးရွာအတွင်းသို့မဟုတ် အပြင်သို့ ပြောင်းရွှေ့မှု အခြေအနေ

**အဆင့် ၉။ အနှစ်ချုပ်**

ဆွေးနွေးမှုနှင့် ဆန်းစစ်မှုမှ အဓိကအချက်များကို အနှစ်ချုပ်ပြီး စိတ်ကူးအားလုံးကို အသေအချာရယူပါ။ ထို့နောက် အဆိုပြုထားသည့် ပြောင်းလဲလိုသည့် အခြေခံအဆောက်အအုံရလဒ်ကို လူတိုင်းနားလည်အောင် ပြုလုပ်ပါ။ **၎င်းတို့ကို Flipchart တစ်ခုပေါ်မှာ မှတ်သားထားပြီး ပြန်လည်တင်ပြဆွေးနွေးရာတွင် အသုံးပြုပါ။** ယခုလို စိတ်ကူးများ ရရှိလာခြင်းသည် ကျေးရွာလူထု၏လိုအပ်ချက်များနှင့် ပြဿနာများအတွက် စဉ်းစားရာတွင် ဆက်စပ်ပေးနိုင်မည်ဆိုသည့်အကြောင်း ရှင်းပြပါ။




"လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ"

(ဆွေးနွေးချက်နှင့်သုံးသပ်ချက်)

△ လယ်ယာများ၊ သစ်တောများ၊ ချောင်း၊ တောတောင်များကို မှီခို၍ အသက်မွေးဝမ်းကြောင်းပြုကြသည်။

△ သောက်သုံးရေ ဖူလုံ၍ စိုက်ပျိုးမြေနည်းပါးသည်။

△ လွန်ခဲ့သော ၅၁ နှစ်တာအတွင်း တောတောင်များ ပြုန်းတီးလာပြီး ဆက်သွယ်ရေးလမ်းများ မကောင်းပါ။

△ ကျေးရွာ၏ အဓိကကျသော နေရာများတွင် ကြွယ်ဝသူများ နေထိုင်ကြပြီး မပြေလည်သူများမှာ ချောင်ကျသော ရွာစွန်ရွာဖျားများတွင် နေထိုင်ကြသည်။

△ တစ်ရွာလုံး ဗုဒ္ဓဘာသာ ကိုးကွယ်ကြပြီး အခြားဒေသသို့ သွားရောက်လုပ်ကိုင်သူများ ပြားသည်။

တိုးတက်ရန် လိုအပ်သော အချက်များ

- ဆက်သွယ်ရေး ကောင်းမွန်ရန် (လမ်း၊ တံတား)
- လျှပ်စစ်မီးများ ရရှိရန်
- စိုက်ပျိုးရေး နည်းစနစ်များ ရရှိရန်
- မူလတန်းမှ အလယ်တန်း ပညာရေးစနစ်တိုးမြှင့်ရန်
- ဝင်ငွေတိုးလုပ်ငန်းများ ရရှိရန်
  - ကြက်၊ ဝက်မွေးမြူရေး
  - စားသောက်ကုန် ထုတ်လုပ်ခြင်းလုပ်ငန်း
  - လက်မှုပညာလုပ်ငန်း (တောင်း၊ ခမောက်၊ စကော၊ ဖျာ၊ ထရံ)
  - အသေးစားချေးငွေ လုပ်ငန်း

**ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်**

*ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်* အသုံးပြုပုံ အဆင့်ဆင့်ကို အောက်ပါအတိုင်း လမ်းညွှန်ထားပြီး ဥပမာပုံတစ်ခု ပြသထားသည်။

**အဓိပ္ပာယ်။** လူမှုမြေပုံပေါ်တွင် အိမ်ထောင်စု တစ်ခုချင်းစီကို ဖော်ထုတ်ပြီး အိမ်ထောင်စု တစ်ခုချင်းစီကို သဘောတူညီထားသည့် သတ်မှတ်ချက်အချို့ကို အသုံးပြုကာ ချမ်းသာ၊ ဆင်းရဲ၊ သို့မဟုတ် သာမာန်ဟူ၍ ဥစ္စာဓနကြွယ်ဝမှုအလိုက် အဆင့်ခွဲသတ်မှတ်ရန်ဖြစ်သည်။

**ရည်ရွယ်ချက်။**

- ချမ်းသာ၊ ဆင်းရဲ၊ အလယ်အလတ်အဆင့်ကို သင့်လျော်သောကျေးရွာဓလေ့ထုံးစံများအသုံးပြုပြီး လူထုအား လူဦးရေအလိုက် ကွဲပြားသောလူမှုစီးပွားရေးအုပ်စုအမျိုးအစားခွဲခြားရန်
- ကျေးရွာအတွင်းရှိ အမျိုးအစားကွဲပြားသောလူအုပ်စုများကို နားလည်စေရန်နှင့် မည်သည့်အချက်များကြောင့် ထိုသို့ဖြစ်နေသည်ကို နားလည်စေရန်
- အမျိုးသား၊အမျိုးသမီး၊ မတူကွဲပြားသော အသုံးပြုခွင့်နှင့် အရင်းအမြစ်များအပေါ် ထိန်းချုပ်မှုတို့ကို ဖော်ထုတ်သိရှိစေရန်
- လုပ်ငန်းရေးဆွဲရာတွင် အားအနည်းဆုံးသူများ ပါဝင်လာစေရန်နှင့် ၎င်းတို့၏လိုအပ်ချက်များကို မြင်သာအောင်မှတ်သားမိစေရန်

**ပြင်ဆင်ခြင်း။**

- အမျိုးသား၊အမျိုးသမီး၊ လူမှုစီးပွားမတူညီသောအုပ်စုများ၊ လူနည်းစုတိုင်းရင်းသားလူမျိုးစုများ (သို့) ဘာသာရေးအုပ်စုများ အစည်းအဝေးတွင် ပါဝင်စေရန် သေချာအောင်ပြုလုပ်ပါ။
- အုပ်စုအားလုံးကို ကိုယ်စားပြုနိုင်ရန် အထူးပြုပါ။ ထို့ကြောင့် အခွင့်အလမ်းမရှိသောအုပ်စုများနှင့် အခွင့်အလမ်းရှိသောအုပ်စုများ၏ အားသာချက်များနှင့် ဦးစားပေးမှုများကို ထည့်သွင်းစဉ်းစားရန် သေချာအောင် ပြုလုပ်ပါ။

**အဆင့် ၁။ မိတ်ဆက်ခြင်း**

ယခုပြုလုပ်မှုသည် ကျေးရွာအတွင်းရှိ မည်သူများသည် မည်သည့်အုပ်စုတွင် ပါဝင် နေသည်ကို သိရှိစေရန် ပြုလုပ်မည့်ဖြစ်ကြောင်း ရှင်းပြပါ။ အိမ်ထောင်စုများကို မတူကွဲပြားသောလူမှုစီးပွားအုပ်စုများ (ချမ်းသာ/ ပိုမိုကောင်းမွန်သော၊ ဆင်းရဲနှင့် အလယ်အလတ်အုပ်စု)နှင့် ကွဲပြားသောမျိုးနွယ်စုများစသည်ဖြင့် အမျိုးအစား ခွဲခြားရန်ဖြစ်သည်။ ၎င်းအချက် အလက်များသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ကွဲပြားသော အုပ်စုများမှလူထု၏ ပါဝင်မှုကို သေချာစေရန်အတွက် အသုံးပြုမည်ဖြစ်သည်။

**အဆင့် ၂။ ဥစ္စာဓနအင်အား သတ်မှတ်ချက်များ**

အောက်ပါမေးခွန်းများ မေးမြန်းပြီး ဆွေးနွေးပွဲကို စတင်စည်းရုံးပါ။

- *ကျေးရွာတွင် အိမ်ထောင်စု မည်မျှရှိသနည်း။*
- *ကျေးရွာလူထု၏ အဖွဲ့အသီးသီးသည် မည်သည့်နေရာများတွင် ရှိကြသနည်း။*
- *လူနည်းစုတိုင်းရင်းသားလူမျိုးစုများ (သို့) ဘာသာရေးအုပ်စုများ၊ ဆင်းရဲသောလူအုပ်စုများ (သို့) မြေယာမဲ့ လူအုပ်စုများ (သို့) ၎င်းအိမ်ထောင်စု ခေါင်းဆောင်များကို တစ်စုတစ်စည်းထားသည့် နေရာ ကျေးရွာတွင်ရှိပါသလား။*

ထို့နောက် တက်ရောက်လာကြသူများကို အထက်တွင်ဖော်ပြထားသည့် အကြောင်းအရာများကို အခြေခံ ဆွေးနွေးထားသည့် ကဏ္ဍ (၃)ခု၊ (၄)ခုခန့်ကို ဖော်ထုတ်ခိုင်းပါ။ ကဏ္ဍတစ်ခုချင်းစီအတွက်

ဒေသနှင့်ကိုက်ညီသည့်သတ်မှတ်ချက်များ ဖော်ထုတ်နိုင်ရန်နှင့် ပြုလုပ်နိုင်ရန် ဆွေးနွေးရာတွင် ကူညီပေးပါ။ ဥပမာ ချမ်းသာသည့်သူများသည် တိုက်အိမ်၊ ဆိုင်ကယ်၊ ထရပ်ကား၊ လယ်မြေတွေ ပိုင်ဆိုင်နိုင်ပြီး ဆင်းရဲသူများမှာ လယ်မြေမရှိသလို ဝင်ငွေမလုံလောက်သည့် အလုပ်များလုပ်ကိုင်နေရခြင်း ဖြစ်သည်။

Flipchart တစ်ခုပေါ်မှာ (ချမ်းသာ၊ အလယ်အလတ်၊ ဆင်းရဲနွမ်းပါး) အလိုက် **ကဏ္ဍခွဲ သတ်မှတ်**ပြီး ကျေးရွာလူထုမှ သဘောတူသည့်အတိုင်း **သတ်မှတ်ချက်များ ပြုလုပ်**ပါ။ ကဏ္ဍ တစ်ခုစီအတွက် သင်္ကေတ (သို့) ရောင်စုံကုဒ်များဖြင့် သတ်မှတ်ပါ။

**အဆင့် ၃။ ဥစ္စာဓနအဆင့်များ**

- လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံကို ကြည့်ပြီး အိမ်ကဒ်တစ်ခုချင်းစီအပေါ်တွင် ချမ်းသာ၊ ဆင်းရဲ၊ ပုံမှန်တို့အတွက် သတ်မှတ်ချက်အတိုင်း အမှတ်အသားများ ပြုလုပ်ပါ။ နာမည်များမရေးပါနှင့်။
- အားလုံးဆင်းရဲသည်ဟု လူတွေပြောကောင်းပြောနိုင်သည်။ ကွဲပြားခြားနားပုံကို သိရှိမည်ဆိုပါက အဖွဲ့အသီးသီးကလူတိုင်းသည် အစီအစဉ်ရေးဆွဲရာတွင် ပါဝင်လာပြီး စီမံကိန်းမှနေ၍ အကျိုးအမြတ်များ ခံစားရနိုင်ကြောင်း ရှင်းပြပါ။
- Flipchart ပေါ်တွင် ကဏ္ဍအသီးသီးရေးမှတ်ပြီးလျှင် ကဏ္ဍအလိုက်ပါဝင်နေသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်းကို မှတ်သားပါ။

**အဆင့် ၄။ ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း**

အောက်ဖော်ပြပါ အဓိကမေးခွန်းများမေးပြီး ဆွေးနွေးမှုကို စတင်ပါ။

- *ကျေးရွာအတွင်းတွင် ဆင်းရဲနွမ်းပါးသည့်အိမ်ထောင်စုမည်မျှ ရှိသနည်း။*
- *မည်သည့်အတွက်ကြောင့် ဆင်းရဲရသနည်း။*
- *ဆင်းရဲနွမ်းပါးသူတွေကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် ရေးဆွဲရာမှာ ပါဝင်လာအောင် မည်ကဲ့သို့ ဆောင်ရွက်နိုင်သနည်း။*
- *မည်သည့်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များက ဆင်းရဲနွမ်းပါးဆုံးသူများကို တိုးတက်ကောင်းမွန် စေပြီး ကျေးရွာတစ်ခုလုံးကို ဖွံ့ဖြိုးတိုးတက်စေမည်နည်း။*

**အဆင့် ၅။ အနှစ်ချုပ်**

ဆွေးနွေးမှုများနှင့် ဆန်းစစ်မှုများထဲမှ အဓိကအချက်များကို အကျဉ်းချုပ်ပါ။ အားလုံး၏ အကြံဉာဏ်ကိုရယူပါ။ ရလဒ်များကို လူတိုင်းနားလည်သဘောပေါက်ရပါမည်။ **၎င်းတို့ကို Flipchart တစ်ခုပေါ်မှာ မှတ်သားထားပြီး ပြန်လည်တင်ပြဆွေးနွေးရာတွင် အသုံးပြုပါ။** ကျေးရွာလူထု၏ အစီအစဉ်ရေးဆွဲခြင်း လုပ်ငန်းစဉ်နှင့်အတူ ပြဿနာများနှင့် လိုအပ်ချက်များကို စဉ်းစားသည့်အခါ ယခုရရှိသည့်အကြံဉာဏ်များကို ချိတ်ဆက်ဆောင်ရွက်မည့် အကြောင်း ရှင်းပြပါ။

**ဥစ္စာဓနကြွယ်ဝမှုနှင့်ပတ်သက်၍ ဥပမာဇယားတစ်ခု**

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်းများ | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | တိုက်အိမ်ကြီး၊ ကား၊ လယ်ကွင်းကျယ် (၁၀ ဧက)၊ ထွန်စက်၊ နွားများ၊ သရက်ခြံ သီဟိုဠ်ခြံများ၊ နေစွမ်းအင်သုံးလျှပ်စစ်၊ ကလေးများကို ကျောင်းထားနိုင်ခြင်း | ၃ | ၈.၈ |

| | | | |
|---|---|---|---|
| အလယ်အလတ် | သစ်သားအိမ် (အလယ်အလတ်)၊ လယ် ၅ ဧက၊ တရုတ်ဆိုင်ကယ်၊ ကျွဲတစ်ရှဉ်း၊ တီဗွီ၊ ကလေးများကို အထက်တန်းကျောင်း ထားနိုင်ခြင်း | ၁၅ | ၄၄.၁၂ |
| ဆင်းရဲ | ဝါးတဲ၊ နေ့စားလုပ်သား၊ ငါးဖမ်း၊ ကြက်အကောင်ရေ အနည်းငယ်ရှိ။ ကလေးများကို မူလတန်းအထိသာထားနိုင်ခြင်း | ၁၄ | ၄၁.၁၈ |
| အလွန်ဆင်းရဲ | အိမ်မရှိ၊ မြေမရှိ၊ အကြွေးများရှိ၊ မသန်စွမ်းသူရှိ | ၂ | ၅.၈၈ |
| စုစုပေါင်း | | ၃၄ | ၁၀၀ |






**ပိုင်ဆိုင်မှုသုံးသပ်ခြင်း**

ပိုင်ဆိုင်မှုသုံးသပ်ခြင်း အသုံးပြုပုံ အဆင့်ဆင့်ကို အောက်ပါအတိုင်း လမ်းညွှန်ထားပြီး ဥပမာပုံတစ်ခု ပြသထားသည်။

| |
|---|
| **အဓိပ္ပာယ်။** အမျိုးသမီးနှင့် အမျိုးသားများ**ပိုင်ဆိုင်**ပြီး **ထိန်းချုပ်**ထားသည့် ပိုင်ဆိုင်မှု (သို့) အရင်းအမြစ်များကို ကြည့်ရှုခြင်းဖြစ်သည်။ အမျိုးသမီးနှင့် အမျိုးသားများ၏ အရင်းအမြစ်များနှင့် ပတ်သက်သည့် ဦးစားပေးများနှင့်၊ လိုအပ်ချက်များ ကွဲပြားခြားနားမှုများကို ကိုဆွေးနွေးခြင်းဖြစ်သည်။ |
| **ပြင်ဆင်ခြင်း။**<br>• အမျိုးသမီး၊ အမျိုးသား၊ အမျိုးသမီးနှင့် အမျိုးသား စသည့် ပုံ(၃)ပုံပါ မိတ္တူ **(၂)စုံ**<br>• သစ်တော၊ ကျွဲနွား၊ သီးနှံ၊ ရေ စသည့် ဒေသခံအရင်းအမြစ်များပြသည့်ကဒ်များ<br>**အဆင့် ၁။** အရင်းအမြစ် **အသုံးပြုမှု**နှင့် **ထိန်းချုပ်မှု**အကြောင်း သိရှိနိုင်ရန်အတွက် ရည်ရွယ်ကြောင်း ရှင်းပြပါ။<br><br>**အဆင့် ၂။** ၎င်းတို့ကြားတွင် အနည်းငယ်ခြားလျက် ကဒ် (၃)ခုကို တန်းစီထားလိုက်ပါ။<br><br>**အဆင့် ၃။** တက်ရောက်လာကြသူများကို ၎င်းတို့ပြုလုပ်ခဲ့သည့် အရင်းအမြစ်မြေပုံနှင့် အခြားပြုလုပ်ခဲ့သည်တို့ပေါ် အခြေခံပြီး အရင်းအမြစ်များ/ပိုင်ဆိုင်မှု/အခြေခံအဆောက်အအုံတို့ကို ရေးချရန်ပြောပါ။ တစ်ဦးပိုင်ထက် အများပိုင် အရင်းအမြစ်များကို အလေးထားပါ။ အရင်းအမြစ်ကဒ်များကို ဖော်ပြပြီးနောက် ကဒ်လွတ်ပေါ်တွင် အသစ်ဖော်ပြထားသော အရင်းမြစ်များကို ချရေးပါ။<br><br>**အဆင့် ၄။** ရင်းမြစ်ကဒ်များကို **အသုံးပြုမှု**ပေါ်မူတည်ပြီးနောက် အမျိုးသားပုံ၊ အမျိုးသမီးပုံ နှင့် အမျိုးသား၊ အမျိုးသမီးပုံတို့၏ အောက်တွင် ချထားပါ။<br><br>**အဆင့် ၅။** ထို့နောက်တွင် ၎င်းတို့ဘာကြောင့်ထိုသို့ရွေးချယ်ခဲ့သည်ကို ရှင်းပြခိုင်းပါ။<br><br>**အဆင့် ၆။** ရုပ်ပုံကဒ်ဒုတိယအစုံကို မြေပြင်ပေါ်တွင် ပထမအစုံ၏ ဘေးဖက် သို့မဟုတ် အောက်တွင်ထားပါ။<br><br>**အဆင့် ၇။** အရင်းအမြစ်တစ်ခုစီပေါ်တွင် **ထိန်းချုပ်မှု**အပေါ်တွင်မူတည်ပြီး ပါဝင်သူများကို ပုံ (၃) ပုံအောက်တွင် အရင်းအမြစ်ကဒ်များကို နေရာချခိုင်းပါ။ ၎င်းအရင်းအမြစ်များကို မည်သူတို့က ထိန်းချုပ်သည် (ဆိုလိုသည်မှာ ၎င်းအရင်းအမြစ်များကို မည်သူတို့က အသုံးပြုခွင့်ရသည်၊ မည်သည့်အချိန်တွင် အသုံးပြုခွင့်ရသည်၊ မည်သည့်နေရာတွင် ရောင်းချသည်၊ မည်သည့်အချိန် ပြုပြင်သည် စသည်တို့) ကိုဆွေးနွေးပါ။<br><u>မှတ်ချက်</u>။ အရင်းအမြစ်စာရင်းကို အသုံးပြုမှုနှင့် ထိန်းချုပ်မှု နှစ်ခုတည်းကိုသာ ဆန်းစစ်ရန်အတွက် အသုံးပြုကြောင်း သတိရပါ။<br><br>**အဆင့် ၈။** ပါဝင်သူများကို ၎င်းတို့စီချထားသည့် ကဒ်များပေါ် နှိုင်းယှဉ်ရန် ပြောပါ။<br><br>**အဆင့် ၉။ ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း**<br>အောက်ဖော်ပြပါ အဓိကမေးခွန်းများမေးပြီး ဆွေးနွေးမှုကို စတင်ပါ။<br>• *အမျိုးသမီးအသုံးပြုသော အရင်းအမြစ်များမှာ အဘယ်နည်း။*<br>• *အမျိုးသားများ အသုံးပြုသော အရင်းအမြစ်များမှာ အဘယ်နည်း။* |

- *နှစ်ဦးလုံး အသုံးပြုသော အရင်းအမြစ်များမှာ အဘယ်နည်း။*
- *မည်သူက ၎င်းအရင်းအမြစ်များကို ထိန်းချုပ်သနည်း။*
- *အရင်းအမြစ်များကို အသုံးပြုနိုင်ရန်အတွက် မည်သူမှ ဆုံးဖြတ်ချက်ချမှတ်သနည်း။*
- *အကယ်၍ အမျိုးသမီးများက အသုံးပြုပြီး အမျိုးသားများက ထိန်းချုပ်သည်ဆိုလျှင် မည်သည့် ဂယက်ရိုက်မှုများရှိသနည်း။*

**အဆင့် ၁၀။ အနှစ်ချုပ်**

ဆွေးနွေးမှုများနှင့် ဆန်းစစ်မှုများထဲမှ အဓိကအချက်များကို အကျဉ်းချုပ်ပါ။ အားလုံး၏ အကြံဉာဏ်ကိုရယူပါ။ ရလဒ်များကို လူတိုင်းနားလည်သဘောပေါက်ရပါမည်။**၎င်းတို့ကို Flipchart တစ်ခုပေါ်မှာ မှတ်သားထားပြီး ပြန်လည်တင်ပြဆွေးနွေးရာတွင် အသုံးပြုပါ။** ကျေးရွာလူထု၏ အစီအစဉ်ရေးဆွဲခြင်း လုပ်ငန်းစဉ်နှင့်အတူ ပြဿနာများနှင့် လိုအပ်ချက်များကို စဉ်းစားသည့်အခါ ယခုရရှိသည့်အကြံဉာဏ်များကို ချိတ်ဆက်ဆောင်ရွက်မည့် အကြောင်း ရှင်းပြပါ။ (*တကယ်လို့ အပေါ်မှာဆွေးနွေးခဲ့တဲ့ အရင်းအမြစ်/ပိုင်ဆိုင်မှု/အခြေခံအဆောက်အအုံတွေကိုသာ ဖွံ့ဖြိုးရေးအစီအစဉ်မှာ ထည့်သွင်းမယ်ဆိုရင် အဲဒါတွေကို ဘယ်သူတွေက ထိန်းချုပ်နေလဲဆိုတာသာမကဘဲ ဘယ်သူတွေက သုံးစွဲနေသလဲပါ ထည့်သွင်းဖို့ အရေးကြီးပါတယ်*)







**ရာသီခွင်ပြ ပြက္ခဒိန်**

ရာသီခွင်ပြပြက္ခဒိန် အသုံးပြုပုံ အဆင့်ဆင့်ကို အောက်ပါအတိုင်း လမ်းညွှန်ထားပြီး ဥပမာပုံတစ်ခု ပြသထားသည်။

<table>
<tr><td>

**အဓိပ္ပာယ်။** တစ်နှစ်ပတ်လုံး၏လများကို ခေါင်းစဉ်ထား၍ မတူညီသော အကြောင်းအရာများ (မိုးရွာခြင်း၊ စိုက်ပျိုးသည့်လုပ်ငန်းစဉ်များ၊ အစားအစာရရှိခြင်း၊ ဝင်ငွေရရှိခြင်း) စသည်တို့ကို ဖော်ပြခြင်းဖြစ်သည်။ ၎င်းအချက်အလက်များကို အောက်ပါတို့ဆွေးနွေးရန်အတွက် အသုံးပြုနိုင်သည်။

- ရာသီလုပ်ငန်းများ အနေဖြင့် စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ လူမှုရေးလုပ်ငန်း ပွဲများ၊ သုံးနိုင် စွဲနိုင်သည့် ရာသီများ
- လုပ်ငန်းလုပ်ဆောင်ရန်အသင့်တော်ဆုံးအချိန်များ။ ဥပမာ စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ရန် အသင့်တော်ဆုံးအချိန်

</td></tr>
<tr><td>

**ရည်ရွယ်ချက်။**

- တစ်နှစ်ပတ်လုံး အတိုင်းအတာဖြင့် တစ်ချိန် နှင့် တစ်ချိန်ဘာလုပ်သည်၊ အသက်မွေးဝမ်းကြောင်း အပြောင်းအလဲများကို မှတ်တမ်းတင်ထားရန်
- အလုပ်များသည့်ရာသီ၊ အစာရေစာရရှိနိုင်မှု၊ ကျန်းမာရေး ပြဿနာများ၊ တစ်နှစ်ပတ်လုံး အတိုင်းအတာဖြင့် အိမ်ထောင်စုများ၏ မတူညီသည့် အခက်အခဲများကို သုံးသပ်ရန်
- (ဥပမာ ရာသီခွင်ဇယားကို အသုံးပြုခြင်းအားဖြင့် တစ်နှစ်ပတ်လုံးတွင် အလုပ်ရှုပ်သော ကာလကို ရှောင်ရှားပြီး စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ရန်) အချိန်အပိုင်းအခြားအလိုက် အခက်အခဲနှင့် အခွင့်အလမ်းများကိုဖော်ပြရန်

</td></tr>
</table>

ပြင်ဆင်ခြင်း။

- ဇယားတစ်ခုဆွဲပါ။ တစ်နှစ်စာ လများကို အပေါ်ဆုံးအတန်းတွင် ရေးပါ။
- အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဇယား၏ ဘယ်ဖက်တွင် ပါဝင်သူများကို ထပ်ထည့်ခိုင်းပါ။
- အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုစီအတွက် ဝင်ငွေ ထပ်ထည့်ရန် ကော်လံ တစ်ခုထပ်တိုးပါ။
- အစားအစာလုံခြုံမှု၊ အစားအစာရှားပါးသော ကာလထပ်ထည့်ရန် ကော်လံတစ်ခုထပ်တိုးပါ။

**အဆင့် ၁။ မိတ်ဆက်ခြင်း**

"အခုလိုလုပ်ရတဲ့ရည်ရွယ်ချက်ကတော့ တစ်နှစ်ပတ်လုံးအတိုင်းအတာနဲ့ အဓိကအသက်မွေး ဝမ်းကျောင်းလုပ်ငန်း ဒါမှမဟုတ် တာဝန်တွေကို ဇယားနဲ့ဖော်ပြနိုင်ရန်ဖြစ်ပါတယ်။ ဒါတွေက ကျွန်တော်/ကျွန်မတို့ကို အသက်မွေးဝမ်းကျောင်းဆိုင်ရာ အချက်အလက်များကို ဖော်ပြပေးနိုင်ပြီး အဲဒီအချက်တွေကိုအခြေခံ ဆွေးနွေးနိုင်မှာပါ"ဟု ရှင်းပြပါ။

**အဆင့် ၂။ ရာသီခွင်ပြ ပြက္ခဒိန်ပြုလုပ်ပါ။**

- အဖွဲ့ဝင်များအား ကျေးရွာအတွင်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ကဒ်တစ်ခုစီပေါ်တွင် ချရေးခိုင်းပါ။ ပြီးနောက် ကဒ်များကို ဘယ်ဖက်ကော်လံပေါ်တွင် ထားပါ။
- တစ်ခုကို ရာသီဥတု (အဖွဲ့ဝင်များကို လတစ်လစီအတွက် ရာသီဥတုကို မေးပါ) နှင့် အခြားတစ်ခုအတွက် အစားအစာလုံခြုံမှု (အစားအစာရှားပါးသည့်ကာလ) လိုင်းနှစ်လိုင်းထပ်တိုးပါ။
- တက်ရောက်လာကြသူများကို မည်သည့်လုပ်ငန်းကို မည်သည့်လတွင် ပြုလုပ်သည်ကို ဖော်ပြခိုင်းပါ။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုစီ သို့မဟုတ် အလုပ်တာဝန် ကိုရွေးစေပြီး ၎င်းအလုပ်ကို မည်သည့်အချိန်အထိ လုပ်ကိုင်နိုင်ကြောင်း မှတ်သားပေးရန် အဖွဲ့အားပြောပါ။
- ပြီးနောက်တွင် အောက်ပါ အချက်အလက်များကို ထပ်ထည့်ပါ။
  - က) အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုစီအတွက် ခန့်မှန်းဝင်ငွေ
  - ခ) လုပ်ငန်းတစ်ခုစီတွင် လုပ်ကိုင်နေသူ မိသားစု အရေအတွက်
  - ဂ) အစားအစာ လုံခြုံမှု-အစားအစာရှားပါးသည့် ကာလ

မှတ်ချက်။ အမျိုးသမီးများ၏ အမြင်များပါဝင်ပါစေ။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုစီအတွက် မှတ်ထားပြီး အမျိုးသမီးများ ဝင်ရောက်လုပ်ကိုင်နိုင်မှု ရှိ/မရှိ သုံးသပ်ပါ။ ထို့အတူ သက်ကြီးပိုင်းများ၊ မသန်စွမ်းများ၊ လုပ်ငန်စွမ်း ရှိ/မရှိ နှင့် ၎င်းတို့အပေါ် အကျိုးခံစားခွင့် ရှိသလားသုံးသပ်ပါ။

**အဆင့် ၃။ ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း**

အောက်ဖော်ပြပါ အဓိကမေးခွန်းများမေးပြီး ဆွေးနွေးမှုကို စတင်ပါ။

**၁။ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ အဘယ်နည်း။** လုပ်ငန်းတစ်ခုစီအတွက်

- *အိမ်ထောင်စု မည်မျှလောက်မှ ဤလုပ်ငန်းကို လုပ်ကိုင်သနည်း။ အမျိုးသမီး အိမ်ထောင်ဦးစီး မည်မျှ ရှိသနည်း။*
- *၎င်းလုပ်ငန်းကို တစ်နှစ်ပတ်လုံး လုပ်ကိုင်နိုင်သလား။*
- *အဓိက လုပ်ငန်းများကို မလုပ်နိုင်သောအခါ ထိုသူများအနေဖြင့် မည်သည်တို့ကို လုပ်ကိုင်ကြသနည်း။*
- *ဝင်ငွေအရဆင်းရဲသူများ၊ တိုင်းရင်းသားလူနည်းစုများနှင့် မသန်စွမ်းသူ အိမ်ထောင်စုများ မည်သည့်အသက်မွေးဝမ်းကြောင်းအား မှီခိုနေရသနည်း။*

**၂။ ဝင်ငွေ နှင့် ထွက်ငွေ**

- *လုပ်ငန်းတစ်ခုစီအတွက် လူတစ်ဦးလျှင် ပျှမ်းမျှ ဝင်ငွေမည်မျှရသနည်း။။။*

- *၎င်းတို့၏ တစ်နှစ်တာ ဝင်ငွေသည် တစ်နှစ်တာ အသုံးစရိတ်အတွက် လုံလောက်မှုရှိပါသလား။*
- *အကယ်၍ မလုံလောက်လျှင် မည်ကဲ့သို့ ဖြေရှင်းပါသနည်း။။*
- *ဤကျေးရွာတွင် အသက်မွေးဝမ်းကျောင်းနှင့် ဆက်စပ်သော အဓိကပြဿနာများသည် မည်သည်တို့ဖြစ်သနည်း။*

**၃။ အမျိုးသမီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ဝင်ငွေ**

- *အမျိုးသမီးများ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ အဘယ်နည်း။*
- *အမျိုးသမီး အိမ်ထောင်ဦးစီးများ၏ ဝင်ငွေသည် အမျိုးသားအိမ်ထောင်ဦးစီးများ၏ ဝင်ငွေနှင့် တူပါသလား။ ပိုများသလား၊ ပိုနည်းသလား။*
- *နေ့စားလုပ်အားခအတွက် အမျိုးသားများနှင့် လုပ်အားခ အတူတူရပါသလား။*
- *အမျိုးသမီးများ၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ပတ်သက်သော အဓိကပြဿနာ များမှာ မည်သည်တို့ဖြစ်ကြသနည်း။*

**အဆင့် ၄။ အနှစ်ချုပ်**

ဆွေးနွေးမှုများနှင့် ဆန်းစစ်မှုများထဲမှ အဓိကအချက်များကို အကျဉ်းချုပ်ပါ။ အားလုံး၏ အကြံဉာဏ်ကိုရယူပါ။ ရလဒ်များကို လူတိုင်းနားလည်သဘောပေါက်ရပါမည်။ **၎င်းတို့ကို Flipchart တစ်ခုပေါ်မှာ မှတ်သားထားပြီး ပြန်လည်တင်ပြဆွေးနွေးရာတွင် အသုံးပြုပါ။** ကျေးရွာလူထု၏ အစီအစဉ်ရေးဆွဲခြင်း လုပ်ငန်းစဉ်နှင့်အတူ ပြဿနာများနှင့် လိုအပ်ချက်များကို စဉ်းစားသည့်အခါ ယခုရရှိသည့်အကြံဉာဏ်များကို ချိတ်ဆက်ဆောင်ရွက်မည့် အကြောင်း ရှင်းပြပါ။




ရာသီခွင်ပြဇယား
အကြောင်းအရာ
ငါးလုပ်ငန်း
ထန်းတက်လုပ်ငန်း
လမ်းပန်းဆက်သွယ်ရေး
သဘာဝဘေးအန္တရာယ်
လုပ်ငန်းအားလပ်ချိန်
ဝင်ငွေ
ထွက်ငွေ



**ပင့်ကူအိမ် သုံးသပ်ခြင်း**

ပင့်ကူအိမ်သုံးသပ်ခြင်း အသုံးပြုပုံ အဆင့်ဆင့်ကို အောက်ပါအတိုင်း လမ်းညွှန်ထားပြီး ဥပမာပုံတစ်ခု ပြသထားသည်။

**အဓိပ္ပာယ်။** အမျိုးသမီးက ပိုင်ဆိုင်ပြီး ထိန်းချုပ်ထားသော အရင်းအမြစ်များကို ကြည့်ရန်အသုံး ပြုသည်။ အမျိုးသား နှင့် အမျိုးသမီးများ၏ မတူညီသော ဦးစားပေးများအကြောင်း၊ ၎င်းတို့၏တစ်ခုနှင့်တစ်ခု ဆက်နွယ်မှုနှင့် အရင်းအမြစ်များ သို့မဟုတ် အခွင့်အရေးများကို ဆွေးနွေးရန် အသုံးပြုသည်။

**ရည်ရွယ်ချက်။** ကျေးရွာရှိ အမျိုးသမီးများ အခြေအနေနှင့် အဆင့်အတန်းကို နားလည်ရန်

**ပြင်ဆင်ခြင်း။** ဤသင်ခန်းစာကို အမျိုးသား အုပ်စု နှင့် အမျိုးသမီးအုပ်စုဟူ၍ နှစ်စုခွဲ လုပ်မည်။ ဒုတိယအပိုင်းတွင် နှစ်အုပ်စုလုံးမှ ထွက်ရှိလာသည့် အမျိုးသမီးနှင့်အမျိုးသားရှုထောင့်အမျိုးမျိုးကို ပြသသည့် ပင့်ကူအိမ်ကို အတူတကွ ပြသနှိုင်းယှဉ်ခြင်းဖြစ်သည်။ ပင့်ကူအိမ်သုံးသပ်ခြင်းကို ကျေးရွာလူထုမှ အောက်ပါအချက်များကို ဖော်ထုတ်ပြီး နောက် အသုံးပြုရာတွင် အဆင်သင့်ဖြစ်နေစေရန် ကြိုတင်ပြင်ဆင်ထားပါ။

- Flipchart စာရွက်၏အလယ်တွင် အမှတ်တစ်ခုပြုလုပ်ပြီး နာရီလက်တံပုံစံ တစ်ဖြောင့်တည်း လိုင်းများဆွဲပါ။
- မျဉ်းပေါ်တွင် (၀) ကို အနည်းဆုံးနှင့် (၁၀)ကို အများဆုံးအဖြစ် (၀) ကနေ အပြင်ဖက် (၁၀) အထိ အမှတ်အသားပြုပါ။
- အမျိုးသားအဖွဲ့အတွက် (၁)ခု၊ အမျိုးသမီးအဖွဲ့အတွက် (၁)ခု စုစုပေါင်း (၂)ခု ပြုလုပ်ပါ။

**အဆင့် ၁။** ဤလေ့ကျင့်ခန်းကို ပြုလုပ်ရာတွင် အမျိုးသမီးများ၏ အခြေအနေနှင့် အဆင့်အတန်းကို နားလည်ရန် ဘာ့ကြောင့်အရေးကြီးသည်ကို ရှင်းပြပါ။

**အဆင့် ၂။** အမျိုးသမီးများနှင့် သီးခြားတွေ့ဆုံရန် စီစဉ်ပါ။ ဤအဆင့်တွင် အမျိုးသမီးများ သီးခြားထိုင်နေရမည်။ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ရောက်သည့်အကြောင်းအရင်းများ (ပညာရေး၊ ကျေးရွာ အစည်းအဝေးများ/ဆုံးဖြတ်ချက်ချရာတွင် ပူးပေါင်းပါဝင်မှု၊ အရင်းအမြစ်များကို ပိုင်ဆိုင်မှုနှင့် အသုံးပြုနိုင်မှု၊ အလုပ်အကိုင်အခွင့်အလမ်း၊ နေ့စားလုပ်အားခ ဝင်ငွေ၊ အိမ်အလုပ်၊ လုံခြုံမှု နှင့် အိမ်တွင်း အကြမ်းဖက်မှု ခံစားချက်များ) တို့နှင့်ပတ်သက်၍ စဉ်းစားတွေးတောရန် **အမျိုးသမီးများကိုသာ မေးပါ။** အမျိုးသမီးများကြားတွင် အောက်ပါတို့ကိုမေးမြန်းခြင်းဖြင့် စည်းရုံးကူညီပေးပါ။

- *အမျိုးသမီးများ၏ဘဝ ပြောင်းလဲရန် မည်သည့်အကြောင်းအရင်းများနှင့် သက်ဆိုင်နေသနည်း။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သည့်အကြောင်းအရင်းများက သက်ရောက်မှုရှိပြီး ဘဝတိုးတက်စေရန် မည်ကဲ့သို့ ကူညီပေးနိုင်သနည်း။*
- *ပညာရေး၊ ကျန်းမာရေးကဲ့သို့ မည်သည့်အခြေခံဝန်ဆောင်မှုများက အမျိုးသမီးများ ဘဝအခြေအနေ ပိုမိုကောင်းမွန်စေရန် အရေးကြီးပါသနည်း။*
- *အမျိုးသမီးများအနေနှင့် နေ့စဉ် အိမ်မှုကိစ္စ၊ အခြားအလုပ်အကိုင် စသည့် မည်သည့် လုပ်ငန်းများလုပ်ကိုင်သနည်း။*

**အဆင့် ၃။** အကြောင်းအရင်းတစ်ခုချင်းစီကို ကဒ်တစ်ခုစီပေါ်တွင် ရေးပါ။ ကဒ် (၂) စုံ ပြုလုပ်ပါ။ ကဒ်တစ်စုံကို ပြင်ဆင်ထားသည့် ပင့်ကူအိမ်သုံးသပ်ချက်တစ်ခုအောက်တွင် ဗဟိုမှ မျဉ်းကြောင်းဆွဲထားသည့် လိုင်းအဆုံးတွင်ထားပါ။ လိုင်းတစ်ခုသည် အကြောင်းအရင်းတစ်ခုကို ကိုယ်စားပြုသည်။ လိုင်းထက် ကဒ်ပိုများနေလျှင် ပင့်ကူအိမ်တွင် လိုင်းပိုဆွဲပေးပါ။ နောက်ကဒ်တစ်ခုကို အလားတူပင် ထပ်မံပြင်ဆင်ထားသည့် ပင့်ကူအိမ်သုံးသပ်ချက်အောက်တွင်ထားပါ။

**အဆင့် ၄။** အမျိုးသမီးနှင့် အမျိုးသား ပင့်ကူအိမ်သုံးသပ်ချက် အဖွဲ့ခွဲလိုက်ပါ။ အဖွဲ့ကိုယ်စီမှ ဆန်းစစ်သုံးသပ်ပါစေ။

**အဆင့် ၅။** အကြောင်းအရင်းတစ်ခုချင်းစီတွင် အမျိုးသမီးများမှ **သတ်မှတ်ထားသည့်အခြေအနေအရ** (၀)မှ (၁၀)အထိ အမှတ်ပေးခိုင်းပါ။ အမျိုးသားများကလည်း အကြောင်းအရင်းများအပေါ်တွင် အလားတူ အမှတ်ပေးခိုင်းပါ။ အမှတ်များကို ၎င်းတို့ သဘောပေါက်သည်တို့ကို အခြေခံ၍ အမှတ်ပေးရန် ရှင်းပြပါ။ အနိမ့်ဆုံးအဖြစ် (၁)မှတ် ပေး၍ အမြင့်ဆုံးအဖြစ် (၁၀) ပေးပါ။ အကြောင်းအရင်းအကုန်လုံးကို အမှတ်ပေးပါ။ အားလုံး ပြီးသွားသည့်အခါ ပင့်ကူအိမ်အတွင်းမှ အမှတ်များကို အနီရောင် မာကာဖြင့် ဆက်ပေးပါ။

**အဆင့် ၆။** အဖွဲ့နှစ်ဖွဲ့ကို အတူပြန်ခေါ်၍ အဖွဲ့တစ်ဖွဲ့စီမှ အဖွဲ့ဝင်တစ်ယောက်စီက ပြန်လည်တင်ပြခိုင်းပါ။ စည်းရုံးရေးမှူးမှ လိုအပ်သည့်အချက်များကို လိုအပ်လျှင် ဖြည့်စွက်ပြောကြားပေးပါ။

**အဆင့် ၇။ ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း**

အောက်ဖော်ပြပါ အဓိကမေးခွန်းများမေးပြီး ဆွေးနွေးမှုကို စတင်ပါ။

- *အချက်တစ်ခုချင်းစီမှာ အမျိုးသမီးတွေရရှိသော အမှတ်အခြေအနေက အမျိုးသမားတွေနဲ့ ကွဲပြားသွားတာက ဘာကြောင့်လို့ထင်ပါသလဲ။ ထိုသို့ဖြစ်ရခြင်းရဲ့ အဓိကအကြောင်းအရင်းက ဘာတွေပါလဲ။ [အမျိုးသမီးတွေက ၎င်းမေးခွန်းကိုဖြေဖို့ အခက်အခဲရှိနေခဲ့ပါက အမျိုးသားနှင့် အမျိုးသမီးတို့ဟာ တူညီတဲ့အခွင့်အရေးတွေရှိတယ်ဆိုတာကို ဥပမာအချို့ပေးပြီးရှင်းပြပေးပါ]*
- *အမျိုးသားတွေနဲ့ နှိုင်းယှဉ်ရင် အမျိုးသမီးတွေရင်ဆိုင်နေရတဲ့ အဓိကစိန်ခေါ်မှုတွေက ဘာတွေပါလဲ*
- *ကျေးရွာတွင်းရှိ အမျိုးသမီးတွေရဲ့ အခြေအနေတွေကို တိုးတက်အောင်လုပ်ဆောင်ဖို့အတွက် ကျေးရွာအနေနဲ့ ဘယ်လိုစီမံကိန်းတွေ လုပ်ဆောင်သင့်ပါသလဲ*

**အဆင့် ၈။ အနှစ်ချုပ်**

ဆွေးနွေးမှုများနှင့် ဆန်းစစ်မှုများထဲမှ အဓိကအချက်များကို အကျဉ်းချုပ်ပါ။ အားလုံး၏ အကြံဉာဏ်ကိုရယူပါ။ ရလဒ်များကို လူတိုင်းနားလည်သဘောပေါက်ရပါမည်။ **၎င်းတို့ကို Flipchart တစ်ခုပေါ်မှာ မှတ်သားထားပြီး ပြန်လည်တင်ပြဆွေးနွေးရာတွင် အသုံးပြုပါ။** ကျေးရွာလူထု၏ အစီအစဉ်ရေးဆွဲခြင်း လုပ်ငန်းစဉ်နှင့်အတူ ပြဿနာများနှင့် လိုအပ်ချက်များကို စဉ်းစားသည့်အခါ ယခုရရှိသည့်အကြံဉာဏ်များကို ချိတ်ဆက်ဆောင်ရွက်မည့် အကြောင်း ရှင်းပြပါ။









ပင့်ကူအိမ်သုံးသပ်ခြင်း | ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

* - အမျိုးသမီး၏ လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ချက်ချခွင့်၊ ပါဝင်ခွင့် အားနည်းသည်။ ဥပမာ- အမျိုးသားများ၏ ပါဝင်ဆုံးဖြတ်ခွင့်သည် အများဆုံးဖြစ်ပြီး အမျိုးသမီးများသည် နည်းနေတတ်ပြီး အိမ်တွင်းမှုတွင်သာ ရာနှုန်းပြည့်ဖြစ်နေတတ်သည်။
* အမျိုးသမီးများသည် ဝင်ငွေရသော အလုပ်တွင်နည်းပြီး အိမ်ထဲတွင်သာ ရှိနေတတ်ခြင်း၊ ပညာရေးအားနည်းနေခြင်းကြောင့် မပြောဆိုရဲရာမှ ပါဝင်ခွင့် ဆုံးဖြတ်ခွင့် မရှိဘဲ ဖြစ်နေတတ်သည်။
* ကျေးရွာတွင် အမျိုးသမီးသိသင့်အသိပညာပေးဆွေးနွေးပွဲများ၊ လုပ်ပိုင်ခွင့်နှင့် လုပ်အားခများတန်းတူ ပေးခြင်းဖြင့် ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသမီးများအား ဖိတ်ခေါ်ခြင်းဖြင့် ကူညီနိုင်မည်။

**ဗင်းပုံစံ**

ဗင်းပုံစံ အသုံးပြုပုံ အဆင့်ဆင့်ကို အောက်ပါအတိုင်း လမ်းညွှန်ထားပြီး ဥပမာပုံတစ်ခု ပြသထားသည်။

**အဓိပ္ပာယ်။** ကျေးရွာလူထုအတွင်းရှိ အဓိကဆက်နွယ်ပတ်သက်သူများနှင့်၎င်းတို့၏ လွှမ်းမိုးမှုများကို ဖော်ပြသည့်ပုံစံဖြစ်သည်။ စက်ဝိုင်း တစ်ခုသည် ဆက်နွယ်ပတ်သက်သူ တစ်ဦးစီကို ကိုယ်စားပြုပါသည်။ စက်ဝိုင်းများမှယ အကြီး၊အသေး အရွယ်အစား အမျိုးမျိုးရှိပြီး အရေးပါမှု သို့မဟုတ် လွှမ်းမိုးမှုကို ကိုယ်စားပြုသည်။ ထို့နောက် စက်ဝိုင်းများကို လူမှုရေး လွှမ်းမိုးမှုအတိုင်း ကျေးရွာလူထုစက်ဝိုင်းနှင့် အကွာအဝေးပြုလုပ်ထားသည်။ နှစ်ခုထက်ပို ထပ်နေသော စက်ဝန်းများသည် ပါဝင်ပတ်သက် သူများအကြား နီးကပ်စွာ အပြန်အလှန် ဆက်နွယ်မှု ရှိသည်ကို ဖော်ပြသည်။ ဤကားချပ်ကို **အဓိက ဆက်နွယ်ပတ်သက်သူများနှင့် ၎င်းတို့အား ကျေးရွာဖွံ့ဖြိုးရေးအတွက် မည်ကဲ့သို့စည်းရုံးဆွဲဆောင်နိုင်သည်ကို ဆွေးနွေးရန် အသုံးပြု**သည်။

**ရည်ရွယ်ချက်။**

ဗင်းပုံစံမှ အောက်ပါတို့ကို လေ့လာနိုင်သည်။

- လူထုအတွင်းရှိ ကွဲပြားခြားနားသော အုပ်စုများ နှင့် အဖွဲ့အစည်းများ
- ရွာလူထုမှ အရေးပါသည်ဟု ယူဆသည့် သို့မဟုတ် အပြန်အလှန်အကျိုးပြုသည့် ကျေးရွာပြင်ပမှသူများ
- အမျိုးသမီးအဖွဲ့ဝင်များ နှင့် လူမျိုးကွဲအဖွဲ့ဝင်များ(သို့) ဘာသာရေးအဖွဲ့ဝင်များရှိသည့် အဖွဲ့အစည်းများ
- အရေးကြီးသော အခန်းကဏ္ဍများတွင်ဆောင်ရွက်နိုင်သည်ဟု ရွာလူထုမှ လက်ခံပြီး ယုံကြည်မှု အရှိဆုံးအုပ်စုများ၊ အဖွဲ့အစည်းများနှင့် ခေါင်းဆောင်များ

**ပြင်ဆင်ခြင်း။** မစတင်မီမှာ စက်ဝိုင်းအရွယ်အစားစုံ စာရွက်များဖြတ်ပြီး ပြင်ဆင်ထားပါ။

**အဆင့် ၁။** ‘ရည်ရွယ်ချက်ကတော့ ကျေးရွာအတွင်းနဲ့ပြင်ပက (အရေးပါတယ်လို့ယူဆတဲ့) အဖွဲ့အစည်းတွေ၊ လူတွေနဲ့ အဖွဲ့အစည်းတွေ စာရင်းလုပ်ပြီး သူတို့အချင်းချင်း ဘယ်လိုဆက်နွယ်နေတယ်ဆိုတာကို ကြည့်ဖို့ပါ” ဟု ရှင်းပြပါ။

**အဆင့် ၂။ အဓိကလူများကို စာရင်းလုပ်ပါ။**

- *“ဘယ်အုပ်စု၊ အဖွဲ့အစည်း၊ လူများက ကျေးရွာလူထုအတွင်းနဲ့ အပြင်မှာ ဘယ်လို အဓိကကျသလဲ*”မေးပါ။ ၎င်းတို့ကိုယ်ပိုင်စာရင်း ပြုလုပ်ခိုင်းပါ။ ဥပမာအချို့လိုအပ်ပါက အောက်ပါတို့ကို ဖော်ပြနိုင်သည်။
    - **ကျေးရွာအတွင်း။** ကျေးရွာခေါင်းဆောင်၊ ကျေးရွာအုပ်စုခေါင်းဆောင်များ၊ ကျေးရွာ ရာအိမ်မှူး၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးထောက်ပံ့ရေးကော်မတီ၊ ကျေးရွာရှိသက်ကြီးရွယ်အိုများ၊ ဘုန်းကြီး၊ ဆရာ/ဆရာမများ၊ ငွေတိုးချေးစားသူများ၊ အမျိုးသမီးအဖွဲ့များ၊ လယ်သမားအဖွဲ့များ၊ လူငယ်အဖွဲ့များ၊ လူမှုဖူလုံရေးအဖွဲ့များ။
    - **ကျေးရွာပြင်ပ။** မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဆေးရုံ/ဆေးပေးခန်း၊ ဒေသထွက်ကုန်ဝယ်ယူသည့် ကုန်သည်များ၊ NGO၊ DRD၊ ရဲ ……။

**အဆင့် ၃။ လွှမ်းမိုးမှုဆုံးဖြတ်ခြင်း**

အလွန်အရေးကြီးသည့် အဖွဲ့များ/အဖွဲ့အစည်းများအကြောင်းနှင့် မည်သည်ကြောင့် အရေးကြီးကြောင်းနှင့် အရေးသိပ်မကြီးသည့် အဖွဲ့များ/အဖွဲ့အစည်းများအကြောင်းနှင့် မည်သည်ကြောင့် အရေးမကြီးကြောင်းဆွေးနွေးပါ။ စက်ဝိုင်းများထဲမှတစ်ခုတွင် အဖွဲ့/အဖွဲ့စည်းတစ်ခုချင်း နာမည်မှတ်ပါ။ အရေးအကြီးဆုံး အဖွဲ့အစည်းများကို ခပ်ကြီးကြီးစက်ဝိုင်းများတွင်မှတ်ပြီး လွှမ်းမိုးမှုနည်းသောအဖွဲ့အစည်းများကို သေးငယ်သောစက်ဝန်းများတွင်ရေးပါ။

အရေးကြီးမှု = အရွယ်အစား

**အဆင့် ၄။ ပုံပြုလုပ်ခြင်း**

တက်ရောက်လာကြသူများကို အောက်ပါတို့အသုံးပြုပြီး စက်ဝိုင်းများပြုလုပ်ရန်ပြောပါ။ နေရာ/အကွာအဝေး = ဆက်သွယ်မှု၊ လွှမ်းမိုးမှု၊ ဆက်စပ်မှု

- သီးခြားစက်ဝိုင်းများ=အဖွဲ့များအကြားချိတ်ဆက်မှုမရှိ
- ထိနေသောစက်ဝိုင်းများ=အဖွဲ့များကြား သတင်းအချက်အလက်များ ချိတ်ဆက်
- စိတ်အပိုင်းသေးသေးထပ်နေခြင်း=ဆုံးဖြတ်ချက်များချမှတ်ရာတွင်ပူးပေါင်းဆောင်ရွက်မှု အချို့ရှိ
- အစိတ်အပိုင်းကြီးကြီးထပ်နေခြင်း=ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပူးပေါင်းဆောင်ရွက်မှုများ
- အကွာအဝေးကျဲလွန်းခြင်း= သဘောမတူညီမှု သို့ ပြဿနာရှိခြင်း သို့ ဆက်နွယ်မှုမရှိ

မည်မျှနီးကပ်ပြီး မည်မျှဝေးကွာသည်ကို အဖွဲ့ဝင်များ ဆုံးဖြတ်ပါစေ။

**အဆင့် ၅။ ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း**

အောက်ဖော်ပြပါ အဓိကမေးခွန်းများမေးပြီး ဆွေးနွေးမှုကို စတင်ပါ။

- *စာရင်းထဲတွင် မည်သည့်အဖွဲ့များ မပါဝင်သနည်း။*
- *မည်သည့် အဖွဲ့များ၊ အဖွဲ့အစည်းများ၊ တစ်သီးပုဂ္ဂလများသည် လူမှုရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာနှင့် ဘာသာရေးဆိုင်ရာကိစ္စများကို ဆောင်ရွက်လုပ်ကိုင်နေသနည်း။*
- *မည်သည့်အဖွဲ့များတွင် အမျိုးသမီးနှင့် တိုင်းရင်းသားလူမျိုးစုများပါဝင်ပြီး မည်သည့်အဖွဲ့များတွင် မပါဝင်သနည်း။*
- *မည်သည့် အဖွဲ့များ၊ တစ်သီးပုဂ္ဂလများသည် ကျေးရွာဖွံ့ဖြိုးရေးတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်နေသနည်းနှင့် မည်သည်တို့တွင် ပါဝင်လုပ်ကိုင်နေသနည်း။*
- *ဖွံ့ဖြိုးတိုးတက်ရေးစီမံခန့်ခွဲမှုတွင် ကျေးရွာခေါင်းဆောင်များသည် မည်သည့်အခန်းကဏ္ဍတွင်ပါဝင်နေသနည်း။*
- *ဒေသခံအဖွဲ့များနှင့် ပြင်ပအဖွဲ့အစည်းများ (ဥပမာ NGOs၊ အစိုးရ) ၏ ချိတ်ဆက်မှုမှာ မည်သို့ရှိသနည်း။*

**အဆင့် ၆။ အနှစ်ချုပ်**

ဆွေးနွေးမှုများနှင့် ဆန်းစစ်မှုများထဲမှ အဓိကအချက်များကို အကျဉ်းချုပ်ပါ။ အားလုံး၏ အကြံဉာဏ်ကိုရယူပါ။ ရလဒ်များကို လူတိုင်းနားလည်သဘောပေါက်ရပါမည်။ **၎င်းတို့ကို Flipchart တစ်ခုပေါ်မှာ မှတ်သားထားပြီး ပြန်လည်တင်ပြဆွေးနွေးရာတွင် အသုံးပြုပါ။** ကျေးရွာလူထု၏ အစီအစဉ်ရေးဆွဲခြင်း လုပ်ငန်းစဉ်နှင့်အတူ ပြဿနာများနှင့် လိုအပ်ချက်များကို စဉ်းစားသည့်အခါ ယခုရရှိသည့်အကြံဉာဏ်များကို ချိတ်ဆက်ဆောင်ရွက်မည့် အကြောင်း ရှင်းပြပါ။









**အားလုံးအား ပြန်လည်တင်ပြခြင်း**

၁) PRA tools ၆ ခုစလုံး ပြီးစီးသွားသည့်အခါ အဖွဲ့တစ်ဖွဲ့ချင်းစီမှ နေ၍ အားလုံးအား ပြန်လည်တင်ပြပေးမည့်သူများကို မတင်ပြခင် လာရောက်ပေးရန် ခေါ်ဆိုလိုက်ပြီး ၎င်းတို့ပြုလုပ်ထားသည့် Tools များ၊ ဆွေးနွေးမှုများမှ မှတ်ချက်ထုတ်ထားသည့် Flipchart များကို ပြသပါ။ ၎င်းတို့ပြုလုပ်ထားသည်များနှင့် ဆွေးနွေးမှုများမှ

အဓိကအချက်များ၊ အနှစ်ချုပ်များ ပြန်လည်ရှင်းပြ စေပါ။ (ကျေးရွာသူ၊ ကျေးရွာသားများသည် အများရှေ့တွင် စကားပြောဆိုသည့်အခါ ရှက်နေတတ်နိုင်သည်။ ထို့ကြောင့် စည်းရုံးရေးမှူးများအနေနှင့် ၎င်းတို့ကို အားပေးသင့်ပြီး စကားအနည်းငယ်ပြောဆိုပေးရန် ကြိုးစားစေသင့်သည်။ အကယ်၍ ပြန်လည်တင်ပြသည့်အခါ မပြည့်စုံပါက CF/TF သည် ဆက်လက်ဆောင်ရွက်နေသင့်ပြီး လိုအပ်သည်များကို ဖြည့်စွက်ပေးပါ)

၂) ဆွေးနွေးထားသည့် ကျေးရွာမြေပုံ၊ ဥစ္စာဓနကြွယ်ဝမှုဇယား၊ ပိုင်ဆိုင်မှုမြေပုံများ၊ ရာသီခွင်ပြ ပြက္ခဒိန်၊ ပင့်ကူအိမ်သုံးသပ်ချက်နှင့် ဗင်းပုံစံ တို့မှ ပြုလုပ်ထားသည့် Flipchart အားလုံးကို အဖွဲ့အားလုံးထံတင်ပြပါ။ *'အဲဒီဆွေးနွေးထားတဲ့ရလဒ်တွေအကုန်လုံးက ကိုယ့်အခြေအနေတွေ ဆန်းစစ်တဲ့အခါမှာ ကူညီပေးဖို့နဲ့ ဦးစားပေးရမဲ့ ပြဿနာတွေကို စာရင်းလုပ်တဲ့အခါ စဉ်းစားတတ်စေဖို့ ကူညီပါလိမ့်မယ်။ ဒီအပိုင်းက PRA လုပ်ငန်းစဉ်နဲ့ VDP ပြုလုပ်ရာမှာ အရေးကြီးပါတယ်။*

၃) ပြန်လည်တင်ပြတာတွေ အကုန်ပြီးလျှင် **အမျိုးသမီးနှင့် အမျိုးသား သီးခြားအဖွဲ့များ**အဖြစ် နှစ်ဖွဲ့ခွဲလိုက်ပါ။ ထို့နောက် အောက်ပါတို့ကို ဆောင်ရွက်ပါ။

၁။ ပြဿနာများ/စိန်ခေါ်မှုများ/အတားအဆီးများ စာရင်း

၂။ မျှော်မှန်းချက်

၃။ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ/စီမံကိန်းလုပ်ငန်းခွဲများ စာရင်း

**ပြဿနာများ/စိန်ခေါ်မှုများ/အတားအဆီးများ စာရင်း**

အဖွဲ့တိုင်းကို PRA tool များမှ ရလဒ်များကို စဉ်းစားပြီး ဆွေးနွေးခိုင်းပါ။ ထို့နောက် ၎င်းတို့ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ/အတားအဆီးများ/ပြဿနာများ စာရင်းပြုစုပါ။ PRA tool များနှင့် ပြဿနာများစာရင်းသည် ဆက်စပ်မှုရှိနေသည်ကို ကျေးရွာလူထုအားလုံးက နားလည်ကြောင်း သေချာအောင်ပြုလုပ်ပါ။ ထို့နောက် အောက်ပါတို့ကို မေးပါ။

- *စာရင်းမှာ အခြားမည်သည့် အခြေခံအဆောက်အအုံ ပြဿနာများ/လိုအပ်ချက်များ ထည့်သွင်းသင့်သနည်း။*
- *မည်သည့်ပြဿနာများသည် အမျိုးသမီးများ၊ ဆင်းရဲနွမ်းပါးသူများ၊ တိုင်းရင်းသားလူနည်းစုများနှင့် အခြားထိလွယ်ရှလွယ်သော အဖွဲ့များကို သက်ရောက်မှု ရှိသနည်း။*

ပြဿနာစာရင်း ဥပမာမှာ အောက်ပါအတိုင်းဖြစ်သည်။



**မျှော်မှန်းချက်**

၁) ပြဿနာများကို စာရင်းပြုလုပ်ပြီးလျှင် မျှော်မှန်းချက်ပြုလုပ်ပါ။ ဤလေ့ကျင့်ခန်းသည် ကျေးရွာလူထုကို အနာဂတ်တွင် ဖြစ်စေချင်သည်တို့ကို သဘောတူညီမှုရရှိစေရန်ဖြစ်သည်။ ၎င်းမှတဆင့် ကျေးရွာလူထုမှ ၎င်းတို့ ကျေးရွာကို နောင်အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်စေလိုသည်များ သိရှိလိုက်သည့်အတွက် မည်သည့်လုပ်ငန်းများ၊ နည်းဗျူဟာများဖြင့် ဆောင်ရွက်ရမည့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် လမ်းညွှန် ပေးနိုင်မည်ဖြစ်သည်။

၂) *'ကျွန်မ/ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်က ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်အတွက် အားလုံးသဘောတူတဲ့ မျှော်မှန်းချက်ရရှိဖို့ပါ။* ***ကျေးရွာကို နောင် (၅)နှစ် ကြာတဲ့အခါ ဘယ်လိုပုံစံမျိုး ဖြစ်နေတာ မြင်ချင်ပါသလဲ'*** ဟု ရှင်းပြပါ။ ၎င်းတို့ဖြစ်စေလိုသည့် မျှော်မှန်းချက်ကို စဉ်းစားနိုင်ရန် ဥပမာတစ်ခုပေးပါ။ ဥပမာ

- **အမျိုးသမီးအဖွဲ့။** မိမိတို့အိမ်အနီးအနားတွင် ရေသန့်ရရှိရန်။ အိမ်ပုံစံ တိုးတက်ရန်။ အမျိုးသမီးများ ချက်ပြုတ်နိုင်ပြီး အိမ်တွင်းအကြမ်းဖက်ခံရမှု လျော့ကျစေရန် လျော့နည်းစေရန်။ ကလေးငယ်များ စာသင်ကျောင်းတွင် စာတော်စေရန်။
- **အမျိုးသားအဖွဲ့။** လူဦးရေတိုးတက်လာသည့်အတွက် စည်းလုံးမှုရှိစေရန်။ အိမ်အားလုံးရေရရှိစေရန်။ ဆိုလာဖြင့် လျှပ်စစ်မီးလင်းရေး။ ရေကောင်းရေသန့်ရရှိရေး။ လူနေမှုအဆင့်အတန်းမြင့်မားရေး။ ကျောင်းကောင်းကောင်းရရှိရေး။

၃) ၎င်းကဲ့သို့စိတ်ကူးများတွင် **အခြေခံအဆောက်အအုံနှင့်ပတ်သက်သည့်ကိစ္စများသာမက အခြားပြဿနာများ** (အသက်မွေးဝမ်း ကျောင်း၊ မြေယာပြဿနာများ၊ တရားမျှတမှု၊ စသည်တို့)**ကိုဖြေရှင်းပေးမည့် နည်းလမ်းများ**အတွက် ပြောင်းလဲမှုတွေ ပါဝင်သင့် ကြောင်း ရှင်းပြပါ။ **ကျေးရွာလူထုအားလုံးနှင့် သက်ဆိုင်သည့် ကိစ္စရပ်များ အတွက် ဖော်ထုတ်ပေးရန်** အရေးကြီးသည်။

၄)မျှော်မှန်းချက် လေ့ကျင့်ခန်း ဥပမာမှာ အောက်ပါအတိုင်းဖြစ်သည်။



**ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ/စီမံကိန်းလုပ်ငန်းခွဲများ စာရင်း**

၁) ပြဿနာများနှင့် မျှော်မှန်းချက်များကို စာရင်းပြုစုပြီးသည့်အခါ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများစာရင်းတစ်ခုနှင့် အတူ ချိတ်ဆက်ပေးပါ။

၂)တက်ရောက်လာကြသူများကို အတားအဆီးများကို တစ်ဖက်၊ ကျေးရွာမျှော်မှန်းချက်များကို တစ်ဖက်ထား၍ စဉ်းစားခိုင်းပါ။ အောက်ပါပုံကိုပြသပါ။

**အတားအဆီးများ** → **ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ** → **မျှော်မှန်းချက်**

၃) အောက်ပါတို့ကိုမေးပါ။

- သင့်မျှော်မှန်းချက်ရရှိရန်အတွက် အဲဒီအတားအဆီးတွေကို ကျော်လွှားနိုင်မှ ဖြစ်မည့်အတွက် မည်သည့်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ ပြုလုပ်ရန်လိုအပ်သနည်း။
- မျှော်မှန်းချက်ရရှိရန်အတွက်မည်သည့် နည်းဗျူဟာများနှင့် လုပ်ငန်းများ လိုအပ်သနည်း။
- မျှော်မှန်းချက်ရရှိရန်အတွက် အသုံးပြုနိုင်သည့် မည်သည့်ခွန်အားများနှင့် ပိုင်ဆိုင်မှုများ ကျေးရွာလူထုထံတွင် ရှိသနည်း။

၄) ထို့နောက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ/စီမံကိန်း လုပ်ငန်းခွဲများ စာရင်းကို ပြုလုပ်ရန် ဖိတ်ခေါ်ပါ။ လုပ်ငန်းများသည် လူအများအပြားကိုသာမက ဝင်ငွေနည်းပါးသော/အမျိုးသမီးများ/ တိုင်းရင်းသားလူနည်းစု/ အားနည်းသူအဖွဲ့များ အားလုံးအတွက်ပါ ဖြေရှင်းပေးနိုင်ရန် သေချာစွာပြုလုပ်ပါ။

၅) အချို့သောရလဒ်များနှင့် ပုံစံများကို အောက်ပါဥပမာများနှင့် ပြသထားသည်။



၆) အမျိုးသားနှင့် အမျိုးသမီး အဖွဲ့များမှ ၎င်းတို့သက်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ပြုလုပ်ပြီးသည့်အခါ အားလုံးရှေ့ပြန်ခေါ်၍ အားလုံးသိအောင် ပြန်လည်တင်ပြဆွေးနွေးပါစေ။ ထို့နောက် ၎င်းတို့ကို ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများစာရင်းအားလုံးကို တစ်စုတစ်စည်းတည်းဖြစ်အောင် ပြုလုပ်ရာတွင် ကူညီပေးပါ။ မည်သည့်လုပ်ငန်းများကို အမျိုးသမီး၊ အမျိုးသား သို့မဟုတ် နှစ်ဖက်စလုံးက ဦးစားပေးအဖြစ်

သတ်မှတ်ထားသည်ကို သေချာစွာဖော်ပြပေးပါ။ ၎င်းအချက်အလက်များကို ပုံစံ စ-၃ ဖြည့်သွင်းရာတွင် လိုအပ်ပါသည်။

၇) ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို တစ်စုတစ်စည်းတည်းစာရင်းပြုလုပ်ရာတွင် ကူညီပေးပါ။ အမျိုးသမီး၊ အမျိုးသားနှင့် အမျိုးသမီး အမျိုးသားနှစ်ဖက်စလုံးမှ ဦးစားပေးသတ်မှတ်ထားသည်များကို ရှင်းရှင်းလင်းလင်း ဖော်ပြပေးပါ။ ၎င်းကို ပုံစံ စ-၃ အတွက် ဖြည့်သွင်းရန်လိုအပ်သောကြောင့်ဖြစ်သည်။

၈) အဆိုပြုထားသည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း သို့မဟုတ် စီမံကိန်းလုပ်ငန်းခွဲကို အားလုံးရှင်းလင်းနားလည်ကြောင်း သေချာစွာပြုလုပ်ပါ။

၉) လူထုဗဟိုပြုစီမံကိန်းတွင် မည်သည့်လုပ်ငန်းများသည် အကျုံးဝင်ကြောင်း (အကျုံးဝင်သလို အကုန်အကျ သက်သာပြီး ပြုပြင်ထိန်းသိမ်းရလွယ်ကူ သက်သာသည့် စီမံကိန်းများ)နှင့် မည်သည်တို့သည် အကျုံးမဝင်ကြောင်း (ရှုပ်ထွေးပြီး လူထုဗဟိုပြုစီမံကိန်းပြင်ပ ဈေးကြီးသည့်) အသိပေးပါ။ ထို့အပြင် မည်သည်တို့ကို ပထမနှစ်တွင် ဆောင်ရွက်နိုင်ကြောင်းနှင့် မည်သည်တို့ကို ဆောင်ရွက်၍ မရကြောင်း ရှင်းပြပါ။ **လူထုဗဟိုပြုစီမံကိန်းတွင် အကျုံးမဝင်သော်လည်း ဦးစားပေးလုပ်ငန်းများအားလုံးကို VDP တွင် မှတ်တမ်းတင်ထားပြီး TPIC သို့ အခြားထောက်ပံ့ငွေများ ရလို့ရငြား တင်သွင်းပြသပေးနိုင်ကြောင်း ရှင်းပြပါ။**

၁၀) တစ်စုတစ်စည်းတည်းပြုလုပ်ထားသည့်စာရင်း ဥပမာကို အောက်တွင်ဖော်ပြထားပါသည်။ လုပ်ငန်းတစ်ခုချင်းစီတွင် အမျိုးသား၊ အမျိုးသမီး၊ သို့မဟုတ် နှစ်ဖက်စလုံးမှ အဆိုပြုထားကြောင်း ဘေးတွင် ဖော်ပြထားသည်။




**ဦးစားပေးအဆင့်နှင့် စီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း**

**၁)** ကျေးရွာလူထုမှ တစ်စုတစ်စည်းတည်းစာရင်း ပြုလုပ်ပြီးပါက ဦးစားပေးအဆင့်သတ်မှတ်ပြီး စာရင်းပြုလုပ်ရန် ဖြစ်သည်။

**၂)** Flipchart တစ်ခုပေါ်တွင် အောက်ဖော်ပြပါ စံနှုန်းများကို ရေးသားပြီး ကျေးရွာလူထုနှင့် အတူတကွ ကြည့်ရှုပါ။ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၊ စီမံကိန်းလုပ်ငန်းခွဲများကို ဦးစားပေးရွေးချယ်ရာတွင် အောက်ပါအချက်များကို စဉ်းစား၍ ရွေးချယ်သင့်ကြောင်း ရှင်းပြပါ။ စံနှုန်း၏အဓိပ္ပာယ်ကို သိရှိစေရန် စဉ်းစားနိုင်မည့် မေးခွန်းများဖော်ပြထားပြီး စီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ရာတွင် မည်ကဲ့သို့ အသုံးချရမည်ကို ဖော်ပြထားသည်။

<u>၁။ အကျိုးအမြတ်ရရှိမည့်သူ အရေအတွက်</u>

- ဤစီမံကိန်းမှနေ၍ လူဦးရေမည်မျှ အကျိုးအမြတ်ရရှိမည်နည်း။
- မည်သည့် စီမံကိန်းက လူဦးရေအများဆုံး အကျိုးဖြစ်ထွန်းစေမည်နည်း။

၂။ အကျိုးအမြတ်ရရှိမည့် ဆင်းရဲသားနှင့် အပစ်ပယ်ခံထားရသူများ အရေအတွက်

- ဤစီမံကိန်းက ဆင်းရဲသားနှင့် အပစ်ပယ်ခံထားရသူများကို အကျိုးအမြတ်ဖြစ်ထွန်းစေသလား။

၃။ ဒေသခံ အခပေးအလုပ်သမားငှားရမ်းခြင်းဖြင့် ဝင်ငွေရရှိ၍ ဆင်းရဲမှုအပေါ် အကျိုးသက်ရောက်မှု

- စီမံကိန်းကဒေသခံကျေးရွာလူထုအား အခပေး အလုပ်သမားငှားရမ်းခြင်းဖြင့် ဝင်ငွေရရှိစေမှာလား။

၄။ အရေးကြီးမှုနှင့် အရေးတကြီးလိုအပ်မှု

- ဤစီမံကိန်းက ကျေးရွာက အရေးတကြီးလိုအပ်နေခြင်းကို ဖြေရှင်းပေးနိုင်မှာလား။

၅။ စီမံကိန်းလုပ်ငန်းခွဲအား ကျေးရွာလူထုမှ အကောင်အထည်ဖော်ခြင်း၊ အခြေခံအဆောက်အအုံအား လည်ပတ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့အား ဆောင်ရွက်နိုင်သည့်စွမ်းရည်

- ၎င်းစီမံကိန်းကို မိမိတို့အကောင်အထည်ဖော်၊ လည်ပတ်၊ ပြုပြင်ထိန်းသိမ်းနိုင်မှာလား။

**၃)** စံနှုန်းများကို ရှင်းပြပြီးသည့်အခါ ကျေးရွာလူထုကို လျှို့ဝှက်မဲပေးရမည့်စနစ်ကို ရှင်းပြပါ။ ကျေးရွာလူထု အားလုံးတွင် မဲပေးပိုင်ခွင့်ရှိသည်။

**၄)** **မဲရုံများ ပြင်ဆင်ပါ။** (တစ်ရှုးထည့်တဲ့ပုံးလိုမျိုး ပုံးတွေ၊ တစ်ရှုးဘူးခွံ၊ ဇလုံ၊ အစရှိသည်ကဲ့သို့) မဲထည့်ရန် မဲပုံးတစ်ခုကို ပြင်ဆင်ပါ။ အရွေးအချယ်ခံ ကိုယ်စားလှယ်တစ်ယောက်စီအတွက် မဲတစ်ပုံးရှိရမည်ဖြစ်ပြီး မဲပုံးတွင် နာမည် ကပ်ထားပေးပါ။ **လျှို့ဝှက်မဲပေးရာတွင် လျှို့ဝှက်မဲဖြစ်စေရန် သေချာပြုလုပ်ပါ။** မဲပုံးများကို သေချာလုံခြုံစွာပိတ်ထားပြီး မဲထည့်ရန် အပေါက်သာထားရှိပါ။ သို့မှသာ မဲပေးသူများသည် မဲပုံးအထဲကို မမြင်ဘဲနေမည်ဖြစ်သည်။ မဲပေးသည့်အခါ မဲရုံသည် မဲပေးသူတိုင်းအတွက် အနှောင့်အယှက်ကင်းရန် သေချာအောင်ပြုလုပ်သင့်ပြီး မဲပေးသူများ ဝင်ရောက်မဲပေးရာတွင် လျင်မြန်ချောမွေ့စွာ မဲပေးနိုင်ရန်နှင့် မဲရုံမှ ဝင်ထွက်သည့်အခါ အဆင်ပြေစေရန် သေချာစွာပြုလုပ်ပါ။

**၅)** **မဲပေးသူများကို (၁၀) မဲပေးပါ။** (အအေးပိုက်၊ ပဲစေ့၊ မြေပဲစေ့၊ စသည်ဖြင့်)

**၆)** ထို့နောက်မဲပေးသည့် အခါ ပထမဦးစားပေးအတွက် (၄)မဲထည့်ရန်၊ ဒုတိယဦးစားပေးအတွက် (၃)မဲထည့်ရန်၊ တတိယဦးစားပေးအတွက် (၂)မဲထည့်ရန်နှင့် စတုတ္ထဦးစားပေးအတွက် (၁)**မဲထည့်ရန် ပြောပါ။** မိမိဦးစားပေးလိုသည့် စီမံကိန်းလုပ်ငန်းအလိုက် မဲထည့်သင့်သည်။ မဲရုံထဲသို့ အလှည့်ကျဝင်ရောက်ပြီး မဲထည့်ပေးပါ။ မဲပေးသူသည် စာမဖတ်တတ် သို့မဟုတ် မျက်စိမမြင်လျှင် ၎င်းထည့်လိုသည့် မဲပုံးတွင် ထည့်နိုင်ရန်အတွက် လူထုစည်းရုံးရေးမှူးတစ်ယောက်မှ ကူညီပေးသင့်သည်။ လူတိုင်း ဦးစားပေးလုပ်ငန်း တစ်ခုသို့မဟုတ် နှစ်ခုရွေးချယ်နိုင်ကြောင်းနှင့် လုပ်ငန်း(၂)ခုအတွက် မဲပေးပြီးလျှင် စီမံကိန်းလုပ်ငန်းခွဲ(၂)ခု အတွက်သာ မဲပေးလိုသည့်အတွက် ရပ်တန့်လိုရပ်တန့်နိုင်ကြောင်း ရှင်းပြပါ။

**၇)** **မဲများကို ပွင့်လင်းမြင်သာစွာ (လူအများရှေ့တွင်) မဲပုံးထဲရှိ မဲများကိုရေတွက်ပါ။** တက်ရောက်လာကြသူ အားလုံးရှေ့မှာ မဲပုံးထဲမှ မဲများအားလုံးကို ရေတွက်ပြပါ။ ဦးစားပေးလုပ်ငန်းများအတွက် မဲအရေအတွက်ကို အပြီးသတ်စာရင်းထဲရှိ လုပ်ငန်းနာမည်တစ်ခုချင်းစီဘေးတွင် တာလီချိုးပြပါ။

**၈)** တာလီချိုး၍ မဲအများဆုံးရသည်အလိုက် **မည်သည့်စီမံကိန်းများသည် ဦးစားပေးဖြစ်ကြောင်းရှင်းပြပါ။** (ဆိုလိုသည်မှာ ရေပေးဝေရေး (၂၂မဲ)၊ ကမှခအထိ (၂)မိုင်လမ်း (၁၁မဲ)၊ ကျန်းမာရေးဌာန (၆မဲ)၊ မူလတန်းကျောင်း ခေါင်မိုးနှင့်ခြံစည်းရိုး (၅မဲ)၊ ကမှခအထိ တံတား (၂မဲ) )

**၉)** **ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးလုပ်ငန်းစဉ်များ အပြီးသတ်စာရင်း**ကို ပြုစုပါ။ ၎င်းစာရင်းတွင် အမျိုးသမီးများ၏ ဦးစားပေးစာရင်း တစ်ခုသို့မဟုတ် တစ်ခုထက်ပို၍ ပါဝင်ရမည်။ ပေါင်းစည်းထားသည့် ဖွံ့ဖြိုးတိုးတက်ရေးဦးစားပေးလုပ်ငန်းစဉ်များကို မဲရလဒ်များနှင့် ဦးစားပေးအဆင့်အလိုက်ကို အောက်တွင် ဖော်ပြထားသည်။




VDP တွင် PRA tools မှရလဒ်များ၊ သီးခြားအဖွဲ့များ၏ဆွေးနွေးမှုရလဒ်များနှင့် ဦးစားပေးသတ်မှတ်ချက်များအားလုံး ထည့်သွင်းဖော်ပြမည်ဖြစ်သည်။

**၂။စီမံကိန်းရေးဆွဲခြင်း**

**၂-၁။ ဒုတိယအကြိမ် ကျေးရွာအစည်းအဝေး**

***၁၁၅ ရည်ရွယ်ချက်*** *- ဒုတိယအကြိမ်ကျေးရွာအစည်းအဝေး၏ ရည်ရွယ်ချက်များမှာ - (၁) ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် ပြင်ဆင်ခြင်းနှင့် (၂) ကျေးရွာကိုယ်စားလှယ်များနှင့် ကော်မတီအဖွဲ့ဝင်များ ရွေးချယ်ခြင်း။*

***၁၁၆ ပါဝင်သူများ*** *- လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်းပညာမှူးများသည် ကျေးရွာစေတနာ့ဝန်ထမ်းများနှင့်အတူ အစည်းအဝေးအား ပံ့ပိုးကူညီရပါမည်။ ကျေးရွာ အုပ်ချုပ်ရေးမှူးအပါအဝင် ကျေးရွာလူထုအားလုံးအား ဖိတ်ကြားရပါမည်။ အစည်းအဝေး အထမြောက်ရန် လိုအပ်သည့်ဦးရေမှာ-(၁) ကျေးရွာအတွင်းရှိ အိမ်ခြေ၏ အနည်းဆုံး ၅၀% ၊ (၂) ကျေးရွာအတွင်းရှိ လူမျိုးစုအိမ်ခြေများ၏ အနည်းဆုံး ၅၀%၊ (၃) တက်ရောက်သူများ၏ အနည်းဆုံး ၅၀% မှာ အမျိုးသမီးများဖြစ်သင့်သည်၊ (၄) အခြားစီမံကိန်းမှ ကော်မတီဝင်များ မျှတစွာပါဝင် သင့်ပါသည်။ စည်းရုံးရေးမှူးများသည် ဝေးကွာသော ရွာစွန်ရွာဖျားတွင် နေထိုင်သည့် ကျေးရွာလူထုကိုလည်း အစည်းအဝေးတက်ရောက်ရန် နိုးဆော်ရမည်ဖြစ်ပါ သည်။*

***၁၁၇ အချိန်ကာလ*** *- အစည်းအဝေးပြုလုပ်ချိန် အနည်းဆုံး နေ့တစ်ဝက်ဖြစ်သည်။ ၎င်းအစည်းအဝေး၌ အစီရင်ခံစာတင်မည့်သူ နှင့် အုပ်စုကိုယ်စားပြု ကျေးရွာဖွံ့ဖြိုးတိုးတက် ရေး လုပ်ဆောင်ချက်များကို တင်ပြပေးမည့်သူ အား ရွေးချယ်ရမည်။*

***၁၁၈ လုပ်ငန်းစဉ်*** *- ပထမနှစ်မြို့နယ်များအတွက် မျှော်မှန်းပါသည်။ လူထုစည်းရုံးရေးမှူး များသည် ပထမအကြိမ် ကျေးရွာအစည်းအဝေးကျင်းပခြင်း၊ လူမှုဆန်းစစ်ခြင်း/ လူထု ပူးပေါင်းပါဝင်သော ကျေးရွာအကဲဖြတ်ခြင်းလုပ်ငန်းများ လုပ်ဆောင်ခြင်းနှင့် ဒုတိယအကြိမ် ကျေးရွာအစည်းအဝေးများ ကျင်းပရန်အတွက် ကျေးရွာတိုင်းတွင် ၃ ရက်မှ ၄ ရက်ထိနေသင့် ပါသည်။*

## ၂-၂။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်

**၁၁၉** လိုအပ်သော သတင်းအချက်အလက်များကို အသုံးပြု၍ အထက်တွင်ဖော်ပြထားသည့် အတိုင်း PSA/PRA လုပ်ငန်းစဉ်များအား ဆောင်ရွက်နေစဉ်အတွင်း CFs နှင့် TFs တို့၏အကူအညီဖြင့် ကျေးရွာလူထုသည် ၄ နှစ်စာကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ကို ရေးဆွဲရပါမည်။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ ရည်ရွယ်ချက်မှာ ကျေးရွာ၏ လက်ရှိအခြေ အနေ၊ ဖွံ့ဖြိုးရေးအတားအဆီးများ၊ ကျေးရွာ၏ မျှော်မှန်းချက်များနှင့် လူမှုစီးပွါးရေး အခြေအနေများ တိုးတက်စေရန် ကြားဖြတ်အဆိုပြု ခြင်းများကို အကျဉ်းချုပ် ဖော်ဆောင်ရန် ဖြစ်ပါသည်။ ကျေးရွာလူထုသည် အနာဂါတ်တွင် လုပ်ဆောင်ရန် ကျန်ရှိနေသေးသော ဖွံ့ဖြိုးတိုးတက်မှု စီမံချက်များကိုပါ ထည့်သွင်းစဉ်းစား ထားရမည်။

**၁၂၀** လူထုစည်းရုံးရေးမှုးများနှင့် လက်ထောက်နည်းပညာမှုးများသည် ကျေးရွာစေတနာ့ ဝန်ထမ်းများနှင့်အတူ လူမှုဆန်းစစ်ချက်နှင့် လူထုပူးပေါင်းပါဝင်သော ကျေးရွာအကဲဖြတ် ဆန်းစစ်ခြင်းမှ ရရှိလာသော ရလဒ်များ၊ သတင်းအချက်အလက်များအား စုဆောင်း၍ (နောက်ဆက်တွဲပါ) ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် စာအုပ်သို့ အနည်းဆုံးစာမျက်နှာ ၅၀ စာ ထည့်သွင်းရမည်ဖြစ်ပါသည်။ (အောက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ပုံစံကို ကြည့်ရှုပါရန်)

(က) အဖုံးစာမျက်နှာ

(ခ) မာတိကာအညွှန်း

(ဂ) ကျေးရွာအကြောင်း ဖော်ပြချက်နှင့် ကျေးရွာအခြေခံ အချက်အလက်များ ဖော်ပြမှု ( ပုံစံ စ-၁)

(ဃ) PSA/PRA လုပ်ငန်းစဉ်အနှစ်ချုပ်

(င) အမျိုးသမီး၊ အမျိုးသားအုပ်စုများ၏ အခက်အခဲ အတားအဆီးများ

(စ) ကျေးရွာမျှော်မှန်းချက် ( ကျေးရွာမျှော်မှန်းချက် ဆွေးနွေးပွဲမှ ရလဒ်များ)

(ပုံစံ စ-၃) (ဇယားကွက် - ခ)

(ဆ) အမျိုးသမီး၊ အမျိုးသားအုပ်စုများ သဘောတူထားသော နောက် ၄ နှစ်စာ အတွက် ဦးစားပေးလုပ်ငန်းများ ( အခြေခံအဆောက်အအုံ၊ အသက်မွေးဝမ်းကြောင်း လုပ်ငန်း၊ ပညာရေး၊ လူမှုအကာအကွယ် အစရှိသဖြင့်) (ပုံစံ စ-၃) (ဇယားကွက် - ဂ နှင့် ဃ)

(ဇ) နောက်ဆက်တွဲများ -

(၁) ကျေးရွာလူထု၏ ဆန္ဒအတိုင်း ဖြည့်သွင်းပေးပါရန်(ဥပမာ- လူမှုဆန်းစစ် ခြင်းနှင့် PRA လုပ်ငန်းစဉ်များ၏ဓာတ်ပုံမှတ်တမ်းများ (အတတ်နိုင်ဆုံး) - မြေပုံများ၊ ချမ်းသာမှုအဆင့် ခွဲခြားခြင်း၊ ဗင်းပုံစံဖြင့် ဖော်ပြမှု အစရှိသဖြင့် )

(၂) ကျေးရွာအစီအစဉ်ရေးဆွဲခြင်း အစည်းအဝေးမှတ်တမ်း မိတ္တူ

**၁၂၁** ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် -

(က) အနှစ်ချုပ်အား မြန်မာဘာသာစကား ပြင်ဆင်မည်ဆိုပါက ဒေသခံဘာသာ စကားဖြင့်လည်း ပြင်ဆင်သင့်ပါသည်။ သို့မဟုတ် ဒေသခံဘာသာစကားဖြင့် ပြင်ဆင် မည်ဆိုပါက မြန်မာဘာသာစကားဖြင့်လည်း ပြင်ဆင်သင့်ပါသည်။

(ခ) ကျေးရွာအတွက် ၄ နှစ်စာ ဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်းများ ရေးဆွဲရာတွင် NCDDP နှင့်ဆိုင်သော လုပ်ငန်းများသာမက အခြားစီမံကိန်းများ၊ အခြားအလှူရှင် အရင်းအမြစ်များကိုလည်း ထည့်သွင်း၍ အဆိုပြုသင့်ပါသည်။ (ဥပမာ- အသက်မွေး ဝမ်းကြောင်းလုပ်ငန်းများ၊ ကျန်းမာရေး အစရှိသဖြင့်)၊ သို့မှသာ အခြားပြင်ပအဖွဲ့ အစည်းများသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များအပေါ်တွင် သိမြင်နိုင် ပြီး အနာဂါတ်တွင်

နောက်ထပ်လိုအပ်သော ရန်ပုံငွေများကိုလည်း ထပ်မံရရှိနိုင်မည် ဖြစ်ပါသည်။

**ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ပုံစံ**

*(၁) အဖုံးစာမျက်နှာ (ကျေးရွာနာမည်၊ မြို့နယ်နှင့် ရက်စွဲများ အပါအဝင်)*

*(၂) မာတိကာ*

*(၃) ကျေးရွာအခြေခံ အချက်အလက် (ကျေးရွာပုံစံ အနှစ်ချုပ်) (ပုံစံ စ-၁)*

- *ကျေးရွာသက်တမ်း (ကျေးရွာသမိုင်း/ ရာဇဝင်အပါအဝင်)*
- *လူဦးရေ (ကျား/မ) နှင့်အိမ်ခြေ*
- *လူမျိုးစုများ၏ လူဦးရေ*
- *ထိခိုက်လွယ်သော အုပ်စုများလူဦးရေ (ဥပမာ- သက်ကြီး၊ မြေယာမဲ့၊ မသန် စွမ်းအုပ်စုများ)*
- *ကျေးရွာအတွင်းရရှိနိုင်သော ဝန်ဆောင်မှုများ (ကျန်းမာရေးဆေးခန်း၊ စာသင် ကျောင်း စသဖြင့်)*
- *ရွာသူ/သားများ၏ အဓိက စီပွားရေးလုပ်ငန်းများ (စိုက်ပျိုးမွေးမြူရေး၊ အခြား သီးနှံများ စသဖြင့်)*
- *အဓိကရနိုင်သော အရင်းအမြစ်များ (စိုက်ပျိုးဧရိယာ၊ သဘာဝ အရင်းအမြစ် များ)*
- *ကျေးရွာနှင့်ဆိုင်သော အခြားအရင်းအမြစ်များ*

*PSA/PRA လုပ်ငန်းစဉ် အနှစ်ချုပ် (ရက်စွဲ၊ ဆွေးနွေးသည့်အုပ်စု၊ တက်ရောက် ဦးရေ၊ အဓိကဆွေးနွေးခဲ့သည့် အချက်များ) ပါဝင်ရမည်။ PSA/PRA လုပ်ငန်းစဉ် များ၏ ဓာတ်ပုံအထောက်အထားများ ပါဝင်ရမည်ဖြစ်ပြီး ဖြစ်နိုင်ပါက မြေပုံများ၊ ချမ်းသာကြွယ်ဝမှု အဆင့်ခွဲခြားထားမှုများ၊ ဇင်းပုံစံများ အစရှိသည်တို့ ပါဝင်ရမည်။ အဆိုပါပုံများကို ဤအစီရင်ခံစာနှင့် တစ်ဆက်တည်းဖြစ်စေ၊ နောက်ဆက်တွဲဖြင့် ဖြစ်စေ ထည့်သွင်းနိုင်သည်။*

*(၄) အမျိုးသမီး၊ အမျိုးသားအုပ်စုများ၏ အခက်အခဲ အတားအဆီးများ (PRA လေ့ ကျင့်ခန်းမှ ရရှိသော ရလဒ်များ)၊ ရွာသူ/သားများ အဓိကရင်ဆိုင်နေရသော အခက် အခဲအတားအဆီးများကို အတိုချုပ်ဖော်ပြခြင်း (ပုံစံ စ-၃ ၊ Box A)*

*(၅) ကျေးရွာမျှော်မှန်းချက် (ကျေးရွာမျှော်မှန်းချက် ဆွေးနွေးပွဲမှရလဒ်များ)၊ မျှော်မှန်း ချက်ကဘာလဲ၊ အနာဂါတ်အတွက် ဘာတွေလုပ်ကြမလဲ၊ (ပုံစံ စ-၃၊ Box B)*

*(၆) မတူညီသောဒေသများတွင် အမျိုးသား၊ အမျိုးသမီးအုပ်စုများ သဘောတူညီထား သော နောက် ၄ နှစ်စာအတွက် ဦးစားပေးလုပ်ငန်းများ (အခြေခံအဆောက်အဦး၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်း၊ ပညာရေး၊ လူမှုအကာအကွယ် အစရှိသဖြင့်)၊ NCDDP လုပ်ငန်းများသာမက အခြားလုပ်ငန်းများလည်း ပါဝင်သင့်ပါသည်။ (ပုံစံ စ-၃၊ Boxes C&D)*

*(၇) နောက်ဆက်တွဲများ-*

- *အထက်ဖော်ပြပါခေါင်းစဉ်နှင့် ဆက်စပ်မှုရှိသော နောက်ဆက်တွဲများကို ကျေးရွာဖွံ့ဖြိုးတိုးတက်မှု စီမံချက်အတွင်းသို့ ဖြည့်သွင်းနိုင်သည် (သို့) နောက် ဆက်တွဲအဖြစ် ထားရှိနိုင်သည်။*
- *အစည်းအဝေးတက်ရောက်သူ စာရင်းများ မပါဝင်ရပါ။*
- *မှတ်ချက်။ ။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု စီမံချက်သည် စာမျက်နှာ (၅၀) ထက် မကျော်လွန်ရပါ။ ၎င်းစီမံချက်ထဲတွင် ဓာတ်ပုံများနှင့် PSA/PRA လေ့ကျင့် ခန်းများ ပါဝင်ရပါမည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်ရလဒ်များကို မှတ်တမ်းတင် ပြုစုပြီး ပြီးပြည့်စုံသော VDP ပြုလုပ်ရန် ရည်ရွယ်ပါသည်။*

**VDP**

PSA/PRA များပြီးစီးသွားသည့်အခါ စည်းရုံးရေးမှူးများသည် ၎င်းတို့ကို တစ်စုတစ်စည်းတည်းပေါင်းစည်းပြီး အပြီးသတ် VDP ကိုပြုလုပ်မည်။ ကျေးရွာစေတနာ့ဝန်ထမ်းများ၏ အကူအညီဖြင့် စည်းရုံးရေးမှူးများသည် **စီမံကိန်းလက်စွဲရှိ VDP နမူနာပုံစံနှင့် ပုံစံ (စ-၃)** တို့ကို အသုံးပြုကာ စာရွက်စာတမ်းနှင့် သတင်းအချက်အလက်များ အားလုံးကို တစ်စုတစ်စည်းတည်း ပေါင်းစည်းမည်ဖြစ်သည်။

စည်းရုံးရေးမှူးများသည် **VDP အား PDF ဖိုင် ပြုလုပ်ပြီး ၎င်း PDF ကို အနည်းဆုံး (၂)စုံ ပရင့်ထုတ်ထားမည်။ မြို့နယ်ရုံးတွင် (၁)စုံထားပြီး ကျေးရွာတွင် (၁)စုံထားရှိရမည်။** မိတ္တူများကို တစ်စုတစ်စည်းတည်း ကြည့်ရှုနိုင်ရန် အတွက် **Ring Binder ကွင်းဖိုင်**နှင့်ထားရှိသင့်သည်။ သို့မှသာ စာရွက်တစ်ရွက်ချင်းစီကို စီမံကိန်း စက်ဝန်း (၄)နှစ်စာ အတွက် အချက်အလက်အသစ်ဖြည့်စွက်နိုင်မည်။ ထို့နောက် **PDF ထည့်ထားသည့် thumb-drive** ကို ပြည်ထောင်စုရုံးချုပ်သို့ ပေးပို့ရမည်။

## VDP တွင်ပါဝင်သည့် စာရွက်စာတမ်းများအတွက် ဥပမာ


၁။ကျေးရွာနာမည်နှင့် ဆွဲဆောင်မှုရှိသော အဖုံးစာမျက်နှာ


၂။မာတိကာ


၃။ကျေးရွာအချက်အလက် ပုံစံ စ-၁


၄။မြေပုံဓါတ်ပုံနှင့် ရလဒ်များ။ ဘာတွေလေ့လာခဲ့သလဲ၊ ဦးစားပေးတွေက ဘာတွေလဲ။


၅။ဥစ္စာနေကြွယ်ဝမှုအဆင့်၏ ဓါတ်ပုံနှင့် ရလဒ်


၆။ရာသီခွင်ပြ ပြက္ခဒိန်၏ ဓါတ်ပုံနှင့် ရလဒ်များ။ အနှစ်ချုပ်။ စီမံကိန်းလုပ်ငန်းခွဲများနှင့် အစည်းအဝေးများအတွက်အစီအစဉ်ရေးဆွဲခြင်း တွေက ဘာလဲ


၇။ပင့်ကူအိမ်ပြနှင့် ပိုင်ဆိုင်မှုပြ လုပ်ငန်းများမှ ဓါတ်ပုံနှင့် ရလဒ်များ၊ ကျား-မ ကဏ္ဍကို စိစစ်ခြင်းနှင့် အချုပ်ပြုလုပ်မှုများ


၈။ဗင်းပုံစံ ဓါတ်ပုံနှင့် ရလဒ်များ


၉။မျှော်မှန်းချက်နှင့် အဆင့်သတ်မှတ်ခြင်း ဓါတ်ပုံနှင့် ရလဒ်၊ ဘာတွေလေ့လာခဲ့သလဲ၊ တိုးတက်ရန် ဘာတွေလိုသလဲ၊ ဦးစားပေးတွေ ဘာတွေလဲ၊ စသည့် အချုပ်များ


၁၀။ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများနှင့် အဆင့်သတ်မှတ်ချက်များ စုစည်းဖော်ပြချက်များ


၁၁။ဦးစားပေးလုပ်ငန်းများ (စ-၃)

***၁၂၂ လူထုဗဟိုပြုစီမံကိန်း ရန်ပုံငွေဖြင့် အကျုံးဝင်သော စီမံကိန်းလုပ်ငန်းများအား ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ခွဲခြမ်းစိတ်ဖြာခြင်း-*** *လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်းပညာမှူးများသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲရာတွင် လူထု ဗဟိုပြုစီမံကိန်းနှင့် အကျုံးဝင်သော စီမံကိန်းလုပ်ငန်းခွဲများကို ဆန်းစစ်မှုများပြုလုပ် နိုင်စေရန် အကူအညီပေးရမည်။*

***၁၂၃*** *ပေးထားသော ကျေးရွာအုပ်စုများအတွင်း တိကျသောစီမံကိန်းလုပ်ငန်းခွဲများကို ပံ့ပိုး ရန်အတွက် ရန်ပုံငွေခွဲဝေသတ်မှတ်ပေးသည်။ ကျေးရွာတိုင်းသည် နှစ်စဉ်စီမံကိန်းလုပ်ငန်းခွဲ မရရှိနိုင်ပါ။ ၎င်းကို ပထမအကြိမ်ကျေးရွာအစည်းအဝေးနှင့် နောက်ပိုင်းစီမံချက် အစည်း အဝေးများတွင် ကျေးရွာလူထုအား ရှင်းပြရမည်။ ကျေးရွာများသည် စီမံကိန်းလုပ်ငန်းခွဲများ ကို ပေါင်းစပ်ဆောင်ရွက်နိုင်သည်။ အလွန်သေးငယ်သော ကျေးရွာများသည် မိမိအုပ်စု အတွင်းတွင် စီမံကိန်းလုပ်ငန်းခွဲအချင်းချင်း ချိတ်ဆက်၍သော်လည်းကောင်း၊ အနီးအနားရှိ အခြားကြီးမားသော ရွာကြီးတစ်ရွာဖြင့်လည်းကောင်း ပေါင်းစပ်ဆောင်ရွက်နိုင်သည်။ မြို့နယ်များအတွင်း ပါဝင်သော ကျေးရွာများအားလုံးကို စီမံကိန်းလုပ်ငန်းခွဲများ၏ အနည်း ဆုံးစီမံကိန်း စက်ဝန်း (၂) ခုတွင် ပါဝင်နိုင်ရန် အားပေးရမည်။*

***၁၂၄ လူထုဗဟိုပြုစီမံကိန်း၏ စီမံကိန်းလုပ်ငန်းခွဲ အသေးဆုံးပမာဏနှင့် အကြီးဆုံး ပမာဏ-*** *မည်သည့်မြို့နယ်တွင်မဆို ပထမနှစ်ကျေးရွာစီမံကိန်းလုပ်ငန်းခွဲအတွက် အနိမ့်ဆုံး သတ်မှတ်ထားမှု ပမာဏမရှိပါ။ ဒုတိယနှစ်နှင့်နောက်ပိုင်းစက်ဝန်းများတွင် စီမံကိန်း လုပ်ငန်းခွဲတစ်ခုသည် အနည်းဆုံးကျပ် ၂,၀၀၀,၀၀၀ (ကျပ် - ၂ သန်း) ရှိရန်သတ်မှတ်ထားသည်။ ကျေးရွာစီမံကိန်းလုပ်ငန်းခွဲ တစ်ခုသည် အများဆုံးအနေဖြင့် (ကျေးရွာထည့်ဝင်ငွေ အပါအဝင်) ကျေးရွာအုပ်စု၏ ရန်ပုံငွေပမာဏ သို့မဟုတ် ကျပ် ၁၁၀,၀၀၀,၀၀၀ (ကျပ် သန်း - ၁၀၀) ထက်မပို စေရ။ ကျပ် ၄၀,၀၀၀,၀၀၀ (ကျပ် သန်း - ၄၀) ထက်ကျော်လွန်သော လုပ်ငန်းအားလုံးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှု ဦးစီးဌာန ပြည်ထောင်စုရုံး၏ထောက်ခံချက်နှင့် ကမ္ဘာ့ဘဏ်မှ ကန့်ကွက်ရန် မရှိကြောင်းစာ ရယူရပါမည်။ ခြွင်းချက်အနေဖြင့် စီမံကိန်း လုပ်ငန်းခွဲများ၏ အကြီးဆုံး ပမာဏအတွက် ပြည်ထောင်စုအဆင့် ကျေးလက်ဦးစီးရုံးမှ ထောက်ခံချက်၊ ကမ္ဘာ့ဘဏ်မှ ကန့်ကွက်ရန်မရှိကြောင်းစာနှင့်အတူ ကျေးရွာအုပ်စု ၂ ခုပေါင်း၍ ပူးတွဲစီမံကိန်းလုပ်ငန်းခွဲ တစ်ခု ဆောင်ရွက်နိုင်ပါသည်။*

***၁၂၅*** *ကျေးရွာတစ်ရွာထက်ပို၍ ပူးပေါင်းဆောင်ရွက်သော စီမံကိန်းလုပ်ငန်းခွဲများအတွက် ကျေးရွာများသည် ၎င်းကျေးရွာကော်မတီအတွင်း၌ အဆိုပါကျေးရွာ (၂)ရွာ စလုံးမှ အဖွဲ့ဝင်များနှင့်အတူ အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းလိမ့်မည်ဖြစ်ပြီး ဆပ်ကော်မတီများလည်း လိုအပ်သည်။ စီမံကိန်းလုပ်ငန်းခွဲပူးပေါင်းမှုများကို စီမံခန့်ခွဲရန် ကျေးရွာအားလုံးမှတူညီ သောကိုယ်စားလှယ်များရှိသင့်သည်၊ စီမံကိန်းလုပ်ငန်းခွဲ အမျိုးအစားသည် အဆိုပါဆုံး ဖြတ်ချက်များပေါ်တွင် သက်ရောက်မှုရှိသည်။ လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက် နည်းပညာမှူးတို့က အဆိုပါကျေးရွာများအား ပူးပေါင်းဆောင်ရွက်သော စီမံကိန်းလုပ်ငန်းခွဲ များ၏ အားသာချက်၊ အားနည်းချက်တို့နှင့်အတူ အကြံဉာဏ်များပေးသင့်သည်။*

***၁၂၆ ဦးစားပေးအစီအစဉ် သတ်မှတ်ခြင်း*** *- စီမံကိန်းလုပ်ငန်းခွဲများကို ဦးစားပေး သတ်မှတ်ရာတွင် အောက်ပါတို့ပါဝင်သင့်ပါသည်။*

*(က) အကျိုးပြုဦးရေ (သက်ရောက်မှု အတိုင်းအတာ)*

*(ခ) ဆင်းရဲနွမ်းပါးသူနှင့် အပယ်ခံ အကျိုးခံစားရစေမှု*

*(ဂ) ဒေသခံ အလုပ်သမားများအပါအဝင် ဆင်းရဲနွမ်းပါးမှုများ အကျိုးသက်ရောက်မှု*

*(ဃ) အရေးပေါ်လိုအပ်မှု*

*(င) စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ရန်အတွက် ကျေးရွာလူထု၏ စွမ်းဆောင်ရည်*

*(စ) စီမံကိန်းလုပ်ငန်းခွဲများ၏ အခြေခံအဆောက်အဦးများ လည်ပတ်ထိန်းသိမ်းရန် အတွက် ကျေးရွာလူထု၏ စွမ်းဆောင်ရည်*

**၁၂၇** ကျေးရွာသူ/သားများသည် ဆင်းရဲနွမ်းပါးကြပြီး ဆန္ဒအလျောက်ထည့်ဝင်မှုသည် အကန့်အသတ်တစ်ခု ရှိနေမည်မှန်သော်လည်း ၎င်းတို့ရွေးချယ်ထားသော စီမံကိန်းလုပ်ငန်းခွဲ များအတွက် ဆန္ဒအလျောက်ထည့်ဝင်မှုကို အားပေးပါသည်။ လှူဒါန်းမှုသည် ဆန္ဒအလျောက် သာဖြစ်ပြီး အတင်းအကျပ် မဖြစ်စေရပါ။ လုပ်အားထည့်ဝင်မှုများကိုလည်း အတင်းအကျပ် မဖြစ်စေရပါ။ လှူဒါန်းမှုများသည် တစိတ်တပိုင်း လှူဒါန်းမှုများသာ ဖြစ်ရမည်။ (ဥပမာ- လုပ်အား၊ ပစ္စည်း၊ မြေယာ၊ သယ်ယူပို့ဆောင်ရေးအတွက် ဝန်ဆောင်မှုများ စသည် တို့ဖြစ်ရမည်။) တစ်စိတ်တစ်ပိုင်း လှူဒါန်းမှုများအားလုံးကို အခန်း (၃) တွင်ပါရှိသော ပုံစံ စ-၄ နှင့် ဘ-၆ တို့တွင် မှတ်တမ်းတင်ထားရမည်။ စေတနာအလျောက် မြေယာလှူဒါန်းမှု များအားလုံးကို အခန်း(၃) ရှိ ပုံစံ စ-၁၄ တွင် မှတ်တမ်းတင်ထားရမည်။

**၁၂၈** အခြားရန်ပုံငွေရရှိနိုင်မှုအပေါ်တွင်လည်း စဉ်းစားရမည်ဖြစ်ပြီး လုပ်ငန်းမထပ်စေရန် နှင့် နှောင့်နှေးမှုမဖြစ်စေရန် မြို့နယ်မှလုပ်ငန်းတိုးတက်မှု အချက်အလက်နှင့် ဘတ်ဂျက်များ ကို စောနိုင်သမျှ စောလျှင်စွာ ရရှိစေရေး အထူးဂရုပြု ဆောင်ရွက်ရပါမည်။

**၁၂၉** စီမံကိန်းလုပ်ငန်းခွဲများကို ကနဦးတွင်အမျိုးသားများ၊ အမျိုးသမီးများ၊ အမျိုးသား နှင့် အမျိုးသမီးအုပ်စုများမှ ပူးပေါင်းရွေးချယ်ခြင်းတို့ ဆောင်ရွက်ကြရမည်ဖြစ်သည်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုကို လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ရမည်။ အဆိုပြုသော စီမံကိန်းလုပ်ငန်းခွဲများသည် အမျိုးသမီးများမှ ထိရောက်စွာ ဆွေးနွေးထားမှုရှိကြောင်း သေချာစေရပါမည်။ ၎င်းကို လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်းပညာမှူး များက အထူးဂရုစိုက်ကြပ်မတ်ပေးရပါမည်။ မြို့နယ်အဆင့် နည်းပညာအကြံပေးအဖွဲ့များ ၏အစီရင်ခံစာများတွင် ကျား/မရေးရာနှင့် ပတ်သက်သည့် အချက်အလက်များနှင့် အမျိုးသမီးများမှ ရွေးချယ်သတ်မှတ်ထားသော စီမံကိန်းလုပ်ငန်းခွဲများအား ရန်ပုံငွေချထား ပေးမှုများ စသည်တို့ပါဝင်သည်။

**၁၃၀** ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းတွင် အကျုံးဝင်သော စီမံကိန်းလုပ်ငန်းခွဲများသည် လူထု ဗဟိုပြုစီမံကိန်း၏ပံ့ပိုးမှုတွင် ပါဝင်နိုင်ပါသည်။ အကျုံးဝင်သော စီမံကိန်းလုပ်ငန်းခွဲများ စာရင်းနှင့် အကျုံးမဝင်သော စီမံကိန်းလုပ်ငန်းခွဲများစာရင်းကို အောက်တွင် ဖော်ပြထား သည်။) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် အခြားလုပ်ငန်းများကို မှတ်တမ်းတင်ထားပြီး အခြားထောက်ပံ့ငွေရရှိလာပါက ဆောင်ရွက်နိုင်သည်။ လူထုဗဟိုပြုစီမံကိန်း၏ ဒုတိယနှစ် သို့မဟုတ် နောက်စီမံကိန်းနှစ်များတွင် အကျုံးမဝင်သော စီမံကိန်းလုပ်ငန်းခွဲမှအပ နှစ်သက် ရာ အခြေခံအဆောက်အအုံများကို လူထုက ရွေးချယ်ဆောင်ရွက်နိုင်သည်။

**၁၃၁** ကျေးရွာစီမံကိန်းလုပ်ငန်းခွဲနှင့်ပတ်သက်၍ မကျေနပ်ချက်များ၊ အကြံဉာဏ်များ (သို့) တိုင်ကြားချက်များအတွက် အကြံပြုဖြေရှင်းရေးစနစ်ကို အသုံးပြုရန် ရွာသူရွာသားများကို အားပေးရမည်။

**၁၃၂ လွတ်လပ်စွာ ကြိုတင်၍ နှီးနှောဖလှယ်ခြင်း-** ကျေးရွာတွင် တိုင်းရင်းသား လူမျိုးများ နှင့် ဘာသာရေးအုပ်စုတစ်စုထက်ပို၍ တည်ရှိနေလျှင် ကျေးရွာအုပ်စုစီမံကိန်း အထောက် အကူပြု ကော်မတီသို့ အဆိုပြုတင်ပြမည့် ဦးစားပေး ကိစ္စရပ်များ၊ ကျေးရွာဖွံ့ဖြိုးတိုးတက် ရေး စီမံကိန်းနှင့် စီမံကိန်းလုပ်ငန်းခွဲတို့အပေါ် ထိုအုပ်စုများမှ ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံ မှုရရှိရေးအတွက် လူထုစည်းရုံးရေးမှူးက ထိုအုပ်စုများနှင့် ကြိုတင်အသိပေးထားသော လွတ်လပ်သည့် နှီးနှောဖလှယ်ပွဲတစ်ခုကို ပြုလုပ်ရမည်။ အဆိုပြုထားသော ကျေးရွာစီမံကိန်း လုပ်ငန်းခွဲကို အုပ်စုတစ်စုကဖြစ်စေ၊ တစ်စုထက်ပို၍ဖြစ်စေ သဘောမတူလျှင် လူထုစည်းရုံး ရေးမှူးနှင့် ကျေးရွာစေတနာ့ဝန်ထမ်းတို့က ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကို ပြုပြင်ရေးဆွဲရန် သို့မဟုတ် အဆိုပြုချက်များအား ဦးစားပေးအစီအစဉ်ပြန်လည်ချမှတ်ရန် လိုအပ်ပါက နောက်ထပ်ကျေးရွာအစည်းအဝေးတစ်ခုကို ပြန်လည်ကျင်းပရပါမည်။ သဘောမတူညီမှုများ နှင့်ဆုံးဖြတ်ချက်များကို မှတ်တမ်းတင်ထားရမည်။ အဆိုပါအကြံပြုတိုင်ကြားစာများမှ စီမံကိန်းလုပ်ငန်းခွဲများတွင် ဆောင်ရွက်နိုင်သောစာရင်းနှင့် မဆောင်ရွက်နိုင်သောစာရင်း နှစ်ခုစလုံးကို ဤလုပ်ငန်းစဉ်တွင် ဆွေးနွေးတိုင်ပင်ရမည်။ လူထုစည်းရုံးရေးမှူးများသည်

*အဆိုပါအစည်းအဝေး ၏အစည်းအဝေးမှတ်တမ်းများ ပြင်ဆင်၍အပြီးသတ်ထားသော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ကျေးရွာအုပ်စုစီမံကိန်း အထောက်အကူပြု ကော်မတီထံသို့ ပေးပို့ရပါမည်။*

**ပထမနှစ် အကျုံးဝင်သော စီမံကိန်းလုပ်ငန်းခွဲများ (ဆောင်ရွက်နိုင်သောစာရင်း)**

***၁၃၃*** *လူထုဗဟိုပြုစီမံကိန်းဖြင့် ပထမနှစ်စီမံကိန်းစက်ဝန်းတွင် ဆောင်ရွက်မည့် စီမံကိန်း လုပ်ငန်းခွဲများသည် ကန့်သတ်မှုရှိပြီး ပြန်လည်ပြုပြင် တည်ဆောက်ခြင်းလုပ်ငန်းများ လုပ်ဆောင်နိုင်ပါသည်။*

| ***အကျုံးဝင်သော စီမံကိန်းလုပ်ငန်းခွဲ အမျိုးအစားများ*** | | ***အကျုံးမဝင်သော အမျိုးအစားများကို ဖွင့်ဆိုချက်များနှင့် ကန့်သတ်ချက်များ*** |
|---|---|---|
| *၁* | *ကျေးလက်ကျန်းမာရေးဌာန* | *တည်ရှိဆဲ အခြေအနေများကို ပြန်လည်ပြင် ဆင်ခြင်း သို့မဟုတ် အသေးစားတိုးချဲ့ခြင်း* |
| *၂* | *ကျောင်းအဆောက်အအုံများ* | *ပြန်လည်ပြင်ဆင်ခြင်း သို့မဟုတ် တည်ရှိဆဲ အဆောက်အအုံကို အသေးစားတိုးချဲ့ခြင်း* |
| *၃* | *ကျေးလက်လမ်းများ (ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာများနှင့် မြို့နယ်ကြားရှိလမ်းများ)* | *လက်ရှိလမ်းကြောင်းအတိုင်း ပြင်ဆင်ခြင်း၊ တံတားငယ်များနှင့် ရေမြောင်း ခုံးကျော်များ ကို ပြန်လည်ပြင်ဆင်ခြင်း* |
| *၄* | *ကျေးလက်ရေပေးရေး* | *ရေတွင်းများပြန်လည်ပြင်ဆင်ခြင်း၊ မိုးရေများ သိုလှောင်ခြင်း၊ အသေးစားတိုးချဲ့ခြင်း၊ ရောဝတီ မြစ် သို့ မေခနှင့် မလိခမြစ်လက်တက် များ၏ ရေအရင်းအမြစ်မဟုတ်သော သဘာဝ စမ်းချောင်းများ သို့မဟုတ် အခြားရေအရင်း အမြစ်များမှ ပိုက်လိုင်းများတိုးချဲ့ခြင်း* |
| *၅* | *ကျေးလက်မီးလင်းရေး* | *ဆိုလာပြားဓာတ်အားဌာန၊ ပီကိုဟိုက်ဒရို (< ၃၀ ကီလိုဝပ်)၊ ဆိုလာဖြင့်လမ်းမီးထွန်းခြင်း၊ ဇီဝ ဓာတ်ငွေ့ ဓာတ်အားဌာန၊ ဒီဇယ် မီးစက် (< ၂၀ ကီလိုဗို့ - အမ်ပီယာ)၊ ဇီဝဓာတ်အား မီးစက် (< ၁၅ ကီလိုဗို့ - အမ်ပီယာ)* |
| *၆* | *ကျေးရွာအပန်းဖြေနေရာများ* | *ကလေးသူငယ်စောင့်ရှောက်ရေးနှင့် ဆက်သွယ်ရေးအပါအဝင် တည်ရှိဆဲ ဌာနများကို ပြန်လည် ပြင်ဆင်ခြင်း သို့မဟုတ် အသေးစားတိုးချဲ့ခြင်း* |
| *၇* | *ကျေးရွာဈေးများ* | *တည်ရှိဆဲဈေးများကို ပြန်လည်ပြင်ဆင်ခြင်း သို့ အသေးစားတိုးချဲ့ခြင်း* |
| *၈* | *ဆည်မြောင်းငယ်များ* | *ပြန်လည်ပြင်ဆင်ခြင်း (< ၂၅ ဟက်တာ)* |
| *၉* | *ကျန်းမာသန့်ရှင်းရေး* | *အများသုံးအိမ်သာများ၊ အသေးစားရေဆိုးများ သန့်ရှင်းရန်၊ အမှိုက်စွန့်ပစ်ရာ နေရာများကို ပြန်လည်ပြင်ဆင်ခြင်း သို့ အသေးစားတိုးချဲ့ခြင်း သို့ အသစ်တည်ဆောက်ခြင်း* |
| *၁၀* | *ဆိပ်ခံတံတား* | *တည်ရှိဆဲ အများသုံးဆိပ်ခံတံတားကို ပြန်လည် ပြင်ဆင်ခြင်း သို့ အသေးစားတိုးချဲ့ခြင်း* |

**လူထုဗဟိုပြုစီမံကိန်း၏ အကျုံးမဝင်သော စီမံကိန်းလုပ်ငန်းခွဲများ (မဆောင်ရွက်နိုင်သော စာရင်း)**

***၁၃၄။*** *မြို့နယ်တစ်ခုအတွင်း စီမံကိန်းဒုတိယနှစ်၌ စီမံကိန်းလုပ်ငန်းခွဲ၏ မည်သည့် အခြေခံ အဆောက်အဦးပုံစံကိုမဆို အောက်တွင်ဖော်ပြထားသော အခြေအနေများမှ လွဲ၍ ထောက်ပံ့ မှုရှိရန်အကျုံးဝင်သည်။*

| | |
|---|---|
| | *လူထုဗဟိုပြု စီမံကိန်း ရန်ပုံငွေမှ အသုံးပြုရန် အကျုံးမဝင်သော စီမံကိန်း လုပ်ငန်းခွဲများ* |
| *၁* | *ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွင် TPIC ၏ခွင့်ပြုချက်စာရင်းတွင် မပါဝင်သော စီမံကိန်းလုပ်ငန်းခွဲများ* |
| *၂* | *ဆင်းရဲသားများ (သို့) ဝိုင်းပယ်ခံရသော အုပ်စုများနှင့် အားနည်းသောအုပ်စုများကို ချန်လှပ်ထားသော စီမံကိန်းလုပ်ငန်းခွဲများ* |
| *၃* | *တူညီသောအလုပ်အတွက် အမျိုးသမီးများနှင့် အမျိုးသားများ လုပ်အားခ တူညီစွာပေး ချေခြင်းမရှိသော စီမံကိန်းလုပ်ငန်းခွဲများ* |
| *၄* | *ရွာသားများနေရာပြောင်းရွှေ့ရန် လိုအပ်သောစီမံကိန်းလုပ်ငန်းခွဲများ* |
| *၅* | *ကမ္ဘာ့ဘဏ်၏ ထောက်ပံ့ငွေ/အစိုးရ၏ ငွေကြေးဖြင့် ဆုံးရှုံးမှုများကို လျော်ကြေးပေး ထားသော စီမံကိန်းလုပ်ငန်းခွဲများ* |
| *၆* | *ကိုယ်ပိုင်ကုန်ပစ္စည်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ငွေကြေး ထောက်ပံ့ထားသောလုပ်ငန်းများ၊ အစိုးရရုံးများ၊ ဘာသာရေးအဆောက်အအုံများ တည်ဆောက်ခြင်း* |
| *၇* | *နည်းပညာနှင့် အရည်အသွေးစံသတ်မှတ်ချက်များနှင့် မကိုက်ညီသောလုပ်ငန်း* |
| *၈* | *ပြန်လည်ကုစား၍မရနိုင်လောက်သည့်အထိ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုးကျိုး များ ဖြစ်ပေါ်စေနိုင်သောလုပ်ငန်း* |
| *၉* | *အစိုးရ သို့ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များက ဘဏ္ဍာငွေထောက်ပံ့လျက်ရှိသော သို့ ထောက်ပံ့ရန်စီစဉ်ထားသော လုပ်ငန်း* |
| *၁၀* | *လက်ကိုင်လွှစက်၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ မီးခံကျောက်အပါအဝင် မူးယစ် ဆေးဝါး သို့ စစ်ဘက်ဆိုင်ရာ အသုံးအဆောင် သို့ အန္တရာယ်ရှိစေသော အခြားပစ္စည်း များနှင့် အသုံးအဆောင်များ ဝယ်ယူမှုပါဝင်သော လုပ်ငန်း သို့ သဘာဝပတ်ဝန်းကျင် နှင့် အသက်မွေးမှုကို ထိခိုက်စေသော ရင်းနှီးမြှုပ်နှံမှုများ* |
| *၁၁* | *အဓမ္မအလုပ်စေခိုင်းခြင်း သို့ ကလေးအလုပ်သမား အသုံးပြုခြင်းနှင့် လူကုန်ကူးမှု ပါဝင်သောလုပ်ငန်းများ (၁၅) နှစ်အောက်ကလေးများ မည်သည့်လုပ်ငန်းတွင်မှ ပါဝင်လုပ်ဆောင်ခြင်းမရှိစေရ* |
| *၁၂* | *အဓမ္မအလုပ်စေခိုင်းထားသော အလုပ်သမားများကို အသုံးပြုသည့် လုပ်ငန်းများနှင့် ပတ်သက်မှုရှိသော စီမံကိန်းလုပ်ငန်းခွဲများ* |
| *၁၃* | *ဆည်တာတမံများ တည်ဆောက်ပြုပြင်သော လုပ်ငန်းများ* |
| *၁၄* | *အပြည်ပြည်ဆိုင်ရာရေကြောင်းလိုင်းများမှ ရေများအသုံးပြုမှု၊ ဧရာဝတီမြစ်၏ အဓိက ရေစီးကြောင်းပေါ်တွင်ရှိသော အများပြည်သူသုံးရေပေးဝေမှု၊ အသေးစား ဆည်မြောင်း သွယ်ခြင်းများ၊ သို့ အသေးစားရေအားလျှပ်စစ်ထုတ်လုပ်ရန် ပံ့ပိုးမှုများ စသည်တို့ ပါဝင်သည်။ ဧရာဝတီမြစ်၏ မြစ်လက်တက်များဖြစ်သော မေခနှင့် မလိခမြစ် တလျှောက်ရှိ ရေပေးဝေမှုများနှင့် ဆည်မြောင်းယ်များကို စီမံကိန်းမှ ရန်ပုံငွေပံ့ပိုးပေး လိမ့်မည်မဟုတ်ပါ။* |
| *၁၅* | *နိုင်ငံတော်အဆင့်ထိန်းသိမ်းစောင့်ရှောက်ထားသော သဘာဝတောများ၊ သီးသန့် သစ်တောများ (အဆိုပြုထားသော ကာကွယ်တောများ) ကာကွယ်မှုပြုထားသော နေရာများတွင် အဆောက်အဦးများ အသစ်ဆောက်လုပ်ခြင်းနှင့် ပြန်လည်ပြုပြင် မွမ်းမံ ခြင်းလုပ်ငန်းများသည် ထိန်းသိမ်းစောင့်ရှောက်ရန် သိသိသာသာဆုံးရှုံးမှုများ ဖြစ်စေနိုင်သည်။ သို့ သဘာဝတောများပျက်သုန်းခြင်း၊ သက်ဆိုင်ရာစီမံကိန်း၏ ကာကွယ် တော၊ ကာကွယ်ဧရိယာ စီမံခန့်ခွဲမှုစီမံချက်တွင် ဖော်ပြထားခြင်းမရှိခြင်း။* |

| လူထုဗဟိုပြု စီမံကိန်း ရန်ပုံငွေမှ အသုံးပြုရန် အကျုံးမဝင်သော စီမံကိန်း လုပ်ငန်းခွဲများ | |
|---|---|
| | *မှတ်ချက်။ လက်ရှိအခြေခံအဆောက်အအုံများ (ဥပမာ- ခရီးသွားလုပ်ငန်းကို ရည်ရွယ် သော လက်ရှိလူသွားလမ်း သို့ လှည်းလမ်းကြောင်း) တို့သည် ယင်းစီမံကိန်း၏ အစီ အမံနှင့် ကွဲလွဲမှုမရှိပါက ဆောင်ရွက်နိုင်သည်။ ပြည်ထောင်စု ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်မှု ဦးစီးဌာန၏ အတည်ပြုချက်ကိုလည်း ရယူရမည်။* |
| ၁၆ | *အရေးကြီးသောနေရာများ၊ ကာကွယ်ထားသော/ကာကွယ်ရန် လျာထားသော ဧရိယာ များတွင် လူနေအိမ်ခြေ အသစ်တည်ဆောက်ခြင်းနှင့် တိုးချဲ့ခြင်းပါဝင်သော လုပ်ငန်း များ (ဥပမာ- သီးသန့်ထားရှိသော သစ်တောများ)*<br>*မှတ်ချက်။ လူနေအိမ်ခြေများ ရှိပြီးဖြစ်ပါက ရန်ပုံငွေအဆိုပြုလွှာသည် ဒေသစည်း ကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ မြေယာစီမံခန့်ခွဲမှုများနှင့် ကာကွယ်ဧရိယာ စီမံခန့်ခွဲ မှု စီမံချက်များနှင့်အညီ ဖြစ်စေရမည်။* |

**ကျေးရွာဒုတိယအကြိမ်အစည်းအဝေးတွင် ပြုလုပ်ရမည့် တင်ဆက်ပြသမှုများ**

**၁) VDP ပါအကြောင်းအရာများနှင့် သဘောတရားများ။** VDP ပါအကြောင်းအရာများအကြောင်းနှင့် PSA/PRA ရလဒ်များကို မည်ကဲ့သို့ တစ်ပေါင်းတစ်စည်းတည်းထားမည့်အကြောင်း ရှင်းပြပါ။ မြို့နယ်တွင် VDP ကို အနည်းဆုံး (၂)စုံ ပရင့်ထုတ်၍ မြို့နယ်တွင် တစ်စုံထားကာ ကျေးရွာတွင် တစ်စုံ ထားရှိမည့်အကြောင်းရှင်းပြပါ။

*မှတ်ချက်။* အကယ်၍ ကျေးရွာတွင် တိုင်းရင်းသားမျိုးနွယ်စု နှင့်၊ သို့မဟုတ် ဘာသာရေးအဖွဲ့များ တစ်ခုထက် ပိုရှိနေပါက စည်းရုံးရေးမှူးသည် ၎င်းအဖွဲ့များနှင့် သီးခြားစီ အစည်းအဝေးပြုလုပ်၍ ၎င်းတို့အနေနှင့် VDP နှင့်အဆိုပြုထားသည့် စီမံကိန်းလုပ်ငန်းခွဲများကို ထောက်ခံကြောင်းသေချာအောင် ပြုလုပ်ပါ။ အကယ်၍ သဘောမတူညီမှုမျိုး ရှိနေပါက စည်းရုံးရေးမှူးများနှင့် ကျေးရွာစေတနာ့ဝန်ထမ်းများသည် VDP အား ကျေးရွာအုပ်စုစီထောက်ကော်မတီသို့ မပေးပို့ခင်မှာ ကျေးရွာလူထုနှင့် ပြန်လည်သုံးသပ်ဆွေးရန် သို့မဟုတ် လိုအပ်ပါက စီမံကိန်းများအား ဦးစားပေးပြန်လည်ရွေးချယ်ရန်အတွက် နောက်ထပ်ကျေးရွာအစည်းအဝေး ပြုလုပ်သင့်သည်။

**၂) လူထုဗဟိုပြုစီမံကိန်းမှ ရန်ပုံငွေထောက်ပံ့မည့် စံနှုန်းသတ်မှတ်ချက်များ။** လူထုဗဟိုပြုစီမံကိန်းမှ သတ်မှတ်ထားသည့် အောက်တွင်ဖော်ပြထားသည့် စံနှုန်းများကို ရှင်းပြပါ။

- ကျေးရွာအုပ်စု ထောက်ပံ့ငွေ၏ စုစုပေါင်းပမာဏအပေါ်မူတည်ပြီး ဘဏ္ဍာရေးထောက်ပံ့မည့် စီမံကိန်းလုပ်ငန်းခွဲ အရေအတွက်ကို အကြမ်းဖျင်းခွဲဝေခြင်းဖြစ်သည်။
- စီမံကိန်းလုပ်ငန်းခွဲများအလိုက် ထောက်ပံ့ငွေ ခွဲဝေပေးခြင်းဖြစ်သည်။ ကျေးရွာအလိုက်ခွဲဝေခြင်းမဟုတ်။ ထို့ကြောင့် ကျေးရွာတိုင်းသည် နှစ်တိုင်း စီမံကိန်းလုပ်ငန်းခွဲ ရချင်မှ ရမည်။
- အနည်းဆုံးအနေနှင့် စီမံကိန်းလုပ်ငန်းခွဲများထဲမှ စက်ဝန်း(၂)ခုအား ကျေးရွာလူထုအားလုံးကို ပူးပေါင်းပါဝင်ပေးရန် အားပေးပါ။
- စီမံကိန်းလုပ်ငန်းခွဲတစ်ခုသည် အနည်းဆုံး သိန်း (၂၀)ကျပ် ရရှိမည်။
- စီမံကိန်းလုပ်ငန်းခွဲတစ်ခုသည် ကျေးရွာအုပ်စုထောက်ပံ့ငွေ တစ်နှစ်စာထက် ပို၍ကုန်ကျခွင့်မရှိ သို့မဟုတ် သန်း (၁၁၀) ထက် ပိုကုန်ကျခွင့်မရှိပါ။
- ကျေးရွာများအနေနှင့် စီမံကိန်းလုပ်ငန်းခွဲတစ်ခုအား ပူးတွဲလုပ်ဆောင်နိုင်ပြီး ၎င်းကဲ့သို့ဆောင်ရွက်ရာတွင် နှစ်ဖက်ကျေးရွာများမှ ကျေးရွာချိတ်ဆက်ကော်မတီတစ်ခုအဖြစ် အဖွဲ့ဝင်များ ပြုလုပ်၍ စီမံခန့်ခွဲ လိမ့်မည်ဖြစ်သည်။
- ကုန်ကျမှုများအတွက် ကျေးရွာလူထုအနေနှင့် လှူဒါန်းထည့်ဝင်ရန် အားပေးသော်လည်း

စိတ်ဆန္ဒရှိမှသာ ထည့်ဝင်စေမည်။

- VDP ထဲမှ လူထုဗဟိုပြုစီမံကိန်းနှင့် အကျုံးမဝင်သည့် မည်သည့်စီမံကိန်းကိုမဆို အခြားအရင်းအမြစ်များမှ ရန်ပုံငွေရရှိလျှင် ဆောင်ရွက်နိုင်ရန်အတွက် စဉ်းစားနိုင်ရန် အထောက်အထားဖြင့် ထားရှိမည်ဖြစ်သည်။

၃) **အကာအကွယ်များ။** အောက်တွင်ဖော်ပြထားသည့် အချက်အလက်များအသုံးပြု၍ လူမှုနှင့် ပတ်ဝန်းကျင် အကာအကွယ်များအကြောင်းကို ဥပမာပေး၍ တင်ဆက်ပြသပြီး ရှင်းလင်းပါ။ လူထုဗဟိုပြုစီမံကိန်းအားလုံးသည် ၎င်းအကာအကွယ်များအားလုံးကို လိုက်နာသင့်ကြောင်းရှင်းပြပါ။

- အကာအကွယ်များဆိုသည်မှာ ပြည်သူလူထုအား ထိခိုက်စေမည့် စီမံကိန်းမှ ထွက်ပေါ်လာသည့် ရလဒ်များကို **ဖော်ထုတ်ရန်၊ ရှောင်ရှားရန်နှင့် အတတ်နိုင်ဆုံး အနည်းဆုံးဖြစ်အောင် ပြုလုပ်ရန်အတွက် ချမှတ်ထားသည့် မူဝါဒများဖြစ်သည်။**
- အကာအကွယ်များဆိုသည်မှာ **ပြည်သူလူထုနှင့် သဘာဝပတ်ဝန်းကျင်ကို အကာအကွယ် ပေးကြောင်း**သေချာစေမည့် လူထုဗဟိုပြုစီမံကိန်းများ၏ ဒီဇိုင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ ပြုလုပ်ကြောင်း **ထိရောက်စေသည့် နည်းလမ်းတစ်ခု** ဖြစ်သည်။
- လူထုဗဟိုပြုစီမံကိန်းတွင် စီမံကိန်း၏ အကာအကွယ်မူဝါဒများအကြောင်းနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးသည့် **သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှု မူဘောင် (ESMF)** ရှိပါသည်။

**လူမှုရေးဆိုင်ရာအကာအကွယ်များ**

- ကျေးရွာလူထု ကျန်းမာရေးနှင့် လုံခြုံရေးအတွက် အကာအကွယ်များ ရှိရမည် (အိမ်သာကို ရေအရင်းအမြစ်နှင့် ပေ (၅၀)အနည်းဆုံးခွာ၍ ထားရှိရမည်)
- လုပ်ငန်းခွင်အကာအကွယ်များသုံးရမည် (ဆောက်လုပ်ရေးလုပ်ငန်း အလုပ်သမားသုံး အကာအကွယ်များနှင့် ဆေးသေတ္တာများ ထောက်ပံ့ရမည်)
- အဓမ္မခိုင်းစေခြင်း သို့မဟုတ် အတင်းအကျပ် ငွေထည့်ခိုင်းခြင်း မရှိစေရ
- တူညီသည့်အလုပ်အတွက် တူညီသည့် အခကြေးငွေရရှိရမည်
- အသက် (၁၅)နှစ်အောက် ကလေးများအား အလုပ်ခိုင်းစေခြင်းမရှိစေရ
- စီမံကိန်းကြောင့် သို့မဟုတ် စီမံကိန်းနှင့်ပတ်သက်၍ အသက်မွေးဝမ်းကြောင်း ဆုံးရှုံးမှုမဖြစ်စေရန် ကာကွယ်ရမည် သို့မဟုတ် အပြည့်အဝလျော်ကြေးပေးသင့်သည်။
- စီမံကိန်းလုပ်ငန်းခွဲများ၏ သက်ရောက်မှုရှိသည့် မြေနေရာတွင် နေထိုင်သူမည်သူ့ကိုမဆို လျော်ကြေးပေးမည်။
- စီးပွားရေးဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ဖယ်ရှားဖျက်ဆီးခြင်းမျိုးကို ရှောင်ရှားရမည်။
- စီမံကိန်းတွင် မည်သူတစ်ဦးတစ်ယောက်မျှ မိမိအကျိုးဖြစ်ထွန်းမှုမှ ရရှိသည့်ပိုင်ဆိုင်မှု၏ ၁၀ ရာခိုင်နှုန်းထက် ပို၍ ဆုံးရှုံးမှု မရှိစေရ။
- တိုင်းရင်းသားများကို အဓိပ္ပာယ်ရှိစွာ အကြံဉာဏ်ပေးသင့်ပြီး စီမံကိန်းမှနေ၍ အကျိုးအမြတ်များကို ရိုးရာဓလေ့နှင့် သင့်လျော်သည့်အတိုင်း ရရှိသင့်သည်။

**သဘာဝပတ်ဝန်းကျင် အကာအကွယ်များ**

- မြေတိုက်စားမှုမှ ကာကွယ်ခြင်း
- တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် ဆူညံမှုများမရှိစေရန် ကာကွယ်ခြင်း

- သစ်တောများ ထိန်းသိမ်းစောင့်ရှောက်ခြင်း
- စွန့်ပစ်ပစ္စည်းအဆိပ်အတောက်များကို သေချာစွာ စွန့်ပစ်ခြင်း
- သစ်ပင်ခုတ်လျှင် ပြန်လည်စိုက်ပျိုးပေးခြင်း (တစ်ပင်ခုတ်လျှင် (၇)ပင်ပြန်စိုက်)
- သဘာဝအရင်းအမြစ်များကို ကာကွယ်စောင့်ရှောက်ခြင်း
- လေထုနှင့် ရေထု အရည်အသွေးကို ကာကွယ်စောင့်ရှောက်ခြင်း

**၄) အကျုံးဝင်သည့်စာရင်းနှင့် အကျုံးမဝင်သည့်စာရင်း။** အပိုဒ် (၁၃၃) နှင့် အပိုဒ် (၁၃၄) ကိုရှုပါ။

**၅) ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေး။** အဆိုပြုထားသည့် စီမံကိန်းလုပ်ငန်းခွဲများနှင့်ပတ်သက်၍ စိုးရိမ်မှုများအတွက် ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးစနစ်ကို အသုံးပြုနိုင်ကြောင်းရှုပါ။

**၂-၃။ ကျေးရွာကော်မတီနှင့် ဆပ်ကော်မတီများ ရွေးချယ်ခြင်း**

***၁၃၅*** *ဒုတိယအကြိမ်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်း ပညာမှူးများသည် အောက်ပါတာဝန်/ဝတ္တရားများ၊ အခန်းကဏ္ဍများကို ထပ်မံရှင်းလင်း ပြသရပါမည်။ (၁) ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီ(VPSC)၊ ကျေးရွာအုပ်စု စီမံကိန်း အထောက်အကူပြု ကော်မတီနှင့် (VTPSC) ဆပ်ကော်မတီများ၊ (၂) ကျေးရွာ စေတနာ့ဝန်ထမ်းများ၊ လူထုစည်းရုံးရေးမှူးများ/ လက်ထောက်နည်းပညာမှူးများ၊ ဝေဖန်အကြံပြုကိုယ်စားလှယ် များနှင့် ကျေးရွာငွေစာရင်းကိုင်များ စသည်တို့ပါဝင်သည်။ လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်းပညာမှူးများသည် စာပိုဒ် ၃၃၁ ရှိ စီမံခန့်ခွဲမှု နည်းစနစ်များကို ဂရုတစိုက် ရှင်းလင်းပြသပေးရမည်။*

***၁၃၆*** *ကျေးရွာအဆင့်တွင် အဓိကဆောင်ရွက်မည့်အဖွဲ့မှာ ကျေးရွာစီမံကိန်း အထောက်အကူ ပြုကော်မတီ ဖြစ်ပါသည်။ အဆိုပါကော်မတီတွင် ကျား/မ အချိုးညီစွာ ရွေးချယ်ဖွဲ့စည်းရမည် ဖြစ်ပြီး ထိုသူများအတွင်းမှ ကျား-၁/ မ-၁ အား ကော်မတီ ဥက္ကဋ္ဌများနေဖြင့် ရွေးချယ်ရပါ မည်။ အဆိုပါ ဥက္ကဋ္ဌ ၂ ဦးသည် ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြု ကော်မတီတွင် ပါဝင်မည့် ကျေးရွာကိုယ်စားလှယ်များလည်းဖြစ်ပါသည်။ ကျေးရွာလူထုသည် ကျေးရွာ စီမံကိန်းအထောက်ကူပြုကော်မတီကို ကျား/မ အချိုးညီစွာဖြင့် ရွေးချယ်နိုင်ပါသည်။ VPSC ဖွဲ့စည်းသည်ဖြစ်စေ၊ ပြန်လည်အစားထိုးခြင်းဖြစ်စေ၊ အဖွဲ့ဝင်များထိရောက်စွာ ပါဝင်မှုမရှိ၍ ဖြစ်စေ ကော်မတီရွေးချယ်ရာတွင် လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ရန် ရည်ညွှန်းပါသည်။*

***၁၃၇*** *စီမံကိန်းတွင် ပါဝင်လုပ်ဆောင်သူအားလုံးသည် လူထုဗဟိုပြုစီမံကိန်းအဖွဲ့မဟုတ် မဟုတ်သည့် အစိုးရကဖွဲ့စည်းထားသော ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီကို ၂၀၁၆ ခုနှစ် ဇွန်လတွင် ဖျက်သိမ်းပြီးဖြစ်သည်ကို သိရှိရမည်။*

***၁၃၈*** *ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီဝင်များ၊ ၎င်းတို့၏ ဆပ်ကော်မတီဝင် များနှင့် ကျေးရွာစေတနာ့ဝန်ထမ်းများသည် စေတနာအလျောက် လုပ်ကိုင်သူများဖြစ်ကြ သည်။ ထို့ကြောင့် ၎င်းတို့သည် လုပ်ငန်းဆောင်တာများ လုပ်ဆောင်ရာတွင် အခကြေးငွေများ လက်ခံရရှိမှု မရှိကြရပါ။ ထိုသူများသည် အောက်ပါလိုအပ်ချက်များနှင့် စည်းမျဉ်း စည်းကမ်း များကို လိုက်နာရပါမည်။*

*(က) အဖွဲ့ဝင်များသည် ရိုးသားဖြောင့်မတ်ရမည်၊*

*(ခ) အဖွဲ့ဝင်များသည် စည်းမျဉ်းစည်းကမ်းများကို နားလည်သဘောပေါက်ပြီး လိုက်နာရမည်။*

*(ဂ) ဆပ်ကော်မတီတစ်ခုချင်းစီတွင် ကျေးရွာငွေစာရင်းကိုင်ကဲ့သို့ အနည်းဆုံး ရေးတတ်ဖတ်တတ်သူ တစ်ယောက်ပါဝင်ရမည်။ ဆပ်ကော်မတီတိုင်းတွင် အနည်း ဆုံးအမျိုးသမီး တစ်ယောက်ပါဝင်ရမည်။*

*(ဃ) ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီ ဥက္ကဋ္ဌများသည် မည်သည့်ဆပ် ကော်မတီတွင်မဆို အဖွဲ့ဝင်မဖြစ်နိုင်ပါ။*

*(ဂ)   VPSC ကော်မတီ ဥက္ကဌများသည် ကျား-၁ / မ-၁ ဖြစ်ရပါမည်။*

***၁၃၉*** *ဒုတိယနှစ်စီမံကိန်းနှင့် နောက်စီမံကိန်းနှစ်များတွင် VPSC ကော်မတီအား ပြန်လည် ဖွဲ့စည်းရန် မလိုအပ်ပါ။ သို့သော နှစ်စဉ်ပြုလုပ်သော လူထုစစ်ဆေးပွဲများမှ ရလဒ်များအပေါ် အခြေခံပြီး အကဲခတ်မှုများပြုလုပ်၍ လိုအပ်ပါက အဖွဲ့ဝင်များကို ပြန်လည်အစားထိုးသင့် ပါသည်။ နုတ်ထွက်သွားသော ကော်မတီဝင်များနေရာတွင် အစားထိုးမှုများ ပြုလုပ်ရမည်။*

***၁၄၀*** *နောက်ဆက်တွဲ VPSC ကော်မတီ ရွေးချယ်မှုများအနေဖြင့် ကျေးရွာလူထုသည် ကျား-၁/ မ-၁ အကြံပြုကိုယ်စားလှယ် ၂ ဦးကိုလည်း ရွေးချယ်ရပါမည်။ (စီမံကိန်းနှင့် ပတ်သက်သော အကြံပြုချက်များကို ဖြေရှင်းရန်နှင့် ကျေးရွာအုပ်စု အကြံပြုဖြေရှင်းရေး ကော်မတီတွင် တာဝန်ထမ်းဆောင်ရန် နှင့် စေတနာ့ဝန်ထမ်း ကျေးရွာငွေစာရင်းကိုင် တစ်ဦး (စီမံကိန်းလုပ်ငန်းခွဲများအတွက် ငွေပေးချေမှုများနှင့် ကျေးရွာအုပ်စု ဘဏ္ဍာရေး ဆပ်ကော် မတီတာဝန်များကို ထမ်းဆောင်ရန်)*

***၁၄၁*** *ကျေးရွာလူထုသည် ကျေးရွာငွေစာရင်းကိုင်နှင့် အကြံပြုကိုယ်စားလှယ် တို့ကို လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ရမည်။*

***၁၄၂*** *အကြံပြုကိုယ်စားလှယ်နှင့် ကျေးရွာငွေစာရင်းကိုင်တို့တွင် ရှိသင့်သည့် အရည်အသွေး များမှာ-*

*(က) အသက် ၁၈ နှစ်ထက်ကျော်လွန်သော မည်သူမဆို ကျေးရွာငွေစာရင်းကိုင်၊ သို့ အကြံပြုကိုယ်စားလှယ်ဖြစ်နိုင်ပါသည်။*

*(ခ) ကျေးရွာစေတနာ့ဝန်ထမ်းများသည် ကျေးရွာငွေစာရင်းကိုင်နှင့် အကြံပြုကိုယ်စား လှယ်များ မဖြစ်စေရပါ။*

*(ဂ) ကျေးရွာစေတနာ့ဝန်ထမ်း၊ ကျေးရွာငွေစာရင်းကိုင် နှင့် အကြံပေးကိုယ်စားလှယ် တို့တွင် အဓိကအချက်မဟုတ်သော်လည်း မြန်မာဘာသာစကားနှင့် ဒေသသုံး ဘာသာ စကားကို ကျွမ်းကျင်စွာ တတ်မြောက်လျှင် ပို၍ကောင်းမွန်ပါသည်။*

*(ဃ) ကျေးရွာစေတနာ့ဝန်ထမ်းများနှင့် အကြံပြုကိုယ်စားလှယ်များ၊ ကျေးရွာ ငွေစာ ရင်းကိုင်တို့သည် မြန်မာဘာသာစကားကို ရေးတတ်/ ဖတ်တတ်သင့်သည်။ ကျေးရွာ ငွေစာရင်းကိုင်သည် ဂဏာန်းတွက်တတ်သူ ဖြစ်ရမည်။*

***၁၄၃*** *အကြံပြုကိုယ်စားလှယ်များနှင့် ကျေးရွာငွေစာရင်းကိုင်တို့သည် ကျေးရွာစီမံကိန်း စက်ဝန်းအတွင်း ၎င်းတို့၏အခန်းကဏ္ဍအလိုက် လူထုစည်းရုံးရေးမှူးနှင့် မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးထံမှ အထူးသင်တန်းများကို ရရှိနိုင်သည်။*

***၁၄၄*** *ကျေးရွာစေတနာ့ဝန်ထမ်းများ၊ ဝေဖန်အကြံပြုဖြေရှင်းရေး ပုဂ္ဂိုလ်များနှင့် ကျေးရွာ ငွေစာရင်းကိုင်တို့သည် ၎င်းတို့၏ လုပ်ငန်းအတွက် လုပ်အားခ ရရှိမည်မဟုတ်ပါ။ သို့ရာတွင် လုပ်ငန်းဆောင်ရွက်နိုင်ရန် အသုံးစရိတ်များ ထောက်ပံ့ပေး ထား ပါသည်။ (ဥပမာ- စာရေးကိရိယာ၊ လုပ်ငန်းသုံးပစ္စည်း စသည်)၊ ရေရှည်လုပ်ကိုင်လိုစိတ် ရှိရန် သင်တန်းတက်ရောက်ခွင့် ရရှိခြင်း၊ အခြေခံအသုံးအဆောင် များ ရရှိခြင်းနှင့် အခြားဒေသများရှိ စီမံကိန်းအကောင်အထည်ဖော်လျှက်ရှိသည့် ဒေသများသို့ သွားရောက် လေ့လာခွင့် ရရှိ ခြင်းတို့ ထောက်ပံ့ပေးမည်ဖြစ်သည်။*

**ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့ဝင်များရွေးချယ်ခြင်း။**

ပထမ ကျေးရွာအစည်းအဝေးတွင် ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့ဝင်များအားလုံး၏ တာဝန်ဝတ္တရားများကို ရှင်းပြခဲ့ရမည် ဖြစ်သော်လည်း ကျေးရွာ စေတနာ့ဝန်ထမ်းကိုသာ ပထမအစည်းအဝေးတွင် ရွေးချယ်ခဲ့ရမည်။ ရည်ရွယ်ချက်မှာ လူမှုဆန်းစစ်ချက် နှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ၎င်းတို့အားလုံးကို ပါဝင်စေပြီး စတင် ကူညီစေလို၍ဖြစ်သည်။

ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့ဝင်များကို ဒုတိယအကြိမ် အစည်းအဝေးတွင်သာ ရွေးကောက်တင်မြှောက်ရမည်။ ကျေးရွာသားများအတွက် စီမံကိန်းအကြောင်း ပိုမိုသိရှိလာပြီး ရွေးကောက်ခံမည့်သူများကို ရွေးချယ်ရန် အထူးသဖြင့် အမျိုးသမီးများအား သိရှိနိုင်သည့် အခွင့်အရေးဖြစ်သည်။ ကျေးရွာစီထောက်ကော်မတီတွင် ဥက္ကဋ္ဌ (၂)ဦးနှင့် ဆပ်ကော်မတီ (၃) ခု ပါဝင်ပြီး အမျိုးသမီး၊ အမျိုးသား အချိုးညီစွာပါဝင်ရမည်။ ကျေးရွာစီထောက်ကော်မတီအပါအဝင် ကျေးရွာ စေတနာ့ဝန်ထမ်းများ၊ ဝေဖန်အကြံပြုဖြေရှင်းရေးအဖွဲ့များနှင့် ငွေစာရင်းကိုင်တို့ အားလုံးပေါင်းကို ကျေးရွာစီမံခန့်ခွဲမှု အဖွဲ့ဝင်ဟု ခေါ်သည်။

၁) အောက်ဖော်ပြပါပုံနှင့် ဇယားများကို **Flipchart များဖြင့် ပြသပါ။**

၂) **CMT ဖွဲ့စည်းပုံအကြောင်း** ကျေးရွာကို အောက်ပါဇယားကိုအသုံးပြု၍ ရှင်းပြပါ။




| **ရာထူး** | **မည်သူ (အရေအတွက်)** | **ရွေးကောက်သည့်အချိန်** |
|---|---|---|
| ကျေးရွာစေတနာ့ဝန်ထမ်း | (၂) ဦး (အမျိုးသား (၁)ဦး၊ အမျိုးသမီး (၁)ဦး) | ကျေးရွာပထမအကြိမ်အစည်းအဝေး |
| VPSC ဥက္ကဋ္ဌများ | (၂) ဦး (အမျိုးသား (၁)ဦး၊ အမျိုးသမီး (၁)ဦး) | ကျေးရွာဒုတိယအကြိမ်အစည်းအဝေး |
| ဝယ်ယူရေးဆပ်ကော်မတီ | (အနည်းဆုံး အမျိုးသမီး (၁)ဦး အပါအဝင်) (၂) ဦး မှ (၃) ဦး | ကျေးရွာဒုတိယအကြိမ်အစည်းအဝေး |
| စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | (အနည်းဆုံး အမျိုးသမီး (၁)ဦး အပါအဝင်) (၂) ဦး မှ (၃) ဦး | ကျေးရွာဒုတိယအကြိမ်အစည်းအဝေး |
| လည်ပတ်ထိန်းသိမ်းရေး ဆပ်ကော်မတီ | (အနည်းဆုံး အမျိုးသမီး (၁)ဦး အပါအဝင်) (၂) ဦး မှ (၃) ဦး | ကျေးရွာဒုတိယအကြိမ်အစည်းအဝေး |
| ဝေဖန်အကြံပြုတိုင်ကြားချက် ဖြေရှင်းရေးအဖွဲ့ | (၂) ဦး (အမျိုးသား (၁)ဦး၊ အမျိုးသမီး (၁)ဦး) | ကျေးရွာဒုတိယအကြိမ်အစည်းအဝေး |
| ငွေစာရင်းကိုင် | (၁)ဦး (စာတတ်ပြီး တွက်ချက်တတ်သူ) | ကျေးရွာဒုတိယအကြိမ်အစည်းအဝေး |

၂) ကျေးရွာ ပထမအကြိမ်အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့်အတိုင်း အောက်ဖော်ပြပါ **ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့ဝင်အတွင်းရှိ ရာထူးတစ်ခုစီ၏ တာဝန်နှင့် ဝတ္တရားများကို သုံးသပ်**ပါ။

| **ကျေးရွာစီထောက်ကော်မတီ** | **ကျေးရွာအုပ်စု စီထောက် ကော်မတီ** |
|---|---|
| • ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ယေဘုယျအားဖြင့် ဦးဆောင်ခြင်း<br>• VPSC နှင့် ကျေးရွာလူထုတွေ့ဆုံသည့် အစည်းအဝေးများ ကျင်းပပေးခြင်း၊ | • ကျေးရွာလူထုအစီအစဉ်လုပ်ငန်းစဉ်နှင့် ကျေးရွာအဆင့် စီမံကိန်းလုပ်ငန်းစက်ဝန်းအတွက် တာဝန်ရှိခြင်း<br>• ကျေးရွာအုပ်စုအဆင့်တွင် အမျိုးသမီးများမှ တင်သွင်းသည့် စီမံကိန်းလုပ်ငန်းခွဲ ပါဝင်အောင် |

| | |
|---|---|
| • ၄- နှစ်စာ ကျေးရွာ စီမံကိန်းကို ဆုံးဖြတ်ခြင်း၊<br>• ဆောက်လုပ်ရေး လုပ်ငန်းပေါ် စီစဉ်ခြင်းနှင့် ကြီးကြပ်ခြင်း၊<br>• ကျေးရွာ လူထုအား အစီရင်ခံခြင်း၊<br>• အုပ်စု အစည်း အဝေးများသို့ (အမျိုးသားနှင့် အမျိုးသမီး) ကိုယ်စားလှယ်စေလွှတ်ခြင်း၊<br>• တိုင်ကြား ချက် ပြဿနာများကို ညှိနှိုင်းပေးခြင်း၊<br>• ESMF အားလိုက်နာကြောင်း သေချာစေခြင်း | သေချာစွာပြုလုပ်စေပြီး လုပ်ငန်းစဉ်နှင့် စီမံကိန်း လုပ်ငန်းခွဲစက်ဝန်းများ အစီအစဉ်ရေးဆွဲဆောင်ရွက်ခြင်း<br>• ကျေးရွာ စီ/ထောက်ကော်မတီနှင့်အတူ စီမံကိန်းလုပ်ငန်းခွဲများ ဆောင်ရွက်ခြင်း<br>• VDP များကို သုံးသပ်ခြင်း<br>• FSC မှတဆင့် ထောက်ပံ့ငွေများကို ခွဲဝေသတ်မှတ်ပြီး စီမံခန့်ခွဲခြင်း<br>• VPSC နှင့်အတူ စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ခြင်း<br>• VDP များအား သုံးသပ်ပြီး (၄)နှစ်စာ VTDP ပြုလုပ်ခြင်း |
| **ကျေးရွာစီထောက်ကော်မတီဥက္ကဋ္ဌ**<br>• ကျေးရွာစီထောက်ကော်မတီအစည်းအဝေးများနှင့် ကျေးရွာလူထုအစည်းအဝေးများ ပြုလုပ်ခြင်း<br>• ကျေးရွာအုပ်စုစီထောက်ကော်မတီအဖွဲ့ဝင် ဖြစ်လာခြင်းနှင့် ကျေးရွာအုပ်စုစီထောက်ကော်မတီ အစည်းအဝေးတွင် မိမိကျေးရွာကိုယ်စားပြု တက်ရောက်ခြင်း<br>• လုပ်ငန်းခွင်အား စီမံခန့်ခွဲပြီး ကြီးကြပ်ကွပ်ကဲခြင်း<br>• ဆပ်ကော်မတီများနှင့် ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ခြင်း<br>• ကျေးရွာလူထုအားပြန်လည်တင်ပြရန် စီစဉ်ခြင်း | **ဝယ်ယူရေးဆပ်ကော်မတီ**<br>• ဆောက်လုပ်ရေးပစ္စည်းများ၊ ဝန်ဆောင်မှုများနှင့် အလုပ်သမားများ ငှားရမ်း၊ ဝယ်ယူရေး<br>• TF များ၏အကူအညီဖြင့် ဝယ်ယူရေး အစီအစဉ်များရေးဆွဲခြင်း<br>• OM မှ ဝယ်ယူရေးလမ်းညွှန်ချက်များနှင့် ပုံစံများကို လိုက်နာဆောင်ရွက်ခြင်း<br>• လုပ်အားခပေးချေရန် ငွေစာရင်းကိုင်နှင့် ပူးပေါင်းဆောင်ရွက်ခြင်း<br>• ဝယ်ယူရေးစာရွက်စာတမ်းများ ထိန်းသိမ်းခြင်း |
| **စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ**<br>• စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည် ဖော်ရာတွင်နှင့် အကာအကွယ်များ၊ ကျင့်ဝတ်လိုက်နာမှု၊ ကန်ထရိုက်တာနှင့် အလုပ်သမားများအား လုပ်အားခပေးချေခွင့်တို့အား စောင့်ကြည့်ကြီးကြပ်ခြင်း၊<br>• ပုံစံ စ-၆ ကို လစဉ် ပြုစုခြင်း<br>• (ဓါတ်ပုံများကဲ့သို့) စာရွက်စာတမ်းများ ထိန်းသိမ်းရန်အတွက် မှတ်တမ်းများစုဆောင်းခြင်း<br>• ကျေးရွာလူထုနှင့် ပုံမှန်အစည်းအဝေးများကျင်းပပြီး စီမံကိန်းလုပ်ငန်းခွဲ အကောင်အထည်ဖော်ခြင်း၊ ဝယ်ယူရေးနှင့် ဘဏ္ဍာရေးတိုးတက်မှု အခြေအနေများကို တင်ပြခြင်း<br>• ကျေးရွာကြော်ငြာသင်ပုန်းတွင် အစီရင်ခံစာများ ဖော်ပြခြင်း | **လည်ပတ်ထိန်းသိမ်းရေး ဆပ်ကော်မတီ**<br>• ကျေးရွာလူထု၊ CF၊ TF၊ CMT အဖွဲ့ဝင်များနှင့် တိုင်ပင်ဆွေးနွေးပြီး O&M အစီအစဉ် ရေးဆွဲကာ သဘောတူညီချက်ရယူခြင်း<br>• O&M ရန်ပုံငွေအစီအစဉ်အတွက် ကျေးရွာလူထုနှင့် ဆွေးနွေးတိုင်ပင်ပြီး စီစဉ်ခြင်း<br>• O&M ရန်ပုံငွေများ စီမံခန့်ခွဲခြင်း<br>• လိုအပ်လျှင် အပိုပစ္စည်းများ စုဆောင်းထိန်းသိမ်းခြင်း |
| **ဝေဖန်အကြံပြုချက်ဖြေရှင်းရေးအဖွဲ့** | **ငွေစာရင်းကိုင်များ** |

| | |
|---|---|
| • ကျေးရွာနှင့် လူထုဗဟိုပြုစီမံကိန်းကြား ဝေဖန်အကြံပြုချက် ကိစ္စများ ချိတ်ဆက်ပေးခြင်း<br>• ဝေဖန်အကြံပြုချက်များအား စာရွက်စာတမ်းနှင့် ထိန်းသိမ်းပြီး MIS အတွင်း ထည့်သွင်းရန်အတွက် CF အားပေးပို့ခြင်း<br>• ကျေးရွာအုပ်စု ဝေဖန်အကြံပြုတိုင်ကြားချက် ဖြေရှင်းရေး အစည်းအဝေးများ တက်ရောက်ခြင်း<br>• VPSC အဖွဲ့ဝင် သို့မဟုတ် ဆပ်ကော်မတီအဖွဲ့ဝင် ဖြစ်၍မရပါ<br>• ကျေးရွာအုပ်စု ဝေဖန်အကြံပြုတိုင်ကြားချက် ဖြေရှင်းရေးကော်မတီအဖွဲ့ဝင်ဖြစ် ဆောင်ရွက်ခြင်း | • ဘဏ္ဍာရေးနှင့် စာရင်းကိုင်ဆောင်ရွက်မှုများ ဆောင်ရွက်ရန်အတွက် VPSC အား ကူညီ ထောက်ပံ့ခြင်း<br>• ဝယ်ယူမှုများနှင့် ပေးချေမှုများ အားလုံးအတွက် ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများ ထိန်းသိမ်းခြင်း၊ ကန်ထရိုက်များ၊ ရောင်းချသူများ၊ အလုပ်သမားများအား ပေးချေရာတွင် ကူညီပံ့ပိုးပေးခြင်း၊ စီမံကိန်းလုပ်ငန်းခွဲ ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာများ ပြုစုပေးခြင်း<br>• ကျေးရွာအုပ်စု ဘဏ္ဍာရေးဆပ်ကော်မတီ အစည်းအဝေးများ တက်ရောက်ခြင်း |

**၃) ၎င်းရာထူးများနှင့်ပတ်သက်၍ နောက်ထပ် စည်းကမ်းနှင့် စံနှုန်းများကို ရှင်းပြပါ။**

- ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့တွင် အားလုံးသည် စေတနာဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ လစာရမည်မဟုတ်ပါ။ သို့သော် အားလုံးအနေနှင့် သင်တန်းများ ရရှိမည်ဖြစ်ပြီး အခြားစီမံကိန်းဒေသများသို့ လေ့လာရေးခရီး လည်ပတ်ခွင့် ရရှိနိုင်ပါသည်။
- အဖွဲ့ဝင်တိုင်းသည် သမာသမတ် အလွန်ရှိရမည်။
- အဖွဲ့ဝင်အားလုံးသည် အသက် (၁၈)နှစ် ပြည့်ပြီးသူဖြစ်ရမည်။
- ကျေးရွာခေါင်းဆောင်သည် အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံခွင့်မရှိ။
- ဆပ်ကော်မတီတိုင်းတွင် အနည်းဆုံးအဖွဲ့ဝင်တစ်ယောက်သည် စာရေးတတ်၊ ဖတ်တတ်ရမည်။
- စာရင်းကိုင်သည် စာရေးတတ်၊ ဖတ်တတ်ပြီး တွက်ချက်တတ်သူဖြစ်ရမည်။
- ကျေးရွာစေတနာ့ဝန်ထမ်းများ၊ ငွေစာရင်းကိုင်နှင့် ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့များသည် မြန်မာစာနှင့် ဒေသခံဘာသာစကား ကျွမ်းကျင်စွာပြောဆိုနိုင်သူဖြစ်ရမည်ဖြစ်ပြီး စာရေးတတ်၊ ဖတ်တတ်ရမည်။
- ကျေးရွာစီထောက်ကော်မတီဥက္ကဋ္ဌများ (အမျိုးသမီး (၁)ဦး၊ အမျိုးသား (၁)ဦး) သည် မည်သည့် ဆပ်ကော်မတီတွင်မှ အဖွဲ့ဝင်အဖြစ် ထပ်မံပါဝင်၍မရ။
- ကျေးရွာစီထောက်ကော်မတီဥက္ကဋ္ဌများသည် ကျေးရွာအုပ်စုစီထောက်ကော်မတီအဖွဲ့ဝင်များဖြစ်သည်။
- ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ဝင်များသည် ကျေးရွာစီထောက်ကော်မတီ သို့မဟုတ် ဆပ်ကော်မတီအဖွဲ့ဝင်ဖြစ်၍မရပါ။
- ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ဝင်များသည် ကျေးရွာအုပ်စုဝေဖန်အကြံပြုတိုင်ကြားချက် ဖြေရှင်းရေးကော်မတီအဖွဲ့ဝင်များဖြစ်သည်။
- ကျေးရွာစေတနာ့ဝန်ထမ်းများသည် အခြားမည်သည့် ရာထူးမှရယူ၍မရ။
- ကျေးရွာစီထောက်ကော်မတီ သို့မဟုတ် ဆပ်ကော်မတီအစည်းအဝေးများတွင် အဖွဲ့ဝင် (၃)ပုံလျှင် (၂)ပုံရှိမှ အစည်းအဝေးအထမြောက်မည်ဖြစ်သည်။
- ကျေးရွာစီထောက်ကော်မတီတွင် အမျိုးသားနှင့် အမျိုးသမီးအချိုးညီစွာ ဖွဲ့စည်းထားရမည်။
- အဖွဲ့ဝင်တစ်ယောက်ယောက်က နှုတ်ထွက်မည်ဆိုလျှင် ကျေးရွာက နောက်ထပ်ရွေးချယ်ထားသည့်သူကို အစားထိုးခန့်အပ်ရမည်။
- ကော်မတီအဖွဲ့ဝင်များသည် (လူထုစစ်ဆေးပွဲကဲ့သို့ အထောက်အထားခိုင်မာသည့် စစ်ဆေးခြင်းမှ) ညံ့ဖျင်းသည့် သို့မဟုတ် လက်မခံနိုင်သည့် စွမ်းဆောင်မှုမျိုး ဖြစ်ပေါ်လာလျှင် နှုတ်ထွက်ရမည်။

- ကော်မတီများအတွက် ရွေးကောက်ပွဲကို အသစ်ပြုလုပ်လိုလျှင် အနည်းဆုံး (၂)နှစ်တစ်ခါ ပြုလုပ်သင့်ပြီး ပြန်လည်ရွေးကောက်ခံလိုသည့် လက်ရှိအရည်အချင်းပြည့်မှီသည့် အဖွဲ့ဝင်များသည် ရွေးကောက်ခံနိုင်သည်။
- အောက်တွင်ဖော်ပြထားသည့် ကျင့်ဝတ်များကို အဖွဲ့ဝင်တိုင်း နားလည်သဘောပေါက် လက်မှတ်ရေးထိုး ထားရမည်။

**၄) ကျင့်ဝတ်များအကြောင်းကို အောက်ဖော်ပြပါ အချက်အလက်များအသုံးပြု၍ ရှင်းပြပါ။**

ကျင့်ဝတ်များကို လူထုဗဟိုပြုစီမံကိန်းတွင် ပါဝင်သူအားလုံး (ကျေးရွာ၊ ကျေးရွာအုပ်စု၊ မြို့နယ်၊ ပြည်ထောင်စုအဆင့်) အနေနှင့် အောက်ဖော်ပြပါအတိုင်း လိုက်နာဆောင်ရွက်ရမည်ကို အနှစ်ချုပ် ရှင်းပြပါ။

**ကျင့်ဝတ်များ**

- ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၏ ဥပဒေများကို လိုက်နာရမည်။
- စီမံကိန်းတွင် ပါဝင်ပတ်သက်သူများ၏ အခွင့်အရေးများကို လေးစားရမည်။ (ဝေဖန် အကြံပြု ဖြေရှင်းရေးနှင့် တာဝန်ခံမှု)
- စီမံကိန်း တည်ရှိရာ ဒေသများတွင် နေထိုင်ကြသော အမျိုးသမီးများ၊ တိုင်းရင်းသားလူမျိုးများ၊ ဆင်းရဲသားများနှင့် ဘာသာရေးအုပ်စုများသည် စီမံကိန်းတွင် တက်ကြွစွာ ပါဝင်နိုင်စေရမည်။ စီမံကိန်း၏အကျိုးကျေးဇူး ရရှိခံစားနိုင်ခွင့် ရရှိစေရမည်။
- လုပ်ပိုင်ခွင့် အသုံးပြုခြင်း/ဆွေမျိုးကောင်းစားရေးဝါဒ၊ အကျိုးစီးပွားဆန့်ကျင်မှု၊ ရန်ပုံငွေကို လွှဲပြောင်းမှုနှင့် အလွဲသုံးမှု၊ လာဘ်ယူမှု၊ လာဘ်ပေးမှုနှင့် ကျေးရွာစီမံကိန်း လုပ်ငန်းခွဲ တန်ဖိုးကို လျှော့ချမှု စသည်တို့အပါအဝင် အဂတိလိုက်စားမှုနှင့် လိမ်လည်မှုများကို ရှောင်ကြဉ်ရမည်။
- သံသယရှိသော လိမ်လည်မှုနှင့် လာဘ်စားမှုများကို အစီရင်ခံရမည်။
- စီမံကိန်းဒေသများရှိ ဒေသန္တရယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းဥပဒေများကို လေးစားရမည်။
- အကောင်အထည်ဖော်ရေးလက်စွဲပါ ပြဋ္ဌာန်းချက်များကို စေ့စပ်ထိရောက်စွာ လိုက်နာရမည်။
- လုပ်ငန်းခွင်မှ ပေါ်ပေါက်လာသော မည်သည့် ပြဿနာများကိုမဆို တိုက်ရိုက်ကြီးကြပ်သူသို့ ဖြစ်စေ၊ နောက်တစ်ဆင့်မြင့် လုပ်ပိုင်ခွင့်ရှိသူထံသို့ဖြစ်စေ အစီရင်ခံရမည်။

**ဆောင်ရန်**

၁။ ရိုးသားရမည်
၂။ ပွင့်လင်းရမည်
၃။ မြန်မာနိုင်ငံ ဥပဒေများကို သိရှိ လိုက်နာရမည်
၄။ သူတစ်ပါး၏ ရပိုင်ခွင့်များကို သိရှိ နားလည်ရမည်
၅။ ကျေးရွာကိုလေးစားမှုရှိပြီး ယောကျ်ား/မိန်းမ၊ ဆင်းရဲ၊ ချမ်းသာ၊ လူမျိုးဘာသာ မခွဲခြားဘဲ ဆက်ဆံ ဆောင်ရွက်ရမည်

**ရှောင်ရန်**

၁။ လာဘ်ငွေ၊ လက်ဆောင်ပစ္စည်း၊ ပုဂ္ဂလိကသုံး ပစ္စည်းတို့ လက်မခံရ၊ မယူရ
၂။ စာရွက်စာတမ်း အတုအပ မပြုလုပ်ရ
၃။ ဆွေမျိုး၊ မိတ်ဆွေတို့ကို ကန်ထရိုက် မပေးရ/ ပစ္စည်းမဝယ်ရ
၄။ စီမံကိန်းကို မိမိကိုယ်ကျိုးအတွက် အသုံးမပြုရ

၅။ အသက် ၁၅ နှစ်အောက် ငယ်သော ကလေးကို စီမံကိန်း ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် မခိုင်းစေရ၊ မတရားခိုင်းစေမှု မပြုရ။

**ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့ရွေးချယ်ပွဲအား ဆောင်ရွက်နည်း။**

- ရာထူးတစ်ခုချင်းစီအတွက် အလှည့်ကျ တစ်ဆင့်ချင်းစီ ရွေးချယ်သွားပါ။
- ပထမဆုံး ကျေးရွာစီထောက်ကော်မတီဥက္ကဋ္ဌများကိုရွေးချယ်ပါ။ ထို့နောက် ငွေစာရင်းကိုင်ရွေးချယ်ပြီး ဝယ်ယူရေး ဆပ်ကော်မတီကို ဆက်လက်ရွေးချယ်ပါ။ ၎င်းရာထူးများအတွက် လိုအပ်ချက်များသည် ခက်ခဲသဖြင့် အတော်ဆုံးသူများဖြင့် ခန့်အပ်သင့်သည်။

**ကျား-မတန်းတူပါဝင်ရေးနှင့် လူထုအားလုံး ပူးပေါင်းပါဝင်စေရန် စဉ်းစားခြင်း။ CMT အဖွဲ့ဝင်များရွေးချယ်ခြင်း**

ကျား/မ ရေးရာအခန်းကဏ္ဍအနေနှင့် ကျေးရွာစီထောက်ကော်မတီဝင်များ၏ ၅၀%သည် အမျိုးသမီး ဖြစ်သည်။ ဆပ်ကော်မတီများအတွင်းရှိ အနည်းဆုံးအဖွဲ့ဝင်တစ်ဦးသည် အမျိုးသမီးဖြစ်ရမည်။

- ရွေးချယ်ခံရသော ကျေးရွာစီ/ထောက်ကော်မတီအဖွဲ့ဝင် ၅၀%သည် အမျိုးသမီးဖြစ်ရမည်။
- ဆပ်ကော်မတီတိုင်း၏ အဖွဲ့ဝင် ၁ ဦးသည်အမျိုးသမီးဖြစ်ကြောင်းသေချာပါစေ။
- အမျိုးသမီးများအား ကျေးရွာစီ/ထောက်ကော်မတီနှင့် ဆပ်ကော်မတီများတွင် ဥက္ကဋ္ဌလုပ်ရန် တတ်နိုင်သမျှအားပေးပါ။
- ဆပ်ကော်မတီ ဥက္ကဋ္ဌ ဖြစ်ခြင်းသည် ခေါင်းဆောင်မှုစွမ်းရည် မြှင့်တင်ခြင်းကို လေ့လာသင်ကြားရန် အခွင့်အရေးတစ်ခုဖြစ်သည်။

**သက်ကြီးရွယ်အိုများ** သို့မဟုတ် **မသန်စွမ်းသူများ** မဲပေးရန် အခက်အခဲဖြစ်နေပါက လူထုစည်းရုံးရေးမှူးများမှ မဲပေးရာတွင် ကူညီနိုင်ပါသည်။

၁) **ရာထူးအတွက် လိုအပ်ချက်များ၊ တာဝန်ဝတ္တရားများကို ရှင်းပြပါ။**

၂) **အရွေးချယ်ခံစာရင်း ရယူပါ။** ရွာသူ၊ ရွာသားများကို အချင်းချင်း ရွေးချယ်ခံရန် လျာထားစာရင်းပြုလုပ်ခိုင်းပြီး အမျိုးသားစာရင်းနှင့် အမျိုးသမီးစာရင်း ခွဲခြားလိုက်ပါ။ လိုအပ်သည့် အရေအတွက်ထက် ပိုများသည့် လျာထာစာရင်းဖြစ်ပါစေ (ဆိုလိုသည်မှ ဆပ်ကော်မတီတွင် ၂ နေရာ၊ ၃ နေရာ ရှိလျှင် အမျိုးသမီးနှင့် အမျိုးသား စာရင်းအတူတူနှုန်းဖြင့် ၄ယောက်၊ ၆ ယောက်လောက် လျာထားပါ)။ ကျေးရွာကြီးများအတွက် ကျေးရွာအပိုင်း/ရပ်ကွက် အလိုက် အရွေးချယ်ခံရန် လျာထားနိုင်သည်။ ကျေးရွာလူကြီးများ၏ ဆုံးဖြတ်ချက်သပ်သပ်ဖြင့် အဆိုပြု၍မရပါ။

၃) **အဆိုပြုခံထားရသူများထံမှ အတည်ပြုချက် ရယူပါ။** သူတို့အနေနှင့် ကျေးရွာစေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်လိုသည့်စိတ်ဆန္ဒရှိသလားနှင့် အရွေးအချယ်ခံရန် အဆိုပြုထားသည်ကို လက်ခံမခံ အတည်ပြုချက်ရယူပါ။ အဆိုပြုခံထားရသူများအနေနှင့် အဆိုပြုခံထားရသည်ကို ပယ်ဖျက်လိုပါက လွတ်လပ်စွာ ပယ်ဖျက်ပိုင်ခွင့်ရှိကြောင်းနှင့် ၎င်းတို့နာမည်ကို ရုတ်သိမ်းနိုင်ခွင့်ရှိကြောင်း သိရှိထားသင့်သည်။ ၎င်းတို့မှ အရွေးချယ်ခံရန် အတည်ပြုချက် ရယူပြီးသည်နှင့် ကျေးရွာလူထုမြင်သာအောင် ၎င်းတို့အား မတ်တပ်ရပ်ပြသပေးပါ။

၄) **မဲရုံများ ပြင်ဆင်ပါ။** (တစ်ရှူးထည့်တဲ့ပုံးလိုမျိုး ပုံးတွေ၊ တစ်ရှူးဘူးခွံ၊ ဇလုံ၊ အစရှိသည်ကဲ့သို့) မဲထည့်ရန် မဲပုံးတစ်ခုကို ပြင်ဆင်ပါ။ အရွေးအချယ်ခံ ကိုယ်စားလှယ်တစ်ယောက်စီအတွက် မဲတစ်ပုံးရှိရမည်ဖြစ်ပြီး မဲပုံးတွင် နာမည် ကပ်ထားပေးပါ။ **လျှို့ဝှက်မဲပေးရာတွင် လျှို့ဝှက်မဲဖြစ်စေရန် သေချာပြုလုပ်ပါ။** မဲပုံးများကို သေချာလုံခြုံစွာပိတ်ထားပြီး မဲထည့်ရန် အပေါက်သာထားရှိပါ။ သို့မှသာ မဲပေးသူများသည် မဲပုံးအထဲကို မမြင်ဘဲနေမည်ဖြစ်သည်။ မဲပေးသည့်အခါ မဲရုံသည် မဲပေးသူများအတွက် အနှောင့်အယှက်ကင်းရန် သေချာအောင်ပြုလုပ်သင့်ပြီး မဲပေးသူများ ဝင်ရောက်မဲပေးရာတွင်

လျှင်မြန်ချောမွေ့စွာ မဲပေးနိုင်ရန်နှင့် လမ်းကြောင်းတစ်ခုတည်း ဝင်ထွက်သည့်အခါ ချောမွေ့စေရန် သေချာစွာပြုလုပ်ပါ။ ကျေးရွာကြီးများတွင် မဲပေးသည့်အခါ မြန်ဆန်စေရန်အတွက် မဲရုံများများ ထားပေးပါ။

၅) **မဲပေးသူများကို မဲပေးရမည့် အရေအတွက်အလိုက်မဲများ** (အအေးပိုက်၊ ပဲစေ့၊ မြေပဲစေ့၊ စသည်ဖြင့်) **ပေးပါ။** (ဆပ်ကော်မတီဝင် ၃ နေရာဆိုလျှင် ၃ ခုနှင့် ၂ နေရာလျှင် ၂ ခု၊ )။ အရွေးချယ်ခံ (၃)ဦး ဖြစ်နေပါက အနည်းဆုံး အမျိုးသား (၁) ဦး၊ နှင့် အမျိုးသမီး ကိုယ်စားလှယ်အတွက် (၁) ဦးတွက် မဲပေးပါ။

၆) **ကျေးရွာလူထုအား မဲပေးရန် မေတ္တာရပ်ခံပါ။** မဲရုံထဲသို့ အလှည့်ကျဝင်ရောက်ပြီး ကိုယ်ရွေးချယ်လိုသည့် အမျိုးသမီးကိုယ်စားလှယ်အတွက် မဲ (၁)ခုနှင့် အမျိုးသားကိုယ်စားလှယ်အတွက် မဲ(၁)ခု ကို သက်ဆိုင်ရာ နာမည်ကပ်ထားသည့်မဲပုံးထဲ မဲထည့်ပေးပါ။ မဲပေးသူသည် စာမဖတ်တတ်လျှင် ၎င်းထည့်လိုသည့် မဲပုံးတွင် ထည့်နိုင်ရန်အတွက် လူထုစည်းရုံးရေးမှူးတစ်ယောက်မှ ကူညီပေးသင့်သည်။

၇) **မဲများကို ပွင့်လင်းမြင်သာစွာ (လူအများရှေ့တွင်) ရေတွက်ပါ။** အစည်းအဝေးတက်ရောက်လာကြသူ အားလုံးရှေ့မှာ မဲပုံးထဲမှ မဲများအားလုံးကို ပွင့်လင်းမြင်သာစွာရေတွက်ပြပါ။ အရွေးအချယ်ခံ ကိုယ်စားလှယ်လောင်းများ၏ နာမည်ရှေ့တွင် တာလီချိုးပြပါ။

၈) **မဲအများဆုံးရရှိ၍ အရွေးချယ်ခံရသူ နှစ်ယောက်၏နာမည်ကို ကြေငြာ**ပြီး လက်ခုပ်တီး ဂုဏ်ပြုပေးပါ။

**၉) နောက်တစ်နေရာအတွက် အဆင့် (၁) မှ (၈) အတိုင်း ပြန်လုပ်ပါ။**

**၁၀) အဖွဲ့ဝင်တိုင်း ကျင့်ဝတ်လိုက်နာမည့်အကြောင်း လက်မှတ်ရေးထိုးရမည်။**

**မှတ်ချက်။** စီမံကိန်းဒုတိယစက်ဝန်းနောက်ပိုင်းမြို့နယ်များသည် ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့ဝင်အသစ်များကို အတည်ပြု သို့မဟုတ် လိုအပ်လျှင် ရွေးကောက်မည်။ စီမံကိန်းဒုတိယစက်ဝန်းနောက်ပိုင်းမြို့နယ်များသည် အပိုင်း (၂) စာခွဲ (၄)တွင်ရှင်းပြထားသည့်အတိုင်း လိုက်နာရန်လိုအပ်သည်။

### ၂-၄။ နောက်ဆက်တွဲ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ

***၁၄၅ ရည်ရွယ်ချက် -*** *ကျေးရွာအစည်းအဝေးများ၏ ရည်ရွယ်ချက်မှာ ပထမနှစ် စီမံကိန်း စက်ဝန်းပြီးဆုံးပြီးနောက် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို အတည်ဖြစ်စေရန် နှင့် ၎င်းအစီ အစဉ်အားလိုအပ်ပါက ပြုပြင်မွမ်းမံခြင်း၊ ပြောင်းလဲခြင်းများ ဆောင်ရွက်နိုင်ပါသည်။ ထို့အပြင် ကျေးရွာလူထုသည် ကော်မတီအဖွဲ့ဝင်များကိုလည်း ပြန်လည်ရွေးချယ်ခန့်အပ် နိုင်ပါသည်။*

***၁၄၆ ပါဝင်သူများ-*** *လူထုစည်းရုံးရေးမှူးများသည် လက်ထောက်နည်းပညာမှူးများ၊ ကျေးရွာစေတနာ့ဝန်ထမ်းများ နှင့်အတူ အစည်းအဝေးအား ပံ့ပိုးကူညီရပါမည်။ ကျေးရွာ အုပ်ချုပ်ရေးမှူး အပါအဝင် ကျေးရွာလူထုအားလုံးအား ဖိတ်ကြားရပါမည်။ အစည်း အဝေးအထမြောက်ရန် လိုအပ်သည့်ဦးရေမှာ (၁) ကျေးရွာအတွင်းရှိ အိမ်ခြေ၏ အနည်းဆုံး ၅၀% (၂) ကျေးရွာအတွင်းရှိ လူမျိုးစုအိမ်ခြေများ၏ အနည်းဆုံး ၅၀% (၃) အမျိုးသမီး ကိုယ်စားလှယ်များမှ အနည်းဆုံး ၅၀% ဖြစ်ရမည်။ စည်းရုံးရေးမှူးများသည် ဝေးကွာသော ရွာစွန်ရွာဖျားတွင်နေထိုင်သည့် ကျေးရွာလူထုကိုလည်း အစည်းအဝေးတက်ရောက်ရန် နှိုးဆော်ရမည်ဖြစ်ပါသည်။ ကျေးရွာလူထုအတွင်းရှိ အခြားစီမံကိန်းများမှ သက်ဆိုင်ရာ ကော်မတီဝင်များကိုလည်း အစည်းအဝေးတက်ရောက်ရန် ဖိတ်ခေါ်ရမည်။*

***၁၄၇ အချိန်ကာလ*** *-အနည်းဆုံးနေ့တစ်ဝက်*

***၁၄၈ လုပ်ငန်းစဉ်-*** *နှစ်စဉ် စီမံကိန်းနှစ်တစ်ခု၏အစတွင် လူထုစည်းရုံးရေးမှူး၊ လက် ထောက်နည်းပညာမှူးနှင့် ကျေးရွာစေတနာ့ဝန်ထမ်းတို့သည် အောက်ပါပုဂ္ဂိုလ်တို့နှင့်အတူ ကျေးရွာအစည်းအဝေးနှင့်ဦးတည်အုပ်စုဆွေးနွေးပွဲများ ပြုလုပ်ရပါမည်။*

*(က) ကျေးရွာခေါင်းဆောင်များ (ပုံစံတကျ၊ ပုံစံမကျ)*

*(ခ) အမျိုးသမီးများ*

*(ဂ) အသက်မွေးဝမ်းကြောင်းအုပ်စုများ (လယ်သမားများ၊ တံငါသည်များ၊ အလုပ် သမားများ စသည်)*

*(ဃ) ထိခိုက်လွယ်သော အုပ်စုများနှင့် ဆင်းရဲနွမ်းပါးဆုံးအုပ်စုများ (ဥပမာ-မသန်စွမ်း သူများ၊ သက်ကြီးအုပ်စုများ၊ မြေယာမဲ့များ)*

*(င) ကျေးရွာအတွင်းရှိ လူမျိုးစုများနှင့် ဘာသာရေးအုပ်စုများ အပါအဝင် အခြားအုပ် စုများ။ (အမျိုးသားနှင့် အမျိုးသမီးကို သင့်လျော်သလို ခွဲခြားထားရန်)*

*(စ) အခြားစီမံကိန်းများမှ ကော်မတီဝင်များကိုလည်း ဖိတ်ကြားရမည်။ (ဥပမာ - မြစိမ်းရောင်/အသေးစားချေးငွေအဖွဲ့ အစရှိသဖြင့်)*

***၁၄၉*** *လူထုစည်းရုံးရေးမှူး၊ လက်ထောက်နည်းပညာမှူးနှင့် ကျေးရွာစေတနာ့ဝန်ထမ်းများ က ကျေးရွာအတွင်းရှိ ဆင်းရဲသားများ၊ တိုင်းရင်းသားလူမျိုးစုများနှင့် ဘာသာရေးအုပ်စုများ အပြင် လူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် လွတ်လပ်စွာ ကြိုတင်ဆွေးနွေးမှုများ ပြုလုပ်ရ ပါမည်။*

***၁၅၀*** *ကျေးရွာလူထုသည် PRA လုပ်ငန်းစဉ်များကို နောက်နှစ်စီမံကိန်းစက်ဝန်းများတွင် လွတ်လပ်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ပြန် လည်မွမ်းမံခြင်းကို ဖြစ်စေသော လူထုညှိနှိုင်းမှုများ၊ ထိရောက်စွာလေ့လာဆန်းစစ်နိုင်ရန် လူထုပူးပေါင်းပါဝင်သော ကျေးရွာအကဲဖြတ်ဆန်းစစ်ခြင်း လုပ်ငန်းများကို ကျေးရွာလူထုမှ ထည့်ဝင်သော မဲရလဒ်ပေါ် အခြေခံ၍ လုပ်ဆောင်နိုင်ပါသည်။*

***၁၅၁*** *လက်ရှိကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို အခြေခံပြီး ပြီးခဲ့သည့်စီမံကိန်းစက်ဝန်း၏ အတွေ့အကြုံများ၊ လူထုစစ်ဆေးပွဲမှ တွေ့ရှိချက်များ၊ နည်းပညာ စစ်ဆေးတွေ့ရှိချက်၊ ဘဏ္ဍာရေး စစ်ဆေးတွေ့ရှိချက်များအပေါ် အခြေခံ၍ လူထုစည်းရုံးရေးမှူး၊ လက်ထောက် နည်းပညာမှူးနှင့် ကျေးရွာစေတနာ့ဝန်ထမ်းများသည် အောက်ပါတို့ကို ဆောင်ရွက်ရပါမည်။*

*(က) လက်ရှိကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီအစဉ်များကို ပြန်လည်သုံးသပ်ရမည်။(ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးအစီအစဉ်ကို အောက်တွင် ဖော်ပြ ထားသည်)*

*(ခ) ကျေးရွာနှင့် ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးအစီအစဉ်များသည် ပြီးခဲ့သည့် စီမံကိန်း စက်ဝန်းနှင့် နှိုင်းယှဉ်၍ လက်ရှိဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်သုံးသပ်ရန် လိုအပ်ပါက ပြန်လည်ဆန်းစစ်ပါရန်။ (ဥပမာ- မူလသတ်မှတ်ထားသော စီမံကိန်း လုပ်ငန်းခွဲများသည် အစိုးရ သို့ အခြားရန်ပုံငွေများ ပံ့ပိုးမှုဖြင့် ဆောင်ရွက်ခဲ့ပါလျှင် ) အဆိုပါကိစ္စများအား ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အသစ်ရေးဆွဲရာတွင် မှတ်တမ်းတင် သင့်ပါသည်။ ထို့ပြင် သဘာဝဘေးအန္တရာယ်ကြောင့် ဦးစားပေးလုပ်ငန်းများ ထိခိုက် ခဲ့ပါလျှင် စီမံကိန်းလုပ်ငန်းခွဲများကို ပြန်လည်ပြောင်းလဲရန် စဉ်းစားသင့်ပါသည်။*

*(ဂ) လိုအပ်ချက်များအတိုင်း ကျေးရွာစီမံကိန်းလုပ်ငန်းခွဲ အဆိုပြုခြင်းများကို ဦးစား ပေးအဆင့် ရွေးချယ်ခြင်းအား လုပ်ဆောင်ရပါမည်၊ ( ၄ နှစ်စာအတွက် ပြန်လည် ပြုပြင်မွမ်းမံခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများအတွက် ခန့်မှန်းကုန်ကျစရိတ်များ တွက် ချက်ခြင်းကို ပြုလုပ်ရပါမည်။)*

***၁၅၂*** ***ဦးစားပေးအစီအစဉ်သတ်မှတ်ခြင်း*** *- စီမံကိန်းလုပ်ငန်းခွဲများကို ဦးစားပေးသတ် မှတ်ခြင်းမှာ ပထမနှစ် သတ်မှတ်ချက်နှင့် အတူတူပင်ဖြစ်သည်။*

*(က) အကျိုးပြုဦးရေ (သက်ရောက်မှု အတိုင်းအတာ)*

*(ခ) ဆင်းရဲနွမ်းပါးသူနှင့် အပယ်ခံအုပ်စုများ အကျိုးခံစားရစေမှု*

*(ဂ) ဒေသခံအလုပ်သမားများ အပါအဝင် ဆင်းရဲနွမ်းပါးသူများအတွက် အကျိုး သက်ရောက်မှု*

*(ဃ) အမှန်တကယ် အရေးတကြီးလိုအပ်မှု*

*(င) စီမံကိန်းလုပ်ငန်းခွဲများ၏ အခြေခံအဆောက်အဦးများကို အကောင်အထည် ဖော်ခြင်း၊ လည်ပတ်ပြုပြင်ထိန်းသိမ်းခြင်းတို့အတွက် ကျေးရွာလူထု၏ စွမ်းဆောင် ရည် စသည်တို့ဖြစ်သည်။*

***၁၅၃*** *ကျေးရွာဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် အပြောင်းအလဲများရှိပါက အဆိုပါ စီမံကိန်း အပေါ် လူထုမှ ပိုမိုထောက်ခံမှုရရှိရန်အတွက် လူထုစည်းရုံးရေးမှူးများသည် တိုင်းရင်းသား အုပ်စုများ၊ ဘာသာရေးအုပ်စုများနှင့် ကြိုတင်အသိပေးထားသော လွတ်လပ်သည့် အစည်း အဝေးပွဲတစ်ခုကို ကျင်းပရမည်။ အုပ်စုတစ်စုကဖြစ်စေ၊ တစ်စုထက်ပို၍ဖြစ်စေ ပြင်ဆင် ရေးဆွဲထားသော ကျေးရွာစီမံကိန်းလုပ်ငန်းခွဲကို သဘောမတူလျှင် စည်းရုံးရေးမှူးနှင့် ကျေးရွာစေတနာ့ဝန်ထမ်းတို့က ကျေးရွာ ဖွံ့ဖြိုး ရေးစီမံကိန်းကို ထပ်မံပြုပြင်ရေးဆွဲရန်နှင့် အဆိုပြုချက်များကို ဦးစားပေးအစီအစဉ် ပြန်လည်ချမှတ်ရန် အတွက် လိုအပ်လျှင် နောက်ထပ်ကျေးရွာအစည်းအဝေး တစ်ခု ကျင်းပရမည်။*

***၁၅၄*** *ပြန်လည်မွမ်းမံထားသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်မှာ ပထမနှစ်စီမံကိန်း စက်ဝန်း နှင့်တူပါသည်။ အကယ်၍ အခြားသော ဆန်းစစ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက် ခဲ့ပါက စာရွက်စာတမ်းများကို VDP တွင် မြေပုံများ၊ ဇင်းပုံစံများ၊ ချမ်းသာမှု အနေအထား ခွဲခြားမှုများပါ ပူးတွဲတင်ရပါမည်။*

***၁၅၅ ကော်မတီအဖွဲ့ဝင်များအား ပြန်လည်အတည်ပြုခြင်း*** *- ဒုတိယနှစ်စီမံကိန်းနှင့် နောက်နှစ် စီမံကိန်းများတွင် ကော်မတီအားပြန်လည်ဖွဲ့စည်းရန် မလိုအပ်သော်လည်း နှစ်စဉ်ပြုလုပ်သော လူထုဆွေးနွေးပွဲများမှ ရရှိလာသော အကြံပြုချက်များအပေါ်တွင် အခြေခံပြီး လုပ်ဆောင်ချက်များအား ပြန်လည်သုံးသပ်၍ ပြန်လည် အစားထိုးဆောင်ရွက် သင့်ပါသည်။ ကော်မတီဝင်များ အစားထိုးခြင်းလုပ်ငန်းစဉ်မှာ ကနဦးမဲရွေးချယ်မှုပုံစံ အတိုင်း အတူတူပင်ဖြစ်သည်။*

***၁၅၆*** *လူထုစည်းရုံးရေးမှူးများသည် အတည်ပြု ဆုံးဖြတ်ပြီးသော စီမံကိန်းအစီအစဉ်များ အား ကျေးရွာစီ/ထောက်ကော်မတီကို ကူညီရေးသွင်းပေးပြီး အစည်းအဝေးမှတ်တမ်းနှင့် အတည်ပြု ထားသော VDP အားကျေးရွာအုပ်စုစီ/ထောက်ကော်မတီသို့ ပေးပို့ရမည်။*

**၂-၅။ ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြုကော်မတီအစည်းအဝေးများ**

***၁၅၇*** *ကျေးရွာအုပ်စုစီ/ထောက်ကော်မတီ အစည်းအဝေး၏ ရည်ရွယ်ချက်မှာ ကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာများ၏ဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်များ၊ လိုအပ်ချက်များ၊ မျှော်မှန်း ချက်များ ဖော်ထုတ်ပေးထားသော ကျေးရွာအုပ်စုဖွံ့ဖြိုးရေး အစီအစဉ် ထွက်ပေါ်လာရန် ဖြစ်ပြီး အဆိုပါ အစီအစဉ်နှင့်ဆက်စပ်လျက်ရှိသော အောက်ပါအချက်များကို ဆောင်ရွက်ရန် ဖြစ်သည်။*

***၁၅၈ ပါဝင်သူများ*** *- လူထုစည်းရုံးရေးမှူးများ၊ လက်ထောက်နည်းပညာမှူးများနှင့် ကျေးရွာအုပ်စုစီ/ထောက်ကော်မတီဝင်များ ပါဝင်ကြသည်။ ကျေးရွာများ အားလုံးမှ အိမ်ထောင်စု တစ်စုလျှင် အမျိုးသားတစ်ယောက် အမျိုးသမီးတစ်ယောက်နှုန်းဖြင့် တက်ရောက်ကြရန် ဖိတ်ကြားရမည်။ အခြားသောစီမံကိန်းများမှ ကော်မတီဝင်များအား လည်း လေ့လာသူ အဖြစ်တက်ရောက်ရန် ဖိတ်ကြားရမည်။*

***၁၅၉ ကြာမြင့်ချိန်။*** *နေ့တစ်ဝက်မှ တစ်နေ့ကုန်*

***၁၆၀*** *ကျေးရွာအုပ်စုစီ/ထောက်ကော်မတီသည် ကျေးရွာအုပ်စုတွင် စီမံကိန်းလုပ်ငန်းများကို အဓိက တာဝန်ယူဆောင်ရွက်ရမည့် အဖွဲ့ဖြစ်သည်။ ကျေးရွာများအားလုံးရှိ ကျေးရွာစီ/ ထောက်ကော်မတီ ဥက္ကဌ နှစ်ဦးဖြင့် ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်သည်။*

***၁၆၁*** *ကျေးရွာအုပ်စုဘဏ်စာရင်းအပါအဝင် ကျေးရွာအုပ်စုတစ်ခုလုံး၏ ဘဏ္ဍာရေးကိစ္စ များကို ဆောင်ရွက်ရန်အတွက် ကျေးရွာစီ/ထောက်ကော်မတီသည် ဘဏ္ဍာရေး ဆပ်ကော်မတီ တစ်ခုကို ဖွဲ့စည်းထားရမည်ဖြစ်သည်။*

***၁၆၂*** အဆိုပါ ပထမအစည်းအဝေးတွင် ကျေးရွာစီ/ထောက်ကော်မတီသည် ၎င်းတို့အဖွဲ့ များအတွင်းမှ ဥက္ကဋ္ဌ နှစ်ဦး(ကျား - ၁၊ မ - ၁ ) ရွေးချယ်ရမည့်အပြင် ဘဏ္ဍာရေးစီမံခန့်ခွဲမှု လုပ်ငန်းများကို ဆောင်ရွက်ရန် အဖွဲ့ဝင် သုံးဦးပါဝင်သော ဘဏ္ဍာရေးဆပ်ကော်မတီကိုလည်း ဖွဲ့စည်းရပါမည်။ (အဆိုပါအဖွဲ့တွင် အနည်းဆုံးအမျိုးသမီးတစ်ဦးပါဝင်ရမည့်အပြင် ကျေးရွာ အသီးသီးမှ ရွေးချယ်ထားသော ငွေစာရင်းကိုင်များလည်း ပါဝင်ရမည်ဖြစ်သည်။ ကျေးရွာ အုပ်စုအတွင်းရှိ စီမံကိန်းလုပ်ငန်းခွဲများအားလုံးနှင့် လူထုစစ်ဆေးပွဲများ ပြီးဆုံး သောအချိန် တွင် စီမံကိန်းလုပ်ငန်းခွဲအသစ်အတွက် ထောက်ပံ့ငွေအသစ်ကို ထုတ်ပေးလိမ့် မည်ဖြစ်သည်။

***၁၆၃*** အကယ်၍ ကျေးရွာတစ်ရွာဖြင့်သာ ပါဝင်ဖွဲ့စည်းထားသော ကျေးရွာအုပ်စုတွင် ကျေးရွာစီ/ထောက်ကော်မတီသည် ကျေးရွာအုပ်စုစီ/ထောက်ကော်မတီ၏ လုပ်ငန်းစဉ်များ ပါဝင်ရန် ထပ်မံရှင်းပြရမည်။

***၁၆၄ ဘဏ္ဍာရေးဆပ်ကော်မတီဖွဲ့စည်းခြင်း***

*(က) ရိုးသားတည်ကြည်ရမည်။*

*(ခ) ကျေးရွာငွေစာရင်းကိုင်သည် ရေးတတ်၊ ဖတ်တတ်၊တွက်ချက်တတ် ရပါမည်။*

*(ဂ) ကျေးရွာအုပ်စု စီ/ထောက် ကော်မတီဥက္ကဋ္ဌသည် ဘဏ္ဍာရေးဆပ်ကော်မတီ အဖွဲ့ဝင်မဖြစ်ရပါ။*

***၁၆၅*** ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြုကော်မတီသည် ၎င်းကျေးရွာအုပ်စု အတွင်း ရှိ ကျေးရွာအားလုံးမှ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု စီမံချက်များကို လက်ခံရရှိပြီး လူထုစည်းရုံး ရေးမှူးများ၊ လက်ထောက်နည်းပညာမှူးများ၊ အင်ဂျင်နီယာများနှင့် ကျေးရွာစေတနာ့ ဝန်ထမ်းများမှလည်း ပံ့ပိုးကူညီရမည်။

*(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု စီမံချက်များကို ပြန်လည်သုံးသပ်ခြင်း*

*(ခ) ကျေးရွာအုပ်စု၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ လူမှုပူးပေါင်းပါဝင်မှုများ၊ လိုအပ်ချက်များနှင့် ဦးစားပေးမှုများကို အကဲဖြတ်ခြင်း၊*

*(ဂ) ကျေးရွာ၏ ဦးစားပေးစီမံကိန်းလုပ်ငန်းခွဲများစာရင်းနှင့်အတူ (၄) နှစ်စာ ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်မှု စီမံချက်ကို သဘောတူညီခြင်း ( အနည်းဆုံး (၄) နှစ် စာအတွက် ပြန်လည်ထူထောင်ခြင်းများ၊ နှစ်စဉ်လုပ်ငန်းလည်ပတ် ထိန်းသိမ်းခြင်း များအတွက် ကုန်ကျစရိတ်များ ခန့်မှန်းတွက်ချက်ခြင်းတို့နှင့်အတူ အဆိုပါစီမံချက် ကို သဘောတူညီရမည်။)*

*(ဃ) မြို့နယ်များရှိ စီမံကိန်းလုပ်ငန်းများအတွက် သတင်းအချက်အလက်များ ပံ့ပိုး ပေးခြင်းနှင့် စီမံကိန်းလုပ်ဆောင်မှုများအတွက် အသုံးစရိတ်များကို ပြန်လည်သုံးသပ် ခြင်း၊*

*(င) လူထုဗဟိုပြုစီမံကိန်းရှိ ရန်ပုံငွေရရှိနိုင်သော သင့်လျော်သည့် စီမံကိန်းလုပ်ငန်းခွဲ များပါဝင်သည့် အဆင့်သတ်မှတ်ထားမှုစာရင်းနှင့် ၎င်းတို့၏စီမံချက်များမှာ သေချာ စေရမည်။*

*(စ) လူထုဗဟိုပြုစီမံကိန်းရှိ လုပ်ငန်းခွဲများ၏ရန်ပုံငွေခွဲဝေပေးမှုအား ဆုံးဖြတ်ခြင်း၊ အဆိုပြုထားသော ဦးစားပေးစီမံကိန်းလုပ်ငန်းခွဲများအတွက် စုစုပေါင်းကုန်ကျစရိတ် သတ်မှတ်ထားမှုသည် နှစ်စဉ်ရန်ပုံငွေ ပံ့ပိုးပေးမှုပမာဏထက် ကျော်လွန်လိမ့်မည်။*

*(ဆ) ကျေးလက်ဒေသ ဖွံ့ဖြိုးမှုစီမံကိန်းများအား ပြန်လည်စစ်ဆေး သုံးသပ်စဉ် ကာလတွင် အမျိုးသမီးများ၊ ချို့တဲ့နွမ်းပါးသူများ၊ လူမျိုးစုများနှင့် ဘာသာရေး ဆိုင်ရာ အဖွဲ့အစည်းများ၏လိုအပ်ချက်/ အခက်အခဲများအား ရှာဖွေစုစည်း၊ ရေးသား ပြုစုထားရမည်။*

*(ဇ) တစ်ခုနှင့်တစ်ခုဆက်စပ်ပေါင်းစည်းလိုက်ခြင်းဖြင့် (သို့မဟုတ်) အလားတူ ကျေးရွာအဆင့် စီမံကိန်းလုပ်ငန်းခွဲများ ပေါင်းစည်းအကောင်အထည်ဖော် ဆောင်ရွက်လိုက်ခြင်းဖြင့် ကျေးလက်ဒေသလူ့အဖွဲ့အစည်း၏ စီးပွားရေးဆိုင်ရာစနစ် များနှင့် စီးပွားရေးအကျိုးအမြတ်*

*များပါပေါင်းစည်းသွားမိနိုင်ခြင်းတို့ကြောင့် စီမံကိန်းလုပ်ငန်းခွဲတစ်ခုသည် ၎င်းအားအကောင်အထည်ဖော်ဆောင်ရွက်သည့် ကျေးရွာပါဝင်သော ကျေးရွာအုပ်စု တစ်စုလုံးရှိ အခြားကျေးရွာများနှင့်ပါ ကိုက်ညီ သင့်လျော်မှု ရှိပါသည်။ ကျေးရွာအုပ်စုနှစ်စု၏ ပူးတွဲစီမံကိန်းလုပ်ငန်းခွဲ တစ်ခု အတွက် ပမာဏ/ကုန်ကျစရိတ်သည် (၁၁၀,၀၀၀,၀၀၀) ကျပ်ထက် ကျော်လွန် ကုန်ကျ၍မရပါ။ ထို့အပြင် (၄၀,၀၀၀,၀၀၀) ကျပ်ထက် ပိုမိုကုန်ကျနိုင်မည့် စီမံ ကိန်းလုပ်ငန်းခွဲတစ်ခုအတွက် ကမ္ဘာ့ဘဏ်မှခွင့်ပြုချက်နှင့် ပြည်ထောင်စုအဆင့် ကျေးလက်/ဦးစီးရုံးမှ သဘောတူခွင့်ပြုချက်စာတို့ လိုအပ်ပါသည်။*

*(ဈ) စေတနာအလျောက်မြေလှူဒါန်းမှုများ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး ဆိုင်ရာ ထိခိုက်/သက်ရောက်မှုရှိသည့် ဦးစားပေးရွေးချယ်သတ်မှတ်ထားသည့် စီမံကိန်းလုပ်ငန်းခွဲများနှင့် ဆက်စပ်နေသော ဂရုပြုကိုင်တွယ်ရမည့် ကိစ္စရပ်များအား သေချာ ဆွေးနွေးညှိနှိုင်းပြီး စနစ်တကျ ဆောင်ရွက်ပါ။*

*(ည) အသေးစိတ်အသုံးစရိတ်များအတွက် လိုအပ်သောငွေကြေးပမာဏ စာရင်းကို ခန့်မှန်း တွက်ချက်ထားပါ။*

*(ဋ) စီမံကိန်းလုပ်ငန်းခွဲ တစ်ခုစီတိုင်းသည် စီမံကိန်းရာသီစက်ဝန်း တစ်နှစ်အတွင်း အကောင်အထည်ဖော်ဆောင် ပြီးစီးနေရမည်ဖြစ်သည်။ နောက်လာမည့်စီမံကိန်း ရာသီစက်ဝန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းခွဲများ သည် ကြိုတင်ပြီးစီးနေသော စီမံကိန်းလုပ်ငန်းခွဲပုံစံဖြင့် အပြီးသတ် ဆောင်ရွက်နိုင် ပါသည်။*

***၁၆၆*** *လူထုစည်းရုံးရေးမှူးနှင့် လက်ထောက်နည်းပညာမှူးတို့သည် ကျေးရွာအုပ်စုစီ/ ထောက်ကော်မတီ အစည်းအဝေးတွင် ဆွေးနွေးဆန်းစစ် အတည်ပြုထားသည့် ရလဒ်များကို အခြေပြု၍ စီမံကိန်းပုံစံအကြမ်းရေးဆွဲရာတွင် ကူညီပံ့ပိုးပေးရမည်။ ကျေးရွာအုပ်စုဖွံ့ဖြိုးရေး စီမံကိန်းတွင် အောက်ပါတို့ပါဝင်သည်။*

*(က) PC- 4 ပုံစံ - စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှု ပုံစံဖြစ်သည်။ NCDDP မှရန်ပုံငွေ ထုတ်ပေးသည့် စီမံကိန်းလုပ်ငန်းခွဲများနှင့် ကျေးရွာများ၏အမည်စာရင်း ကိုရေးသားထားသည့် ပုံစံဖြစ်သည်။*

*(ခ) ကျေးရွာအုပ်စုတစ်ခုအတွင်းရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း*

**ပထမအကြိမ် ကျေးရွာအုပ်စုစီထောက်ကော်မတီအစည်းအဝေး**

ကျေးရွာအုပ်စုစီထောက်ကော်မတီအေစည်းအဝေးသို့ ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာတစ်ခုစီမှ ကျေးရွာစီထောက်ကော်မတီဥက္ကဋ္ဌ (၂)ဦးစီ၊ ငွေစာရင်းကိုင်များနှင့် ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့များ တက်ရောက်ကြသည်။ ငွေစာရင်းကိုင်နှင့် ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းအဖွဲ့ဝင်တို့သည် နောက်ပိုင်း VTPSC အစည်းအဝေးများသို့ မတက်ရောက်တော့ဘဲ သီးခြားအစည်းအဝေးများ (FSC နှင့် ဝေဖန်အကြံပြုတိုင်ကြားချက် ဖြေရှင်းရေး အစည်းအဝေးများ) ပြုလုပ်မည်ဖြစ်သည်။ စည်းရုံးရေးမှူးများသည် လက်ရှိ (လူထုဗဟိုပြုစီမံကိန်းကော်မတီမဟုတ်သည့်) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီများအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခံရကြောင်း သေချာအောင် ပြုလုပ်လိမ့်မည်။

ကျေးရွာစေတနာ့ဝန်ထမ်းများနှင့် စည်းရုံးရေးမှူးများသည် ပထမအကြိမ် ကျေးရွာအုပ်စု စီထောက်ထောက်မတီတွင် အောက်ပါတို့ကို ကူညီပေးပါလိမ့်မည်။

၁) **ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီအစဉ်(VTDP)ကို ပြုစုရန်။** စည်းရုံးရေးမှူးသည် ကျေးရွာအုပ်စုစီထောက်ကော်မတီမှနေ၍ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (VDP) များကို စုစည်းပြီး (လူထုဗဟိုပြုစီမံကိန်း

လုပ်ငန်းများအပါအဝင်) ဖွံ့ဖြိုးရေးလုပ်ငန်းများ အပြီးသတ်စာရင်းဖြစ်သည့် ကျေးရွာအုပ်စုဖွံ့ဖြိုးရေး အစီအစဉ်အဖြစ် ပေါင်းစည်းရာတွင် ကူညီပံ့ပိုးပေးပါ။ ပုံစံ စ-၄ ကို ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီအစဉ်များကို ဖော်ပြရန်အတွက် အသုံးပြုပြီး မြို့နယ်စီမံကိန်း ရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ (TPIC) ထံ တင်သွင်းပါသည်။ ဤပုံစံကို စီမံကိန်းစက်ဝန်း တစ်ခုလျှင် တစ်ကြိမ်နှုန်းဖြင့် (၄)နှစ်စာ VDP များအတွက် ဖြည့်သွင်းရမည်။ ဤအဆင့်တွင် လုပ်ငန်းများ စစ်ဆေးအတည်ပြုခြင်းနှင့် VDP များတွင် စီမံကိန်း လုပ်ငန်းခွဲများကို OM တွင် ပါဝင်သည့် အကျုံးဝင်သည့်စာရင်းနှင့် အကျုံးမဝင်သည့် စာရင်းများအသုံးပြုပြီး ဖော်ထုတ်သည့်အခါ ကူညီပေးရမည်ဖြစ်သလို မည်သည့်စီမံကိန်းလုပ်ငန်းခွဲများကို ထောက်ပံ့ငွေပေးမည်ကို ဆွေးနွေးညှိနှိုင်းတိုင်ပင်ရာနှင့် ကျေးရွာလူထုမှ စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ပြီး ထိန်းသိမ်းရာတွင် ကူညီပေးရန်ဖြစ်သည်။ ရန်ပုံငွေနှင့် အကာအကွယ်များအတွက် သတ်မှတ်ချက်များ အသုံးပြုပြီး စစ်ဆေးသည့် လုပ်ငန်းစဉ်နှင့် စီမံကိန်းလုပ်ငန်းခွဲအတွက် အကြမ်းဖျင်း တွက်ချက်၍ ထောက်ပံ့ငွေခွဲဝေရာတွင် လက်ထောက်နည်းပညာမှူးများမှ ကူညီပေးရမည်။

၂) **ကျေးရွာအုပ်စုစီထောက်ကော်မတီ (၂) ဦးကို ရွေးချယ်ရန်။** စည်းရုံးရေးမှူးများသည် တက်ရောက်လာကြသူများမှ ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့ ရွေးချယ်သည့်အတိုင်း လျှို့ဝှက်မဲပေးသည့်စနစ်ဖြင့် VTPSC (အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး) ဥက္ကဋ္ဌ (၂)ဦး မဲပေးရွေးချယ်ရန်အတွက် ကူညီ ပေးလိမ့်မည်။

၃) **ဘဏ္ဍာရေးဆပ်ကော်မတီ (FSC)ရွေးချယ်ရန်။** စည်းရုံးရေးမှူးများသည် တက်ရောက်လာကြသူများက FSC အဖွဲ့ဝင်(၃)ဦးကို လျှို့ဝှက်မဲပေးသည့်စနစ်ဖြင့်သာ ရွေးချယ်နိုင်ရန် ကူညီပေးပြီး ကျေးရွာတစ်ခုစီအတွက် ကျေးရွာငွေစာရင်းကိုင်တစ်ယောက်စီဖြင့် FSC ကိုစတင်မည်။

၄) **ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးကော်မတီ**ကို ကျေးရွာအဆင့်တွင် အဖွဲ့ဝင်များ ရွေးကောက်ဖွဲ့စည်းပေးခြင်းဖြင့် ဖွဲ့စည်းပြီး ၎င်းအဖွဲ့သည် ကျေးရွာအုပ်စုစီထောက်ကော်မတီမှ သီးခြားဖြစ်သည့် ကော်မတီအနေနှင့် တည်ရှိနေမည်ဖြစ်သည်။

**မှတ်ချက်။** ကျေးရွာအုပ်စုတွင် ကျေးရွာ ၁ ရွာ သို့မဟုတ် ၂ ရွာခန့်သာရှိလျှင်လည်း VTPSC နှင့် FSC ကို ဖွဲ့စည်းရမည်။ VPSC အဖွဲ့ဝင်များသည် VTPSC အဖွဲ့ဝင်လည်းဖြစ်နေနိုင်သည်။ ကျေးရွာရွေးကောက်ပွဲများတွင် ကျေးရွာလူထုသည် VPSC အဖွဲ့ဝင်မဟုတ်သူများကိုလည်း VTPSC အဖွဲ့ဝင်အဖြစ် ရွေးချယ်ခန့်အပ်နိုင်သည်။

**အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ခြင်း**

- **ဦးစားပေးစီမံကိန်းလုပ်ငန်းများအတွက် ကုန်ကျစရိတ်ခန့်မှန်းချက်များကို TF များအနေနှင့် ပြုစုထားသင့်သည်**။ ၎င်းတို့သည် အစည်းအဝေး၏အဓိကရည်ရွယ်ချက်ဖြစ်သည့် ရန်ပုံငွေခွဲဝေသည့်အခါ အဆင်သင့် ရှိနေရန် လိုအပ်သည်။ စီမံကိန်းလုပ်ငန်းခွဲ ကုန်ကျစရိတ်ခန့်မှန်းချက်များ မရှိလျှင် ရန်ပုံငွေခွဲဝေ၍မရပေ။
- ကျေးရွာများနှင့် အဆိုပြုထားသည့် စီမံကိန်းများပါဝင်သည့် **ကျေးရွာအုပ်မြေပုံ တစ်ခု**ကို ပြင်ဆင်ပါ။ ၎င်းမြေပုံကို အစည်းအဝေးတွင် ဖော်ပြမည်ဖြစ်ပြီး VTPSC အား မြင်သာစေရန်နှင့် ကျေးရွာအုပ်စုအတွက် စီမံရေးဆွဲရာတွင် ဆွေးနွေးသည့်အခါ အထောက်အကူပြုလိမ့်မည်။
- ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် မည်သည့်စီမံကိန်းများကို စီစဉ်ရေးဆွဲထားသည်ကို သေသေချာချာ အချက်အလက်ကောက်ယူပါ။ သို့မှသာ အစည်းအဝေးတွင် သေချာစွာ စည်းရုံးကူညီပေးနိုင်မည်ဖြစ်သည်။
- VDP တစ်ခုချင်းစီတွင် ဖော်ပြထားသည့် **စီမံကိန်းလုပ်ငန်းခွဲများကို အနှစ်ချုပ်ပြထားသည့် flipchart** တစ်ခုကို အောက်တွင်ဖော်ပြထားသည့် ပထမဇယားအတိုင်း ပြင်ဆင်ပါ။

**အစည်းအဝေးအား စည်းရုံးကူညီပံ့ပိုးပေးခြင်း**

**၁)** (၄)နှစ်စာ VTDP အစီအစဉ် ပြုလုပ်ပြီး ကျေးရွာအုပ်စုအဆင့်တွင် ကော်မတီများ ဖွဲ့စည်းမည်ဆိုသည့် ဆွေးနွေးပွဲ **ရည်ရွယ်ချက်များကို ရှင်းပြပါ။**

**၂)** ကျေးရွာများနှင့် အဆိုပြုထားသည့် စီမံကိန်းများ ဖော်ပြထားသည့် **ကျေးရွာအုပ်စု မြေပုံ**ကို ဖော်ပြပြီး ရှင်းပြပါ။

**၃) အဆိုပြုထားသည့် စီမံကိန်းလုပ်ငန်းခွဲများစာရင်းဇယားကိုဖော်ပြ**ပြီး စီမံကိန်းလုပ်ငန်းခွဲတစ်ခုချင်းစီ အဓိပ္ပာယ်ကို ရှင်းလင်းနားလည်အောင် ပြုလုပ်ပါ။

**၄)** ဦးစားပေးစီမံကိန်းများစာရင်းကို မြေပုံနှင့် ဇယားအသုံးပြုပြီး **ဆွေးနွေးရာတွင် စည်းရုံးကူညီ**ပေးပါ။ အောက်ပါမေးခွန်းများကို ဆွေးနွေးပါ။

- *"ကျွန်တော်/ကျွန်မတို့ အခုကြည့်နေတာက ကျေးရွာအုပ်စုတစ်ခုလုံးရဲ့ လိုအပ်ချက်တွေကို ကြည့်နေတာပါ။ ကျေးရွာတစ်ခုချင်းစီအတွက် ကြည့်နေတာမဟုတ်ပါဘူး။ ကျွန်တော်/ ကျွန်မတို့အားလုံး အကျိုးရှိစေဖို့ ထောက်ပံ့ငွေတွေကို ဘယ်လိုမျိုး အကောင်းဆုံး အသုံးချကြမလဲ"*
- ကျေးရွာအသီးသီးက လိုအပ်ချက်များကို ပေါင်းစည်းပြီး ကျေးရွာအားလုံးအကျိုးရှိစေမည့် စီမံကိန်းတွေ ဖြစ်နိုင်မလား။ (ဆိုလိုသည်မှာ လမ်းဖောက်လုပ်ရန် အဆိုပြုထားသည့် ကျေးရွာအသီးသီးကို အချင်းချင်း ဆက်သွယ်သည့် လမ်းတစ်ခုတည်းအဖြစ် ပြုလုပ်နိုင်မလား၊ အထက်တန်းကျောင်း တစ်ကျောင်းကို မျှဝေအသုံးပြုနေသည့် ကျေးရွာ (၂)ရွာ၊ စသည်ဖြင့်)
- ကျေးရွာအုပ်စုအတွက် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ သို့မဟုတ် အစိုးရဌာနများမှ စီစဉ်ပေးပြီးသား စီမံကိန်းများရှိသလား။
- "*အမျိုးသမီးတွေ၊ ဆင်းရဲသားတွေ၊ တိုင်းရင်းသားလူနည်းစုနဲ့ ဘာသာရေးအဖွဲ့တွေ လိုအပ်နေတာတွေကို ဖြေရှင်းပေးနိုင်ဖို့အတွက် ထောက်ပံ့ငွေတွေကို ဘယ်လိုခွဲဝေပေးနိုင်မလဲ*"
- "*ရရှိလာတဲ့ ရန်ပုံငွေတွေကို အပြည့်အဝအကျိုးရှိအောင် ဘယ်လိုအသုံးချမလဲ*"
- "*အဲဒီစီမံကိန်းလုပ်ငန်းခွဲတွေ အကောင်အထည်ဖော်ပြီး ထိန်းသိမ်းဖို့အတွက် ဘာစွမ်းဆောင်ရည်တွေ ရှိဖို့လိုအပ်သလဲ*"
- ကျေးရွာအုပ်စု၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ လူမှုရေးဖွဲ့စည်းတည်ရှိမှု၊ လိုအပ်ချက်များနှင့် ဦးစားပေးလုပ်ငန်းများကို စစ်ဆေးပါ။
- စီမံကိန်းလုပ်ငန်းခွဲတိုင်းကို စီမံကိန်းစက်ဝန်းတစ်ခုအတွင်း ပြီးစီးအောင် ပြုလုပ်ရမည်ဟု ရှင်းပါ။ နောက်လာမည့် စက်ဝန်းများတွင် စောလျင်စွာပြီးမည့် စီမံကိန်းလုပ်ငန်းခွဲအမျိုးအစားများ ဖြည့်စွက်ဆောင်ရွက်နိုင်သည်။

  ဦးစားပေးလုပ်ငန်းများအသီးသီးကို ထောက်ပံ့ငွေပမာဏအပေါ်မူတည်၍ မည်ကဲ့သို့ ပေါင်းစည်းနိုင်သနည်းကို ဆွေးနွေးပါ။

**၅) VTDP (၄)နှစ်စာ ပြုလုပ်ရာတွင် စည်းရုံးကူညီပေးပါ။**

- မည်သည့်စီမံကိန်းလုပ်ငန်းခွဲအား ထောက်ပံ့ငွေချမှတ်ပေးမည်ကို ဆွေးနွေး ညှိနှိုင်းရာတွင် ကူညီစည်းရုံးပံ့ပိုးပေးပါ။ ဤကဏ္ဍတွင် လက်ထောက်နည်းပညာမှူးက ရွေးချယ်ထားသည့် စီမံကိန်းများကို ရန်ပုံငွေနှင့် အကာအကွယ်သတ်မှတ်ချက်များ၊ အကျုံးဝင်သည့်စာရင်းနှင့် အကျုံးမဝင်သည့်စာရင်း၊ စီမံကိန်းလုပ်ငန်းခွဲများ၏ အကြမ်းဖျင်းကုန်ကျစရိတ်များ၊ စသည်တို့ကို အသုံးပြု၍ စစ်ဆေးအတည်ပြုခြင်းဖြင့် ကူညီနိုင်ပါသည်။
- **VTPSC အား အောက်ပါတို့ကို အသိပေးပါ။**

- ○ နှစ်စဉ်ခွဲဝေပေးသည့် ထောက်ပံ့ငွေအားလုံးကို အသုံးပြုရန်အတွက် စီစဉ်သင့်ကြောင်းနှင့် စီမံကိန်းလုပ်ငန်းခွဲ အမှန်တကယ်ကုန်ကျငွေအတွက် **တစ်နှစ်လျှင် နှစ်စဉ်ထောက်ပံ့ငွေ၏ ၈၀% ကို အနည်းဆုံးအသုံးပြုရမည်။**
- ○ **ကျေးရွာတိုင်း အနေနှင့် စီမံကိန်းလုပ်ငန်းခွဲအား နှစ်တိုင်းရချင်မှ ရလိမ့်မည်။**
- ○ ကျေးရွာတိုင်း၏ပထမဦးစားပေး စီမံကိန်းများအားလုံးအတွက် ထောက်ပံ့ငွေ မလုံလောက်ပါက ကျေးရွာတိုင်းအနေနှင့် စက်ဝန်းတစ်ခုလျှင် ရန်ပုံငွေပိုမို ရရှိပြီးနောက်နှစ်လျှင် လျော့နည်းရရှိသည့် အလှည့်ကျစနစ်ဖြင့် ပြုလုပ်လိုက ပြုလုပ်နိုင်သည်။
- ○ ပထမဦးစားပေးစီမံကိန်းကို မပြုလုပ်ဘဲ အခြားဦးစားပေးစီမံကိန်းကို ပြုလုပ်လိုက ပြုလုပ်ရန် စဉ်းစားနိုင်သလို နောက်လာမည့်စက်ဝန်းမှသာ ထောက်ပံ့ငွေပိုမိုရရှိရန်အတွက် ယခုနှစ်စက်ဝန်း ထောက်ပံ့ငွေကို ရွှေ့ဆိုင်းနိုင်သည်။
- ○ ၎င်းတို့ကို ညှိနှိုင်းရာတွင် ထောက်ပံ့ငွေပမာဏနှင့် ကျေးရွာလူထု၏ လိုအပ်ချက်များ၊ အထူးသဖြင့် အဆင်းရဲဆုံးနှင့် အားအငယ်ဆုံးသူများ၏ လိုအပ်ချက်များကို ထည့်သွင်း စဉ်းစားရန်လိုအပ်သည်။
- ○ **အထူးသဖြင့် ပထမစက်ဝန်းတွင် ရွှေ့ဆိုင်းရန် ရွေးချယ်ပါကကျေးရွာလူထုအား လူထုဗဟိုပြုစီမံကိန်းတွင် အနည်းဆုံး စက်ဝန်း (၂)ခုတွင် ပူးပေါင်းပါဝင်ပေးရန် အားပေးသည်။** ၎င်းကဲ့သို့ အားပေးရခြင်းမှာ လူထုဗဟိုပြုစီမံကိန်း၏ရည်ရွယ်ချက်ဖြစ်သည့် ပြည်သူလူထုအား စီမံကိန်းစက်ဝန်းများကို ကိုယ်တိုင်ထပ်တလဲလဲဆောင်ရွက်ခြင်းဖြင့် သင်ယူစေခြင်းကြောင့် ဖြစ်သည်။
- အကယ်၍ ပထမဦးစားပေးစီမံကိန်းများအားလုံး ဆောင်ရွက်ရန် လုံလောက်သည့်ထောက်ပံ့ငွေ ရှိပါက VTPSC သည် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာအားလုံးအား ပထမဦးစားပေးစီမံကိန်း အားလုံးအတွက် ရန်ပုံငွေထောက်ပံ့ပေးရန် စဉ်းစားနိုင်သည် (အောက်တွင်ဖော်ပြထားသည့် ကျေးရွာအုပ်စု (က) ဥပမာကို ကြည့်ပါ။
- အကယ်၍ရန်ပုံငွေမလုံလောက်ပါက ကျေးရွာစီထောက်ကော်မတီသည်အောက်ပါတို့ကို ပြုလုပ်နိုင်သည်။
  - ○ ဒုတိယ၊ တတိယ၊ စတုတ္ထ ဦးစားပေးလုပ်ငန်းများ စသည်တို့ကို ဦးစားပေးလုပ်ငန်းများ ရောနှောပြီး (အောက်တွင် ဖော်ပြထားသည့် ကျေးရွာအုပ်စု (ခ) ဥပမာကို ကြည့်ပါ။)
  - ○ အကုန်အကျများမည့် ပထမဦးစားပေးစီမံကိန်း ဆောင်ရွက်မည့် ကျေးရွာများသည် ထောက်ပံ့ငွေပိုမိုရရှိရန် ယခုနှစ်တွင်မပြုလုပ်သေးဘဲ နောက်နှစ်မှပြုလုပ်ရန် ရွှေ့ဆိုင်း နိုင်သည်။ အကယ်၍ပထမဦးစားပေးစီမံကိန်းသည် အကျုံးဝင်သည့်စာရင်းတွင် မပါဝင်လျှက် သို့မဟုတ် အဆောက်အအုံအသစ်ဖြစ်နေပါက (ပထမနှစ်တွင် အဆောက်အအုံအသစ် ပြုလုပ်၍မရပေ) ကျေးရွာလူထုသည် ထောက်ပံ့ငွေများကို ရွှေ့ဆိုင်းလိုက ရွှေ့ဆိုင်းနိုင်သည်။ စီမံကိန်းကြီးတစ်ခုအတွက် ယခုမလုပ်လိုသေးပဲ နောက်နှစ်တွင် ရန်ပုံငွေပိုမိုရရှိပြီး ဆောင်ရွက်နိုင်စေရန်အတွက် VTPSC နှင့် ညှိနှိုင်းရမည်ဖြစ်သည်။
  - ○ ညှိနှိုင်းမှုများအပြီး သဘောတူညီမှု မရရှိပါက ကျေးရွာလူထုသည် မဲပေးဆုံးဖြတ်ခြင်း သို့မဟုတ် (သက်ကြီးရွယ်အိုတစ်ယောက်)ကူညီမည့်သူတစ်ယောက် ရွေးချယ်ပြီး မဲနှိုက်ခြင်း ပြုလုပ်နိုင်သည်။ ထိုသို့မဲနှိုက်ရာတွင် ပထမဆုံး ရွေးချယ်လိုက်သည့် ကျေးရွာသည် ပထမဆုံးဆောင်ရွက်မည့် ကျေးရွာဖြစ်သည်။ မဲနှိုက်ခြင်းကို ဆွေးနွေးမှုနှင့် ညှိနှိုင်းမှုပြုလုပ်၍ သဘောတူညီမှုမရသည့်အခါမှသာ အားလုံးမဲနှိုက်ရန် သဘောတူညီလျှင် နောက်ဆုံး ပြုလုပ်သင့်သည်။
- VTDP တွင် အမျိုးသမီးများမှ ဦးစားပေးသတ်မှတ်ထားသည့် တစ်ခုသို့မဟုတ် တစ်ခုထက်ပိုသည့် အခြေခံအဆောက်အအုံမဟုတ်သည့် ဦးစားပေးသတ်မှတ်ချက် သေချာစွာပါရှိစေရန်ပြုလုပ်ပါ။

- **မှတ်ချက်။** ပဋိပက္ခနယ်မြေများတွင်၊ VTPSC အနေနှင့် ပဋိပက္ခဖြစ်နေသည့်အဖွဲ့များအတွက် စာအိတ်ခွဲပေးရန် စဉ်းစားနိုင်သည်။ သို့သော် ၎င်းကဲ့သို့ ဆောင်ရွက်ရန် ရွေးချယ်ခြင်းသည် အကောင်းဆုံးမဟုတ်သော်လည်း ပဋိပက္ခဖြစ်နေသည့် အဖွဲ့များအကြား ထိခိုက်မှုတွေ ရှောင်ရှားပြီး နှစ်ဖက်ပိုမိုတင်းမာမှုမဖြစ်စေရန် စီမံကိန်းအတွင်း ယုံကြည်ချက် ရရှိရန် လိုအပ်သည်။

**ဥပမာ။ ကျေးရွာအုပ်စု (က)။ အဆိုပြုစီမံကိန်းလုပ်ငန်းခွဲများ (ခန့်မှန်းကုန်ကျငွေ အပါအဝင်)**

ထောက်ပံ့ငွေ = သန်း (၂၀) ( အသေးသုံး (၀.၈ သန်း) ၄% မပါဝင်သည့် ၁၉.၂ သန်း)

| ဦးစားပေး | ကျေးရွာ (က) | ကျေးရွာ (ခ) | ကျေးရွာ (ဂ) | ကျေးရွာ (ဃ) |
|---|---|---|---|---|
| ၁ | ကျောင်းပြုပြင်ခြင်း (၄.၅ သန်း) | မြေသားလမ်း (၆.၅ သန်း) | ကျောင်းခြံစည်းရိုး (၃.၇ သန်း) | ရေလှောင်ကန်နှင့် ပိုက် (၄.၅ သန်း) |
| ၂ | လျှပ်စစ်မီး (ဆိုလာ) | ကျောင်းတိုးချဲ့ခြင်း | ကျန်းမာရေးစင်တာ | လမ်း |
| ၃ | တံတား | ရေပေးဝေရေး | လမ်းနှင့်တံတား | လျှပ်စစ်မီး (ဆိုလာ) |
| ၄ | လမ်း | လူထုခန်းမ | ကျောင်းတိုးချဲ့ခြင်း | စာကြည့်တိုက် |
| ၅ | သက်မွေးလုပ်ငန်းအတွက် ထောက်ပံ့ငွေ | တံတား | ရေပေးဝေရေး | လူထုခန်းမ |
| ၆ | စိုက်ပျိုးရေးထောက်ပံ့မှု | သက်မွေးလုပ်ငန်းအတွက် ထောက်ပံ့ငွေ | စိုက်ပျိုးရေး | ပညာရေးထောက်ပံ့မှု |
| ၇ | ပညာရေးထောက်ပံ့မှု | ကျန်းမာရေး | သက်မွေးလုပ်ငန်းအတွက် ထောက်ပံ့ငွေ | သက်မွေးလုပ်ငန်းအတွက် ထောက်ပံ့ငွေ |

**ဥပမာ။ ကျေးအုပ်စု (က) VTDP ၄ နှစ်** (စ-၄ ဖြည့်ရန် အသုံးပြုသည်)

| ကျေးရွာအုပ်စု | စက်ဝန်း (၁) | စက်ဝန်း (၂) | စက်ဝန်း (၃) | စက်ဝန်း (၄) |
|---|---|---|---|---|
| ကျေးရွာ (က) | ကျောင်းပြုပြင်ခြင်း (၄.၅ သန်း) | လျှပ်စစ်မီး | တံတား | လမ်း |
| ကျေးရွာ (ခ) | မြေသားလမ်း (၆.၅ သန်း) | ကျောင်းတိုးချဲ့ခြင်း | ရေပေးဝေရေး | လူထုခန်းမ |
| ကျေးရွာ (ဂ) | ကျောင်းခြံစည်းရိုး (၃.၇ သန်း) | ကျန်းမာရေးစင်တာ | လမ်းနှင့်တံတား | လျှပ်စစ်မီး |
| ကျေးရွာ (ဃ) | ရေလှောင်ကန်နှင့် ပိုက် (၄.၅ သန်း) | လမ်း | လျှပ်စစ်မီး | စာကြည့်တိုက် |
| စုစုပေါင်း | ၁၉.၂ သန်း | | | |

**ဥပမာ။ ကျေးရွာအုပ်စု (ခ)။ အဆိုပြုစီမံကိန်းလုပ်ငန်းခွဲများ (ခန့်မှန်းကုန်ကျငွေ အပါအဝင်)**

ထောက်ပံ့ငွေ = သန်း (၂၀) ( အသေးသုံး (၀.၈ သန်း) ၄% မပါဝင်သည့် ၁၉.၂ သန်း)

| ဦးစားပေး | ကျေးရွာ (က) | ကျေးရွာ (ခ) | ကျေးရွာ (ဂ) | ကျေးရွာ (ဃ) |
|---|---|---|---|---|
| ၁ | ကျောင်းပြုပြင်ခြင်း (၅ သန်း) | မြေသားလမ်း (၉ သန်း) | ကျောင်းခြံစည်းရိုး (၄ သန်း) | ရေလှောင်ကန်နှင့် ပိုက် (၇ သန်း) |

| | | | | |
|---|---|---|---|---|
| ၂ | လျှပ်စစ်မီး (ဆိုလာ)<br>(၄ သန်း) | ကျောင်းတိုးချဲ့ခြင်း<br>(၇ သန်း) | ကျန်းမာရေးစင်တာ<br>(၈ သန်း) | လမ်း<br>(၆ သန်း) |
| ၃ | တံတား<br>(၆ သန်း) | ရေပေးဝေရေး<br>(၅ သန်း) | လမ်းနှင့်တံတား<br>(၁၂ သန်း) | လျှပ်စစ်မီး (ဆိုလာ)<br>(၇ သန်း) |
| ၄ | လမ်း<br>(၁၀ သန်း) | လူထုခန်းမ<br>(၉ သန်း) | ကျောင်းတိုးချဲ့ခြင်း<br>(၈ သန်း) | စာကြည့်တိုက်<br>(၆ သန်း) |
| ၅ | သက်မွေးလုပ်ငန်းအတွက် ထောက်ပံ့ငွေ | တံတား | ရေပေးဝေရေး | လူထုခန်းမ |
| ၆ | စိုက်ပျိုးရေးထောက်ပံ့မှု | သက်မွေးလုပ်ငန်းအတွက် ထောက်ပံ့ငွေ | စိုက်ပျိုးရေး | ပညာရေး ထောက်ပံ့မှု |
| ၇ | ပညာရေးထောက်ပံ့မှု | ကျန်းမာရေး | သက်မွေးလုပ်ငန်းအတွက် ထောက်ပံ့ငွေ | သက်မွေးလုပ်ငန်းအတွက် ထောက်ပံ့ငွေ |

**ဥပမာ။ ကျေးအုပ်စု (ခ) VTDP ၄ နှစ်** (စ-၄ ဖြည့်ရန် အသုံးပြုသည်)

| ကျေးရွာအုပ်စု | စက်ဝန်း (၁) | စက်ဝန်း (၂) | စက်ဝန်း (၃) | စက်ဝန်း (၄) |
|---|---|---|---|---|
| ကျေးရွာ (က) | ကျောင်းပြုပြင်ခြင်း<br>(၄.၅ သန်း) | လျှပ်စစ်မီး<br>(၄.၅ သန်း) | တံတား<br>(၅ သန်း) | လမ်း<br>(၅ သန်း) |
| ကျေးရွာ (ခ) | မြေသားလမ်း<br>(၆.၅ သန်း) | မြေသားလမ်း<br>(၅ သန်း) | ရေပေးဝေရေး<br>(၅ သန်း) | လူထုခန်းမ<br>(၄.၂ သန်း |
| ကျေးရွာ (ဂ) | ကျောင်းခြံစည်းရိုး<br>(၃.၇ သန်း) | ကျန်းမာရေးစင်တာ<br>(၅.၂ သန်း) | လမ်းနှင့်တံတား<br>(၅ သန်း) | ကျောင်းတိုးချဲ့ခြင်း<br>(၅ သန်း) |
| ကျေးရွာ (ဃ) | ရေလှောင်ကန်နှင့် ပိုက်<br>(၄.၅ သန်း) | ရေလှောင်ကန်နှင့် ပိုက် (၄.၅ သန်း) | လျှပ်စစ်မီး<br>(၄.၂ သန်း) | စာကြည့်တိုက်<br>(၅ သန်း) |
| စုစုပေါင်း | ၁၉.၂ သန်း | | | |

**၆) ကျေးရွာအုပ်စုစီထောက်ကော်မတီ (၂)ဦးအားရွေးချယ်ပါ။** VTDP ပြီးသွားသည့်အခါ အောက်တွင်ဖော်ပြထားသည့် ပုံအားအသုံးပြုပြီး ကျေးရွာအုပ်စုအဆင့် ဖွဲ့စည်းတည်ဆောက်ပုံကို ပြန်လည်သုံးသပ်ပါ။ ထို့နောက် တက်ရောက်လာကြသူများက ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့ ရွေးချယ်သည့်ပုံစံအတိုင်း လျှို့ဝှက်မဲပေးစေပြီး ကျေးရွာအုပ်စုစီထောက်ကော်မတီ ဥက္ကဋ္ဌ (၂)ဦး (အမျိုးသမီး (၁)ဦး၊ အမျိုးသား(၁)ဦး) ရွေးချယ်ရာတွင် ကူညီပေးပါ။




**၇) ဘဏ္ဍာရေးဆပ်ကော်မတီ ဖွဲ့စည်းပါ။** ဥက္ကဋ္ဌများကို ရွေးချယ်ပြီးပါက ကျေးရွာအုပ်စုစီထောက်ကော်မတီ အဖွဲ့ဝင်များထဲမှ (၃)ဦးကို အဓိကကျသည့် ဘဏ္ဍာရေးဆပ်ကော်မတီများအဖြစ် လျှို့ဝှက်မဲပေး ရွေးချယ်ရာတွင် ကူညီပေးပါ။ သင်တန်းသူ၊ သင်တန်းသားများနှင့်အတူ အောက်တွင်ဖော်ပြထားသည့် အချက်များကို ပြန်လည်သုံးသပ်ပါ။

- ဘဏ္ဍာရေးဆပ်ကော်မတီသည် ကျေးရွာအုပ်စုအတွက် ဘဏ်မှငွေထုတ်ယူခြင်း အပါအဝင် ဘဏ္ဍာရေးကိစ္စများ စီမံခန့်ခွဲရန်အတွက် တာဝန်ရှိပါသည်။
- ဘဏ္ဍာရေးဆပ်ကော်မတီသည် သမာဓိ၊ ဂုဏ်သိက္ခာ အပြည့်အဝရှိရမည်။
- စာရင်းကိုင်သည် စာရေး၊ စာဖတ်၊ တွက်ချက်တတ်သူဖြစ်ရမည်။
- ကျေးရွာအုပ်စုစီထောက်ကော်မတီ ဥက္ကဋ္ဌသည် ဘဏ္ဍာရေးဆပ်ကော်မတီအဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်မရှိ။
- ဘဏ္ဍာရေးဆပ်ကော်မတီ၏ အဓိကကျသည့်နေရာတွင် အဖွဲ့ဝင်အဖြစ် အမျိုးသမီးတစ်ဦးအနည်းဆုံး ပါဝင်ရမည်။
- ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာတိုင်း၏ ဘဏ္ဍာရေးဆပ်ကော်မတီများဖြင့် ဘဏ္ဍာရေးဆပ်ကော်မတီအား ဖွဲ့စည်းသည်။
- ဘဏ္ဍာရေးဆပ်ကော်မတီအစည်းအဝေးကျင်းပသည့်အခါ ကော်မတီဝင် (၃)ပုံလျှင် (၂)ပုံ တက်ရောက်မှ အစည်းအဝေး စတင်ရမည်။

**၈) ကျေးရွာအုပ်စုဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးကော်မတီ (VTGC) စတင်ဖွဲ့စည်းပါ။** ကျေးရွာအဆင့်တွင် ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးကော်မတီအဖွဲ့ရွေးချယ်ထားပြီး VTPSC နှင့် မသက်ဆိုင်သည့် ကိုယ့်ကော်မတီကို ဖွဲ့စည်းခြင်းဖြစ်ကြောင်း ရှင်းပြပါ။ အောက်ပါတို့ကို ရှင်းပြပါ။

- VTGC သည် ကျေးရွာအဆင့်သို့ တင်သွင်းလာသည့် ဝေဖန်အကြံပြုတိုင်ကြားချက်များကို ပြန်လည်သုံးသပ်သည့် အဓိကအဖွဲ့အစည်းအဖြစ်ဆောင်ရွက်သည်။
- ဝေဖန်အကြံပြုတိုင်ကြားချက်အကြောင်း အသိပေးရာတွင် အထောက်အပံ့ပေးသည်။
- ဝေဖန်အကြံပြုတိုင်ကြားချက်များ ဖြေရှင်းသည့် လုပ်ငန်းစဉ်များကို စောင့်ကြည့်ကြီးကြပ်သည်။
- ဝေဖန်တိုင်ကြားချက်များကို စုဆောင်းပြီး ဖြေရှင်းတုံ့ပြန်ပေးသည်။
- VTPSC မှ အမှီအခိုကင်းသည့် ကော်မတီဖြစ်သည်။
- ၎င်းတို့၏အလုပ်များကို လူထုစည်းရုံးရေးမှူးများမှ ထောက်ပံ့ကူညီပေးမည်။

**၉) နောက်အဆင့်များကို ရှင်းပြပါ။**

- VTDP တွင် ပုံစံ စ–၄ နှင့် VDP များ ပါဝင်သည်။ ပုံစံ စ–၄ ကို VTDP (၄)နှစ်စာအတွက် တစ်နှစ်တစ်ခုနှုန်းနှင့် (၄) ကြိမ် ဖြည့်သွင်းပေးရန် လိုအပ်သည်။
- ထို့နောက် VTDP ကို မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ (TPIC) သို့ ပေးပို့ပြီး TPIC မှ ပြန်လည်သုံးသပ်၍ အတည်ပြုသည်။
- လူထုဗဟိုပြုစီမံကိန်းနှင့် မသက်ဆိုင်သည့် စီမံကိန်းများကို လူထုဗဟိုပြုစီမံကိန်းပြင်ပရန်ပုံငွေများရှိပါက TPIC မှ စဉ်းစားပေးနိုင်ရန် ရည်ရွယ်ပြီး VTDP သို့ ပူးတွဲပေးပို့သည်။
- နောင်ကျင်းပမည့် VTPSC အစည်းအဝေးများတွင် ကော်မတီဝင် (၃) ပုံ (၂) ပုံ တက်ရောက်မှသာ အစည်းအဝေး အထမြောက်မည်ဖြစ်သည်။

**မှတ်ချက်။** စီမံကိန်း ဒုတိယစက်ဝန်းနောက်ပိုင်း မြို့နယ်များသည် VDP များအပေါ် စုစည်း၊ အတည်ပြု၊ ဆွေးနွေးအတည်ပြုပြီးသည့်အခါ VTDP အား နောက်ဆုံးအခြေအနေအတိုင်း မွမ်းမံလိမ့်မည်။ ထို့နောက် TPIC သို့ ပေးပို့ရန်အတွက် စ-၄ ပုံစံအသစ်အား ပြုစုလိမ့်မည်ဖြစ်သည်။

**၂-၆။ မြို့နယ်စီမံကိန်းနှင့် အကောင်အထည်ဖော်ရေး ကော်မတီမှ သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း**

***၁၆၇။*** *ကျေးရွာအုပ်စီမံကိန်းထောက်ကူပြုကော်မတီမှ ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းကို သုံးသပ်အတည်ပြုကာ လူထုဗဟိုပြုစီမံကိန်းအား အကောင်အထည်ဖော်ဆောင် ရွက်နိုင်ရန်အတွက် မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။ ထို့ပြင်ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီသည် လူထုဗဟိုပြုစီမံကိန်းနှင့် အကျုံးမဝင်သော စီမံကိန်း လုပ် ငန်းခွဲများအား အခြားသောအစိုးရ အစီအစဉ်များ သို့မဟုတ် အခြားသော အရင်းအမြစ်များ နှင့် ဆောင်ရွက်နိုင်ရန် ရှင်းလင်းစွာ ဖော်ပြရမည်ဖြစ်ပါသည်။*

***၁၆၈။*** *မည်သည့်စီမံကိန်းလုပ်ငန်းခွဲကိုမဆို ပံ့ပိုးပေးငွေ ၂ ခု သို့မဟုတ် ၂ ခုထက်ပိုသော ရင်းနှီးငွေဖြင့် အကောင်အထည်ဖော်ရမည်။ သို့သော် အကောင်အထည်ဖော်သည့် လုပ်ငန်း စဉ်ကို NCDDP ၏လမ်းညွှန်ချက်များ၊ လုပ်ငန်း စဉ်များ အတိုင်းသာ ဆောင်ရွက်ရမည်။ လိုအပ်ပါက မြို့နယ်စီမံကိန်းနှင့် လုပ်ငန်းစဉ်အကောင်အထည်ဖော်ရေး ကော်မတီသည် လူထုဗဟိုပြုစီမံကိန်းနှင့် မသက်ဆိုင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များအတွက် အစိုးရ ဘတ်ဂျက်ငွေအပါအဝင် အခြားသောထောက်ပံ့ငွေ အရင်းအမြစ်များ အားလုံးကို သေချာစစ်ဆေး အတည်ပြုရန် တောင်းဆိုနိုင်သည်။*

***၁၆၉။*** *မြို့နယ်စီမံကိန်းနှင့် အကောင်အထည်ဖော်ရေးကော်မတီသည် ကျေးရွာအုပ်စု တစ်ခု တွင် အစိုးရ (သို့မဟုတ်) အခြားဖွံ့ဖြိုးရေးစီမံကိန်းများမှ ဆောင်ရွက်နေသည့် စီမံကိန်းများ နှင့် ယခုလက်ရှိအကောင်အထည်ဖော်ဆောင်နေသော စီမံကိန်းများနှင့် ဆက်စပ်လျှက်ရှိသည့် အမျိုးအစားတူနှစ်ခု ဖြစ်နေခြင်း၊ တစ်ခုနှင့်တစ်ခုထပ်နေခြင်းနှင့် ထူးခြားချက်များရှိနေ ခြင်းတို့အား အပြီးသတ်ပြန်လည်စစ်ဆေးရမည်။ သဘောတူပါက ၎င်းကျေးရွာအုပ်စု ဖွံ့ဖြိုး တိုးတက်မှုစီမံချက်အား အတည်ပြုပေးရမည်။*

***၁၇၀။*** *အကယ်၍ စီမံကိန်းလုပ်ငန်းခွဲများသည် အခြားငွေကြေးအရင်းအမြစ်များဖြင့် ဆောင် ရွက်ရန်လျာထားပြီးဖြစ်ပါက အဆိုပါစီမံကိန်းလုပ်ငန်းခွဲအား လူထုဗဟိုပြုစီမံကိန်းငွေဖြင့် မဆောင်ရွက်တော့ဘဲ အခြားဦးစား* ***၁၆၇*** *ကျေးရွာအုပ်စုစီမံကိန်းထောက်ကူပြုကော်မတီမှ ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းကို သုံးသပ်အတည်ပြုကာ လူထုဗဟိုပြုစီမံကိန်းအား အကောင်အထည်ဖော်ဆောင် ရွက်နိုင်ရန်အတွက် မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။ ထို့ပြင် ကျေးရွာအုပ်စုစီ/ထောက် ကော်မတီသည် လူထုဗဟိုပြုစီမံကိန်းနှင့် အကျုံးမဝင်သော စီမံကိန်း လုပ်*

ငန်းခွဲများအား အခြားသောအစိုးရ အစီအစဉ်များ သို့မဟုတ် အခြားသော အရင်းအမြစ်များ နှင့် ဆောင်ရွက်နိုင်ရန် ရှင်းလင်းစွာ ဖော်ပြရမည်ဖြစ်ပါသည်။

**၁၆၈** မည်သည့်စီမံကိန်းလုပ်ငန်းခွဲကိုမဆို ပံ့ပိုးပေးငွေ ၂ ခု သို့မဟုတ် ၂ ခုထက်ပိုသော ရင်းနှီးငွေဖြင့် အကောင်အထည်ဖော်ရမည်။ သို့သော် အကောင်အထည်ဖော်သည့် လုပ်ငန်း စဉ်ကို NCDDP ၏လမ်းညွှန်ချက်များ/ လုပ်ငန်း စဉ်များ အတိုင်းသာ ဆောင်ရွက်ရမည်။ လိုအပ်ပါက မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေး ကော်မတီသည် လူထုဗဟိုပြုစီမံကိန်းနှင့် မသက်ဆိုင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များအတွက် အစိုးရ ဘတ်ဂျက်ငွေအပါအဝင် အခြားသောထောက်ပံ့ငွေ အရင်းအမြစ်များ အားလုံးကို သေချာစစ်ဆေး အတည်ပြုရန် တောင်းဆိုနိုင်သည်။

**၁၆၉** မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီသည် ကျေးရွာ အုပ်စု တစ်ခု တွင် အစိုးရ (သို့မဟုတ်) အခြားဖွံ့ဖြိုးရေးစီမံကိန်းများမှ ဆောင်ရွက်နေသည့် စီမံကိန်းများ နှင့် ယခုလက်ရှိအကောင်အထည်ဖော်ဆောင်နေသော စီမံကိန်းများနှင့် ဆက်စပ်လျှက်ရှိသည့် အမျိုးအစားတူနှစ်ခု ဖြစ်နေခြင်း၊ တစ်ခုနှင့်တစ်ခုထပ်နေခြင်းနှင့် ထူးခြားချက်များရှိနေ ခြင်းတို့အား အပြီးသတ်ပြန်လည်စစ်ဆေးရမည်။ သဘောတူပါက ၎င်းကျေးရွာအုပ်စု ဖွံ့ဖြိုး တိုးတက်မှုစီမံချက်အား အတည်ပြုပေးရမည်။

**၁၇၀** အကယ်၍ စီမံကိန်းလုပ်ငန်းခွဲများသည် အခြားငွေကြေးအရင်းအမြစ်များဖြင့် ဆောင် ရွက်ရန်လျာထားပြီးဖြစ်ပါက အဆိုပါစီမံကိန်းလုပ်ငန်းခွဲအား လူထုဗဟိုပြုစီမံကိန်းငွေဖြင့် မဆောင်ရွက်တော့ဘဲ အခြားဦးစားပေးစီမံကိန်းများအတွက် အသုံးပြုကြရမည်ဖြစ်သည်။ စီမံကိန်းလုပ်ငန်းခွဲများကို ရန်ပုံငွေပံ့ပိုးပေးသည့် အရင်းအမြစ် (၂) ခု (သို့) (၂) ခုထက်ပို၍ အသုံးပြုနိုင်သော်လည်း စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုများသည် လူထုဗဟိုပြုစီမံကိန်း၏လမ်းညွှန်ချက်များ၊ လုပ်ငန်းစဉ်များအတိုင်း ပြုလုပ်သင့်သည်။

**၁၇၁** ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံကိန်းကို အတည်ပြုရာတွင် မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီသည် လုပ်ငန်းလည်ပတ်မှုနှင့် ထိန်းသိမ်းမှုကုန်ကျစရိတ် များအား လုံလောက်စေရန် အတွက် သဘောတူလက်ခံပြီး မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ တာဝန်ခွဲဝေပေးရမည်။

**၁၇၂** အောက်ဖော်ပြပါ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး ကော်မတီမှ ခွင့်ပြုချက်၊ ပြည်ထောင်စုအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခွင့်ပြုထား သည့်စီမံကိန်းလုပ်ငန်းခွဲများအား မြို့နယ်အဆင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးရုံးသို့ အကြောင်းကြားထားသည်။ အဆိုပါကျေးရွာ၏ စီမံကိန်းလုပ်ငန်းခွဲ များလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးကဏ္ဍအတွက် မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ၊ မြို့နယ်အဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးရုံးတို့တွင် အဓိကတာဝန်ရှိပါသည်။ ကျောင်းဆောက်လုပ်ခြင်း၊ ဆေးပေးခန်း ဆောက်လုပ်ခြင်းကဲ့သို့သော စီမံကိန်းလုပ်ငန်းခွဲများအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများကို ဝန်ထမ်းများချထားပေးနိုင်ရန် ရှင်းပြပေးရမည်။ (ဥပမာ - ကျောင်းဆရာ/မ များ၊ သူနာပြုများ/ဆရာဝန်များ)။ DRD မြို့နယ်ရုံးမှ လုပ်ငန်းလည်ပတ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းများအတွက်တောင်းဆိုပါက DRD ပြည်ထောင်စုရုံးမှ ကူညီပံ့ပိုးပေး နိုင်သည်။

**၁၇၃** ကျေးလက်/ဦးစီး မြို့နယ်ရုံးသည် မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည် ဖော်ဆောင် ရေးကော်မတီနှင့် အခြားသက်ဆိုင်ရာမြို့နယ်အဆင့် ကိုယ်စားလှယ်များနှင့်အတူ လိုအပ်သောပူးပေါင်းဆောင်ရွက်မှုများ ဆွေးနွေးရန် ကျေးရွာအားလုံးမှ ဖွံ့ဖြိုးရေးစီမံချက် များ၏နောက်ဆက်တွဲလုပ်ငန်းစဉ်များ ဖြစ်ပေါ်လာမှုများအတွက် အစပျိုးဆွေးနွေးသင့် သည်။

**၁၇၄** ကျေးလက်/ဦးစီး မြို့နယ်ရုံးသည် စီမံကိန်းဌာနအကူအညီကို ရယူ၍ မြို့နယ်အတွင်း သက်ဆိုင်ရာဌာနများနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့မှ အကောင်အထည်ဖော်ရန် လျာထားသည့် ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးအစီအစဉ်များကို အကျဉ်းချုပ်ပြုစုရမည်။ အခြားရန် ပုံငွေဖြင့်ဆောင်ရွက်မည့်

*စီမံကိန်းလုပ်ငန်းခွဲများကိုလည်း ကျေးရွာအုပ်စုသို့ အကြောင်းကြား ရပါမည်။ မြို့နယ်ကျေးလက်ဦးစီးရုံးသည် ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီ၏ ဦးစားပေးလုပ်ငန်းမဟုတ်သော အဆိုပြုထားသည့် ကျေးရွာစီမံကိန်းလုပ်ငန်းခွဲ များ၏ ရန်ပုံငွေမသေချာမှုများကို အကျိုးအကြောင်း စုံလင်စွာဖြင့် ရှင်းလင်းပြောကြားပေး သည်။*

**စည်းရုံးရေးမှူးများအတွက် မှတ်ချက်များ**

- TPIC အစည်းအဝေးအား စီမံကျင်းပရန်အတွက် မြို့နယ် DRD နှင့် TTA အဖွဲ့တို့သည် မြို့နယ် အုပ်ချုပ်ရေးမှူးရုံးနှင့် အနီးကပ်လုပ်ဆောင်ရမည်။
- VPSC သည် VTDP ကို TPIC ထံသို့ တိုက်ရိုက်တင်သွင်းသည်။ သို့သော် မြို့နယ် DRD နှင့် TTA တို့သည် အရင်ဦးစွာ စစ်ဆေးအတည်ပြုရမည်။
- TPIC သည် သက်ဆိုင်ရာကဏ္ဍအလိုက် အေဂျင်စီများနှင့်အစည်းအဝေး ပြုလုပ်ပြီး **VTDP များကို သုံးသပ်ဆွေးနွေးပြီးအတည်ပြု**သည်။ သို့မှသာ မြို့နယ်များတွင် စီစဉ်ရေးဆွဲရာနှင့် အကောင်အထည် ဖော်သည့်အခါ ဟန်ချက်ညီမည်ဖြစ်သည်။ **လက်ရှိဆောင်ရွက်နေသည့် အစီအစဉ်များနှင့်လည်း ဆန့်ကျင်ဖက် မဖြစ်အောင် သို့မဟုတ် နှစ်ခုထပ်မနေအောင် သေချာစွာပြုလုပ်**သင့်သည်။
- TPIC သည် စီမံကိန်းလုပ်ငန်းခွဲများကို ထောက်ပံ့ပေးနိုင်မည့် အခြားရန်ပုံငွေထောက်ပံ့ပေးသူ၊ ပေးသည့် အဖွဲ့များရှိမရှိ စဉ်းစားသင့်သည်။
- TPIC သည် အကောင်အထည်ဖော်မည့် စီမံကိန်းလုပ်ငန်းခွဲများ နောက်ဆုံးအတည်ပြုစာရင်းကို ထုတ်ပြန်သည်။ TPIC အတည်ပြုလိုက်လျှင် ၎င်းတို့၏ ရန်ပုံငွေတွင် လည်ပတ်ထိန်းသိမ်းရေးကုန်ကျစရိတ် ပါဝင်ကြောင်း သိရှိသည်ကို ကတိကဝတ်ပြုလိုက်ခြင်းလည်းဖြစ်သည်။
- TPIC သည် စီမံကိန်းလုပ်ငန်းခွဲများ နောက်ဆုံးအတည်ပြုစာရင်းကို VTPSC အား အကြောင်းကြားပါသည်။ အကယ်၍ VTPSC မှ တင်သွင်းခဲ့သည့်စာရင်းတွင် (ထောက်ပံ့ငွေအတွက် စံနှုန်းသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိခြင်း သို့မဟုတ် ဖြစ်နိုင်ချေမရှိခြင်း သို့မဟုတ် အခြားအဖွဲ့မှ ဆောင်ရွက်နေသည့်စီမံကိန်းနှင့် ထပ်နေခြင်းတို့ကြောင့်) ပြောင်းလဲမှုရှိခဲ့ပါက VTPSC ကို စည်းရုံးရေးမှူးများမှတဆင့် အကြောင်းကြားပါ။
- ဦးစားပေး လုပ်ငန်းများနှင့် လူထုဗဟိုပြုစီမံကိန်းတွင် အကျုံးမဝင်သည့် ဦးစားပေးလုပ်ငန်းများကို TPIC မှ သုံးသပ်မည်ဖြစ်ပြီး မြို့နယ်စီမံကိန်းအတွက် အသုံးပြုမည် သို့မဟုတ် ကျေးရွာလူထုအနေနှင့် ၎င်းဦးစားပေးလုပ်ငန်းများကို ကိုယ့်အား ကိုယ်ကိုးပြီး စတင်နိုင်သည်။
- TPIC မှ အတည်ပြုပြီးလိုက်သည်နှင့် စီမံကိန်းလုပ်ငန်းခွဲများနှင့်ပတ်သက်သည့် လည်ပတ်ထိန်းသိမ်းရေးအကြောင်း သက်ဆိုင်ရာဌာနဆိုင်ရာများ သေချာစွာသိရှိစေရန် TPIC နှင့် TDRD တို့မှ ပြုလုပ်သင့်ပြီး ၎င်းဝန်ဆောင်မှုထောက်ပံ့ပေးလိမ့်မည်ဖြစ်ကြောင်း သေချာစေသင့်သည်။
- TDRD သည် VTDP များ ဆောင်ရွက်နေမှုကို TPIC ၊ အခြားမြို့နယ်ဌာနဆိုင်ရာများနှင့် အတူ ပူးပေါင်း၍ လိုက်လံစစ်ဆေးနိုင်ရန် အလုပ်ရုံဆွေးနွေးပွဲတစ်ခုပြုလုပ်ကာ ဆွေးနွေးသင့်သည်။

**မှတ်ချက်**။ ဒုတိယစီမံကိန်းစက်ဝန်းနောက်ပိုင်း မြို့နယ်များသည် VTPSC မှ ပေးပို့သည့်နောက်ဆုံးအတည်ပြုစာရင်းကို ဆွေးနွေးပြီး အလားတူလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ကာ လုပ်ငန်းကဏ္ဍများအလိုက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်နေသည့် အဖွဲ့များနှင့် ပိုမိုတွဲဖက်ဆောင်ရွက်နိုင်ရန် ကြိုးစားသင့်သည်။

**၂-၇။ တတိယအကြိမ် ကျေးရွာအစည်းအဝေး**

***၁၇၅ ရည်ရွယ်ချက်-*** *ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ တတိယအကြိမ် အစည်းအဝေး၏ ရည်ရွယ်ချက်မှာ ကျေးရွာလူထုသို့ စီမံကိန်းလုပ်ငန်းခွဲများ အတည်ဖြစ် ကြောင်းနှင့် ယခုနှစ်စီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြဆွေးနွေးရန် ဖြစ်ပြီး အများသိသာစေရန်ကြေငြာရပါမည်။ ကျေးရွာလူထုသည် အစည်းအဝေးပြုလုပ်ရန် အတွက် အကြောင်းကြားမှုများပြုလုပ်၍ အချိန်တိုအတွင်း အစည်းအဝေးကျင်းပရန် လိုအပ်ပါသည်။*

***၁၇၆ ပါဝင်သူများ*** *- ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီမှ အစည်းအဝေးအား ဦးဆောင်ကျင်းပရမည်ဖြစ်ပြီး ကျေးရွာလူထုအားလုံး ဖိတ်ကြားရပါမည်။ VPSC နှင့် ကျေးရွာစေတနာ့ဝန်ထမ်းများသည် အမျိုးသမီးအုပ်စုများ၊ လူမျိုးစုများနှင့် ဝေးကွာသော ရွာစွန် ရွာဖျားများတွင် နေထိုင်သည့် ကျေးရွာလူထုကိုလည်း အစည်းအဝေးတက်ရောက်ရန် နှိုးဆော် သင့်ပါသည်။*

***၁၇၇ အချိန်ကာလ*** *- တစ်နာရီမှ နှစ်နာရီ*

***၁၇၈ လုပ်ငန်းစဉ်*** *- ကျေးရွာအသီးသီး၏ ကျေးရွာအုပ်စုစီမံကိန်း အထောက်အကူပြု ကော်မတီ ကိုယ်စားလှယ်များသည် (TPIC Levels) မြို့နယ်အဆင့်နှင့် အုပ်စုအဆင့် ဆုံးဖြတ်ချက်များကို ကျေးရွာလူထုသို့ ပြန်လည်ရှင်းလင်းရမည်။ မည်သည့်စီမံကိန်းအား ယခုနှစ်တွင် ရန်ပုံငွေရရှိမည် သို့မဟုတ် မရရှိမည့်စီမံကိန်းလုပ်ငန်းခွဲများ၏ အကြောင်းပြ ချက်များကိုလည်း ရှင်းလင်းပြောကြားရပါမည်။ ကျေးရွာကိုယ်စားလှယ်များသည် ကျေးရွာ ရှိအမျိုးသမီးအုပ်စုများ၊ လူမျိုးစုများနှင့် ဘာသာရေးအုပ်စုများရှေ့တွင် ကျေးရွာအုပ်စုဖွံ့ဖြိုး ရေးအစီအစဉ်ကို အတည်ပြုရပါမည်။*

***၁၇၉*** *ဦးစားပေးကျေးရွာစီမံကိန်းလုပ်ငန်းခွဲများနှင့် ပတ်သက်၍ ကျေးရွာလူထု သို့မဟုတ် လူမျိုးစုတစ်စု သို့မဟုတ် ထိခိုက်လွယ်သောအုပ်စုများမှ မကျေနပ်မှု၊ စိုးရိမ်ပူပန်မှု တစ်စုံ တစ်ရာပေါ်ပေါက်လာပါက ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြု ကော်မတီသည် ဦးစား ပေးမှုများကို ပြန်လည်ဆန်းစစ်ပြီး ပြုပြင်ရေးဆွဲထားသော ကျေးရွာအုပ်စု ဖွံ့ဖြိုးရေး စီမံကိန်းကို အတည်ပြုချက်ပေးရန် မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော် ရေး ကော်မတီသို့ တင်ပြရပါမည်။ အစည်းအဝေးတွင် တင်ပြရန်အချိန်မရသောသူတို့ အတွက် အကြံပြုဖြေရှင်းရေးစနစ်သို့ အကြံပြုနိုင်ကြောင်း ရှင်းလင်းပြောကြားရပါမည်။*

***၁၈၀*** *ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်မှု အပြီးသတ်စီမံကိန်းနှင့် ကျေးရွာအုပ်စု ထောက်ပံ့ငွေ သဘောတူစာချုပ် မိတ္တူများကို ကျေးရွာအုပ်စုရုံးတွင် မြန်မာဘာသာနှင့် ဒေသသုံး ဘာသာ စကားများဖြင့် ထားရှိရမည်။ အခြားထောက်ပံ့ငွေရရှိသော စီမံကိန်းများကိုလည်း ကျေးရွာ အုပ်စုကြေငြာသင်ပန်းတွင် ပြသထားရှိရမည်။*

***၁၈၁*** *ကျေးရွာအားလုံးနှင့် ကျေးရွာအုပ်စုရုံးများတွင် ကပ်ထားရန်အတွက် အတည်ပြုချက် ရရှိထားပြီးဖြစ်သော ခန့်မှန်းကုန်ကျစရိတ်ပါဝင်သည့် ကျေးရွာစီမံကိန်း လုပ်ငန်းခွဲများ စာရင်းအပါအဝင် ကျေးရွာအုပ်စုစီမံကိန်း အကျဉ်းချုပ်ကို ကျေးရွာအုပ်စုစီမံကိန်း အထောက် အကူပြုကော်မတီက သက်ဆိုင်ရာ ဒေသသုံးဘာသာစကားများဖြင့် ပြုစုပေးရမည်။*

***၁၈၂ ရန်ပုံငွေသဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်း*** *- ကျေးရွာအုပ်စု စီမံကိန်း အထောက်အကူပြုကော်မတီသည် စီမံကိန်းလုပ်ငန်းခွဲများအား ဌာနဆိုင်ရာသတ်မှတ်ပုံစံ များနှင့်အညီ ဆောင်ရွက်ရန်၊ အကာအကွယ်များအားလိုက်နာရန်နှင့် ယုံကြည်မှုရရှိစေရန် အတွက် မြို့နယ်ကျေးလက်ဦးစီးဌာနနှင့် ရန်ပုံငွေသဘောတူစာချုပ်ကို လက်မှတ်ရေးထိုး ရပါမည်။ ဤအဆင့်သည် ကျေးရွာအစည်းအဝေးပြုလုပ်၍ ဆောင်ရွက်ရန်မလိုအပ်ပါ။*

## နောက်ဆက်တွဲများ

ပုံစံ (စ-၁)။ ကျေးရွာအခြေခံအချက်အလက်များ

| **လမ်းညွှန်ချက်/** ကျေးရွာတစ်ရွာသို့ ပထမဆုံး မိတ်ဆက်ခရီးသွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းဝေး မတိုင်မီ တောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင် ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတစ်ဆင့် ဖြည့်သွင်းရမည်။ | | | |
|---|---|---|---|
| ကျေးရွာ အုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည် |
| ပြည်နယ်၊ တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |

### (က) လူဦးရေ

| **လူမျိုးစု** | **အိမ်ထောင်စုအရေအတွက်** | **ကိုးကွယ်သည့်ဘာသာ** | **အိမ်ထောင်စုအရေအတွက်** |
|---|---|---|---|
| လူမျိုးစု (၁)------------ | | ဘာသာ(၁)------------- | |
| လူမျိုးစု (၂)------------- | | ဘာသာ(၁)------------- | |
| လူမျိုးစုရော------------- | | ဘာသာရော------------- | |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီး(အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| အိမ်ထောင်ဦးစီး | | |

## (ခ) လက်လှမ်းမီ အသုံးပြုနိုင်သည့် အဆောက်အဦများ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အဦ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

## (ဂ) ကျွမ်းကျင်သူများမှတ်တမ်း၊ ကျေးရွာတွင် နေထိုင်သော သို့မဟုတ် တခြားရွာမှ လာရောက်သော ကျွမ်းကျင်သူများ

| (၁) စာသင်ကျောင်း | ရွာတွင် နေထိုင်သူ | အခြား ရွာတွင် နေထိုင်သူ | (၂) ကျန်းမာရေး | ရွာတွင် နေထိုင်သူ | အခြား ရွာမှ လာသူ | (၃) လက်မှု ပညာရှင် | ရွာတွင် နေထိုင်သူ | အခြား ရွာမှ လာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြ ဆရာ၊ ဆရာမ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☐ |
| အထက်တန်းပြ ဆရာ၊ ဆရာမ | ☐ | ☐ | လက်ထောက် ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြ ဆရာ၊ ဆရာမ | ☐ | ☐ | အမျိုးသမီး ကျန်းမာရေး ဆရာမ | ☐ | ☐ | လျှပ်စစ် ဆိုင်ရာ | ☐ | ☐ |
| မူကြို ဆရာ၊ ဆရာမ | ☐ | ☐ | အရံ သားဖွား | ☐ | ☐ | ရေပိုက် သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ ကျန်းမာရေး လုပ်သား (၁)/ (၂) | ☐ | ☐ | စက်ပြင် ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

**(ယ) ကျေးရွာသို့ ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကို ဝိုင်းပါ)**

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ________________ |

**(ရ) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်** **ဝိုင်းပါ**

(၁) လူထုဗဟိုပြုစီမံကိန်း မစတင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးမှု စီမံချက် ရှိခဲ့ပါသလား? — ရှိပါသည်/ မရှိပါ/ မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့်ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်---------/မသိပါ

(၃) ဤစီမံချက်ကို မြို့နယ်မှ အတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/ မပြုခဲ့ပါ / မသိပါ

**(ဧ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ ဗဟိုအထိ ခရီးမိုင် မည်မျှကွာဝေးသနည်း? — မိုင်---------/ မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိသွားလာရာတွင်ကြာမြင့်သည့်အချိန်
ခြောက်သွေ့ရာသီတွင် ကြာချိန်------------ ထော်လာဂျီ/ မော်တော်ဆိုင်ကယ်/ ခြေလျင်/ လှား/ မော်တော်ဘုတ်/
အခြား ------------------- စသည့်တို့ဖြင့် သွားလျှင် ကြာမြင့်သည့်အချိန်
မိုးရာသီတွင် ကြာချိန် --------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/ လှား/ မော်တော်ဘုတ်/
အခြား ------------------- စသည့်တို့ဖြင့် သွားလျှင် ကြာမြင့်သည့်အချိန်

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝ ဘေးအန္တရာယ် -**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ် ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည် ရှိလျှင် ဖော်ပြပါ ---------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများ ကိုယ်တိုင် (သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများ ရှိပါသလား။

-----------------------------------

-----------------------------------

-----------------------------------

ကျေးရွာခေါင်းဆောင် အမည်

လက်မှတ် နေ့စွဲ

လူထုစည်းရုံးရေးမှူး အမည်

လက်မှတ် နေ့စွဲ

## ကျေးရွာအချက်အလက်တွင် ဖြည့်သွင်းရန် လမ်းညွှန်
## မေးခွန်း ၁ မှ ၇ ထိ ရှေ့ဆက်သွားရန်

### အုပ်စု(က) လူဦးရေ

- ကျေးရွာတွင် လူမျိုးနှင့် ကိုးကွယ်သည့် ဘာသာအလိုက် လူဦးရေ/အိမ်ထောင်စု အရေအတွက်တို့ကို ချရေးပါ။ အိမ်ထောင်စု တစ်စုတွင် လူမျိုးကွဲနှင့် အိမ်ထောင်ပြုထားလျှင် ၎င်းအိမ်ကို လူမျိုးရောထဲတွင် စာရင်းသွင်းရမည်။ ထို့အတူ ဘာသာမတူသူချင်း လက်ထပ်ထားသော အိမ်ထောင်စုအတွက်လည်း ၎င်းအိမ်ထောင်စုကို ဘာသာရောစာရင်းထဲ ထည့်သွင်းရမည်။
- အမျိုးသမီး ဦးစီးသော အိမ်ထောင်စုအရေအတွက်ကို ကောက်ယူပါ။ အပျိုကြီး၊ မုဆိုးမ၊ ကွာရှင်းထားသူတို့ ဖြစ်သည်။
- လူဦးရေစာရင်း ကောက်ယူရာတွင် ရွာတွင် ရှိသမျှ ကျား၊ မ၊ ကလေး အကုန်ကောက်ရန်။

### အုပ်စု (ခ) အခြေခံအဆောက်အဦး

- **ကျန်းမာရေး။** ဆေးခန်း၊ သားဖွားခန်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲ စသည့်ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အဦးများကို အစိုးရ၊ ပုဂ္ဂလိက ဝန်ထမ်း ရှိ/မရှိ အကုန်ကောက်ပါ။
- **ကျောင်း။** ရွာတွင် ရှိသော ကျောင်းအမျိုးအစားအလိုက် ခြစ်ရန်။ အခြားတွင်ရှိပြီး ဤရွာမှ ကလေးများသွား၍ တက်သောကျောင်းအမည် မရေးပါနှင့်။ အချို့ကျေးရွာများတွင် မူလွန်ကျောင်းများလည်း ရှိနိုင်ပါသည်။ သို့ဖြစ်လျှင် အလယ်တန်းကျောင်းကို အမှတ်ခြစ်၍ မှတ်ချက်တွင် မူလွန်ကျောင်းဟု ဖြည့်သွင်းပေးရန်။
- **ဘာသာရေး။** အခြားရွာတွင်ရှိပြီး ဤရွာမှ လူများ သွား၍ ဖူး/တက်သော ဘုရား/ကျောင်းအမည် မရေးပါနှင့်။

### အုပ်စု (ဂ) ပညာတတ်

- ကျန်းမာရေး လုပ်သား ဆရာ/မ၊ လက်မှုပညာသည် စသည်တို့ကို ရွာသားဖြစ်စေ၊ လာရောက်နေထိုင်/ တာဝန်ကျသည်ဖြစ်စေ ကောက်ယူရန်ဖြစ်သည်။

### အုပ်စု (ဃ) လမ်းပန်းဆက်သွယ်ရေး

- ဤရွာသို့ လာရောက်သော အဓိက လမ်းပန်းဆက်သွယ်ရေး အခြေအနေ၊ လူများစု အသုံးပြုသော နည်းလမ်းကို ရွေးပါ။

### အုပ်စု (င) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

- လူထုဗဟိုပြုစီမံကိန်း မတိုင်မီက စာဖြင့် ရေးသားထားသော ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်း ရှိ/မရှိသာ ဖော်ပြရန်၊ လူထုဗဟိုပြုစီမံကိန်း၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို ဖော်ပြရန် မလိုပါ။ လူထုဗဟိုပြုစီမံကိန်း မတိုင်မီက ခွင့်ပြုချက် ရရှိထားသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရက်စွဲရေးရန်။

### အုပ်စု (စ) အကွာအဝေး

- ဤရွာလယ်မှ အုပ်စုရွာလည်အထိ အကွာအဝေးရေးပါ။ မသိပါက မသိကို ရွေးပါ။ ဤရွာအလယ်မှ အုပ်စုရွာအလည်အထိ အကွာအဝေးကို ရာသီအလိုက် ရေးပါ။

**အုပ်စု(ဆ) သဘာဝဘေး**

- ရေကြီးခြင်း၊ မြေပြိုခြင်း၊ ထူးကဲဒီလိုင်းတို့ကို ရွေးပါ။

**အုပ်စု(ဇ) ကျေးရွာ တည်ရှိပုံ**

- လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ကျေးရွာဖွံ့ဖြိုးရေးအတွက် ကော်မတီဖွဲ့စည်းထားခြင်း ရှိခဲ့လျှင်သာ ဖော်ပြပေးရန်၊ ကျေးရွာဖွံ့ဖြိုးရေးနှင့် မသက်ဆိုင်သည့် အဖွဲ့အစည်း၊ ကော်မတီများ ဖော်ပြရန် မလိုပါ။

ပုံစံဖြည့်သွင်း လက်မှတ်ထိုးပြီး ကော်မတီဖွဲ့စည်းခြင်း ကျေးရွာအစည်းအဝေးပြီးသည်မှ ၂ ရက်အတွင်း စည်းရုံးရေးမှူးထံ ပေးအပ်ပါ။ စည်းရုံးရေးမှူးက ပုံစံကို စစ်ဆေးပြီးနောက် Tablet ထဲတွင် အချက်အလက်ထည့်သွင်းရန် ဖြစ်သည်။

**နောက်ဆက်တွဲ (၂)။ ပုံစံ (စ-၂)။ စီမံကိန်းစက်ဝန်းအချိန်ဇယား**

| |
|---|
| **လမ်းညွှန်ချက်** - သက်ဆိုင်ရာ လူထုစည်းရုံးရေးမှူး/ လက်ထောက် နည်းပညာနည်းပညာမှူးများမှ စီမံကိန်း စက်ဝန်း အဆင့်တစ်ခုစီ ပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ |
| စည်းရုံးရေးမှူး/ ဝန်ထမ်း အမည် |

| | | | |
|---|---|---|---|
| နေ့စွဲ | | စက်ဝန်းအား အမှတ်ခြစ်ပါ ☐ စက်ဝန်း (၁) ☐ စက်ဝန်း (၂) ☐ စက်ဝန်း (၃) ☐ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |

| **စီမံကိန်း ဆောင်ရွက်မှု အဆင့်များ** | **နေ့စွဲ** | | **အစည်းအဝေးတွင် တက်ရောက်သူ အရေအတွက်** | | | |
|---|---|---|---|---|---|---|
| | စတင် သည့်နေ့ | ပြီးဆုံး သည့် နေ့ | အမျိုးသား အရေအတွက် | အမျိုး သမီး အရေ အတွက် | အိမ်ထောင်စု အရေ အတွက် | လူမျိုးစု တက်ရောက် သူ အရေ အတွက် လူမျိုးစု အမည် |
| ၁. ကျေးရွာစီမံကိန်း မိတ်ဆက် အစည်းအဝေး | | | | | | |
| ၂. ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၃. ကျေးရွာအုပ်စု လုပ်ငန်း ဆုံးဖြတ်ချက် ချသည့် အစည်းအဝေး | | | | | | |
| ၄. မြို့နယ်အဆင့်စီမံကိန်း ရေးဆွဲရေးနှင့် အကောင် အထည်ဖော်ရေး ကော်မတီ ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅. မြို့နယ် စီမံကိန်း ရေးဆွဲရေးနှင့် အကောင် အထည်ဖော်ရေးကော်မတီ၏ ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆. စီမံကိန်းလုပ်ငန်းခွဲ စီမံချက် ရေးဆွဲခြင်းအစည်းအဝေး<br>၆.၁။ စီမံကိန်း လုပ်ငန်း အကောင်အထည် ဖော်ရေး အစီအစဉ် ရေးဆွဲခြင်း<br>၆.၃။ ဘဏ္ဍာရေး ကုန်ကျမှု လျာထား အစီအစဉ် ရေးဆွဲခြင်း<br>၆.၄။ ပြင်/ထိန်း အစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇. စီမံကိန်း လုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် လစဉ် အစည်းအဝေး<br>၇.၁။ အစည်းအဝေး ပထမအကြိမ်<br>၇.၂။ အစည်းအဝေး ဒုတိယအကြိမ်<br>၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈. စီမံကိန်း လုပ်ငန်းခွဲ အပြီးသတ် စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉. လူထု စစ်ဆေးပွဲ အစည်းအဝေး | | | | | | |

**နောက်ဆက်တွဲ (၃)။ ပုံစံ (စ-၃)။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်**

| | | | |
|---|---|---|---|
| **လမ်းညွှန်ချက်/** အဆင့် (၃) ကျေးရွာ မျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူး အကူအညီဖြင့် ဤပုံစံကို ပြည့်စုံအောင် ဖြည့်သွင်းရမည်။ အားလုံးသော အခက်အခဲအတားအဆီးများ၊ ဖွံ့ဖြိုးမှု ဦးစားပေးအစီအစဉ်များ၊ လူထုဗဟိုပြုစီမံကိန်း၏ ရန်ပုံငွေ အရင်းအမြစ်နှင့် မသက်ဆိုင်သည့် လုပ်ငန်းများအားလုံးကို ဖော်ပြရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ ဝန်ထမ်း အမည် | | | |
| နေ့စွဲ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း (၁) □ စက်ဝန်း (၂) □ စက်ဝန်း (၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |

**က. အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း -** ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုး တိုးတက်ရေး အတွက်

အဓိက အခက်အခဲ အတားအဆီးများသည် မည်သည်များ ဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံး အခက်အခဲ ၅ ခုစီ ဖော်ပြပါ)

| **အမျိုးသား** အဖွဲ့မှ တင်ပြသော အခက်အခဲ အတားအဆီး များ | | **အမျိုးသမီး** အဖွဲ့မှ တင်ပြသော အခက်အခဲ အတားအဆီးများ | |
|---|---|---|---|
| ၁ | | ၁ | |
| ၂ | | ၂ | |
| ၃ | | ၃ | |
| ၄ | | ၄ | |
| ၅ | | ၅ | |

**ခ. မျှော်မှန်းခြင်း-** ဤကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် နောင်လာမည့် ( ၅ )နှစ်အား ရည်ရွယ်၍ ဆောင်ရွက်ရန်အတွက် မည်သည့်အရာများသည် အဓိက မျှော်မှန်းချက် ဖြစ်သနည်း။

| **အမျိုးသား** အဖွဲ့မှ တင်ပြသော အခက်အခဲ အတားအဆီး များ | | **အမျိုးသမီး** အဖွဲ့မှ တင်ပြသော အခက်အခဲ အတားအဆီးများ | |
|---|---|---|---|
| ၁ | | ၁ | |
| ၂ | | ၂ | |
| ၃ | | ၃ | |
| ၄ | | ၄ | |
| ၅ | | ၅ | |

**ဂ. ဤကျေးရွာ၏ လာမည့် (၃) နှစ်အတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းအစီအစဉ်များအား ဖော်ပြပါ။**

(လူထုဗဟိုပြုစီမံကိန်း ရံပုံငွေအတွက် အဆိုပြုသော အစီအစဉ်များကို ဦးစားပေးအဆင့်အလိုက် ဖော်ပြပြီး ကျန် လူထုဗဟိုပြု စီမံကိန်း ရန်ပုံငွေအရင်းအမြစ်နှင့် မပတ်သက်သည့်အစီအစဉ်များလည်း ဖော်ပြရန်ဖြစ်သည် )

| | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ /အမျိုးသမီးများ /အမျိုးသား + အမျိုးသမီး) | လူထုဗဟိုပြု စီမံကိန်းအတွက် အဆိုပြုသည် (ဦးစားပေး အဆင့်အလိုက် ဖော်ပြပါ) | ခန့်မှန်း ကုန်ကျ စရိတ် | အကျိုး ခံစားခွင့် ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|---|
| ၁ | | | | | |
| ၂ | | | | | |
| ၃ | | | | | |
| ၄ | | | | | |
| ၅ | | | | | |
| ၆ | | | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည်---------------------------- လက်မှတ် ------------------------- နေ့စွဲ----------------------------

**နောက်ဆက်တွဲ (၄)။ (စ-၄)။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ**

| | | |
|---|---|---|
| **လမ်းညွှန်ချက်။** ။ ကျေးရွာအုပ်စု စီမံချက် ရေးဆွဲသည့် အစည်းအဝေးတွင် ဤပုံစံအား လူထုစည်းရုံးရေးမှူး/ လက်ထောက် နည်းပညာမှူးတို့၏ အကူအညီဖြင့် ပြည့်စုံစွာ ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာ ဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စု ဖွံ့ဖြိုး တိုးတက်ရေး စီမံချက်တွင် နောက်ဆက်တွဲအဖြစ် တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ | | |
| ကျေးရွာစည်းရုံးရေးမှူး/ ဝန်ထမ်း အမည် | | |
| နေ့စွဲ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း (၁)<br>□ စက်ဝန်း (၂) □ စက်ဝန်း (၃) □ စက်ဝန်း (၄) |
| ပြည်နယ်/တိုင်း | မြို့နယ် | ကျေးရွာအုပ်စု |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်း ကုန်ကျ စရိတ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ၊ အမည်၊ အဖွဲ့ | စုစုပေါင်း |
| | | | | □ အမျိုးသား<br>□ အမျိုးသမီး<br>□ အမျိုးသားနှင့်အမျိုးသမီး | | | | |
| | | | | □ အမျိုးသား<br>□ အမျိုးသမီး<br>□ အမျိုးသားနှင့်အမျိုးသမီး | | | | |
| | | | | □ အမျိုးသား<br>□ အမျိုးသမီး<br>□ အမျိုးသားနှင့်အမျိုးသမီး | | | | |
| | | | | □ အမျိုးသား<br>□ အမျိုးသမီး<br>□ အမျိုးသားနှင့်အမျိုးသမီး | | | | |
| | | | | □ အမျိုးသား<br>□ အမျိုးသမီး<br>□ အမျိုးသားနှင့်အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ------------------------------------------

လက်မှတ် ---------------------------------------- ရက်စွဲ --------------------------------------------

## နောက်ဆက်တွဲ (၅)။ (စ-၁၂)။အစည်းအဝေးတက်ရောက်သူများ

| | | | |
|---|---|---|---|
| **လမ်းညွှန်/** စီမံကိန်း အစည်းအဝေးအားလုံးတွင် အသုံးပြုရန်၊ လူထုစည်းရုံးရေးမှူးက ကျေးရွာသို့ ကွင်းဆင်းစဉ် စစ်ဆေး၍ ပုံစံ ၂ စီမံကိန်းစက်ဝန်းအချိန်ဇယားပါ အစည်းအဝေးတက်ရောက် သူများစာရင်းကို ဖြည့်သွင်းရန် | | | |
| စည်းရုံးရေးမှူးအမည် | | | |
| နေ့စွဲ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း (၁) □ စက်ဝန်း (၂) □ စက်ဝန်း (၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |

| အစည်းအဝေးခေါင်းစဉ် | | | | | | |
|---|---|---|---|---|---|---|
| စဉ် | အမည် | ကျား | မ | အိမ်ထောင်စု ကိုယ်စား လှယ် (√) (၁) | လူမျိုး | လက်မှတ် |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | **စုစုပေါင်း** | | | | | |

(၁) အိမ်ထောင်ဦးစီးဖြစ်ရန် မလိုပါ။ အမျိုးသား/အမျိုးသမီး အိမ်ထောင်စုတစ်စုကို ကိုယ်စားပြုသူ မည်သူမဆို အမှတ်ခြစ်ပါ။

**နောက်ဆက်တွဲ (၆)။ (ထ-၂)။ စေတနာ့ဝန်ထမ်း၊ ကျေးရွာ (သို့) ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီအဖွဲ့ဝင်များ၏ ကိုယ်ရေးအချက်အလက်များ**

| | | | |
|---|---|---|---|
| **ညွှန်ကြားချက်/** ဤအချက်အလက်များကို စေတနာ့ဝန်ထမ်း၊ ကျေးရွာ၊ (သို့) ကျေးရွာအုပ်စုစီမံကိန်း အထောက်အကူပြုကော်မီတီအဖွဲ့ဝင်များမှ ဖြည့်သွင်းရန်ဖြစ်သည်။ လူထုစည်းရုံးရေးမှူးမှ စီမံကိန်း သတင်းအချက်အလက်ထဲသို့ အချက်အလက်ထည့်သွင်းပါ။ | | | |
| လူထုစည်းရုံးရေးမှူး၏အမည် | | | |
| ရက်စွဲ : | | | |
| ပြည်နယ်/ တိုင်း | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
| ကျေးရွာ သို့မဟုတ် ကျေးရွာအုပ်စု စေတနာ့ဝန်ထမ်း<br>အမည် | | | |
| ကျား/မ (ဝိုင်းပါ) အသက် လူမျိုးစု(ရွေးချယ်ရန်) | | | |
| လုပ်ငန်းတာဝန်/ရာထူး (ဝိုင်းပါ)<br>ကျေးရွာစေတနာဂန်ထမ်း<br>ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီ<br>ဂယ်ယူရေးဆပ်ကော်မီတီ<br>ဘဏ္ဍာရေးဆပ်ကော်မီတီ<br>စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မီတီ<br>အကြံပြုတိုင်ကြားရေးတာဂန်ခံ<br>ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မီတီအဖွဲ့ဂင်<br>အခြား<br>အမည်ဖော်ပြပါ ____________________ | | | |
| နေရပ်လိပ်စာ | | | |
| မိုဘိုင်းလ်ဖုန်းနံပါတ် အီးမေး(လ်) | | | |
| အရေးပေါ်ဆက်သွယ်ရန်အမည်၊ တယ်လီဖုန်းနံပါတ် | | | |
| စီမံကိန်းတွင်စတင်တာဂန်ထမ်းဆောင်သောနှစ် | | | |
| အမြင့်ဆုံး ပညာရေး အခြေအနေ (ဝိုင်းပါ) ရေးတတ်/ဖတ်တတ် မူလတန်း အလယ်တန်း<br>အထက်တန်း၊ တက္ကသိုလ်ဘွဲ့ရ<br><br>အထူးပြုဘာသာရပ် --------------------------- | | | |